အေးရိပ်ချောင်

စာစဉ်(၅)

# ဦးကောဝိဒ (မြို့တဲ)

# ပတ်ဝန်းကျင်က မြတ်ဓမ္မ



GRAPHIC
NAY WINN AUNG
0973108398

ဒေသနစာကြည့်တိုက်
သန့်ဒေါင်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

ပတ်ဝန်းကျင်က မြတ်ဓမ္မ

ပတ်ဝန်းကျင်ကို.....
လောဘမျက်စိ၊ ဒေါသမျက်စိနဲ့ ကြည့်ရင်
အဓမ္မအသွင် မြင်နိုင်ပါတယ်။
ဒါပေမဲ့..
ပတ်ဝန်းကျင်ကို ဓမ္မမျက်စိနဲ့မြင်တတ်ရင်
ဓမ္မအသွင် မြင်နိုင်ပါတယ်။
သတိထား ကြည့်တတ်ဖို့သာ လိုအပ်တာပါ။
"သတိမရှု ဂူမမြင်" ဆိုတာလို
ပတ်ဝန်းကျင်က မမျှော်လင့်တဲ့
အဖြစ်အပျက်တွေဟာ တရားတွေပါ။
သတိတရားထားနိုင်မယ်ဆိုပါက
အလွန်ကောင်းတဲ့ တရားနာခြင်းမျိုး
ဖြစ်ပါလိမ့်မယ်......။

ဦးကောဝိဒ(မြိတ်)

အေးရိပ်ချောင်စာစဉ်(၅)

# ဦးကောဝိဒ(မြိတ်)
# ပတ်ဝန်းကျင်က မြတ်ဓမ္မ

www.venkawwida.net

**ဖြန့်ချိရေး**

အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၅)စစ်ဆေးရုံအနီး၊တက္ကသိုလ်လမ်း၊ကလွင်ရပ်
မြိတ်မြို့

ဖုန်း - ၀၉ ၅၁၄ ၆၉၅၉
၀၉ ၈၇၆ ၁၈၅၇

အမှတ် ၂၇၈၃၂
နေ့စွဲ ၁၃.၂.၁၂

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀ ၁၁၄ ၀၂ ၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀ ၁၁၅ ၀၂ ၁၁
ထုတ်ဝေသည့်လ - မတ်လ၊၂၀၁၁(ပထမအကြိမ်)
ထုတ်ဝေသူ - ပန်းဝေဝေစာပေ
မျက်နှာဖုံးနှင့်အတွင်းနှိပ်သူ - ဒေါ်ယဉ်ယဉ်ကြည်
မြင်းခြံစာပေ
မျက်နှာဖုံးဒီဇိုင်း - ကိုနေဝင်းအောင်
တန်ဖိုး - ၁၀၀၀ ကျပ်
ဖြန့်ချိရေး - အေးရိပ်ချောင်မဟာစည်ရိပ်သာ
မြိတ်မြို့။ ဖုန်း-၀၉ ၅၁၄ ၆၉၅၉
၀၉ ၈၇၆ ၁၈၅၇

၂၉၄-၃

ကောဝိဒ ၊ဦး(မြိတ်)
ပတ်ဝန်းကျင်ကမြတ်ဓမ္မ/ဦးကောဝိဒ (မြိတ်)။…ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၁။
စာ- ၊ ၁၂.၅ x ၁၈.၂၅ စင်တီ
(၁)ပတ်ဝန်းကျင်ကမြတ်ဓမ္မ

# မာတိကာ


၁။ စာရေးသူရဲ့အမှာစာ

၂။ နေရာရှာဖွေခြင်း

၃။ ရှုံးသူနိုင်သူ ရှုံးတဲ့သူ

၄။ နေရာတိုင်းမှာသူတို့ရှိနေကြတယ်။

၅။ အရက်သမားရဲ့စကား

၆။ အညာသူရဲ့သဒ္ဒါတရား

၇။ ဇတိဿရနဲ့အညာသူ

၈။ စေတနာသာအဓိကပါ

၉။ ပါရမီကောင်းသူဖြစ်ပါသတဲ့

၁၀။ ကြားခဲ့ရတဲ့စကားတစ်ခွန်း

၁၁။ အဖန်ငါးရာငါးကမ္ဘာ

၁၂။ အမြတ်ဆုံးတရား

၁၃။ အများကိုပြင် အမှန်မြင်

၁၄။ ရိုးရိုးကျင့် မြင့်မြင့်ကြံ

၁၅။ ဝိပါက်ကြမ္မာ မလွတ်သာ

၁၆။ ဒီလိုသင်တန်းမျိုးရှိသင့်ပါသတဲ့

၁၇။ မျိုးဆက်သစ်တို့ရဲ့ဘာသာရေး

၁၈။ ထူးဆန်းပုစ္ဆာ

၁၉။ မေတ္တာတရား စွမ်းပကား

၂၀။ သတိမမူ ဂူမမြင်

၂၁။ နှုတ်ဆက်ကြတာအပြစ်လား

၂၂။ လူတိုင်းချမ်းသာချင်ရင်ဘယ်လိုလုပ်ရမလဲ

# မာတိကာ

၂၃။ မြတ်သောသေခြင်းဖြစ်ပါစေ
၂၄။ ဝါကျွတ်ပွဲမှ မြတ်ခမ္မ
၂၅။ ကားသမားနဲ့ခဏာတာ
၂၆။ တရားဟောသူနဲ့တရားနာသူ
၂၇။ ဘဝသမားကပြောတဲ့ဘဝအကြောင်း
၂၈။ မိတ္တူဆိုင်က မြတ်ခမ္မ
၂၉။ အတွေးထဲက မြတ်ခမ္မ
၃၀။ ဘဝပန်းချီကားချပ် ဆွဲတတ်ပါစေ
၃၁။ လွယ်အိတ်
၃၂။ မွေးနေ့နဲ့တူတဲ့မွေးနေ့
၃၃။ အယ်ဒီတာချုပ်တစ်ဦးရဲ့စကား

## စာရေးသူအမှာ

ပတ်ဝန်းကျင်မှာ နေ့စဉ် ဖြစ်ပျက်နေတဲ့အကြောင်းအရာများကို "သတိမမူ ဂူမမြင်"ဆိုတာလို သတိမထားရင် မသိနိုင်ပေမဲ့ သတိထားမိရင်တော့ တန်ဖိုးမဖြတ်နိုင်တဲ့သဘာဝအမှန်တရားများကို တွေ့မြင်ကြရမှာပါ။ ထိုသဘာဝအမှန်တရားများကို စာချစ်သူများအား ဖြန့်ဝေပေးရင်ကောင်းမှာပဲ ဆိုတဲ့ အတွေးနဲ့အတူ ပြန့်ကျဲနေတဲ့စာပုလဲပန်းများကို တစ်စုတစ်ဝေးတည်းဖတ်ရအောင် သီကုံးပေးလိုက်ရပါတယ်။

"ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလို၊ဂရုစိုက်နေရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေကြရတာကွ" လို့ ပတ်ဝန်းကျင်နဲ့စပ်ပြီး ပြောဆိုတဲ့စကားသံများကို လူနေမှုရပ်ဝန်းမှာ ကြားကြရမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကတော့ စာချစ်သူများရဲ့ဝန်းကျင်မှာ အရင်ကလဲရှိခဲ့သလို အခုလဲရှိနေတယ်၊ နောင်လဲရှိနေအုံးမှာပါ။ အချိန်တွေ တဖြေးဖြေးကုန်ဆုံးနေသလို ပတ်ဝန်းကျင်ကလဲ အချိန်နဲ့အမျှ ပြောင်းလဲမှုတွေ ရှိနေတယ်ဆိုတာ သတိထားကြရမှာပါ။

လူသားတွေမှာ သူ့ပတ်ဝန်းကျင်နဲ့သူ ရှိကြပါတယ်။ သူဌေးများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ၊ ကုန်သည်များကလဲ သူ့ပတ် ဝန်းကျင်နဲ့သူ၊ လယ်လုပ်သူများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ၊ ဆင်းရဲသားများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ၊ သူတောင်းစားများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ အသီးသီး ရှိနေကြပါတယ်။

လူသားတွေမှာ ပတ်ဝန်းကျင်ရဲ့ လှုန့်ဆော်မှုကြောင့် အိမ်ထောင်ရေးပြဿနာ၊စီးပွားရေးပြဿနာ၊ကျန်းမာရေးပြဿနာ၊လူမှုရေး

ပြဿနာစတဲ့ ဘဝမှာ မလိုလားအပ်တဲ့ပြဿနာအမျိုးစုံ ကြုံရတတ်ပါတယ်။

ဒီလိုပါပဲ ပတ်ဝန်းကျင်က ပေးတဲ့အသိကြောင့် အတွေးအမြင်အသစ်တွေပေါ်ကာ ဘဝတိုးတက်ပြောင်းလဲသွားရတာတွေရှိပါတယ်။

ပတ်ဝန်းကျင်ကြောင့် ဆင်းရဲဒုက္ခရောက်ရတာရှိသလို ချမ်းသာပျော်ရွှင်ကြရတာလဲ ရှိပါတယ်။

ပတ်ဝန်းကျင်ကပေးတဲ့အသိ၊ ပတ်ဝန်းကျင်ကပေးတဲ့အတွေ့အကြုံ၊ ပတ်ဝန်းကျင်ကပေးတဲ့ဓမ္မများကို ဘဝသင်ခန်းစာအဖြစ် ယူတတ်ကြမယ်ဆိုပါက ဘဝအတွေ့အကြုံများ ရင့်ကျက်လာပြီး ဘဝမှာ ခံနိုင်ရည်စွမ်းအား မြင့်မားလာမှာ အမှန်ပါ။

စာချစ်သူများရဲ့ဝန်းကျင်မှာ ကောင်းတာရော ဆိုးတာရော နှစ်မျိုးစလုံးနဲ့ တွေ့ကြုံကြရမှာပါ။ ကောင်းတာပဲဖြစ်စေ၊ဆိုးတာပဲဖြစ်စေ တွေ့ကြုံရတဲ့အခါမှာ သတိတရားထားပြီး နှလုံးသွင်းမှန်ကန်ဖို့ပါ။ ဒါဆိုရင် တွေ့ကြုံရတဲ့ပတ်ဝန်းကျင်မှာ သဘာဝကျကျ မှန်မှန်ကန်ကန် မြင်တတ်မှာပါ။ ဒီလို အမှန်ကို မြင်တတ်မယ်ဆိုရင် တွေ့ကြုံရသမျှ ပတ်ဝန်းကျင်များဟာ "ဓမ္မ" လမ်းကြောင်းပေါ် ရောက်နေပါလိမ့်မယ်။

လေယာဉ်တစ်စင်းဟာ လေယာဉ်ပြေးလမ်းပေါ်မှာ တည့်မတ်စွာသွားမှ အရှိန်ရကာ ကောင်းကင်ပေါ် ပျံတက်နိုင်တယ်။ လမ်းချော်သွားမယ်ဆိုရင်တော့ ကောင်းကင်ပေါ် မပျံတက်နိုင်တော့ပါဘူး။

ဒီလိုပါပဲ စာချစ်သူများလဲ ပတ်ဝန်းကျင်ဆိုတဲ့ လေယာဉ်ပြေးလမ်းမကြီးပေါ်မှာ ဓမ္မအမြင်နဲ့နှလုံးသွင်းနိုင်ပါမှ အလိုရှိတဲ့ အဆင့်မြင့်တဲ့ဘဝကို တက်လှမ်းနိုင်ကြမှာပါ။ ဒီလိုမှမဟုတ်ဘဲ ပတ်ဝန်းကျင်ဆိုတဲ့ပြေးလမ်းမကြီးပေါ်မှာ နှလုံးသွင်းမမှန်ဘဲ အဓမ္မအမြင်သာ

ရှိကြမယ်ဆိုရင် လမ်းချော်သွားနိုင်တယ်။ အဆင့်အတန်းနိမ့်တဲ့ဘဝကို မလိုချင်ပဲ ရသွားနိုင်ပါတယ်။

ဒါကြောင့် လူသားတိုင်း ပတ်ဝန်းကျင်နဲ့မကင်းကြသလို ပတ်ဝန်းကျင်ကပေးတဲ့ဓမ္မတွေကို သတိထားမိပြီး အသိတရားရစေဖို့အတွက် "ပတ်ဝန်းကျင်က မြတ်ဓမ္မ" လို့ နာမည်ပေးရခြင်းဖြစ်ကာ စာချစ်သူများအတွက် ဓမ္မစာပန်းပွင့်ကလေးများကို ဓမ္မပန်းကုံးအဖြစ် သို့ရောက်အောင် ကြိုးစားသီကုံးပေးလိုက်ရပါတယ်။

နိဂုံးချုပ်ပြောလိုတာက စာအုပ်ပါ အကြောင်းအရာများကို အမှားနည်းပါးစေရန် မေတ္တာဖြင့် 'ပရ'ဖတ်ပေးတဲ့ ဦးဇောတိက (ညိုမင်းဟန်-အုတ်ဖို)အားလည်းကောင်း၊ စာအုပ်ခေါင်းစဉ်နဲ့လျော်ညီအောင် မျက်နှာဖုံးဒီဇိုင်းဆွဲပေးတဲ့ ဒီဇိုင်းဆရာ နေဝင်းအောင်တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားရင်း·····

ဘဝအသိရရှိကြပြီး ကျန်းမာပျော်ရွှင်ကြပါစေ

**ဦးကောဝိဒ(မြိတ်)**

# "ပတ်ဝန်းကျင်က မြတ်ဓမ္မ"

## နေရာရှာမှုခြင်း

တစ်နေ့ ကျောင်းသို့ အသက်ကြီးပြီဖြစ်တဲ့ အမျိုးသမီးကြီး တစ်ဦး ရောက်ရှိလာပါတယ်။ သူ့မျက်နှာကို ကြည့်ရတာ ညှိုးနွမ်းပြီး တစ်ခုခုကို ပူပန်နေပုံရပါတယ်။ဒါနဲ့ စာရေးသူက သူမအား·····

''နေကောင်းရဲ့လား ဒကာမကြီး''

သူမ''ကောင်းပါတယ်ဘုရား''

စာရေးသူ''ဒါဖြင့် ဘာတွေများ တွေးနေတာလဲ မျက်နှာလဲ မသာမယာနဲ့''

သူမ''တပည့်တော် စဉ်းစားနေပါတယ်ဘုရား''

စာရေးသူ''ပြောလို့ရရင် ပြောပြပါအုံး''

သူမ''အရှင်ဘုရား···တပည့်တော် အရင်ကနဲ့မတူ တစ်ကိုယ်လုံးနွမ်းပြီး ချည့်နဲ့နေပါတယ်ဘုရား၊ တပည့်တော် မှားရင် ပြင်ပေးပါဘုရား၊ တပည့်တော် တကယ်လို့ သေမယ်ဆိုရင် အိမ်မှာပဲ သေရကောင်းမလား၊ ကျောင်းမှာပဲ သေရကောင်းမလား၊ ဘယ်နေရာမှာ သေရကောင်းမလဲဆိုတာကို စဉ်းစားနေတာဘုရား၊ တပည့်တော် သေတဲ့အခါ အသုဘစရိတ်အတွက် လူမှုရေးအသင်းအဖွဲ့တွေမှာ အတော်များများ ပါဝင်ထားပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော် ကျောင်းမှာ သေမယ်ဆိုတာတောင်မှ အသင်းအဖွဲ့တွေရဲ့ အသုဘစရိတ် အကူအညီနဲ့ဆိုတော့ ကျောင်းမှာလဲ တာဝန်မကြီးတော့ဘူးပေါ့ဘုရား''

ဒါက အသက်(၈၀)ကျော်အရွယ် အဖွားအိုတစ်ယောက်ရဲ့ အတွေးနယ်လွန်တယ်လို့ ယူဆရတဲ့ အတွေးတစ်ခုပါ။ ဒီအတွေးမျိုးကို အဖွားအပြင် အခြားသူများလဲ တွေးကြမှာပါ။ တကယ်တော့ ဒီအတွေး

ဟာ ထိရောက်တဲ့အတွေးတစ်ခု မဟုတ်ပါ။

ရှိပါသေးတယ်၊ မသေခင် ကိုယ့်အသုဘစရိတ်အတွက် ကြောင့်ကြစိုက်ရတာမျိုး ကြားဖူးတယ်။ တွေးမိတာက လူတွေဟာ မသေခင်သာ တွေးပူနေကြတာပါ။ တကယ်သေသွားတော့လဲ သူ့ဟာနဲ့သူ ဖြစ်သွားတာပါပဲ၊ သေပြီးလို့ရက်တွေ ကြာလာရင် ပုပ်ပွနေတဲ့အတွက် ဘယ်သူမှ လမ်းပေါ်မှာ ပစ်မထားကြပါ။ သုဿာန်ရောက်အောင်တော့ ပို့ကြလိမ့်မယ်။ဒါကြောင့် အသုဘစရိတ်အတွက် တွေးပူစရာမလိုပါဘူး။ တကယ်တန်းတွေးပူရမှာက ဘဝကူးကောင်းဖို့အတွက် ပူပန်ရမှာပါ။ ဒီလိုပူပန်ရအောင် မသေခင် ဒါန၊သီလ၊ဘာဝနာ ကုသိုလ်များ ကြိုးစားပြုထားကြဖို့ပဲ လိုပါတယ်။

သေရမှာကို လူတိုင်းသိကြပေမဲ့ ဘယ်အချိန်သေရမယ်ဆိုတာ ဘယ်ပုထုဇဉ် လူ၊နတ်၊ဗြဟ္မာ၊ ဘယ်တန်ခိုးရှင်ကမှ မသိနိုင်ပါ။ လောကမှာ သတ္တဝါတွေ မသိနိုင်တာ ငါးမျိုးရှိတယ်။

(၁) ဇီဝိတ=ဘယ်အသက်အရွယ်မှသေမယ်ဆိုတာ မသိနိုင်ခြင်း။

(၂) ဗျာဓိ=ဘာအနာရောဂါနဲ့သေမယ်ဆိုတာ မသိခြင်း။

(၃) ကာလ=ဘယ်အချိန်(နံနက်၊နေ့လည်၊ညနေ၊ညဥ့်)သေမယ်ဆိုတာ မသိခြင်း။

(၄) ဒေဟနိက္ခေပန= အလောင်းကျရာဌာန မသိခြင်း။

(၅) ဂတိ= လားရောက်ရမဲ့ဘဝကို မသိခြင်း တို့ဖြစ်ပါတယ်။

ဒီငါးမျိုးကို လူတိုင်းသိထားသင့်တယ်။ဒါကြောင့် မှတ်မိလွယ်အောင်လို့ အောက်မှာ ဆောင်ပုဒ်လေးရေးထားပါတယ်။

**အသက် အနာ ချိန်အခါ၊စွန့်ရာလားဂတိ၊**

**ရေတွက်ပိုင်းခြား၊ ဤငါးပါး၊ အများလူမသိ။**

တစ်ခါက သက်တော်ရှည် စံကင်းဆရာတော်ကြီးကို ဗေဒင်

ဆရာများက အသက်၊အချိန်ဘယ်လောက်မှာ ပျံတော်မူမယ်ဆိုတာကို ဆရာတော်ရဲ့ဇာတာကို တွက်ချက်ပြီး အတိအကျ ဟောကိန်းထုတ်တယ်။ ဒါပေမဲ့ ဆရာတော်ဟာ ဗေဒင်ဆရာဟောတဲ့နှစ်အထိ ပျံတော်မမူသေးပါဘူး။ ဆိုလိုတာက ဘယ်အရွယ်မှာ သေမယ်ဆိုတာ ဘယ်သူမှ မသိကြလို့ပါပဲ။

ကိုယ်သေရမဲ့နေရာကို ကြိုတင်ရွေးချယ်နေဖို့မလိုပါဘူး။ ကိုယ့်အသုဘစရိတ်ကို တွေးပူနေစရာလဲမလိုပါဘူး။ အရေးကြီးတာက ဘဝကူးကောင်းဖို့ပါ။ ဒါအတွက် ကောင်းတဲ့ဖက်မှာ နေနိုင်အောင် စိတ်ကို များများလေ့ကျင့်ပေးရပါ့မယ်။ ကုသိုလ်အာရုံများများရအောင်ပေါ့။ဒါမှလဲ သေခါနီးကုသိုလ်အာရုံက စိတ်ထဲမှာ နေရာယူနိုင်မှာပါ။

ဒါနဲ့စပ်လို့ မသေမီ ဒါန၊သီလ၊ဘာဝနာကုသိုလ်ကောင်းမှုများကို ကြိုးစားပြုသွားကြဖို့ ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ဘုရားကြီးက လင်္ကာလေးတွေနဲ့ သတိပေးဆုံးမတော်မူခဲ့ပါတယ်။ ဒီလင်္ကာလေးဟာ ဆရာတော်ကြီးက မေ့နေသူများအတွက် သတိပေးခဲ့ဟန်တူပါတယ်။ ကျေးဇူးကြီးမားလှပေစွ။

**ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊**
**ယခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊**
**ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊**



# ရှုံးသူ နိုင်သူ ရှုံးတဲ့သူ

မိသားစုတစ်စုမှာ အမေရယ်၊ ညီအစ်မနှစ်ယောက်ရယ်၊ မောင်တစ်ယောက်ရယ် အားလုံးလေးယောက်ဖြစ်ပြီး တစ်အိမ်တည်း အတူနေထိုင်ကြပါတယ်။ ထိုမိသားစုမှာ ညီအစ်မနှစ်ယောက်က သဘောထားမတိုက်ဆိုင်တဲ့အတွက် နေ့တိုင်း တကျက်ကျက်နဲ့ ရန်ဖြစ်နေကြတာကို အမေဖြစ်သူနဲ့မောင်ဖြစ်သူတို့က စိတ်အညစ်ကြီးညစ်နေရတယ်။

ဖခင်ကတော့ ဇာတိချက်ကြွေမွေးရပ်မြေမှာနေတာဆိုတော့ ဒီအကြောင်း သိပ်မသိလှ။ တခါတရံ အကြောင်းရယ်လို့ ရှာမရ စကားနိုင်လု အငြင်းပွားရာက ရန်ဖြစ်ကြပြန်ရော၊ အမေရှိနေလို့သာ တော်တော့တယ်၊ အမေမရှိလို့ကတော့ သတ်ကြမလားမသိပါ။

ဒီနည်းတူ လင်မယားအချင်းချင်း၊ညီအစ်မအချင်းချင်း၊ညီအစ်ကိုအချင်းချင်း၊မောင်နှမအချင်းချင်း၊မိတ်ဆွေအချင်းချင်း၊သူငယ်ချင်းအချင်းချင်း တစ်ဦးနဲ့တစ်ဦး အငြင်းပွားရာက အနိုင်မခံအရှုံးမပေးရာက ရန်ဖြစ်ကြတာပါ။ မခံနိုင်တဲ့အတွက် ဒေါသရှေ့ထားပြီး ရန်ဖြစ်ကြသလို ရလိုမှုအတွက် လောဘရှေ့ထားပြီး အငြင်းပွား ရန်ဖြစ်ကြတာလဲရှိကြပါတယ်။

ဒါတင်မက အုပ်စုဖွဲ့ပြီး တစ်အုပ်စုနဲ့တစ်အုပ်စု၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အငြင်းပွား ခိုက်ရန်ဖြစ်ပြီး လက်နက်ချင်းယှဉ် စစ်တိုက်ကြစစ်ပွဲတွေဖြစ်ကြတယ်။ နိုင်တဲ့သူဖက်ကလဲ သေကျေပျက်စီးကြရသလို ရှုံးတဲ့သူဖက်ကလဲ သေကျေပျက်စီးကြရပါတယ်။ ဘယ်ဖက်ကမှ မသက်သာဘူး၊ဒါဟာ လောဘ၊ဒေါသရဲ့ အနိဋ္ဌာရုံတွေပါ။မှတ်မိနေပါသေးတယ်။ မကြာသေးမီက ဟားမတ်အဖွဲ့က အစ္စရေးကို သွားစ

လိုက်တဲ့အတွက် အင်အားကြီးတဲ့အစွရေးက ပြန်တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့တဲ့ပြည်သူများ ထောင်ချီပြီး သေကျေပျက်စီးခဲ့ရပါတယ်။ ဒါဟာ အနိုင်လိုမှု၊မခံလိုမှုစတဲ့ဒေါသတရားကနေ စတင်ခဲ့တဲ့ အန္တရာယ် မြင်ကွင်းတွေပါ။ ဘုရားရှင်လက်ထက်ကလဲ ဒီလိုအဖြစ်အပျက်မျိုး ရှိခဲ့ဖူးတယ်။

တူဝရီးစစ်ပွဲ

ခေါင်းစဉ်လေးဖတ်လိုက်တာနဲ့စာချစ်သူအတော်များများ သိသွားမယ်လို့ထင်ပါတယ်။ ဒါပေမဲ့အားလုံးသိအောင် ဖော်ပြပေးလိုက်ပါတယ်။

ဘုရားရှင်လက်ထက်တော်က ကောသလတိုင်းကို အုပ်ချုပ်နေတဲ့ ကောသလမင်းရဲ့ခမည်းတော် မဟာကောသလမင်းဆိုတာ ရှိတယ်။ မဟာကောသလမင်းမှာ သားတော် ကောသလမင်းနဲ့ သမီးတော် ဝေဒေဟီမင်းသမီးတို့ ထွန်းကားခဲ့တယ်။ မဟာကောသလ မင်းက အရွယ်ရောက်နေပြီဖြစ်တဲ့ ဝေဒေဟီမင်းသမီးကို မာဂဓတိုင်း၊ ရာဇဂြိုလ်ပြည့်ရှင်ဗိမ္ဗိသာရနဲ့ လက်ထပ်ပေးလိုက်ပါတယ်။ပီးတော့ ကာသိတိုင်းနဲ့မာဂဓတိုင်းနှစ်ခုရဲ့အကြား နယ်စပ်နားမှာ ကာသိရွာကြီး ဆိုတာရှိတယ်၊နှစ်စဉ်အခွန်ငွေတစ်သိန်းထွက်တဲ့ရွာကြီးပါ။ ဒီကာသိရွာ ကြီးကို လက်ဖွဲ့အဖြစ် သမီးတော်ကို ပေးလိုက်ပါတယ်။

ဒီလိုနဲ့ဘုရင်ဗိမ္ဗိသာရနဲ့ဝေဒေဟီမင်းသမီးကိုအစွဲပြုပြီး အဇာတသတ်မင်းသား ဖွားမြင်ပါတယ်။ အရွယ်ရောက်တဲ့အခါ ဒေဝဒတ်ကို ဆရာတင်မှားခဲ့တဲ့အတွက် ဖခင်ဗိမ္ဗိသာရမင်းကိုသတ်ကာ ထီးနန်းကို လုယူခဲ့ပါတယ်။ ဝေဒေဟီမင်းသမီးလဲ ခင်ပွန်းသည်ကြောင့် နှလုံးပူပန်ရာကနေ နတ်ရွာစံတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ဒီအချိန်မှာ... ကောသလမင်းက "ကာသိရွာကြီးဆိုတာ ခမည်းတော်နဲ့နှမတော်တို့

ရဲ့ရွာကြီး ဖြစ်တယ်၊ အခုအခါ ခမည်းတော်လဲ နတ်ရွာစံပြီ၊နှမတော်လဲ နတ်ရွာစံပြီ၊ဒီတော့ကျန်ခဲ့တဲ့ ကာသိရွာကြီးဟာလဲ ငါ့ဟာပဲ''ဆိုပြီး တူတော်ဖြစ်တဲ့အဇာတသတ်မင်းကို တရားစွဲပါတော့တယ်။ကာသိရွာကြီးကလဲ တစ်နှစ်ကိုအခွန် တစ်သိန်းထွက်တာဆိုတော့ ကောသလမင်းက ပြန်လိုချင်တဲ့သဘောပါပဲ။

အဇာတသတ်မင်းက''ခမည်းတော်နဲ့မယ်တော်တို့ပိုင်တဲ့ ပစ္စည်းဟာ ငါ့ပစ္စည်းဖြစ်ရမှာ၊ငါမပေးနိုင်ဘူး''လို့ ဆိုကာ ကာသိရွာကြီးကို ရလိုမှုနဲ့ တူဝရီးနှစ်ယောက် လက်နက်ချင်းယှဉ်ကာ စစ်ပွဲ အကြီးအကျယ် ဖြစ်ခဲ့ကြတယ်။ ဒီစစ်ပွဲမှာ ဦးရီးတော် ကောသလမင်းက စစ်ရှုံးခဲ့ပါတယ်။ဒီလိုနဲ့ကောသလမင်းဟာ ကောသလတိုင်း၊ သာဝတ္ထိပြည်ကို ပြန်လာခဲ့ပါတယ်။

မနက်လင်းတော့ ဒီအကြောင်းကို ရဟန်းသံဃာတော်များ ဆွမ်းခံကြွရင်း ကြားလာခဲ့ကြတယ်။ ဒီသတင်းဟာ နောက်ဆုံး ဘုရားရှင်ထံရောက်သွားခဲ့ပါတယ်။ ဘုရားရှင်က····

''အိုရဟန်းတို့···မာဂဓတိုင်းပြည့်ရှင် ဝေဒေဟီရဲ့သားအဇာတသတ်မင်းဟာ ဒေဝဒတ်ဆိုတဲ့ ယုတ်ညံ့တဲ့မိတ်ဆွေ ရှိသူဖြစ်တယ်။ ညံ့ဖျင်းတဲ့အဖော်ရှိတယ်။ ကောသလမင်းကတော့ သာရိပုတ္တရာဆိုတဲ့ မိတ်ဆွေကောင်းရှိသူဖြစ်တယ်။ ဒါကြောင့် စစ်တစ်ကြိမ်ရှုံးသော်လဲ တစ်ညတာလောက်သာ ပူပင်သောက ဒုက္ခရောက်ရမှာပါ'' လို့ မိန့်တော်မူကာ တရားဟောတော်မူပါတယ်။

ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိယံ။

ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယ ပရာဇယာ။

အဓိပ္ပါယ်က··အောင်နိုင်တဲ့သူဟာ ရန်ပွားတတ်တယ်။ ရှုံးပြန်ရင်လဲ မုချ ဆင်းရဲမယ်။ ကိလေသာအပူခပ်သိမ်း အေးငြိမ်းပြီးသူများဟာ

အနိုင်အရှုံးနှစ်မျိုးစလုံးကို ပယ်စွန့်ပြီးတဲ့အတွက် ရှုံးနိုင်မရှိ အမြဲတမ်း ချမ်းသာစွာနေရတယ် လို့ မိန့်တော်မူခဲ့ပါတယ်။

နိုင်တဲ့သူဟာ ရန်များတယ်၊ အမြဲတမ်းပူပန်နေရတယ်။ ရှုံးသူကို ကြည့်ပြန်ရင်လဲ နှလုံးမသာမှု၊ပူပန်မှု၊စိတ်ပျက်အားလျော့မှု တွေနဲ့ ဆင်းရဲဒုက္ခများလှပါတယ်။ဒါကြောင့် ရှုံးသူ-နိုင်သူ နှစ်ဦးစလုံး ဟာ ပူပန်မှုများတဲ့အတွက် ရှုံးကြတဲ့သူများသာ ဖြစ်ပါတယ်။

ဒါဖြင့် ဘယ်သူ့ကို နိုင်သူလို့ သတ်မှတ်မလဲ၊ရန်ဖြစ်သူများက ရှုံးသူဖြစ်တယ်ဆိုရင် ရန်မဖြစ်တဲ့သူများဟာ အောင်နိုင်သူ လို့ ဆိုရ မှာပါ။ ဒါကြောင့် ရန်ဖြစ်ခြင်း၊ပဋိပက္ခဖြစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ရလိုမှု၊အနိုင်လိုမှု၊မခံလိုမှုတွေ ရင်ထဲမဖြစ်အောင် နှလုံးသွင်းတတ်ဖို့ လိုပါတယ်။ စာအလိုဆိုရင် လောဘအလို ဒေါသအလိုမလိုက်မိအောင် သတိတရားလက်ကိုင်ထားပြီး နည်းမှန်လမ်းမှန်နဲ့ နှလုံးသွင်းတတ်ဖို့ လိုတာပါ။ အကြောင်းတရားတစ်ခုအပေါ်မူတည်ပြီး လောဘအလို လဲမလိုက်၊ဒေါသအလိုသို့လဲမလိုက်ဘဲ ထိန်းသိမ်းတတ်မယ်ဆိုရင် လောကမှာ ချမ်းသာသူများပဲ ဖြစ်လာတော့မှာပါ။ ချမ်းသာတဲ့သူ ကိလေသာအလိုမလိုက်တဲ့သူများကို လောကမှာ"အောင်နိုင်သူ"ရယ် လို့ ဘုရားရှင် မိန့်တော်မူခဲ့တာပါ။

စာရေးသူက ရိပ်သာတရားစခန်းမှာ ယောဂီများကို ဒီအကြောင်းနဲ့စပ်ပြီး ပြောဖြစ်ခဲ့ပါတယ်။"ကောသလမင်းနဲ့အဇာ တသတ်မင်းတို့ စစ်ခင်းကြသလို ယနေ့ ယောဂီများလဲ ကိလေသာဆို တဲ့စစ်ပွဲမှာ သူနိုင်ကိုယ်နိုင် တိုက်နေကြတာပါ။ ပကတိစစ်ပွဲက ရလိုမှု နဲ့အနိုင်အရှုံး ရှိပေမဲ့ ရလိုမှုမပါဘဲ ကိလေသာစစ်ပွဲဆင်နွှဲသူယောဂီများ ကတော့ အရှုံးမရှိ အမြတ်ပဲရှိတယ်။ ပေါ်ရာအာရုံကို စွဲမြဲစွာ ရှုမှတ် နိုင်တဲ့ယောဂီများမှာ ကိလေသာကို တစ်ခဏလောက်၊ တစ်အောင့်

လောက် ပယ်ခွာနေတဲ့အတွက် ငြိမ်းအေးပါတယ်။ ဒီလို ငြိမ်းအေး သင့်သလောက် ငြိမ်းအေးနေတဲ့အတွက် အနိုင်အရှုံးဆိုတာလဲ မရှိတော့၊ အနိုင်အရှုံးမရှိမှတော့ ဘုရားရှင်မိန့်တော်မူခဲ့သလို အောင်နိုင်သူပဲ ဖြစ်တော့မှာပါ။

ဒါကြောင့် အခုဒီမှာအားထုတ်နေကြတဲ့ယောဂီများလဲ ဘဝမှာ အောင်နိုင်သူတစ်ယောက်ဖြစ်အောင် ကြိုးစားအားထုတ်သွားကြဖို့ အားပေးတိုက်တွန်းရင်း ဘဝတစ်လျှောက် အောင်နိုင်သူများ ဖြစ်ကြပါစေ။



# နေရာတိုင်းမှာ သူတို့ ရှိနေကြတယ်

အင်တာနက်စာမျက်နှာပေါ်မှာ သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဗုဒ္ဓဂါယာမှာ မြန်မာပြည်မှ ဓမ္မကထိကဆရာတော်တစ်ပါး ပျံလွန်တော်မူတဲ့သတင်းပါ။ ဖြစ်ပုံက ကားနှစ်စင်းတိုက်မိရာက ဆရာတော်တစ်ပါးနဲ့ဒကာမတစ်ဦး ဆေးရုံတင်လိုက်ရတယ်၊ အဲဒီမှာ ဆရာတော်က ပျံလွန်တော်မူခဲ့ပြီး၊ဒကာမတစ်ဦးက ခြေထောက်ကျိုးသွားတယ်လို့ ဆိုပါတယ်။

ဒီလိုပါပဲ တောင်ကိုးရီးယားနိုင်ငံ၊ဆိုးလ်မြို့တော်မှာ မြန်မာအမျိုးသားတစ်ယောက် AH1 N1 ရောဂါနဲ့ မကြာသေးခင်က သေဆုံးသွားပါတယ်။ လန်ဒန်မြို့ရဲ့ရပ်ကွက်တစ်ခုမှာ မြန်မာအမျိုးသားလေးတစ်ယောက်ရှိတယ်၊ ဆရာဝန်အမိအဘများနဲ့အတူနေထိုင်ပါတယ်။ တစ်နေ့ ရပ်ကွက်ထဲမှာ ဒီဖက်ကနေ ဟိုဖက်လမ်းအကူးမှာ အရိုက်ခံရလို့ ပွဲချင်းပီး သေသွားပါတယ်။

တစ်ခါတုန်းက အင်္ဂလန်နိုင်ငံ၊မန်းစဖီးလ်မြို့မှာ မြန်မာဆရာဝန်တစ်ယောက် ဆိုင်ကယ်လေးနဲ့ တောလမ်းအတိုင်း မောင်းလာတဲ့အခါ ကားနဲ့ဝင်တိုက်မိပါတယ်။ ဆေးခန်းရောက်တော့ အတိုက်ခံရတဲ့ဆရာဝန်ရဲ့ခန္ဓာကိုယ်ဟာ ဖွဲအိပ်လိုဖြစ်နေပြီ၊ မကြာပါဘူး၊ သေသွားပါတယ်။

ကြားရတဲ့သတင်းများကြောင့် ''နေရာတိုင်းမှာ သူတို့ရှိနေတယ်၊သူတို့ပဲ နေရာယူမင်းမူနေကြတယ်''ဆိုတဲ့အတွေးက ဝင်လာပါတယ်။ သူတို့ဆိုတာက တစ်ခြားမဟုတ်ဘူး၊ အို-နာ-သေဆိုတဲ့သူတို့တွေပါ။ သူတို့က နေရာတိုင်းမှာရှိသလို အချိန်တိုင်းမှာလဲ ရှိနေတယ်ဆိုတာ အထက်ပါအဖြစ်အပျက်တွေက သက်သေခံနေပါတယ်။

သတ္တဝါရယ်လို့ဖြစ်လာကတည်းက သူတို့နဲ့ရင်ဆိုင်ကြရတာပါ။ မသိချင်ယောင်ဆောင်နေလို့လဲမရ၊မျက်နှာချင်းမဆိုင်ချင်လဲ ဆိုင်နေရ၊မတွေ့ချင်လဲ တွေ့နေရ၊ မခံစားချင်လဲ ခံစားနေကြရပါတယ်။

တစ်ခါက ပစ္စည်းဥစ္စာများ ဆုံးပါးသွားတာ ကြုံခဲ့ရဖူးပါတယ်။ ရုတ်တရက် စိတ်ထဲ အရမ်းခံစားလိုက်ရတယ်။ ဘာဖြစ်လို့ ဒီလိုခံစားလိုက်ရတာလဲ၊ ဘာ့ကြောင့်ဒီလိုဖြစ်ရတာလဲ လို့ အကြောင်းအရင်းကို ရှာကြည့်မိပါတယ်။ တကယ်တော့ ဥစ္စာအပေါ်မှာ စွဲငြိတာတွေ၊ နမြောတာတွေ၊ မဆုံးရှုံးနိုင်ဘူးလို့ ထင်ထားတာတွေကြောင့်လို့ သိလာရတယ်။

ဒါကြောင့်လဲ"ဟော့....ဒီဥစ္စာပစ္စည်းတွေ မင်းဆီက စွန့်ခွာသွားတာကို ခံစားမှုသိပ်ပြင်းနေရင် မင်းရဲ့အသက်နဲ့ခန္ဓာကိုယ် တကယ်တန်းစွန့်လွှတ်ရမယ့်အချိန်ရောက်ရင် မင်းဘယ်လို လုပ်မလဲ။ ခံစားမှုပြင်းထန်ရင် ရင်လေးစရာကောင်းတယ်၊ ဘာမဟုတ်တဲ့ စွန့်ခွာမှုပေါ် မင်း လျစ်လျူရှုနိုင်ရမယ်"လို့ ကိုယ့်စိတ်ကို အချိန်မီသတိဉာဏ်နဲ့ ဆုံးမလိုက်နိုင်တယ်။ ဒီလိုပါပဲ စာဖတ်သူများလဲ အရေးကြုံလာတဲ့အခါ (ဒီအဖြစ်မျိုးကြုံလာတဲအခါ) မိမိကိုယ်ကို ဆုံးမနိုင်တဲ့သူတစ်ယောက်ဖြစ်အောင် သတိဉာဏ်ဦးစီးထားဖို့လိုပါလိမ့်မယ်။ဒီလို အရမ်းခံစားနေရတဲ့စိတ်ကို သတိပေးလိုက်တော့မှ စိတ်သက်သာရာ ရသွားပါတယ်။ စကားက လမ်းကြောင်းပြောင်းသွားတယ်။

ဖေါ်ပြပါအကြောင်းနဲ့ပတ်သက်ပြီး ဆက်ပြောပါရစေ၊ လူတွေဟာ နေရာတိုင်းမှာ အချိန်မရွေး အိုနေကြတယ်၊နာနေကြတယ်၊ သေနေကြတယ်။ သတ္တလောကကြီးတစ်ခုလုံးကို သူတို့ကပဲ လွှမ်းမိုးနေပါတယ်။စွန့်လွှတ်မှု၊စွန့်ခွာမှုတွေနဲ့ တကယ်တမ်းကြုံရတော့မယ်ဆိုရင် ဘယ်နေရာမှာပဲပုန်းပုန်း၊ ကုန်ကုန်ပြောမယ်၊စကြာဝဠာအပြင်

ဘက်မှာပဲ ပုန်းစေဦးတော့ ပုန်းလို့မလုံ၊ပြေးလို့မလွတ်နိုင်ပါဘူး။ တခါတရံ အချို့လူများက ခရီးသွားရင် အန္တရာယ်နဲ့ကြုံရလိမ့်ဆိုပြီး အန္တရာယ်ကကင်းအောင် သွားရမဲ့ခရီးစဉ်ဖျက်ကာ အိမ်မှာပဲ နေလေ့ရှိပါတယ်။ ဒါပေမဲ့ အိမ်မှာနေတော့ကော ဒီဘေးတွေက လွတ်နိုင်မှာတဲ့လား၊ မလွတ်နိုင်ပါဘူး။ ဘယ်ကိုပဲပြေးပြေး ဘယ်မှာပဲပုန်းပုန်း သူတို့ရဲ့ စက်ကွင်းက ပြေးမလွတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့က နေရာတိုင်းမှာ ရှိနေလို့ပါပဲ။

ဒါနဲ့စပ်ပြီး ဘုရားရှင်ရဲ့တရားတော်တစ်ပုဒ်မှာ‥

နအန္တလိက္ခေန သမုဒ္ဒမဇ္ဈေ၊ နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။

'အထက်ကောင်းကင်တစ်ခွင်ကို တက်သွားတက်သွား၊သမုဒ္ဒရာပင်လယ် ပြသာဒ်ကြီးနဲ့ပဲနေနေ၊ သမုဒ္ဒရာကြမ်းပြင်အောက်မှာပဲ ပုန်းပုန်း၊ တောင်ခေါင်းတောင်ကြားတွေမှာ ဝင်ပြီးပုန်းပုန်း၊ အရှင်သေမင်းရဲ့ အနိုပ်စက်ခြင်းမခံရတဲ့ မြေအရပ်ဟာ တလောကလုံးမှာ ရှိရိုးထုံးစံမဟုတ်' လို့ ဘုရားရှင်က ဟောတော်မူထားပါတယ်။ (ဓမ္မပဒ၊ပါပဝဂ်၊သုပ္ပဗုဒ္ဓဝတ္ထု)

ဒီလို သူတို့ရဲ့ပိုက်နက်က ရှောင်လွဲလို့မရတော့ဘူးဆိုရင် ရေနစ်သူများ မြက်ပင်ကိုလှမ်းဆွဲပြီး အားကိုးရာရှာကြသလို သတ္တဝါတွေ အားကိုးစရာရှာရတော့မှာပေါ့။ဘယ်မှာလဲ အားကိုးစရာ…

တစ်ခါက ဗာရာဏသီပြည်၊ဗြဟ္မဒတ်မင်း အုပ်စိုးတဲ့အခါ ဗာရာဏသီမြို့တံခါးအနီးမှာ ဝက်မလေးတစ်ကောင်ရှိတယ်။ တစ်နေ့ ဝက်မလေးမှာ ကိုယ်ဝန်ရလာတယ်၊မကြာခင် ဝက်ကလေးနှစ်ကောင် မွေးလာပါတယ်။တစ်နေ့အမျိုးသမီးအိုကြီးတစ်ယောက်ဝက်ကလေးတွေ ရှိတဲ့နေရာကို တောင်ဝှေးထောက်ပြီး လမ်းလျှောက်လာတယ်။ မိခင်ဝက်မကြီးက တောင်ဝှေးထောက်သံကြားရတဲ့အတွက်

သေဘောကိုကြောက် ပြီး ဝက်ကလေးနှစ်ကောင်ကို ထားခဲ့ကာ ထွက်ပြေးသွားပါတော့ တယ်။ အော်…လောကကြီးမှာ သေဘောကို မကြောက်တဲ့ပုထုဇဉ်ရယ် လို့ မရှိပါကလား……။

အမျိုးသမီးကြီးဟာ ကျန်ခဲ့တဲ့ဝက်ကလေးနှစ်ကောင်ကို မြင်လိုက်တာနဲ့ ကိုယ့်ရဲ့သားသမီးလိုပဲ ချစ်ခင်သွားတယ်။ ဒါနဲ့ဝက်ကလေးတွေကို တောင်းထဲထည့်ပြီး အိမ်ကို ယူဆောင်လာခဲ့ပါတယ်။ ဝက်ကလေးနှစ်ကောင်အနက် အကိုဖြစ်သူကိုတော့'မဟာတုဏ္ဍိလ' ညီဖြစ်သူကိုတော့'စူဠတုဏ္ဍိလ'လို့ နာမည်ပေးပါတယ်။ ဒီလိုနဲ့ ကြီးပြင်းလာတဲ့အခါ အသားကဆူဖြိုးဝကစ်နေပြီး ဝက်ကလေးတွေဟာ အလှကြီးလှနေပါတော့တယ်။ ဝက်ကလေးတွေကို ကြည့်ပြီး သဘောကျတဲ့သူများက ပိုက်ဆံပေးပြီးဝယ်ကြတယ်။ တစ်ချို့က မတန်မရာ ဈေးကြီးပေးပြီး ဝယ်ကြပြန်တယ်။ ဒါပေမဲ့အမျိုးသမီးကြီးက သားလိုချစ်တဲ့အတွက် ဘယ်လောက်ပေးပေး မရောင်းရက်ဘူး။

တစ်နေ့…နေက္ခတ်ပွဲသဘင်အချိန်အခါ ရောက်လာတော့ လူအများ ပျော်ရွှင်ကြတယ်။ ဒီအထဲ အရက်သမားများလဲ ပါကြတယ်။ အရက်သမားများဟာ အရက်နဲ့မြည်းဖို့အတွက် အသားကုန်သွားတယ်။ ဒါနဲ့ အသားရမဲ့နေရာ စုံစမ်းတော့ ဝက်ညီနောင်နှစ်ကောင်ရှိတဲ့နေရာကို သိသွားကြတယ်။ ဒီလိုနဲ့အရက်သမားတွေဟာ အမျိုးသမီးကြီးထံသွားပြီး 'အို·မိခင်··ဝက်ကလေးတွေကို ရောင်းပါလား'လို့မေးတော့ အမျိုးသမီးကြီးက'သူငယ်တို့··ဒီဝက်ကလေးတွေဟာ သိပ်လိမ်မာတယ်၊သူတို့ကို ငါ့သားသမီးလို ချစ်လဲချစ် သံယောဇဉ်လဲရှိတယ်၊ ငါ မရောင်းနိုင်ဘူး'လို့ ပြောလိုက်တယ်။ အရက်သမားများဟာ ဝက်ကလေးအပေါ် အမျိုးသမီးကြီးရဲ့ချစ်ခြင်းကို သိသွားတဲ့အတွက် ရောင်းမှာ မဟုတ်ဘူးဆိုတာကို သိတယ်။ ဒါကြောင့် အမျိုးသမီးကြီးကို

၂၇၈၃၂

အရက်မူးအောင် တိုက်လိုက်တယ်။ အရက်မူးတော့ အမှန်ကိုမမြင်နိုင်တော့ဘူး၊ ဒီအခွင့်အရေးကို စောင့်နေတဲ့အရက်သမားများက 'ဝက်ကလေးတစ်ကောင်တော့ရောင်းပါ'ဆိုတော့ အရက်မူးနေတဲ့အမျိုးသမီးကြီးက 'မဟာတုဏ္ဍိလကိုတော့မရဘူး၊စူဠတုဏ္ဍိလကိုယူသွားပါ'လို့ ခွင့်ပေးလိုက်တယ်။

အမျိုးသမီးကြီးက ဝက်ကလေးကို အစာနဲ့မျှားပြီး 'စူဠတုဏ္ဍိလရေ···အမေ့ဆီလာပါအုံး' လို့ခေါ်လိုက်တယ်။ ညီဖြစ်တဲ့ဝက်ကလေးကလဲ သူ့ကိုခေါ်တယ်ဆိုတော့ အမျိုးသမီးကြီးနားကိုသွားလိုက်တယ်။ မဟန်မှန်းသိတဲ့အတွက် အစ်ကိုဆီ ပြေးလာတယ်။ စိတ်ဂယောင်ခြောက်ချား တုန်လှုပ်မှုများနေတဲ့ညီထွေးစူဠတုဏ္ဍိလရဲ့ဖြစ်အင်ကိုမြင်တော့ အစ်ကိုက မေးပါတယ်၊ ညီဖြစ်သူကလဲ အဖြစ်မှန်ကို ပြောပြတယ်။ အစ်ကိုလုပ်တဲ့သူက သိတယ်၊ ခါတိုင်းဆိုအစာကျွေးမယ်ဆိုရင် မဟာတုဏ္ဍိလရဲ့နာမည်ကိုသာ ခေါ်လေ့ရှိတယ်။ ဒီနေ့တော့ ညီဖြစ်သူရဲ့နာမည်ကို ခေါ်တယ်ဆိုတော့ ဒီနေ့အဖို့တော့ သူတို့ညီအစ်ကို သေဘေးနဲ့ရင်ဆိုင်ရတော့မယ်ဆိုတာကို သိလိုက်တယ်။

ဒါနဲ့ ညီဖြစ်သူကို'ညီထွေးစူဠတုဏ္ဍိလ···ငါညီသေဘေးကိုကြောက်တဲ့အတွက် တစ်နေရာရာမှာ ပုန်းခိုမယ်ဆိုအုံးတော့ပြေးမလွတ်ဘူး၊ ဒီထက်လုံခြုံတယ်လို့ထင်ရတဲ့နေရာတွေမှာပုန်းပုန်း၊ လူတွေ မလာနိုင်တဲ့သမုဒ္ဒရာကြီးရဲ့အလယ်ဗဟိုမှာပဲသွားပုန်းပုန်း၊ တောင်ကြီးလိုဏ်ခေါင်းအတွင်းမှာပဲပုန်းပုန်း၊ အိုနာသေဆိုတဲ့ သူတို့ရဲ့လက်က ပြေးလို့မလွတ်နိုင်ပါဘူး၊ညီထွေးရေ···ဒါကြောင့်လေ သေဘေးကို ကြောက်နေလို့လဲ မထူးပါဘူး။သေချိန်ကျသေမှာပဲ၊ ကိုယ်ကျင့်သီလဆိုတဲ့ရန့်တို့နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်များဟာ ကိုယ့်အသက်

သေမယ်ဆိုတာတောင်မှ မကြောက်မရွံ့ နောက်မတွန့်ဘဲ သေဘေးကို ရဲရဲကြီး ရင်ဆိုင်နိုင်ကြတယ်’ လို့ ဘုရားအလောင်းအစ်ကိုဖြစ်သူ မဟာတုဏ္ဍိလက ညီထွေးစူဠတုဏ္ဍိလကို ပြောလိုက်ပါတယ်။

ဇာတ်ကြောင်းက မဆုံးသေးဘူး။ဒါပေမဲ့ အို၊နာ၊သေဘေး တွေဟာ ဘယ်မှာပုန်းပုန်း ပြေးလို့မလွတ်ပါဘူး သေဘေးကို ကြောက် နေမဲ့အစား ကိုယ့်မှာ သီလဆိုတဲ့ကိုယ်ကျင့်တရားတွေကို ခိုင်မာအောင် ဆောက်တည်ထားကြမယ်ဆိုရင် သေဘေးကို ရင်ဆိုင်နိုင်တယ်ဆိုတဲ့ အကြောင်းအရာလေးက အဓိကမို့လို့ ဇာတ်တော်ကို ဒီလောက်နဲ့ပဲ ရပ်ထားလိုက်တော့မယ်။

လောကမှာ အနာဂါမ်၊ရဟန္တာများမှအပ သေဘေးကို ကြောက်ကြတာချည်းပါပဲ။ကြောက်လဲ သေကြမှာပါ။မကြောက်လဲသေ ကြမှာပါ။ ဒါကြောင့် လာမဲ့ဘေးပြေးတွေ့နိုင်အောင်ကိုယ့်ဖက်က အဆင်သင့်ဖြစ်နေဖို့ အရေးကြီးတယ်ဆိုတာ သတိထားကြရမှာပါ။ ဇာတ်တော်ထဲမှာတော့ အသက်စွန့်ဖို့အဆင်သင့်ဖြစ်အောင် ကိုယ်ကျင့် သီလများကို ပြည့်စုံအောင်ကျင့်သုံးကြလို့ ဟောတော်မူထားပါတယ်။

ကိုယ်ကျင့်တရားကို လုံခြုံအောင်စောင့်ထိန်းသူများရှိသလို စားဝတ်နေရေးအရ မတတ်သာလို့ သီလဖေါက်ဖျက်ကျူးလွန်ကြတဲ့သူ များလဲ ရှိပါတယ်။ တစ်ချို့တံငါသည်တွေဆိုရင် သီလဆောက်တည် တဲ့အခါ ပါဏာတိပါတာသိက္ခာပုဒ်ကို မဆိုချင်ကြဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့ အခုသီလဆောက်တည်ထားလဲ တော်ကြာပင်လယ်ထဲထွက် ငါးဖမ်းရင် သီလကျိုးပေါက်သွားမှာမို့လို့ ဆောက်တည်ထားလို့လဲ ဘာမှထူးလာမှာမဟုတ်ဘူးဆိုပြီး သီလကို မဆောက်တည်ချင်ကြတာ ရှိပါတယ်။ ဒါဟာ အလွန်မှားတဲ့ အယူအဆတစ်ခုပါ။ ဒီအတွက် ဘာမှ အားငယ်စရာမလိုပါဘူး။

ပေါက်တဲ့နဖူး မထူးတော့ဆိုပြီး မထူးဇာတ်ခင်းကာ သီလ မဆောက်တည်ဘဲနေရင် အနာဂါတ်ခရီးအတွက် မလှမပဖြစ်သွားပါ လိမ့်မယ်။ ရဝေနွယ်ရဲ့ 'မြင့်မြတ်သူတို့ရဲ့အလုပ်' ဆိုတဲ့စာအုပ်မှာ သီလ အကြောင်းရေးထားတာ အပြည့်အစုံပါ၊ အလွန်ကောင်းပါတယ်။

သီလဆောက်တည်တဲ့အခါမှာ ကာလပရိယန္တသီလ ကာလအပိုင်းအခြားနဲ့ ဆောက်တည်တဲ့သီလဆိုတာ ရှိတယ်။ ဆိုကြပါစို့..တစ်နာရီလောက် သီလဆောက်တည်နိုင်တယ်လို့ထင်ရင် တစ်နာရီအထိ ဆောက်တည်မယ်ဆိုပြီး သီလဆောက်တည်လို့ ရပါတယ်။ တကယ်လို့ နေ့အခါမှာ သီလစောင့်ထိန်းဘို့ လုံးဝမဖြစ်နိုင် ဘူးဆိုရင် ညအချိန်ရောက်တဲ့အခါ အိပ်ပျော်မဲ့အချိန်ကနေ နိုးမယ်ထင် တဲ့အချိန်အထိ သီလစောင့်ထိန်းလို့လဲ ရပါတယ်။ တစ်နေ့ကို(၅)နာရီ လောက် သီလစောင့်ထိန်းနိုင်တယ်ဆိုရင် တစ်လမှာ နာရီပေါင်း (၁၅၀) သီလကုသိုလ်တွေ ရသွားမှာပါ။

ဒါမှမဟုတ် ကိုယ်ရတဲ့အချိန်လေးမှာ ဘုရားအဆောင်ရှေ့ သီလယူပြီး သီလနဲ့ဘုရားရှင်ကို ပူဇော်နေတယ်ဆိုရင် သီလစောင့် နေတဲ့အချိန်မှာ ဘုရားရှင်အားပူဇော်ခွင့်ရတဲ့အတွက် ကြည်နူးပီတိ ဖြစ်မိမှာ အမှန်ပါ။ ဒီလိုပါပဲ ကုသိုလ်ရနိုင်တဲ့လုပ်ငန်းတွေကို စွမ်းနိုင် သ၍ ပြုလုပ်လေ့ကျင့်ထားရပါမယ်။

ဒါဟာ ဘဝနေဝင်ချိန်အတွက် ပြင်ဆင်တဲ့နေရာမှာ အရေးပါ လှပါတယ်။ ဘဝမှာ အသက်ရှင်နေရတယ်ဆိုပေမဲ့ အထက်ကအဖြစ် အပျက်လို ရုတ်တရက်ဖြစ်လာခဲ့ရင် အဆင်သင့်ဖြစ်ဖို့ အရေးကြီးလှ ပါတယ်။ နောက်ဆုံး ပြောချင်တာက.....

'သုံးဆယ့်တစ်ဘုံအတွင်း နေရာတိုင်းမှာ သူတို့ရှိနေကြတယ်' ဆိုတာ ပါပဲ...............။

## အရက်သမားရဲ့စကား

ဒီနေ့ အိပ်ရာက ထလိုက်ကတည်းက ခေါင်းထဲ မူးနောက်နောက်နဲ့ အဆင်မပြေလှ။ မသင်္ကာလို့ သွေးပရက်ရှာတိုင်းကြည့်တော့ သွေးတိုးတက်နေတာ သိရတော့တယ်။ ခေါင်းထဲ ကြာလေမူးလေပါပဲ၊ နေသာအောင် ပက်လက်ကုလားထိုင်မှာ လျောင်းချကာ မျက်စိမှိတ်ပြီး အသာလေးမှိန်းနေလိုက်ပါတယ်။

ထိုစဉ် ကျောင်းပေါ်သို့ လူတစ်ယောက် တက်လာတဲ့အသံကို ကြားလိုက်ပါတယ်။ မျက်စိဖွင့်ကြည့်လိုက်တော့ လူတစ်ယောက် ကျောင်းပေါ်ကို ဒယီးဒယိုင်နဲ့တက်လာတာကို မြင်ရတယ်။လမ်းကိုမှ တည့်အောင် မလျှောက်နိုင်တဲ့အတွက် အရက်သမားဆိုတာကို မြင်ရုံနဲ့ သိသာပါတယ်။ အရက်သမားဟာ စာရေးသူအနားရောက်လာကာ ခြေကိုဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးပါလေရော။ သူ အရက်မူးလို့ ငိုတာပဲဆိုပြီး ပေါက်ကွဲနေတဲ့ကလေးတစ်ယောက်ကို ကြည့်သလိုပဲ ဘာမှမပြောသေးဘဲ ဆိတ်ဆိတ်နေလိုက်ပါတယ်။ ငိုလို့အားရပြီဆိုတော့မှ မျက်ရည်သုတ်ပြီး၊ စာရေးသူအား စကားစမြည်ပြောပါတယ်။

'အရှင်ဘုရား...ဘာဖြစ်တာလဲဘုရား'

'ခေါင်းမူးလို့ မှိန်းနေတာပါဒကာကြီး'

'အရှင်ဘုရားရယ်...ဒီအတိုင်းမနေပါနဲ့၊ တရားလေးဘာလေး မှတ်ဖို့ကော သတိရသေးလားဘုရား၊ တရားမှတ်ရတယ်ဘုရား'......လို့ လူမှန်းမသိအောင် အရက်မူးနေတဲ့သူထံမှ ပြောလိုက်တဲ့စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရပါတယ်။ဒီလိုပြောလိုက်လို့လဲ အရက်သမားက ငါ့ကို ဆရာလာလုပ်ရကောင်းလား ဆိုပြီး ဒေါသလဲမထွက်နိုင်ပါ။ ခေါင်းထဲမူးလိုက်တာလဲ တအားပဲ၊ ဒီတုန်းက စာရေးသူဟာ

ဘယ်တရားကိုမှ မရှုမှတ်ဘဲ မေ့နေတဲ့အဖြစ်ပါ။ဒါကို အရက်သမားက သတိပေးလိုက်သလို ဖြစ်သွားပါတယ်။ ဒါကြောင့်လဲ အရက်သမား အပေါ် ဒေါသမထွက်နိုင်တော့ဘဲ ခံစားနေရတဲ့ဝေဒနာအပေါ် သတိ ကပ်ရင်း ရှုမှတ်မှုနဲ့ နေလိုက်ပါတယ်။ ဒီအတွက် ကျေးဇူးတင်ရမှာပါ။ အရက်သမားစကားဟာ သူများအတွက်တော့ ဘာမှမဟုတ်ဘူးဆိုပေမဲ့ စာရေးသူအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ရတနာကြီးကို ပိုင်ဆိုင်လိုက် ရသလို တန်ဖိုးကြီးလှပါတယ်။

ဒီလိုအချိန်မှာ စာရေးသူတောင် မေ့နေသေးတယ်ဆိုရင် အိမ် ရာတည်ထောင်လူတို့ဘောင်မှာ နေကြတဲ့လူများအဖို့ကတော့ အဘယ်ဆိုဖွယ်ရာ ရှိတော့မလဲ၊လူတွေမှာ စားဝတ်နေရေးအပြင် အိမ်ထောင်ရေး၊ကျန်းမာရေးအားလုံးအတွက် အလုပ်များလှပါတယ်။ ‘လူတစ်ခု ပူမှုရယ်ကဆယ်ကုဋေ’ဆိုတဲ့အတိုင်း ပူပင်သောက များတဲ့လူများအဖို့ တရားအားထုတ်ဖို့နေနေသာသာ ဘုန်းတော်ကြီး ကျောင်းကိုတောင်မှ အချို့ဆို ရောက်ဖို့မလွယ်ပါ။

“နွားသေရင် မြက်တန်းလန်း၊လူသေရင် အလုပ်တန်းလန်း’ တဲ့၊ နွားများဟာ မြက်စားရင်းနဲ့ပဲ သေဆုံးကြရတယ်၊ ဒီလိုပါပဲ လူများဟာ ကုသိုလ်ရေးတွေ မေ့လျော့ပြီး အလုပ်လုပ်ရင်း သေကုန် ကြပါတယ်။ ဒါဖြင့် လူတစ်ယောက်အဖို့ သားကျွေးမှုမယားကျွေးမှု တွေနဲ့ ဒီလိုသာ အချိန်ကုန်နေမယ်ဆိုရင် သူ့အတွက် လူဖြစ်ရကျိုး မနပ်တော့၊အသက်ရှင်နေရတာလဲ အဓိပ္ပါယ်မရှိတော့။

လူတစ်ယောက်က ‘အရှင်ဘုရား····တပည့်တော် အခု အလုပ်တွေကို ဖြတ်နိုင်အောင် ကြိုးစားနေပါတယ်၊ တပည့်တော်ပြောရဲ ပါတယ်။ နောက်ငါးနှစ်ကြာရင် အလုပ်တွေလဲပြတ်လောက်ပြီ၊ အဲဒီအခါကျရင် တပည့်တော် အရှင်ဘုရားကျောင်းမှာပဲ လာနေတော့

မယ်' လို့ စာရေးသူကို ပြောပါတယ်။ နောက်ငါးနှစ်ကြာတဲ့အခါမှာ ထိုသူဟာ ကျောင်းမှာ လာနေဖို့နေနေသာသာ လုပ်ငန်းတွေကို အရင်က ထက် ပိုပြီးတိုးချဲ့ထားတဲ့အတွက် မအားလပ်အောင် ရှိနေပါတော့ တယ်။

ဒါဖြင့်ရင် လူဖြစ်ရတာ အဓိပ္ပါယ်ရှိပါတော့မလား၊ အသက်ရှင်နေရတာဟာ ဘဝအတွက်လား အလုပ်အတွက်လားဆိုတာ ကို ခွဲခြားမသိသေးသမျှ ဒီဘောင်ထဲက ရုန်းထွက်နိုင်မှာ မဟုတ်ပါ။

သတိရပါသေးတယ်၊အမျိုးသမီးတစ်ယောက်က 'အသက်ရှင် နေတာဟာ သူ့အတွက်လား ကိုယ့်အတွက်လား အများအတွက်လား ဆိုတာ သိချင်ပါတယ်ဘုရား' ဆိုပြီး အင်တာနက်စာမျက်နှာပေါ်မှာ လာရောက်မေးမြန်းထားပါတယ်။ ဒီအမေးဟာ ခေတ်လူငယ်တစ်ဦးရဲ့ အတွေးသစ်နဲ့မေးထားတဲ့မေးခွန်းတစ်ခုပါ။

ထိုအမေးအတွက် 'အသက်ရှင်နေတာဟာ ကိုယ့်အတွက်ဖြစ် သလို သူများအတွက်လဲပါတယ်လို့ ဆိုရပါမယ်။ သူများအတွက်ဆို တာက အများကောင်းကျိုးအတွက် အသက်ရှင်နေတာကို ပြောတာပါ။ ဒကာတစ်ဦးက 'အရှင်ဘုရား...တရားအားထုတ်ပါရဲ့လားဘုရား' လို့ ဆရာတော်ကြီးတစ်ပါးကို မေးလျှောက်တော့ ဆရာတော်ဘုရားကြီးက 'အေး...ဘုန်းကြီး တရားအားမထုတ်သေးဘူး၊ ဘာ့ကြောင့်လဲ ဆိုရင် ဘုန်းကြီး တကယ် တရား အားထုတ်လိုက်တဲ့အခါ မတော်တဆ ရဟန္တာ ဖြစ်သွားမယ်ဆိုရင် အခုလုပ်နေတဲ့ ဆေးရုံလုပ်ငန်း၊ ရေအလှူလုပ်ငန်း ၊တက္ကသိုလ်လုပ်ငန်း တွေကို ဘယ်သူမှ လုပ်တဲ့သူရှိမှာမဟုတ်ဘူး၊ဒါကြောင့် တရားအားမထုတ်တာပါ' ဆိုပြီး ပြောခဲ့ပါသေးတယ်။ 'သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်' ဆိုတဲ့ အတိုင်း ဆရာတော်ကြီးဟာ ပရဟိတ အများကောင်းကျိုး အတွက်

အလုပ်လုပ်နေတယ်ဆိုပေမဲ့ သူ့အတွက်လဲ ရပီးသား ဖြစ်သွား တာပါ။ ဒါကြောင့် အသက်ရှင်နေရတာဟာ သူများအကျိုးအတွက်ဖြစ်သလို ကိုယ့်အတွက်လဲ ဖြစ်ပါတယ်။

တစ်ခုတော့ရှိတယ်၊ သူများအကျိုးအတွက်လဲမပါ ကိုယ့်အကျိုးအတွက်လဲ အချည်းနှီးဖြစ်တဲ့အသက်ရှင်ခြင်းမျိုးတော့ လုံးဝ မဖြစ်သင့်ဘူး' ဆိုတဲ့အကြောင်း ဖြေကြားပေးလိုက်ဖူးပါတယ်။

ဒါကကြုံကြိုက်လို့ ပြောရခြင်းပါ။ အရက်သမားစကားနဲ့ ပတ်သက်ပြီး စာချစ်သူများလဲ အတုယူရအောင်လို့ ဖေါ်ပြလိုက်တာပါ။ ဘာပဲပြောပြော အရက်သမားရဲ့ မမျှော်လင့်တဲ့စကားကြောင့် 'ငါမသေ သေးသမျှ ကုသိုလ်တရားများကို ကြိုးစားပွားများရအုံးမှာပါလား' ဆိုတဲ့ အသိတရားတွေဖြစ်ပေါ်လာရတာပါ။

ဒါကြောင့် စာချစ်သူများလဲ အရက်သမားစကားလို အရေးပေါင်းစုံကြားမှာ မေ့လျော့မနေကြဘဲ ကုသိုလ်တရားများကို အားထုတ်နိုင်ပါစေလို့ ဆန္ဒပြုရင်း·······



# အညာသူရဲ့သဒ္ဓါတရား

ကြာခဲ့ပါပြီ၊ လွန်ခဲ့တဲ့ဆယ့်နှစ်နှစ်ခန့်က အညာဒေသကို ရောက်ဖြစ်ခဲ့ပါတယ်။ အညာဒေသ ရမည်းသင်းမြို့နယ်ထဲက သိုက်မြောင်ရွာလေးကို ရောက်ဖြစ်ခဲ့ပါတယ်။ရွာသူရွာသားများက လယ်လုပ်၊ငရုပ်၊ကြက်သွန် စိုက်ပျိုးခြင်းစတဲ့ တောင်သူအလုပ်နဲ့ အသက်မွေးကြတာများပါတယ်။ အညာကျေးလက်ဒေသနေလူအများ ဟာ စိတ်ထားဖြောင့်မတ်ဖြူစင်ရိုးသားကြတဲ့အပြင် သဘောလဲအလွန် ကောင်းကြပါတယ်။

သိုက်မြောင်ရွာကို စာရေးသူရောက်ခဲ့တာဟာ တရားစခန်း ဖွင့်ရန်အတွက်ပါ။ ထိုရွာကိုရောက်လို့မကြာခင်မှာပဲ တရားစခန်း အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရပါတယ်။ရွာသားများကလဲ ကြိုတင်ပြုလုပ်စရာရှိတာများကို မခိုမကပ် အားတက်သရော လုပ်အားပေးကြတဲ့အပြင် တရားစခန်းဝင်နိုင်အောင် အိမ်ရှိအလုပ်များ ကို ပြီးပြတ်အောင်ကြိုးစားနေကြတဲ့ ရွာသူ-ရွာသားများလဲရှိတယ်လို့ ပြောပြချက်အရ သိရပါတယ်။ မှန်ပါတယ်၊အလုပ် ပြီးပြတ်သွားတော့ စိတ်ချလက်ချ တရားအားထုတ်နိုင်တာပေ့ါ။ ဒီလိုနဲ့ နွေရာသီတရား စခန်း ကျင်းပခဲ့ပါတယ်။တရားစခန်းဖွင့်ပြီး နောက်တစ်ရက်မှာ ရွာသား တစ်ဦးက စာရေးသူထံ အရေးတကြီးရောက်လာကာ လာရောက် လျှောက်ထားပါတယ်။

"အရှင်ဘုရား····တပည့်တော်ရဲ့ သမီးလေးနှစ်ယောက်လဲ တရားစခန်းဝင်ချင်တယ်လို့ ပြောပါတယ်ဘုရား၊ဒါပေမဲ့ အခုအချိန် အထိ အလုပ်ကမပီးသေးတော့ တရားအားထုတ်ချင်ပေမဲ့ တရားစခန်း မဝင်နိုင်ဖြစ်နေရပါတယ်ဘုရား၊ဒီညတော့ လုပ်လက်စအလုပ်လေးကို

အပြီးသတ် တစ်ညလုံးပေါက် မပြီးမချင်းလုပ်ပြီး မနက်ဖန်တရားစခန်းဝင်မယ်လို့ ပြောနေပါတယ်ဘုရား။ သူတို့လေးတွေဟာ အရှင်ဘုရားမကြွ လာခင်ကတည်းက တရားစခန်းဝင်ဖို့ အားခဲထားကြတာပါဘုရား။ မနက်ဖန် သမီးလေးနှစ်ယောက် တရားအားထုတ်နိုင်ဖို့အတွက် တပည့်တော် လာရောက်လျှောက်ထား ရခြင်း ဖြစ်ပါတယ်ဘုရား”။

ကြားလိုက်ရတဲ့စကားကြောင့် မမြင်ရသေးတဲ့ရွာသူလေးနှစ်ယောက်ရဲ့သဒ္ဓါတရားကို မအံ့ချီးဘဲ မနေနိုင်တော့။ တရားအားထုတ်ရဖို့အခွင့်အရေး ဆုံးရှုံးသွားမှာစိုးလို့ တစ်ညလုံးပေါက်အလုပ်လုပ်ပြီး မနက်ဖန် တရားစခန်းဝင်ကြမယ်ဆိုပါလား။

အသက်အားဖြင့်(၁၈)နှစ်ဝန်းကျင်လောက်သာ ရှိအုံးမှာပါ။ အသက်ငယ်သော်လဲ သဒ္ဓါတရား အားကြီးတဲ့သူတွေဆိုတာကို သိလိုက်ရပါတယ်။

ဒီလို သဒ္ဓါတရားကောင်းလွန်းတဲ့သူများကို ပိဋကတ်စာပေမှာလဲ ဖတ်ခဲ့ရပါတယ်။ အလျဉ်းသင့်လို့ တင်ပြချင်ပါသေးတယ်။

တစ်ခါက အယျမိတ္တဆိုတဲ့ရဟန်းတော်လေးတစ်ပါးဟာ တရားအားထုတ်ဖို့ဆိုပြီး ကဿကလိုဏ်ဂူကို ရောက်ခဲ့ပါတယ်။ ထိုလိုဏ်ဂူနဲ့မနီးမဝေးမှာ ရွာလေးတစ်ရွာလဲရှိပါတယ်။ ရာသီဥတုကကောင်းတော့ ဆန်ရေစပါးဖြစ်ထွန်းကြတဲ့အတွက် ထိုရွာလေးမှာ မှီတင်းနေထိုင်ကြတဲ့လူများဟာ တဖြေးဖြေးများလာပါတယ်။ ဒီလိုစည်ပင်သာယာပြီး ပျော်ရွှင်ဘွယ်ကောင်းတဲ့ရွာလေးမှာ သူဌေး၊ ကုန်သည်၊လယ်လုပ်၊တစ်နေ့လုပ်မှစားရတဲ့ဆင်းရဲသားစတဲ့လူမျိုးစုံ နေထိုင်ကြပါတယ်။ထိုလူမျိုးစုံများအနက် ရွာတံခါးပေါက်အနီးမှာ တဲကုတ်လေးထိုးကာ သားအမိနှစ်ယောက် နေထိုင်ကြတယ်။ သူတို့ရဲ့

အခြေအနေက တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝပါ။ မနက်လင်းတယ်ဆိုရင်ပဲ အမေဖြစ်တဲ့သူက တောထဲ ထင်းခွေသွားတယ်၊ ရလာတဲ့ထင်းပိုင်းကလေးများကို ရောင်းချပြီး၊ ဆန်၊ဆီ၊ဆားတို့ကို ဝယ်ရပါတယ်။ အမေအိုကြီးခမျာ အသက်ကြီးပေမဲ့ စားဝတ်နေရေးအတွက်မနေသာဘဲ ဖွေရှာခဲ့ရတာဟာ တစ်ရက်လဲမဟုတ်၊ တစ်လလဲမဟုတ်၊ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ အတိတ်ဘဝက ဒါနကုသိုလ်ကံနည်းခဲ့တဲ့အတွက် အခုဘဝအကျိုးပေးကံက နည်းလွန်းလှပါတယ်။

တစ်နေ့ ကဿကလိုဏ်ဂူမှာ တရားအားထုတ်နေတဲ့ရဟန်းတော်လေးဟာ တောင်ခြေအနီးရွာလေးဆီကို ဆွမ်းခံဝင်ခဲ့ပါတယ်။ ရဟန်းတော်လေးဟာ တရားအားထုတ်နေတာဖြစ်တဲ့အတွက် ဆွမ်းခံကြွတဲ့အခါ ခြေလှမ်းတိုင်း သတိကပ်ပြီး တရားရှုမှတ်နေပါတယ်။ ဒါကြောင့်ပဲလားမသိ သူ့ရဲ့ခြေလှမ်းများဟာ 'ခြေတစ်လှမ်း ကုဋေတစ်သန်း' ဆိုတဲ့အတိုင်း ကြွေရှိလွန်းလှပါတယ်။

ရွာထဲကို တရားရှုမှတ်မှုပါတဲ့ ခြေလှမ်းနဲ့အတူ ဆွမ်းခံကြွတော်မူလာတဲ့ရဟန်းတော်လေးကို ရွာတံခါးအနီးမှာ နေထိုင်ကြတဲ့အမေအိုကြီးသားအမိက မြင်လိုက်တယ်။ အမေအိုကြီးဟာ ရဟန်းတော်အပေါ် ကြည်ညိုသဒ္ဓါစိတ်တဖွားဖွားဖြစ်ပေါ်လာပါတယ်။ စားဖို့မရှိပေမဲ့ ရဟန်းတော်အား သားလိုပဲချစ်ခင်လှတာကြောင့် ဆွမ်းလောင်းလှူလိုက်ပါတယ်။ဒါ့အပြင် သူ့ရဲ့အိမ်ကို နေ့တိုင်းကြွပြီး ဆွမ်းအလှူခံဖို့ကိုလဲ လျှောက်ထားလိုက်သေးတယ်။

အမေအိုကြီးတို့သားအမိမှာ အထက်ကပြောခဲ့တဲ့အတိုင်း တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝဆိုတော့ ရဟန်းတော်လေးကို ဘယ်လိုများ ဆွမ်းလှူရမလဲ လို့စဉ်းစားကြတယ်၊သိပ်မကြာလိုက်သူတို့သားအမိ တစ်နေ့ကို ထမင်းနှစ်ထပ်စားနေရာက မနက်ဖြန်ကစလို့

တစ်နေ့ကို ထမင်းတစ်ထပ်သာစားမယ်၊ကျန်တဲ့တစ်ထပ်ကို သားရဟန်းတော်အား လောင်းလှူမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ တစ်နေ့ ရဟန်းတော်လေးဟာ အလွန်ဆင်းရဲတဲ့ သားအမိအိမ်ရှေ့မှာ ဆွမ်းခံရပ်ပါတယ်။ ဒီအချိန်မှာ အိမ်ထဲမှ သားအမိနှစ်ယောက်ရဲ့စကားသံကြောင့် ရဟန်းတော်လေးဟာ အိမ်တံခါးဝအနီးရပ်ကာ အသာနားထောင်နေလိုက်တယ်။သူတို့စကားပြောပြီးမှ အိမ်ထဲဝင်မယ်ဆိုတဲ့ သဘောပေါ့။

သမီးဖြစ်သူက ''အမေ...ဒီနေ့အမေရဲ့သားကြီး သမီးရဲ့ အစ်ကို ဆွမ်းခံကြွတော်မူလာရင် ဘာနဲ့လှူလိုက်ရမလဲအမေ''လို့မေးလိုက်ပါတယ်။

''သမီးရယ်...ဆန်အိုးထဲမှာ သားတော်ရဟန်းအတွက် ဆန်ဟောင်းတွေရှိတယ်၊ဒါကိုယူပြီး ချက်ပြုတ်လိုက်နော်၊ ဆန်အိုးရဲ့ ညာဖက်ထောင့်နားမှာတော့ ထောပတ်၊တင်လဲစတဲ့အရသာကောင်းတဲ့ အစားအစာများလဲရှိတယ်သမီးရဲ့၊သားတော်ရဟန်း ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အချိုအနေနဲ့ဘုဉ်းပေးရအောင်လို့ပါသမီးရဲ့၊ သားရဟန်းလာရင် ဆက်ဆက်သာ လောင်းလှူလိုက်နော်သမီး၊ အမေ ထင်းခွေဖို့အတွက် တောထဲသွားတော့မယ်''..

''အမေရယ်...ဒီလိုဆို အမေတောထဲကနေ မောမောပန်းပန်းပြန်လာရင် ဘာနဲ့စားမှာလဲ..၊ အမေအတွက်လဲ ဘာမှမရှိဘူး၊ အမေက အသက်ကြီးနေပြီလေအမေရဲ့''။

''သမီးရယ်...အမေတို့ကလေ အသက်ကြီးပြီဆိုပေမဲ့ အလုပ်ကြမ်းသမားတွေဆိုတော့ ဆန်ကွဲလေးကို ကြိုသောက်ရင်လဲဖြစ်တာပဲသမီးရဲ့၊ အရေးကြီးတာက သမီးမောင်တော် အမေ့ရဲ့သားတော်လေးလာရင်သာ ကောင်းပေ့ဆိုတဲ့ ဆွမ်းဘောဇဉ်များကို မွန်မွန်မြတ်မြတ်ချက်ပြုတ်ပြီး

လှူဒါန်းလိုက်နော်သမီး”။

သားအမိနှစ်ယောက် ပြောဆိုနေတဲ့စကားကို အိမ်အပြင်ဘက် ရပ်နေတဲ့ အယျမိတ္တထေရ် ကြားတယ်ဆိုရင်ပဲ သူ့ရင်တွင်းမှာ မတွေးဘဲ မနေနိုင်တော့။

“အယျမိတ္တ...မင်းအတွက်တော့ ကောင်းပေ့ဆိုတဲ့ဟင်းတွေကို ပေးလှူမယ်၊သူ့တို့အတွက်တော့ ဆန်ကွဲကလေးများကို ကျိုချက်သောက်မယ်...တဲ့။ရှာမှရှားတဲ့ သဒ္ဓါတရားပိုင်ရှင်တွေပါလား၊ ဟဲ့..အယျမိတ္တ....ဒီသားအမိနှစ်ယောက်ရဲ့သဒ္ဓါတရားနဲ့ထိုက်တန်တဲ့ သီလ၊သမာဓိ၊ပညာ မင်းဆီမှာရှိနေပီလား၊ တကယ်လို့ မရှိသေးဘူးဆိုရင် သူတို့လှူတဲ့ဆွမ်းကို မင်းအလှူမခံသင့်ဘူးနော်၊ မင်းနဲ့မထိုက်တန်ဘူး။ ရှာမှရှားတဲ့သဒ္ဓါတရားနဲ့ထိုက်တန်အောင် တရားကိုကြိုးစားအားထုတ်ရမဲ့အချိန်ရောက်နေပြီ၊ အယျမိတ္တ...မင်းတရားကိုကြိုးစားအားထုတ်တော့..”လို့ သံဝေဂအတွေးများဖြင့် အိမ်ထဲမဝင်တော့ဘဲ လာရာလမ်းကို ပြန်လှည့်ကာ ကဿကလှိုဏ်ဂူကို ပြန်ကြွလာခဲ့တယ်။

ရဟန်းတော်ကလေးဟာ လှိုဏ်ဂူထဲပြန်ရောက်တော့ သပိတ်သင်္ကန်းတွေကို အနားချထားကာ တပ္ပလ္လင်ခွေထိုင်ရင်း “တရားထူးမရသမျှ ဒီနေရာကနေ မထတော့ဘူး၊ တရားအားထုတ်ရင်း သေချင်သေပါစေ”လို့ အဓိဋ္ဌာန်ပြီး တရားအားထုတ်ပါတယ်။ သံဝေဂဉာဏ်ဖြင့် ကြိုးစားတရားအားထုတ်လိုက်တာ မိနစ်အနည်းငယ်အတွင်းမှာ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ရောက်တော်မူခဲ့ပါတယ်။

ရဟန္တာအသစ်စစ်စစ်ဖြစ်တော်မူတဲ့ရဟန်းတော်လေးဟာ ကျေးဇူး ကြီးမားလှတဲ့သားအမိကို ချီးမြှောက်မှဖြစ်မယ်ဆိုပြီး၊ သားအမိရှိရာ ရွာဆီသို့ ကြွတော်မူပြီး၊သားအမိအိမ်ပေါ်သို့တက်ကာ

ခင်းထားတဲ့ နေရာမှာ မပြတ်သောအမှတ်သတိနဲ့အတူ ထိုင်နေတော်မူပါတယ်။ သမီးဖြစ်သူက သူ့အစ်ကိုရဟန်းအား သပိတ်ထဲကို ကောင်းပေ့ဆိုတဲ့ ဆွမ်းခဲဘွယ်များကို ဝမ်းပမ်းတသာနဲ လောင်းလှူပါတယ်။ အယျမိတ္တမထေရ်ကလဲ သားအမိကို ချီးမြှောက်တဲ့အနေနဲ့ အိမ်မှာ ပဲ ဆွမ်းဘုဉ်းပေးတော်မူရှာပါတယ်။

ပြောလိုတာက ရှာမှရှားတဲ့သဒ္ဓါတရားနဲ့ပြည့်စုံတဲ့သူများဟာ အရင်ကတည်းကရှိခဲ့တယ်ဆိုတဲ့အကြောင်းကို ပြောလိုတာပါ။

အခုလဲ သဒ္ဓါတရားကောင်းလွန်းတဲ့အညာသူလေးနှစ်ယောက် ဟာ ပြောင်းလှော့ခြင်းစတဲ့အိမ်အလုပ်တွေကို လက်စသိမ်းအောင် တစ်ညလုံးပေါက် လုပ်ခဲ့ကြတယ်။ အအိပ်ပျက်လို့ မောပမ်းတယ်လို့ သဘောမထား။ မနက်လင်းတယ်ဆိုရင်ပဲ အများနည်းတူ တရားစခန်း ဝင်ဖို့ အဝတ်ထုတ်ကိုယ်စီနဲ့ တရားစခန်းကျောင်းပရာသို့ ရောက်လာခဲ့ပါ တော့တယ်။

ဒီအကြောင်းကို ဖတ်သိပြီး စာချစ်သူများ သဒ္ဓါတရား တိုးပွားနိုင်ပါစေ၊ မရှိသေးတဲ့သီလ၊သမာဓိ၊ပညာ တရားများ ရှိလာ အောင်ကြိုးစား အားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း အညာ ကျေး လက်ဒေသမှ သဒ္ဓါတရားကောင်းလွန်းတဲ့သိုက်မြောင်ရွာသူလေး နှစ်ယောက်ရဲ့ သဒ္ဓါတရားကို အသိအမှတ်ပြုလျှက်....



# ဇာတိသရေနဲ့အညာသူ

အထက်ကပြောခဲ့တဲ့အညာဒေသ ရက်(၂၀)တရားစခန်းမှာ ယောဂီများတစ်ရာ့ငါးဆယ်လောက်ရှိပါတယ်။ ယောဂီများအနက် အခြားယောဂီများနဲ့မတူ တမူထူးနေတဲ့အမျိုးသမီးလေး တစ်ယောက်ကို သတိထားမိတယ်။သူမရဲ့နာမည်က 'ခင်ယမုံ'..တဲ့၊ အသက်က ၁၆-နှစ်လောက်ပဲရှိပါအုံးမယ်။သူမဟာ ကြိုးစားမှုအများဆုံးနဲ့ တရားအားထုတ်ခဲ့တာဆိုတော့ အထူးပဲသတိ ထားမိတယ်။

တရားစခန်းပြီးဆုံးတဲ့အခါ သူမအကြောင်းကို မေးမြန်းခဲ့ပါတယ်။ သူမရဲ့ပြန်လည်ပြောပြချက်များကို တင်ပြပေးလိုက်ပါတယ်။ စာချစ်သူများလဲ သံဝေဂဉာဏ်အမြင်သန်ပြီး ကုသိုလ်တရားဘက်မှာ အားသန်အောင်လို့ပါ။

သူမဘဝက နှစ်ဘဝတိုင်တိုင် ခြားခဲ့ပြီးပြီဆိုပေမဲ့ မနေ့တစ်နေ့ ကမှ ဖြစ်ခဲ့သလို ပူနွေးဆဲ အမှတ်ရနေဆဲဖြစ်နေပါသေးတယ်။

သူမဟာ ပြီးခဲ့တဲ့နှစ်ဘဝတုန်းက သိုက်မြောင်ရွာမှာပဲ အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်တဲ့အခါ အမေများနဲ့အတူ လယ်လုပ်ငန်း၊ယာလုပ်ငန်း၊ ကြက်သွန်၊ငရုပ်စိုက် ပျိုးခြင်းစတဲ့အလုပ်တွေကို ဝိုင်းဝန်းကူလုပ်ပေးနေပါတယ်။ တစ်နေ့ ရုတ်တရက် ရောဂါတစ်ခု အပြင်းအထန်ခံစားရကာ သေဆုံးခဲ့ပါတယ်။

သေပြီးတဲ့နောက် သူဟာ ဒီရွာရဲ့အပြင်ဝန်းကျင်မှာ နေစရာ၊ စားစရာအတွက် အရေးတကြီး ပြေးလွှားရှာဖွေရပါတယ်။နေစရာ အတွက် သူ့ပတ်ဝန်းကျင်မှာ ဘယ်နေရာကြည့်ကြည့် နေစရာတွေက ပိုင်ရှင်တွေနဲ့ချည်းဆိုတော့ သူ့မှာ နေစရာအတွက် အခက်အခဲဖြစ်လာပါ တယ်။ ရွာမှာဆိုရင် သူ့အတွက်နေစရာမရှားပါ။အခုတော့ နေစရာလဲ

မရှိ၊စားစရာကျပြန်တော့လဲ ရှားလိုက်ပါဘိ၊မစားရတဲ့ရက်ကများပါ တယ်။စားရပြန်တော့လဲ ဝဝလင်လင်မစားရ၊ ဘယ်လိုနေရာများ ရောက်လာရတယ်လို့ သူမကိုသူမ ဝေခွဲမရ ဖြစ်နေပါတယ်။ ရွာကိုလဲ ဖြစ်နိုင်ရင် အခုပဲပြန်ချင်တယ်၊ ဒါပေမဲ့ဘာကြောင့်မသိ ရွာနဲ့သူမနဲ့ က တစ်ခြားစီ ဖြစ်နေသလိုလိုပါပဲ။

ဒီလိုနဲ့ ဝမ်းစာရေးအတွက် ရွာအပြင်ဘက်မှာ ပြေးလွှားနေခဲ့ ရတာ ငါးရက်လောက်ကြာသွားပါတယ်။ သူမအတွက် ဒီငါးရက်ဟာ ငါးနှစ်မက ကြာတယ်လို့ ထင်နေရပါတယ်။ အရင်ကဆိုရင် တစ်ရွာနဲ့ တစ်ရွာသွားရတာ လွယ်ကူလှပါတယ်၊ သွားချင်ရင်လဲ ဝေါက်ကနဲ သွားလိုက်ရုံပါပဲ၊ အခုတော့ရွာထဲသွားဖို့ဆိုတာ အလွန်ခက်ခဲတဲ့ အလုပ် တစ်ခုလို ဖြစ်နေပါတယ်။ ဒါပေမဲ့ ဘယ်လိုသွားရမယ်ဆိုတာတော့ သူမရဲ့စိတ်ထဲ သိနေပါတယ်။

ရွာထဲဝင်တဲ့အခါ ဒီအတိုင်းဝင်သွားလို့မဖြစ်၊ အချိန်ကိုလဲ ကြည့်ရသေးတယ်၊ သူသွားဖို့ အသင့်တော်ဆုံးအချိန်က ညနေဝင်ရီ တရောအချိန်ပါ။ အဲဒီအချိန်ဆိုရင် နွားများကို ရွာထဲပြန်လည်ယူဆောင် လာရတဲ့အချိန်ဖြစ်တယ်။ ဒီတုန်းက သူမမှာ ထူးခြားတာတစ်ခုရှိတယ်။ သူမရဲ့ခန္ဓာကိုယ်ကို ကြီးမားအောင်လုပ်လို့ ရသလို အလွန်သေးငယ် အောင်လဲ လုပ်လို့ရနေတယ်ဆိုတာပါပဲ။

ဒါနဲ့သူ့မရဲ့ခန္ဓာကိုယ်ကို သေးငယ်အောင်အရင်လုပ်ပြီး နွားအမြီးရဲ့အစွန်အဖျားမှာ တွဲခိုကာ ရွာတွင်းလိုက်ခဲ့ရတာကို မှတ်မိ နေပါသေးတယ်။ရွာထဲဝင်တဲ့အခါ ဘယ်သူမှ မသိအောင် ပုန်းလျှိုးပြီး ဝင်ရတဲ့သဘောပါပဲ။ဒီနေရာမှာ ခွေးတွေမမြင်အောင်လဲ အထူးသတိ ထားရတယ်။ တကယ်လို့ သူလာတာကို ခွေးတွေက မတော်လို့ မြင်သွားရင် ဟောင်ကြပါတယ်။ ခွေးဟောင်တယ်ဆိုရင် သူရွာထဲဝင်

လာတယ်ဆိုတာကို ရွာစောင့်နတ်က ချက်ချင်းသိတယ်။ ဒီလိုသိသွားလို့ကတော့ သူမရွာထဲဝင်မရတော့ဘဲ အပြင်ပြန်ထွက်ရပါလိမ့်မယ်။ ဒါကြောင့်လဲ နွားအမြီးမှာ ပုန်းလျှိုးပြီးလိုက်ခဲ့ ရတာပါ။ ရွာထဲရောက်တော့ အိမ်နောက်ဖေး မြေကြီးမှာကျနေတဲ့ ထမင်းလုံးတွေမြင်တော့ ဆာလောင်လှတာနဲ့ ကောက်ယူစားပါတော့တယ်။

စားပြီးတဲ့အခါ ရွာအပြင်မှာရှိတဲ့ သူမရဲ့ဘဝတူများကို သတိရလာတယ်။ဒါနဲ့သူတို့လဲ စားရအောင်ဆိုပြီး ရွာအပြင်ကို ထမင်းတစ်လုံး ယူဆောင်လာခဲ့ပါတယ်။ ရွာအပြင်ရောက်တော့ ပါလာတဲ့ ထမင်းတစ်လုံးကို ကျွေးတဲ့အခါ ဘဝတူများ အလုအယက် စားသောက်နေကြတာကို တွေ့ရပါတယ်။ဒီလိုနဲ့ ရွာအပြင်မှာ ပြေးရင်းလွှားရင်း ရွာကအမေကို သတိရလာတယ်။ဒါနဲ့ 'ငါ··အမေ့ကိုသွားတွေ့မယ်' ဆိုပြီး အမေ့အိမ်ကို ရောက်လာခဲ့ပါတယ်။ အမေ့အိမ်က အရင်လိုပါပဲဘာမှမပြောင်းလဲပါ။ အိမ်တံခါးနား ရောက်တယ်ဆိုရင်ပဲ အိမ်ထဲမှာ အမေရှိနေတယ်ဆိုတာ သူသိနေတယ်။ ထူးခြားတာက သူလာတာ အမေလဲသိနေတယ်ဆိုတာကို သူမ သိလိုက်ပါတယ်။ (စိတ်ချင်းဆက်သွယ်တဲ့သဘောထင်ပါရဲ့)

အမေက "သမီး····သမီးရောက်လာပြီကိုး၊သမီးရေ···အမေလေ သမီးအတွက် အလှူဒါန လုပ်ပေးခဲ့ပါတယ်၊ အမေပေးတဲ့အမျှ သမီးမရခဲ့ဘူးလား၊မရသေးဘူးဆိုရင်လဲ သမီးရေ···အမျှ···အမျှ···အမျှ ယူနော်"လို့ အမေ့ရဲ့အမျှပေးဝေတော့ သူမကလဲ "သာဓု··သာဓု··သာဓု"လို့ ဝမ်းပမ်းတသာ သာဓုခေါ်ပြီး အိပ်ပျော်သွားလိုက်တာ သတိရလာတဲ့အချိန်မှာ သူမဟာ အခုလက်ရှိဘဝကို ရောက်နေပါပြီ။

ဒါဟာ သူမဖြစ်ခဲ့တဲ့ဘဝနှစ်ခုပါ။ သူမဟာ ပထမဘဝလူဖြစ်

ရာကနေ သေဆုံးတဲ့အခါ ရွာအပြင်မှာ ပြေးနေရတဲ့ဘဝကို ကျမ်းအလာနဲ့ ညှိမယ်ဆိုရင် ပြိတ္တာဘဝ ဖြစ်ခဲ့ပါတယ်။ပြိတ္တာဘဝဆိုတာ ချမ်းသာကင်းတဲ့နေရာ ဖြစ်တယ်။စားစရာမရှိ၊နေစရာလဲမရှိ၊ဝတ်စရာဆိုတာဝေလာဝေး၊ တကယ်ဆင်းရဲတဲ့ဘဝကြီးပါ။ ပြိတ္တာဘဝမှာ ငါးရက်ပဲ နေခဲ့ရတယ်။ အမေ့ကို သတိရလို့ အိမ်ပြန်လာရာ ဝမ်းပမ်းတသာသာဓု ခေါ်ရတဲ့အတွက် ပြိတ္တာဘဝက ကျွတ်လွတ်ပြီး ဒီရွာမှာပဲ လူပြန်ဖြစ်လာရတာပါ။ သူမအမေဟာ သူမကို နောက်ဘဝကျအောင် ကူညီနေပါသေးလား။ ဒါဟာ မကုန်ခမ်းနိုင်တဲ့ အမေ့ရဲ့မေတ္တာတရားတွေပေါ့။

ဖြစ်ခဲ့တဲ့ဘဝတွေကို ပြန်သတိရတိုင်း ဒီလိုဘဝပြန်ရောက်သွားမှာကို ကြောက်လှတဲ့အတွက် ကုသိုလ်ရေးနဲ့ပတ်သက်လာရင် ဖြစ်စေ၊ ကုသိုလ်ရမဲ့အလုပ်ဆိုရင်ဖြစ်စေ အကုန်လုပ်ခဲ့တာချည်းပါပဲ။ အခုကျင်းပတဲ့တရားစခန်းဟာသူမအတွက် မဟာအခွင့်အရေးကြီးမို့လို့ ကြိုးစားအားထုတ်ခဲ့ရတယ်ဆိုတဲ့အကြောင်း သူမပြောပြချက်အရ သိခဲ့ရပါတယ်။စာဖတ်သူများလဲ အညာသူလေး ခင်ယမုံရဲ့အဖြစ်မျိုး အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့ဖူးကြမှာပါ။ ဖော်ပြခဲ့တဲ့အဖြစ်အပျက်ကို သံဝေဂယူပြီး ကုသိုလ်တရားမှန်သမျှ ပြည့်စုံသထက်ပြည့်စုံအောင် အားထုတ်သွားကြရမှာပါ။ သေမင်းကမဉီးခင် ကိုယ်က အရင်ဉီးအောင် ကုသိုလ်တရားမှန်သမျှ ဆည်းပူးသွားကြဖို့ပါပဲ။

ဘုရားရှင်က အကုသိုလ်မှန်သမျှ မလုပ်မိစေနဲ့၊ကုသိုလ်မှန်သမျှပြည့်စုံအောင် အားထုတ်ကြ၊ စိတ်ကိုဖြူစင်အောင်ထားကြ လို့ မိန့်တော်မူခဲ့တဲ့ဩဝါဒတော်အတိုင်း လူဘဝရခိုက် ကုသိုလ်တရားနဲ့ အချိန်ကုန်ပြီး စိတ်ကိုဖြူစင်ဖို့အတွက် တရားဘာဝနာများ နှလုံးသွင်းနိုင်ကြပါစေလို့ ပြောကြားရင်း…………။

## စေတနာသာလျှင် အဓိကပါ

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတနာဟာ ကံ လို့ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ စေတနာကောင်းရင် ကံကောင်းမယ်။စေတနာမကောင်းရင် ကံမကောင်းဘူး။

မကြာသေးခင်က ဗုဒ္ဓဂါယာမှာ ကားအဲဆီးဒင့်ဖြစ်ပြီး ဘုန်းကြီးတစ်ပါး ပျံတော်မူပြီး၊ ဒကာမတစ်ဦးက ခြေကျိုးပြီး အသက်ရှင်ကျန်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီအကြောင်းကို အသိဒကာမတစ်ဦးကပြောပါတယ်"အရှင်ဘုရား..မကြာသေးခင်က ခြေကျိုးတဲ့အမျိုးသမီးနဲ့ဝမ်းကွဲတော်စပ်သူ အမျိုးသမီးတစ်ယောက်နဲ့ ကျိုက်ထီးရိုးဘုရားသွားဖူးကြပါတယ်ဘုရား။ သူမပြောပြတဲ့စကားအရ ဖြစ်ပုံမှာ..

ဒီနေ့ ဆရာတော်က ခြေလျင်လျှောက်ဖို့ပါပဲ၊သူမက ကားငှား စီးသွားရအောင်ဆိုတော့ ဆရာတော်နဲ့သူမတို့ သုံးဘီးကားငှားစီးခဲ့ပါတယ်။အဲဒီမှာ ကားအဲဆီးဒင့် ဖြစ်ပြီး ပျံတော်မူတာဖြစ်တယ်။ ဆရာတော်ပျံတော်မူတာ သူ့ကြောင့်ဆိုပြီး အလွန်စိတ်မကောင်းဖြစ်နေတယ်လို့ တဆင့်ပြန်လည်ကြားခဲ့ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြောရရင် စေတနာသာအဓိကဖြစ်တယ်၊ ကိုယ်က သက်တောင့်သက်သာ ချမ်းသာစေချင်တဲ့စေတနာကောင်းနဲ့ ကားငှားစီးသွားတာပါ။ အစက ဒီလိုဖြစ်မယ်မှန်းကြိုသိရင် ဘယ်ငှားပါ့မလဲ၊ခုတော့ကြိုသိတာလဲမဟုတ်၊ ချမ်းချမ်းသာသာ လိုတဲ့ခရီးကို ကြွစေချင်တဲ့စေတနာကြောင့် မထင်မှတ်ပဲ ဖြစ်သွားတာဟာ ကိုယ့်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး လုံးဝအပြစ်မရှိပါဘူး လို့ပဲ ပြောပါရစေ။

တစ်ခါက ရိပ်သာမှာ စားလို့ရတဲ့ 'မှို'လို့ထင်မှတ်ကာ

ကန့်ဖွန်းရွက်လှော်နဲ့ စားချင်စဖွယ်ဖြစ်အောင် ချက်ပြုတ်ပြီး သံဃာတော်များအား ဆွမ်းတာဝန်ယူရတဲ့ဒကာမတစ်ဦးက ဆက်ကပ်ပါတယ်။ စာရေးသူလဲ ဆွမ်းစားပြီးလို့ တစ်နာရီလောက်အကြာမှာ ဦးခေါင်းထဲမူးနောက်နောက်ဖြစ်ကာ စားထားသမျှအစာများ အကုန်အန်ချပါတော့တယ်။ ထို့အတူ ကျောင်းရှိ 'မှို'စားမိတဲ့ရဟန်းသံဃာတော်များအားလုံး 'မှို'အဆိပ်သင့်ကုန်ပါတော့တယ်။

ဆရာဝန်သူနာပြုများကလဲ အရေးပေါ်ဆိုပြီး ရိပ်သာအတွင်းသင့်တော်တဲ့ကျောင်းတစ်ဆောင်မှာ ဆေးရုံပြုလုပ်ကာ တစ်ညလုံးသူ့အလှည့်နဲ့သူ တာဝန်ယူပြုစုစောင့်ရှောက်ကြပါတယ်။ ဒါကြောင့်လဲ မကြာခင်မှာ သက်သာရာ ရသွားကြပါတယ်။

အချို့လူများက ထိုကိစ္စနဲ့ပတ်သက်ပြီး ဆွမ်းချက်ကျွေးသူကိုအပြစ်တင်ကြတဲ့အတွက် ဆွမ်းတာဝန်ယူရတဲ့အမျိုးသမီးကြီးမှာ "ငါ့ကြောင့်သံဃာတော်များ'မှို'ဆိပ်သင့်ရလေခြင်း"ဆိုပြီးစိတ်မကောင်းဖြစ်နေပါတယ်။ အမှန်မှာ သူမက စားရတယ်ထင်လို့ ခူးပြီး မွန်မွန်မြတ်မြတ်ချက်ပြုတ်ကာ ဆက်ကပ်ခဲ့တာပါ။ တကယ်လို့ စားမရမှန်းသိရင် သူလဲ ဘယ်ချက်ကျွေးပါ့မလဲ၊ ဒါကြောင့် ဆွမ်းချက်သူမှာအပြစ်မရှိပါဘူး။ တကယ်တန်းအပြစ်ရှိသူက 'မှို'ဆိပ်သင့်တဲ့ရဟန်းသံဃာတော်များသာ ဖြစ်တယ်။ ဘာ့ကြောင့်ဆိုရင် ကံအကျိုးပေးချိန်တန်ပြီဆိုရင် မခံမနေရ ခံရတတ်ပါတယ်။ 'ဘယ်သူမပြုမိမိအမှု'ဆိုတဲ့အတိုင်း အတိတ်က ပြုခဲ့တဲ့မကောင်းမှုကံကြောင့် အခုလိုခံရတာပါ။ ကိုယ်မကောင်းမှုပြုခဲ့တာ လူတွေသိကုန်ပြီလို့ ဆိုရမှာပါ။

ဒါကြောင့် ဆွမ်းချက်ကျွေးတဲ့အမျိုးသမီးမှာ အပြစ်လုံးဝမရှိတဲ့အပြင် စေတနာပါပါနဲ့ကျွေးမွေးဆက်ကပ်ခဲ့တဲ့အတွက် ကုသိုလ်

တောင် ရပါသေးတယ်။

'စေတနာသာအဓိက' ဆိုတဲ့အတိုင်း ကောင်းတဲ့စေတနာက ကောင်းကံပေးပြီး မကောင်းတဲ့စေတနာက မကောင်းကျိုးပေးမှာပါ။ စာချစ်သူများ စိတ်ကောင်းစေတနာ ထားနိုင်တဲ့သူများ ဖြစ်ကြပါစေ။

# ပါရမီကောင်းသူ ဖြစ်ပါသတဲ့

တစ်နေ့ အသက်ငါးဆယ်ကျော်ရှိပြီလို့ခန့်မှန်းရတဲ့ လူတစ်ယောက် ကျောင်းသို့ရောက်လာပါတယ်။ စာရေးသူနဲ့ အမှတ်ရဖွယ်စကားများ ပြောဆိုပါတယ်။

ထိုသူက ''အရှင်ဘုရား....တပည့်တော်လျှောက်ထားချင်တာတွေကို လျှောက်ထားခွင့်ပြုပါဘုရား''လို့ခွင့်တောင်းတယ်။ ဒီအတွက် ပြောခွင့်ပေးလိုက်ပါတယ်။

''တပည့်တော်ငယ်ငယ်ကတည်းက အတွေးအခေါ်ပိုင်းကို အလွန်ဝါသနာပါတယ်ဘုရား။ အခုအသက်ကြီးလာတဲ့အခါမှာလဲ အားလပ်တယ်ဆိုရင် ဓမ္မနဲ့ပတ်သက်တဲ့အတွေးတွေကိုပဲ တွေးနေမိပါတယ်ဘုရား။ ဒီလိုတွေးတဲ့နေရာမှာ တပည့်တော်က တစ်ခြားဟာထက် ဘာသာရေးနဲ့ပတ်သက်တဲ့အတွေးတွေကို တွေးတာများပါတယ်ဘုရား။ သဘာဝတရားတွေကိုတွေးတဲ့အခါ နက်နဲတဲ့တရားတွေကိုပဲ တွေးမိလာပါတယ်။ ဒီလိုတွေးတဲ့အတွက်လဲ တပည့်တော်ဟာ ပါရမီပါခဲ့သူလို့လဲ ယူဆမိပါတယ်ဘုရား၊ ခက်ခဲနက်နဲတဲ့တရားတွေကို တွေးနိုင်ပါတယ်ဘုရား။

ဒါကြောင့် မကြာခင်မှာပဲ သဘာဝအမှန်တရား(နိဗ္ဗာန်)ကို လွယ်လွယ်ကူကူနဲ့ မြင်နိုင်မယ်လို့ ယူဆမိပါတယ်ဘုရား'' သူ့ကိုသူ ပါရမီရင့်ကျက်သူလို့ထင်ပြီး လာရောက်လျှောက်ထားပါတယ်။ ဒါနဲ့ပတ် သက်ပြီးပြောချင်ပါတယ်။

လောကမှာ ကိုယ်ထင်တိုင်းဖြစ်မလာတတ်တာများပါတယ်။ ဖြစ်နိုင်တယ်လို့ထင်မှတ်ထားတဲ့အရာတစ်ခုဟာ ဖြစ်ချင်မှဖြစ်လာတတ်တာပါ။ မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့အရာများလဲ မမျှော်လင့်ဘဲ

ဖြစ်လာတတ်ကြတာလဲ ရှိပါတယ်။ အနာဂတ်မှာဖြစ်လာမဲ့အရာတွေကို ကြိုတင်တွေးပြီး အချိန်ကုန်ခံ မနေဖို့ပါ။ ဓမ္မရှုထောင့်ကနေ ကြည့်ရင်လဲ ဒီလိုပါပဲ။ ငါဟာ ဒီဘဝမင်္ဂဖိုလ်မရနိုင်တော့ဘူးဆိုပြီး တွေးကာ စိတ်ပျက်အားငယ်တတ်ကြတာရှိသလို ဒီဘဝတော့ မင်္ဂဖိုလ်ရတော့မယ် ငါဟာ ပါရမီပါသူ ဖြစ်တယ်ဆိုပြီး ကိုယ့်ဟာကိုယ် အထင်ကြီးနေတတ်ကြတာလဲရှိကြပါတယ်။ ဖြစ်နိုင်တယ်၊မဖြစ်နိုင်ဘူးဆိုတဲ့အတွေးကို အသာထားလို့ လက်ရှိကိုယ်လုပ်ရမဲ့ လုပ်သင့်တဲ့အလုပ်ကို လက်တွေ့လုပ်လိုက်တာက အကောင်းဆုံးပါ။

ကိုယ့်ကိုယ်ကို အထင်ကြီးနေတာနဲ့ပတ်သက်ပြီး သီဟိုဠ်သာသနာထွန်းကားစဉ်က သီဟိုဠ်တောင်ဘက်စွန်းမှာ မဟာဂါမဆိုတဲ့ ရွာတစ်ရွာရှိတယ် အခုတော့ 'မာဂမ'လို့ခေါ်ကြတယ်။ မာဂမရွာရဲ့ မြောက်ဖက်မှာ တိဿမဟာစေတီ ဆိုတာရှိတယ်။ ထိုမဟာစေတီအနီးမှာ 'တိဿမဟာဝိရ' ဆိုတဲ့ကျောင်းတစ်ကျောင်းရှိတယ်။ အဲဒီမှာ မဟာသီဝမထေရ် သီတင်းသုံးနေတော်မူပါတယ်။

ထိုမထေရ်ဟာ ပိဋကတ်သုံးပုံကို ကျွမ်းကျင်စွာ တတ်မြောက်တဲ့အတွက် တပည့် သံဃာတော်များကို ပိဋကတ်စာပေ များကို ပို့ချသင်ကြားနေပါတယ်။ ဒီလိုစာပေများပို့ချ လာရာ တစ်နေ့မှာ ရဟန္တာဖြစ်တဲ့တပည့်တစ်ပါးက သူ့ဆရာ ဘယ်အခြေအနေ ရောက်ပြီလဲ ဆိုတာကို စုံစမ်းကြည့်တော့ သူ့ဆရာဟာ ပုထုဇဉ်အဖြစ်နဲ့ သာရှိသေးတာကို မြင်ရပါတယ်။ ဒါနဲ့ တပည့်က ဆရာကို တရားအားထုတ်ဖို့အတွက် သတိပေးရအောင်ဆိုပြီး ဆရာထံ လာခဲ့ ပါတယ်။

ဆရာထံရောက်တော့ ဆရာတော်ဆီမှာ စာတက်ချင်တယ်လို့ လျှောက်ထားပါတယ်။ ဆရာတော်က သူ့မှာ စာသင်စာတက်၊ စာမေးတဲ့သူတွေ များလွန်းလို့ စာချမပေးနိုင်ပါဘူး လို့ငြင်းလိုက်ပါ

တယ်။ တပည့်ဖြစ်တဲ့ရဟန္တာက "ဒီလိုဆို ကိုယ့်အတွက် တရားအား ထုတ်မဲ့အချိန်ရပါအုံးမလားဘုရား၊အရှင်ဘုရားဟာ သူတစ်ပါးရဲ့မှီရာ ပျဉ်ချပ်လိုဖြစ်နေပါပြီ၊ တော်ပါပြီဘုရား၊ အရှင်ဘုရားထံမှ ဘာအနု မောဒနာမှ မနာလိုတော့ပါ"လို့ဆိုကာ ကောင်းကင်ကို ပျံတက်သွားပါ တယ်။

ဒါကိုမြင်လိုက်တဲ့ မဟာသီဝမထေရ်က ဒီတပည့်ဟာ သူ့ထံ စာသင်ချင်လို့ လာတာမဟုတ်၊ငါ့ကို သတိပေးရအောင်လာတာပဲဆို ပြီး ညဖက်နောက်ဆုံးစာလာတက်တဲ့ရဟန်းတစ်ပါးနဲ့အတူ သပိတ် ကိုယူကာ တောထွက်သွားပါတယ်။ (ဆရာဆိုတဲ့မာန်ကိုလျှော့ကာ အလိုက်သင့်တွေးတတ်တာ သတိပြုစရာ၊အတုယူစရာ လိုက်နာစရာပါ) တောထဲရောက်တော့ "ငါလိုပုဂ္ဂိုလ်မျိုး ရဟန္တာဖြစ်ဖို့ မခဲယဉ်းပါဘူး၊ ငါအားထုတ်လို့ရှိရင် သုံးရက်အတွင်းမှာ တရားရနိုင်တယ်"လို့ ကိုယ့်ကိုယ်ကို အထင်ကြီးနေပါတယ်။ဒီလိုနဲ့တရားအားထုတ်လိုက်တာ သုံးရက်နဲ့မရတဲ့အပြင် သုံးနှစ်ကြာလဲ မရသေးပါဘူး။

နောင်နှစ်ပေါင်း သုံးဆယ်ကြာမှာ အာသဝေါကင်းကွာရဟန္တာ ဖြစ်သွားပါတယ်။ ဆိုလိုတာက ကိုယ်ထင်သလို မဖြစ်နိုင်တာလဲရှိ တယ်။ မထင်မှတ်ထားပေမဲ့ ဖြစ်လာတတ်တာလဲရှိတယ် ဆိုတာပါပဲ။

လောကမှာ အချို့လူတွေဟာ ကိုယ်ထင်ရာ ကိုယ်လုပ်ရာကိုပဲ အဟုတ်ထင်တတ်ကြတယ်။ အမှန်အမှားဆိုတာ ခွဲခြားဘို့နေနေသာသာ ကိုယ့်လုပ်တာမှ အမှန်လို့ထင်တတ်ကြတာဟာ ပုထုဇဉ်တို့သဘာဝပါ။ သတ္တဝါတွေမှာ စရိုက်အမျိုးမျိုး ရှိတတ်ကြတယ်။

မွေးလာကတည်းက တစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်း မတူကွဲပြားတတ်ပါတယ်။ မအေတစ်ယောက်ထဲက ရှေ့ဆက်နောက်

ဆက် မွေးလာကြတဲ့ အမွှာပူးလေးများတောင်မှ တစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်းမတူကြပါ။

စာရေးသူရဲ့နှမအငယ်ဆုံးဝမ်းမှ ကလေးသုံးယောက် အမွှာပူးမွေးခဲ့တယ်။ ရှေ့ဆက်နောက်ဆက်ဆိုသလို မွေးဖွားလာကြပေမဲ့ သူတို့လေးတွေမှာ တစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်းမတူကြပါဘူး။ ဒါကြောင့်လဲ ဘုရားရှင်က လူတွေမှာ ရာဂစရိတ၊ဒေါသစရိတ၊မောဟစရိတ၊သဒ္ဓါစရိတ၊ဗုဒ္ဓိစရိတ၊ဝိတက္ကစရိတ လို့ စရိုက် ၆-မျိုးရှိတယ်လို့ အဘိဓမ္မာသဂြိုဟ်မှာ ဟောတော်မူခဲ့တယ်။

အဘိဓမ္မာသဂြိုဟ်မှာပါတဲ့စရိတကို အဋ္ဌကထာကြီးများက 'စရိယာ'လို့ ဆိုပါတယ်။လူတို့ရဲ့စရိုက်သဘောကို ဟောရာမှာ စရိယာလို့ ပါတာကပိုကောင်းတယ်လို့ မဟာဂန္ဓာရုံဆရာတော်က ဝေဖန်ပေးထားပါတယ်။ စရိုက်နဲ့ပတ်သက်ပြီးစာဖတ်သူများ နားလည်အောင်ပြောရရင်ပင်ကိုယ်ရိုးရာ သူတကာဖြစ်နေကျထက် လွန်ကဲပိုမိုပြီး အဖြစ်များခြင်းကို'စရိယာ'လို့ခေါ်ပါတယ်။

ရာဂစရိုက်ရှိသူဟာ ဒေါသ မောဟဖြစ်လောက်တဲ့အာရုံမှာမဖြစ်အောင် ချုပ်တည်းထားနိုင်သော်လဲ ရာဂဖြစ်လောက်တဲ့အာရုံမှာတော့ လုံးဝမချုပ်တည်းနိုင်ပါ။ ထို့အတူ ကျန်တဲ့စရိုက်မျိုးရှိသူများမှာလဲ ဒီအတိုင်းပါပဲ။ တစ်ခုတော့ရှိတယ် သတ္တဝါတစ်ဦးမှာ စရိုက်တစ်ခုစီ ရှိရမယ်လို့ မှတ်ယူလို့မရပါဘူး။ အချို့သူများဟာ ဘယ်စရိုက်မှလဲ အထင်အရှားမရှိ။ အချို့ကတော့ စရိုက်နှစ်မျိုး၊သုံးမျိုးရောနှောပြီးရှိကြတာလဲ ရှိပါတယ်။ ဒီနေရာမှာ စရိုက်ရှိသူများရဲ့အနေအထားကို ပြောပါအုံးမယ်။

(၁)ရာဂစရိုက်...

ရာဂစရိုက်ရှိသူဟာဣရိယာပုထ်အနေနဲ့ အသွားအလာ အနေ

အထိုင် ယဉ်ကျေးပျပ်ဝပ်ကြတယ်။ ကိစ္စအနေနဲ့ တံမြက်လှဲတာ၊အဝတ်လျှော်ဖွတ်တာ၊ အဝတ်အစားဆင်ယင်တာ ကျနသေသပ်ပါတယ်၊ အစားအစာအနေနဲ့ အချိုအဆိမ့်အမွှေးအကြိုင် နူးညံ့တဲ့အစားအစာများကိုနှစ်သက်ကြတယ်။ ဒဿနအနေနဲ့ကတော့ လှပတဲ့ ရူပါရုံ၊သဒ္ဒါရုံများနဲ့တွေ့ရင် မခွါချင်လောက်အောင် ဖြစ်တတ်ပါတယ်။ သဘာဝစိတ်အနေအထားက ပရိယာယ်မာယာများတယ်။ ကောက်ကျစ်စဉ်းလဲမှု သာဌေယျများတယ်၊မာနကြီးတယ်၊ လောဘရမက်ကြီးတယ်။

(၂)သဒ္ဓါစရိုက်···

သဒ္ဓါစရိုက်ရှိသူမှာ ရာဂစရိုက်ရှိသူကိုပြခဲ့တဲ့ ဣရိယာပုထ်စတဲ့ လေးမျိုးစလုံး တူညီကြတယ်။ တရားဖြစ်ပုံစိတ်အနေအထားက မာယာစတဲ့အကုသိုလ်များ ဖြစ်လေ့မရှိဘဲ ကြည်လင်ရွှင်လန်းစွာစွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိတယ်။ ရဟန်းသံဃာကောင်းများကိုကိုးကွယ်ဆည်းကပ်ကာ တရားဒေသနာများ မှတ်သားနာယူလေ့ရှိကြတယ်။

(၃)ဒေါသစရိုက်

ဣရိယာပုထ်အနေနဲ့ လျှင်မြန်ရှုးရှား ခြေဖျားနဲ့နင်းပြီး ရုန့်ရင်းကြမ်းတမ်းတဲ့အသွားအလာအနေအထိုင်ရှိကြတယ်။ တစ်ခုခုပြုလုပ်တဲ့အခါ တင့်တယ်သန့်ရပ်ခြင်းမရှိ။ ချဉ်၊ငန်၊စပ်၊ခါး စူးရှတဲ့အရသာများကို နှစ်သက်တတ်ကြတယ်။ မကောင်းတဲ့အာရုံနဲ့ တွေ့တဲ့အခါ ယမ်းပုံမီးကျဖြစ်တယ်၊ သည်းခံအောက်အီး ချုပ်တည်းခြင်းဆိုတာမရှိ၊ဆဲဆိုငေါက်ငန်းတတ်ပြီး၊ စိတ်လဲတိုတတ်ပါတယ်။ သဘာဝစိတ်အနေအထားက ရန်ငြိုးဖွဲ့တဲ့အာဃာတတရားတွေ ထားတတ်ကြတယ်။ မနာလိုဝန်တိုမှု ရှိတယ်။ သူများဂုဏ်ကို ချေဖျက်လိုစိတ်နဲ့ ဂုဏ်တုဂုဏ်ပြိုင်လုပ်ကြတယ်။ အပြောအဆို ဆုံးမရခက်တတ်ကြတယ်။

(၄)ပညာစရိုက်

ပညာစရိုက်ရှိသူများဟာ ဒေါသစရိုက်ရှိသူများရဲ့ ဣရိယာပုထ်စတာတွေနဲ့ တူညီပြီး၊ စိတ်တိုခြင်းစတဲ့အပြစ်များ မရောနှောဘဲ ဆိုဆုံးမလွယ်ကူတယ်။အစားအသောက်နဲ့ပတ်သက်ပြီး ကိုယ့်နဲ့သင့် မသင့်ဆိုတာကို နှိုင်းချင့်ပြီး စားတတ်ကြတယ်။ ကုသိုလ်ကောင်းမှု အစုစုတွေကို ဝီရိယသန်သန်ဖြင့် မှန်မှန်ကြီးပြုလေ့ရှိပါတယ်။

(၅)မောဟစရိုက်··

ဣရိယာပုထ်အနေနဲ့ မယဉ်ကျေး တွေဝေထိုင်းမှိုင်းပြီး၊ ရှုတ်ရှက်ခတ် ပြာယီးပြာယာနဲ့သွားလာတတ်ပါတယ်၊ လုပ်ငန်းကိစ္စတွေမှာ ရှုတ်ထွေးပွေလီမ်လေ့ရှိတယ်။ အစားအသောက်မှာလဲ ဘယ်အရာကိုမှ တိတိပပနှစ်သက်တာမျိုးမရှိ၊ ကိုယ့်အစွမ်းနဲ့စုံစမ်းနိုင်းချိန်ပြီး အဆိုးအကောင်းကို မဆုံးဖြတ်တတ်။ နေရာတကာမှာ ကိုယ်က နောက်လိုက် ဖြစ်နေတတ်ပါတယ်။သူတစ်ပါး ပါးစပ်ဖျားမှာ လမ်းဆုံးနေတတ်ကြတယ်။

သတိပညာကင်းတယ်၊ ထိုင်းမှိုင်းပျင်းရိပြီး၊ပုံ့လွင့်မှုများနဲ့ သာ အချိန်ကုန်တတ်ပါတယ်။

(၆)ဝိတက်စရိုက်

ဝိတက်စရိုက်ရှိသူများမှာ မောဟစရိုက်ရှိသူများနဲ့ မထူးခြား၊ အကြံတွေများ စကားတွေ ပေါပြီး၊ ကိစ္စမချောဘဲ မျောနေတာကများပါတယ်။ ကောင်းတဲ့(ကုသိုလ်)လုပ်ငန်းတွေမှာ အစွမ်းအစမရှိ၊ပျင်းရိပြီး နေတတ်တယ်။ အတွေးများအကြံများတဲ့သူတွေနဲ့သာ ပေါင်းဖက်ပြီး တွေးကြံနေတတ်ကြတဲ့ လူအား လူပိုတွေသာဖြစ်တယ်။

ဘယ်သူဟာ ဘယ်လိုစရိုက်မျိုးရှိတယ်ဆိုတာ မပြောလိုပါဘူး၊ ကိုယ့်မှာ ဘာစရိုက်ရှိတယ်ဆိုတာကို ဘုရားရှင်ဟောတော်

မှုတဲ့စရိုက်ခြောက်မျိုးနဲ့ တိုက်ဆိုင်ကြည့်ရမယ်။ ပြီးမှ ကိုယ့်မှာရှိတဲ့စရိုက်နဲ့လျော်အောင် ဘယ်တရားကို ကျင့်သုံးရမယ် ဆိုတာကိုလေ့လာရပါမယ်။ ဒီလိုကျင့်သုံးနိုင်အောင် ဘုရားရှင်ဟောတာ ရှိပါတယ်။

တစ်ခါက ဘုရားရှင်ဟာ ကပိလဝတ်မြို့နယ် မဟာဝုန်တော အရပ်မှာ သီတင်းသုံးစုဝေးနေခိုက် စကြာဝဠာတစ်သောင်းမှ နတ်ပြဟ္မာ များက ဘုရားရှင်ကို လာရောက်ဖူးမျှော်ကြတယ်။ မရေမတွက်နိုင် တဲ့နတ်ပြဟ္မာများ လာရောက်ဖူးမျှော်ကြတဲ့မဟာသမယအခါကြီးမှာ ဘုရားရှင်က နတ်ပြဟ္မာများ တရားထူးရရေးအတွက် သူတို့နဲ့သင့်လျော် တဲ့တရား ၆-သုတ်ကို ဟောကြားတော်မူပါတယ်။

ရာဂစရိုက်ရှိသူများအတွက် သမ္မာပရိဗ္ဗာဇနီယသုတ်။ဒေါသ စရိုက်ရှိသူများအတွက် ကလဟဝိဝါဒသုတ်။မောဟစရိုက်ရှိသူများ အတွက် မဟာဗျူဟသုတ်။ ဝိတက်ရှိသူများအတွက် စူဠဗျူဟသုတ်။ သဒ္ဓါစရိုက်ရှိသူများအတွက် တိဝဋ္ဋကသုတ်။ ပညာစရိုက်ရှိသူများ အတွက် ပုရာဘေဒသုတ်တို့ကို အသီးသီးဟောတော်မူခဲ့ပါတယ်။

ဥပမာတစ်ခုပြောမယ်။အိုင်တီခေတ်ကြီးမှာ အင်တာနက်သုံး ကြသူများဟာ ကိုယ်လိုချင်တဲ့အကြောင်းအရာများရှိတဲ့ ဝက်ဘ်ဆိုက်တွေကို (google) မှာရှာဖွေပြီး ဘဝတိုးတက်အောင် ပြုလုပ်ကြသလို ကိုယ့်စရိုက်နဲ့ကိုက်ညီမဲ့တရားတော်များကို နာယူလေ့ လာမှတ်သားရပါမယ်။ နာယူတဲ့အတိုင်းလဲ လိုက်နာကျင့်သုံးကြမယ်ဆို ရင် မိမိဘဝတိုးတက်ပြီး အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်ပါလိမ့် မယ်လို့ ပြောရင်း သတ္တဝါမှန်သရွေ့ တရားတွေ့နိုင်ကြပါစေ…

# ကြားခဲ့ရတဲ့စကားတစ်ခွန်း

ကြာခဲ့ပါပြီ။ဒါပေမဲ့ ယနေ့အထိ ကြားယောင်နေဆဲပါ။ စာရေးသူဟာ ငယ်စဉ်က တောရွာမှာကြီးပျင်းခဲ့ရသူပါ။ငယ်စဉ်က ကလေးသဘာဝ သူငယ်ချင်းများနဲ့အတူ ဟိုဟိုဒီဒီသွား ပြေးလွှားဆော့ကစားလေ့ရှိတယ်။ တစ်ခါတစ်ရံ တောထဲသွားပြီး ဆော့ကြသလို ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းထဲဝင်ကာ ဆော့ကြတာလဲရှိပါတယ်။

တစ်နေ့ စာရေးသူတို့လူငယ်တစ်သိုက် မြစ်ချောင်းနံဘေး ရေကမ်းစပ်မှာ ဆော့ကစားနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် စကြနောက်ကြနဲ့ ရယ်သွမ်းသွေးကြနဲ့ ဆော့ကစားနေစဉ် အနီးရှိ ဝါးဖောင်ကြီးတစ်ခုပေါ်မှာ အသက်ကြီးတဲ့လူကြီးတစ်ယောက် ငါးမျှားနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စာရေးသူတို့တစ်သိုက် ဂရုမစိုက်ပါ၊ ဆက်လက် ဆော့နေကြဆဲ။ ထိုစဉ် ဝါးဖောင်ပေါ်က လူကြီးဟာ သူ့ကို ပြက်ရယ်ပြုတယ်ထင်ပြီး "ဟဲ့ကလေးတွေ....မင်းတို့ကငါ့ကို လှောင်နေကြတာလား...အေး ငါအဖိုးကြီးဖြစ်သလို မင်းတို့လဲ တစ်နေ့ အဖိုးကြီးဖြစ်လာလိမ့်မယ်။သတိထားကြ၊ ဒါနောက်စရာမဟုတ်ဘူး။ ရယ်စရာမဟုတ်ဘူး"လို့ ပြောသံတော့ကြားလိုက်ပါတယ်။ ထိုစကား ကို မိမိတို့ကို ပြောတာလို့တော့သိလိုက်ပါတယ်။ဒါပေမဲ့ကလေးဘဝ မတွေးတတ်ပါ။ ဒီအဖိုးကြီး ငါတို့ကို စိတ်ဆိုးပြီး ပြောတာပဲလို့ ထင်ခဲ့ပါတယ်။

ဒီလိုနဲ့အသက်တွေ ကြီးလာလို့ လူကြီးဖြစ်လာတော့ အဖိုးအိုရဲ့ စကားဟာ တကယ်မှန်နေတာတွေ့ရပါတယ်။ အချိန်ကြာလာတော့ စကားရဲ့အနက်အဓိပ္ပာယ်က ပိုပြီးထင်ရှားလာသလို ကြာလေကြာလေ နားထဲမှာ ကြားယောင်လာလေလေပါပဲ။

ငယ်စဉ်က အဖိုးအိုရဲ့စကားကို ဝေဖန်နိုင်တဲ့စွမ်းအားမရှိသလို သိအောင်လဲ မကြိုးစားခဲ့ပါ။အခုအသက်ကြီးလာတော့ အလိုလိုသိလာရတယ်။ ဘာ့ကြောင့်ဆိုရင် ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့အရာမှန်သမျှ 'ခမ္မ'ချည်းဖြစ်နေလို့ပါပဲ။

အဖိုးအိုဟာ သုသာန်နှုတ်ခမ်းကို ခြေတစ်ဖက်နင်းနေပြီ။ သေခြင်းတရားကို သတိမှရပါလေစ။ စားဝတ်နေရေးအတွက် ငါးမျှားနေရတာကိုကြည့်ပြီး အဖိုးအိုကို သနားမိတာပါ။ ကြာခဲ့ပြီဆိုတော့ အခုအချိန်မှာ ထိုအဖိုးအိုဟာ လောကထဲမှာ ရှိမယ်မထင်တော့ပါဘူး။ လောကမှာ ဒီလိုအဖိုးအိုမျိုး ဘယ်နှစ်ဦးရှိလေမလဲ၊အသက်ကြီးလာရင် ဒါန သီလ ဘာဝနာကုသိုလ်တရားနဲ့နေရမဲ့အချိန်မှာ အကုသိုလ်အလုပ်နဲ့နေရတယ်။ မချစ်သော်လဲ အောင့်ကာနမ်းဆိုသလို မလုပ်ချင်သော်လဲ လုပ်နေရတာပဲလား၊ဒါမှမဟုတ် အပျော်သဘောနဲ့ ငါးမျှားတာလား ဆိုတာ မပြောတတ်ပါ။

ဘယ်လိုပဲဖြစ်စေ ဒီအသက်အရွယ်ရောက်ရင် ဘဝနေဝင်ချိန်လဲ နီးကပ်လာပါပြီ။ အပူရှိန်အားနည်းလာတဲ့ နေဝန်းနီနီကြီးပမာ မကြာခင် တောင်စွယ်နေကွယ်တော့မဲ့ ကြွေလုလုအချိန်ပါ။ ဒါတွေကို သတိထားစရာပါ။ ဒါကြောင့် အကုသိုလ်နေရာမှာ ကုသိုလ်များနဲ့အ အစားထိုးစေချင်တာပါ။

လူတွေဟာ အရွယ်ရောက်တဲ့အချိန်ကနေ ပညာသင်လာလိုက်ကြတာ အိုတဲ့အထိ သင်ကြတဲ့သူများလဲ ရှိကြပါတယ်။ ဒီလိုပညာတွေသင်တော့ အောင်လက်မှတ်တွေနဲ့ ဘွဲ့ထူးဂုဏ်ထူးလက်မှတ်တွေ အဆင့်ဆင့် ရရှိခဲ့ကြပါတယ်။ များပြားလှတဲ့အောင်လက်မှတ်များနဲ့ အတူ ဂုဏ်ယူဝင့်ကြွားပြီး လူ့ဝန်းကျင်မှာ အဆင့်မြင့်မြင့်နေနိုင်လာခဲ့ပေမဲ့ တစ်နေ့ကျရင် ဒီလက်မှတ်များကို မျက်ကွယ်ပြုပြီး သင်္ချိုင်း

လက်မှတ်ကိုပဲ ယူကြရမဲ့သူချည်းပါပဲ။ အဖိုးအိုဟာ သင်္ချိုင်းလက်မှတ် ယူရမှာကို မေ့နေတာလား မပြောတတ်။ လူတိုင်း သင်္ချိုင်းလက်မှတ် ကို မယူချင်လဲယူကြရမှာပါ။

စာချစ်သူများလဲ တဖြေးဖြေးနဲ့အသက်ကြီးလာပြီ။ သင်္ချိုင်း လက်မှတ်ကို ဘယ်အချိန်မှာ ယူရမယ်ဆိုတာသာ မသိတာ။ တစ်နေ့ နေ့တစ်ချိန်ချိန်မှာ မုချယူရတော့မှာပါ။

ဘဝမှာ အောင်လက်မှတ်တွေ ဂုဏ်ထူးဆောင်လက်မှတ်တွေ နဲ့ အောက်ခြေလွတ်နေကြတယ်၊ မာန်မာနတွေတက်နေကြတယ်။ မာန်မာနဟာ မျက်မှန်စိမ်းနဲ့တူပါတယ်။ မျက်မှန်စိမ်းတတ်ထားရင် ဘာမှ မမြင်ရပါဘူး။ အခုလဲ မာန်မာနဆိုတဲ့မျက်မှန်စိမ်းတတ်ထား တော့ ကိုယ့်ရဲ့ဘဝအခြေအနေမှန်ကို မမြင်နိုင်ကြဘူး။

လောကမှာ ပစ္စည်းဥစ္စာ၊ပညာ၊ရုပ်ရည်စတာတွေကို အခြေခံ လို့ လောဘ၊ဒေါသ၊က္လသာ၊မစ္ဆရိယ၊မာန်မာနတို့နဲ့အတူ ခက်ထန် မာန် တက်နေကြပါတယ်။ဒါဟာ မျက်မှန်စိမ်းတပ်တာလို့ခေါ်ပါတယ်။ တစ်နေ့ သင်္ချိုင်းလက်မှတ်ရမယ်ဆိုတာကို ဆင်ခြင်မိကြမယ်ဆိုပါရင် ဘဝအခြေအနေမှန်ကိုသိပြီး မျက်မှန်စိမ်း ချွတ်မိကြမှာပါ။

စာချစ်သူများလဲ မျက်မှန်စိမ်းမတတ်မိဖို့နဲ့ လောကသဘာဝ အမှန်ကို မြင်နိုင်တဲ့ အဖြူရောင်မျက်မှန်ကို တတ်ထားနိုင်တဲ့သူများ ဖြစ်ဖို့ပါ။

အဖိုးအိုဟာ ငါးမျှားနေတဲ့အခိုက် အခြားအတွေးတွေလဲရှိနိုင် သလို ငါးမျှားတာနဲ့စပ်လို့ အကုသိုလ်အတွေးနယ်ချဲ့မိမှာပါ။ ဒီလိုသာ တွေးခဲ့ရင် သင်္ချိုင်းလက်မှတ်သာမက အပါယ်လက်မှတ်ပါ ဝယ်ပြီးဖြစ် သွားမှာပါ။ အဖိုးအိုရဲ့အဖြစ်မျိုးကို အတွေးနဲ့ပြေးမြင်ကာ ကိုယ်လဲ ဒီလိုမျိုးများ ဖြစ်နေပြီလား။

ကိုယ့်ဟာကိုယ်သုံးသပ်ကြည့်မိဖို့လိုပါလိမ့် မယ်။ ပြောချင်တာကတော့ အခုချိန်မှာ ကုသိုလ်ရှိနေလား၊အကုသိုလ်ပဲ ရှိနေလားဆိုတာကို မိမိကိုယ်ကိုလေ့လာ သုတေသနပြုဖို့လိုပါလိမ့်မယ်လို့ ပြောရင်း···· ဘဝမှာ မျက်မှန်စိမ်းတတ်ခြင်းမှ ကင်းဝေးနိုင်ကြပါစေ····။



# အဖန်ငါးရာငါးကမ္ဘာ

"အရှင်ဘုရား····အရှင်ဘုရားကျောင်းမှာ သာသနာတော်အတွက် တက်တက်ကြွကြွဆောင်ရွက်နေတဲ့ ဦး·············လေ ဘုရား၊ ဘယ်လိုပြဿနာများ ရှိလို့လဲတော့မသိဘူး၊ ပြီးခဲ့တဲ့နှစ်က ကိုယ့်ဟာကိုယ် ကြိုးကွင်းဆွဲချ သတ်သေသွားတယ်ဘုရား။ သွားပီပေါ့ဘုရား၊ကိုယ့်ကိုယ်ကို သတ်သေတဲ့သူတွေဟာ အဖန်ငါးရာငါးကမ္ဘာ ဘဝပေါင်းများစွာ ခံပေအုံးတော့ပေါ့ဘုရား"။

ဒါယကာတစ်ယောက် လျှောက်ထားလာတဲ့စကားကြောင့် သေသူအတွက် စိတ်မကောင်းဖြစ်မိတယ်ဆိုတာထက် နှမြောမိတာပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ခံစားရတဲ့အတွက် အတွေးရေယဉ်ကြော မျောခဲ့ရပါတယ်။

လူတွေဟာ စိတ်ညစ်လို့၊ဒေါသဖြစ်လို့ ကိုယ့်ကိုယ်ကို သေကြောင်းကြံကြတဲ့သူတွေ လောကမှာ ဘယ်လောက်များ ရှိနေမလဲ။ ဂျပန်နိုင်ငံမှာ စိတ်ညစ်လွန်းလို့ အခက်အခဲတွေကနေ ရုံးထွက်ဖို့အတွက် တံတားကြီးပေါ်ကနေ ခုန်ချပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားကြတယ်လို့ဆိုတယ်။ ဒီလိုအပြုအမူမျိုး နှစ်စဉ် တစ်သောင်းဝန်းကျင်လောက်ရှိတယ်လို့ ကြားလိုက်ရပါတယ်။

သတ်သေရတဲ့အကြောင်းအရင်းတွေကို ကြည့်လိုက်တော့ စီးပွားရေးဆုတ်ယုတ်လို့ အကြွေးတင်ရာကနေ ပြန်မဆပ်နိုင်တာရယ်၊ ပြင်လို့မရတဲ့အမှားတွေကြောင့်ရယ်၊ လင်ကောင်မပေါ်ဘဲရခဲ့တဲ့ ကိုယ်ဝန်ကြောင့် အရှက်ကို အသက်နဲ့လဲလိုက်တာရယ်။ ပတ်ဝန်းကျင်ကို မရင်ဆိုင်ချင်တာရယ် အကြောင်းကြောင်းတွေကြောင့် ကိုယ့်ကိုယ်ကို သတ်သေကြတယ်။

တကယ်တော့ လူ့ဘဝရဖို့ ခဲယဉ်းလှပါတယ်။ဗြဟ္မာ့ပြည်က အပ်တစ်ချောင်း ကျလာပြီး၊ လူ့ပြည်ကလဲ အပ်တစ်ချောင်းထောင်ထားမယ်၊ ထိုအပ်နှစ်ချောင်းရဲ့ အပ်သွားထိပ်ချင်း ထိမယ်ဆိုရင် ထိသွားနိုင်ပါတယ်။ လူတစ်ယောက်ဖြစ်ဖို့ မလွယ်ဘူး။ ဒါပေမဲ့အချို့သူများဟာ လူ့ဘဝအရတော်နေပါလျက်နဲ့ တန်ဖိုးမထားတတ်ကြပါ။

အခက်အခဲမျိုးစုံလှတယ်၊ငါမရှိရင်အေးသွားမှာပါ ဆိုပြီး ကိုယ့်ကိုယ်ကိုသတ်သေခြင်းဖြင့် ထွက်ပေါက်ရှာကြဟန်တူပါတယ်။ ဒါဟာ လွဲမှားတဲ့ထွက်ပေါက်ရှာနည်းတစ်ခုပါ။ လက်ရှိပစ္စုပ္ပန်ဘဝ အခက်အခဲကို အမြင်ကျဉ်းမြောင်းစွာ ကြည့်တတ်ကြတယ်။ သေသွားပါပြီတဲ့ ကျန်ရစ်တဲ့ပြဿနာတွေ ပြေလည်နိုင်မလား။ မပြေလည်နိုင်တဲ့ အပြင် ကျန်ရစ်သူမိသားစုမှာ ပိုပြီး အပူတွေများလာတာကို တွေ့ရပါတယ်။ ဒါဟာ အတွေးမှား၊ အသိမှားတဲ့အတွက် အလုပ်မှားသွားခြင်းပါ။

နောင်လူပြန်ဖြစ်ဖို့ဆိုတာ မတွေးရဲအောင်ပါပဲ၊ တစ်ချို့ကပြောကြတယ်။ ဝဋ်ရှိလို့ ခံရတာပါ··တဲ့။အတိတ်ဘဝတွေတုန်းက ကိုယ့်ကိုယ်ကို သတ်သေခဲ့လို့ အခုလို ကိုယ့်ကိုယ်ကို သတ်သေရတာပါလို့ မမြင်ရတဲ့ ကံကြမ္မာအတွက် အမျိုးမျိုးဝေဖန်ပြောဆိုနေကြပါတယ်။

ဘယ်လိုအကြောင်းပဲရှိရှိ ဖြစ်လာတဲ့အပေါ်မှာ သတိတရားနဲ့ လုပ်သင့် မလုပ်သင့် ဆင်ခြင်တုံ(ပညာ)တရားများ ထားကြမယ်ဆိုရင် အခုလို အဖြစ်မျိုး ဖြစ်လာမှာမဟုတ်ပါဘူး။ဒါကြောင့် ဘဝမှာ ဘယ်အချိန်မဆို သတိရှိရမယ်။ ပညာနဲ့နှလုံးသွင်းဆင်ချင်ရမယ်။ ဒီနေရာမှာဘုရားရှင်ဟောတော်မူခဲ့တဲ့ ဒုလ္လဘတရားကို ဖတ်ရှုလေ့လာပြီး ဆင်ချင်နှလုံးသွင်းနိုင်ရင် ပိုမိုကောင်းမွန်ပါတယ်။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် မိမိကိုယ်ကို နစ်နာအောင် မပြုလုပ်မိဖို့ အရေးကြီးပါတယ်။ ရလာတဲ့လူ့ဘဝ တန်ဖိုးရှိအောင် နေတတ်၊ပြောတတ်၊တွေးတတ်သွားဖို့ပဲ လိုတာပါ။

"ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ အဖန်ငါးရာ ငါးကမ္ဘာ ခံရတတ်တယ်၊ ဘဝ ပေါင်းငါးရာ မိမိကိုယ်ကို ပြန်သတ်ရ တတ်တယ်·····တဲ့"ဒါဟာ လူတို့ပြောနေတဲ့စကားတစ်ခုပါပဲ။ ကျမ်းဂန်မှာတော့ ဒီလိုမျိုး မလာပါဘူး။ ဘဝငါးရာနဲ့ပတ်သက်ပြီး ဧကနိပါတ်၊မတကဘတ္တဇာတ်မှာ·········

ဗာရာဏသီပြည် ဒိသာပါမောက္ခဆရာကြီးဟာ တစ်နေ့မှာ သေသူကို ရည်မှန်းပြီး အလှူတစ်ခုလုပ်မယ် လို့ဆိုကာ ဆိတ်ကုလားတစ်ကောင်ကို ရေချိုးပေးပြီး၊ ပန်းနံ့သာတွေနဲ့ လိမ်းခြယ်ပေးဖို့၊ ပန်းကုံးစွပ်ပေးဖို့ တပည့်များကို ပြောပါတယ်။ တပည့်များကလဲ ဆိတ်ကုလားကို ရေချိုးပေးလို့ ပန်းကုံးစွပ်ပေးပြီး မြစ်ကမ်းနားတစ်ခုမှာ ထားထားပါတယ်။ ဒီအချိန်မှာ ဆိတ်ကုလားက ရယ်လည်းရယ်၊ ငိုလဲငိုတယ်။ ဒါကို တပည့်များက"ဘာ့ကြောင့်ရယ်ပြီး ဘာ့ကြောင့် ငိုရတာလဲ"လို့ ဆိတ်ကိုမေးပါတယ်။ ဆိတ်က"အခုမမေးပါနဲ့၊သင်တို့ ဆရာထံရောက်မှ မေးပါ"လို့ဆိတ်ကပြန်ပြောတယ်။ ထိုအချိန်က ဆိတ်က လူစကားပြောတတ်ဟန်တူပါတယ်။

ဒိသာပါမောက္ခဆရာထံရောက်တော့ တပည့်များရဲ့ပြောပြချက်အရ ဆရာက"အသင်ဆိတ်··သင်ငိုလဲငို၊ရယ်လဲရယ်တယ်လို့ ကြားတယ်၊ ဘာ့ကြောင့်ဒီလိုဖြစ်ရတာလဲ"ဆိတ်ကိုမေးတော့ ဆိတ်က "ဆရာကြီး ကျုပ်ဟာ တစ်ခုသောဘဝတုံးက သင်လိုပဲ ဆရာကြီး ဖြစ်ခဲ့ဖူးပါတယ်။ အခုလိုမျိုး သေသူကို ရည်မှန်းပြီး အလှူလုပ်ဖို့ အတွက် ဆိတ်တစ်ကောင်ကို သတ်ခဲ့ဖူးပါတယ်။

ဒီမကောင်းမှုကံ ကြောင့် ဘဝပေါင်း ၄၉၉-ဘဝတိုင်အောင် လည်ပင်းပြတ်ကာ သေပွဲ ဝင်ခဲ့ရပါတယ်။ အခုဘဝဟာ ငါ့အတွက် နောက်ဆုံးတစ်ဘဝပဲ ခံရ တော့မှာပါ။ ဒါပြီးရင် လည်ပင်းပြတ်သေ ရတဲ့ဘဝက လွတ်ပါပြီ ဆိုပြီး တွေးမိလို့ ရယ်မိတာပါ။

ပြီးနောက် ဆရာကြီးလဲ ငါ့ကိုသတ်ပြီး ဘဝငါးရာခံရအုံးမှာ ကို တွေးမိပြီး ဆရာကြီးကို သနားလို့ ငိုမိတာပါ” လို့ ဆိတ်က ပြောတယ်။ ဒါကြောင့် ဒိသာပါမောက္ခဆရာကြီးလဲ ဆိတ်ကို မသတ် တော့ဘဲ ချမ်းသာပေးလိုက်ပါတယ်။

ဒါပေမဲ့ ကံက မျက်နှာမလိုက် ဘူး။ တစ်နေ့မှာ ဆိတ်ကုလား မြက်စားနေခိုက် အနီးရှိ ကျောက်ဖြာကြီးပေါ်ကို မိုးကြိုးထိမှန်ကာ ကျောက်ချပ်တစ်ခု လွင့်ထွက်လာပြီး ဆိတ်ကုလားရဲ့လည်ပင်း ကို ဖြတ်မိရက်သား ဖြစ်သွားပါတယ်။ လုံထမ်းလာတာကိုသာမြင်ပြီး ကံထမ်းလာတာကိုတော့ ဘယ်သူမှ မမြင်နိုင်ကြဘူးဆိုတာ အလွန် မှန်တဲ့စကားတစ်ခွန်း ဖြစ်တယ်။

ဒီအဖြစ်အပျက်ဟာ ဇာတ်တော်ထဲကလာတာပါ။ ဒီဇာတ် ကြောင်းကို ရည်ရွယ်ပြီး အဖန်ငါးရာ ဆိုတာဖြစ်ပေါ်လာတာပါ။ တကယ်တော့ ကိုယ့်ကိုယ် သတ်သေတာဟာ အဖန်ငါးရာ ငါးကမ္ဘာ ဆိုတာ မဟုတ်ဘူး။ သူတစ်ပါးကို သတ်လို့သာ အဖန်ငါးရာခံရတာပါ။

ပြောချင်ပါသေးတယ်၊ မိမိကိုယ်ကိုယ် သတ်သေတာနဲ့ပတ် သက်ပြီး..

(၁) မိမိခန္ဓာရဲ့ အပြစ်ကိုမြင်ပြီး သတ်ခြင်း။

(၂) အပြစ်ဒေါသကြောင့် သတ်ခြင်း ဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ မိမိခန္ဓာအပြစ်မြင်ပြီးသတ်တာဟာ ပါဏာတိပါတကံမထိုက်သလို အပြစ်လည်း မရှိပါဘူး။

ပါဏာတိပါတကံထိုက်တဲ့အင်္ဂါငါးချက် ရှိပါတယ်။
(၁)သတ်အပ်တဲ့သတ္တဝါရှိခြင်း။
(၂)သတ္တဝါရယ်လို့ အမှတ်သညာရှိခြင်း။
(၃)သတ်လိုတဲ့စိတ်ရှိခြင်း။
(၄)လုံ့လပြုခြင်း။
(၅)လုံ့လကြောင့် သေသွားရခြင်း တို့ဖြစ်ပါတယ်။ ဒီအင်္ဂါငါးချက်နဲ့ ပြည့်စုံရင် ပါဏာတိပါတကံထိုက်ပါတယ်။

"အတ္တာနံ မုဉ္စိတွာ ပရပါဏိမှ ပါဏာသညိတော လက္ခဏာသ အင်္ဂသ အဘာဝတော နေဝတ္ထိ ပါဏာတိပါတော" (ဝိမတိဝိနောဒနီ ပ-၂၂၈)

အဓိပ္ပါယ်က မိမိကိုယ်ကိုထားပြီး တစ်ပါးသတ္တဝါရယ်လို့ အမှတ်သညာလက္ခဏာ မရှိတဲ့အတွက်ကြောင့် ပါဏာတိပါတကံ မဖြစ်ဘူးလို့ ဆိုထားတယ်။

တစ်ခါတုန်းက ဝက္ကလိထေရ်ဟာ သူ့လည်ပင်းကို ဓားနဲ့ဖြတ်ခဲ့တာပဲ။ သူ့ကိုယ်သူသတ်လို့ အပါယ်မကျတဲ့အပြင်ရဟန္တာဖြစ်သွားကြောင်းကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်(၉၇)မှာ အထင်အရှားပါရှိပါတယ်။ ကိုယ့်ကိုယ်ကို သတ်လို့ အဖန်ငါးရာငါးကမ္ဘာဆိုတာ မဟုတ်ပါဘူး။

နောက်တစ်ခုက အပြစ်ဒေါသကြောင့် ကိုယ့်ကိုယ်ကိုသတ်သေရင်တော့ အပြစ်ဖြစ်တတ်ပါတယ်။

"ကောစ နိဿာယာတိ-သတ္တော သတ္တံ အာဒါယ အတ္တနာဝ အတ္တာနံ ပဟာရန္တိ၊ ဝိသံ ခါဒန္တိ၊ ရဇ္ဇုယာ ဥဗ္ဗန္ဓန္တိ၊ ပပတာ ပပတန္တိ၊ဇဝံ ကောဓဝသေနကာလံ ကတွာ နိရယာဒီသု ဥပ္ပဇ္ဇန္တိ"(ဇကနိပါတ်၊၄-၅၃၁)
အဓိပ္ပါယ်က အပြစ်ဒေါသကြောင့် သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို

သတ်သေကြတယ်။ အဆိပ်စားခြင်း၊ကြိုးကွင်းလည်ပင်းစွပ်ခြင်း၊ ကမ်းပါးပြတ်မှ ခုန်ချခြင်းစတဲ့ အပြစ်ဒေါသရဲ့အစွမ်းနဲ့ ကိုယ့်ကိုယ်ကို သတ်သေလို့ သေလွန်တဲ့အခါ ငရဲစတာတွေကို ရောက်တတ်တယ်လို့ ဟောတော်မူထားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပုထုဇဉ်လူသားအများအနေနဲ့ ကိုယ့်ကိုယ်ကို သတ်သေတဲ့အကျည်းတန်တဲ့အဖြစ်မျိုးမှ လွတ်ကင်းအောင် နေတတ်ဖို့သာ လိုတာပါ။ စာဖတ်သူများ သာယာဖြောင့်ဖြူးတဲ့ဘဝကို ပိုင်ဆိုင်သူများ ဖြစ်ကြပါစေလို့ ဆန္ဒပြုရင်း······



## အမြတ်ဆုံးတရား

“အရှင်ဘုရား…( )တစ်ယောက် နေမကောင်း ဖြစ်နေပါတယ်။ လူမမာစားဖို့အတွက် ငှက်သိုက်ဝယ်ပေးလိုက်ပါ ဘုရား” စာရေးသူရဲ့ နှမဖြစ်သူက ဖုန်းဆက်လာပါတယ်။ငှက်သိုက် ဆိုလို့ ပြောရအုံးမယ်။ ငှက်သိုက်ဆိုတာ ငှက်အန်ဖတ်တစ်မျိုးပါ။ ထိုငှက်ရဲ့နာမည်က ‘ဇီဝဇိုးငှက်’ ဖြစ်ပါတယ်။ ထိုငှက်တွေဟာ သားပေါက်တဲ့အချိန်မကျခင်လေးမှာ ကိုယ်တိုင်အန်ချပါတယ်။ ထိုအန်ဖတ်တွေနဲ့ အသိုက်လုပ်ကြပါတယ်။

ဇီဝဇိုးငှက်တွေဟာ အသိုက်အမြဲတည်ဆောက်ဖို့အတွက် ကိုယ်တိုင်ပဲ ပင်ပမ်းကြီးစွာ အန်ချကြရပါတယ်။တစ်ချို့ငှက်ကလေး တွေဆိုရင် အန်ရင်းနဲ့သွေးတောင်ထွက်တယ်လို့ ပြောပါတယ်။ ဒီလိုငှက်ကလေးတွေ ပင်ပမ်းစွာအန်ချလိုက်တဲ့အန်ဖတ်တွေကို “ငှက်သိုက်”လို့ ခေါ်ကြပါတယ်။

အခုအခါ ငှက်သိုက်ကို လူတို့အတွက် အားဆေးတစ်ခွက် အနေနဲ့ ဈေးကြီးပေးပြီး ဝယ်ယူစားသုံးနေကြပါပြီ၊ငှက်သိုက်ကို အသက်အရွယ်ကြီးတဲ့သူများ မှီဝဲစားသုံးရင် အားအင်ပြည့်တင်း ရောဂါကင်းပြီး ကျန်းမာလာကြတယ် လို့ ငှက်သိုက်မှီဝဲသုံးဆောင်ကြ တဲ့သူများက ပြောဆိုကြပါတယ်။

ဒီလိုနဲ့ လူမမာအတွက် ငှက်သိုက်ပို့ပေးလိုက်တယ်။ မကြာပါ ဘူး။ “အရှင်ဘုရား….( )တစ်ယောက် မနေ့ညနေက ကွယ်လွန်သွားပါပြီဘုရား” လို့ ဖုန်းဆက်လာပါတယ်။ ပို့လိုက်တဲ့ ငှက်သိုက်တောင်မှ မစားလိုက်ရဘူး။ မရဏတရားက ငှက်သိုက်စားဖို့ တောင် မစောင့်နိုင်တော့ဘူး။ဒီလိုအဖြစ်မျိုး အခြားသူများလဲကြုံဖူးမှာပါ

(က)

ဒီလိုပါပဲ ကျန်းမာရေးချို့ယွင်းလို့ အစာမစားနိုင်ဘဲ အိပ်ယာထဲလဲနေတဲ့သူများကို သူ့အနီးမှာ အစားအစာများ လာချပေးပေမဲ့ မစားနိုင်ပါဘူး။ လူနာမေးတဲ့ပုဂ္ဂိုလ်တွေက စားစရာတွေ ဘယ်လောက်ယူလာပေးကြပါစေ။ အစာမစားနိုင်တဲ့လူမမာအဖို့ ဒီမုန့်တွေဟာ အသုံးမဝင်ပါဘူး။

ကောင်းပေ့ဆိုတဲ့ဒန်ပေါက်ထမင်း၊အုန်းထမင်း၊အုန်းမွှေးစတာတွေဟာ ကျန်းမာရေးကောင်းတဲ့သူများအတွက်တော့ အစာလဲဆေးဆေးလဲအစာဆိုသလို အားဖြစ်စေပါတယ်။ဒါပေမဲ့ ထိုကောင်းပေ့ဆိုတဲ့အစားအစာများဟာ သွေးတိုးရောဂါရှိသူတို့အတွက်တော့ အားမဖြစ်တဲ့အပြင် ရောဂါတိုးစေနိုင်တဲ့အတွက် အဆိပ်ဖြစ်တဲ့အစားအစာလို့ဆိုရပါမယ်။ဆီးချိုရောဂါရှိသူများအတွက် အချိုပါတဲ့စားစရာဟာ အဆိပ်ဖြစ်ပေမဲ့ ဆီးချိုမရှိသူတို့အတွက်တော့ အားဆေးသဖွယ်ဖြစ်ပါတယ်။ အနာရောဂါကင်းပြီး ကျန်းမာတဲ့သူများဟာ ဘယ်အစားအစာကိုပဲ စားစား အဆင်ပြေစေပါတယ်။

ဒါကြောင့်လဲ အာရောဂျ ပရမာ လာဘာ= လာဘ်တကာ့လာဘ်တွေထဲမှာ ရောဂါကင်းတာဟာ အမြတ်ဆုံးလာဘ်တစ်ပါးရယ်လို့ ဘုရားရှင်မိန့်တော်မူခဲ့တာဖြစ်ပါတယ်။ ဆိုရေးရှိက ဆိုအပ်စွဆိုတာလို အမြတ်ဆုံးတရားနဲ့စပ်ပြီး ပြောချင်ပါသေးတယ်။ လောကမှာ အမြတ်ဆုံးတရားလေးမျိုးရှိတယ်လို့ ဘုရားရှင် မိန့်တော်မူခဲ့ပါတယ်။

(၁) ကျန်းမာခြင်းဟာ အမြတ်ဆုံးလာဘ်တစ်ပါး။

(၂) တင်းတိမ်ရောင့်ရဲခြင်းဟာ အမြတ်ဆုံးဥစ္စာ။

(၃) ချစ်ခင်ရင်းနှီးကျွမ်းဝင်ခြင်းဟာ အမြတ်ဆုံးဆွေမျိုးမိတ်ဆွေ။

(၄) ကိလေသာမရှိခြင်းဟာ အမြတ်ဆုံးချမ်းသာ တို့ဖြစ်ကြပါတယ်။

အထက်ပါလေးပါးအနက် အမြတ်ဆုံးလာဘ်ကိုတော့ နားလည် သဘောပေါက်လောက်ပါပြီ။

(ခ)

ဒုတိယအမြတ်ဆုံးတရားက တင်းတိမ်ရောင့်ရဲခြင်းဆိုတဲ့သန္တုဋ္ဌိတရားပါပဲ။ ရသမျှနဲ့ရောင့်ရဲတင်းတိမ်တယ်ဆိုတာ စိတ်ကိုအေးချမ်းစေပါတယ်။ လူကိုလဲအေးချမ်းစေပါတယ်။ ရောင့်ရဲတင်းတိမ်မှု မရှိဘူးဆိုရင် စိတ်မအေးဘူး။ ပူပင်သောကရောက်နေရတယ်။ နောက်ဆုံး အဲဒီအပူနဲ့ပဲ သေဆုံးရတတ်ပါတယ်။

တစ်ခါက လယ်ပိုင်ရှင်တစ်ယောက်ဟာ သူ့ကို အချိန်ကြာမြင့်စွာ လုပ်ကျွေးခဲ့တဲ့လယ်သမားတစ်ယောက်ကို မြေပေးဖို့အတွက် ပန္နက်ကိုပေးလိုက်တယ်။ လယ်သမားဟာ သူယူမဲ့မြေကွက်ကို ပန္နက်ရိုက်ရမှာပါ။ ဒါပေမဲ့ ရောင့်ရဲမှုမရှိဘဲ ထပ်လိုချင်နေပုံရပါတယ်။ဒါကိုသိတဲ့ လယ်ပိုင်ရှင်သူဌေးကြီးက လယ်သမားဟာ သူ့ကိုကျေးဇူးပြုထားသူဆိုတော့ လိုသမျှယူနိုင်ကြောင်း ပြောပါတယ်။ လယ်သမားဟာ ပန္နက်ရိုက်မဲ့နေရာရောက်တော့ နည်းသေးတယ်ဆိုပြီး အဝေးကို ရွှေ့သွားပြန်တယ်။ နောက်တစ်ခါ ပန္နက်ရိုက်မဲ့နေရာရောက်တော့ နည်းသေးတယ်ဆိုပြီး အဝေးကိုထပ်ရွှေ့သွားပြန်တယ်။ ဒီလိုနဲ့ လယ်သမားဟာ မြေကွက်ပေါ်မှာ ပန္နက်တောင် မရိုက်နိုင်ရှာဘဲ အမောဆို့ကာ သေဆုံးခဲ့ပါတယ်။ ဒါဟာ ရသမျှနဲ့ရောင့်ရဲတင်းတိမ်မှု မရှိတဲ့အတွက် နောက်ဆုံးသေရခြင်းဖြစ်ပါတယ်။

ရသမျှနဲ့ရောင့်ရဲမှုမရှိတာဟာ တဏှာလောဘများနေလို့ပါပဲ တဏှာလောဘဦးစီးနေသမျှကာလပတ်လုံး စိတ်ကပူလောင်နေတယ်။ ဒီလိုပူလောင်နေတဲ့အတွက် ရလာတဲ့ဥစ္စာပစ္စည်းဟာ အမြတ်ဆုံးလို့

မဆိုနိုင်ပါဘူး။

ရောင့်ရဲခြင်းမရှိတာနဲ့ပတ်သက်ပြီး ကမ္ဘာဦးက မန္ဓာတုစကြာဝတေးမင်းအကြောင်းကလဲ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ဒီတုန်းက မန္ဓာတုစကြာဝတေးမင်းရဲ့သက်တမ်းဟာ အသင်္ချေယျတမ်း ဖြစ်ပါတယ်။မန္ဓာတုစကြာဝတေးမင်းဟာ ကာမဂုဏ်ကိုခံစားရတာ အားရတယ်လို့မရှိဘဲ စားပြီးရင်းစားချင်ဆိုတာလို ကာမဂုဏ်ခံစားရတာ အလိုမပြည့်နိုင်၊မရောင့်ရဲနိုင်တဲ့အတွက် လူ့ပြည်မှာ ငြီးငွေ့လာတယ်။ ဒါကြောင့် အမတ်ကြီးအား "လူ့ပြည်ထက် မွေ့လျော်ဖွယ်ကောင်းတဲ့ နေရာများ ရှိပါသလား" လို့ မန္ဓာတုမင်းကမေးပါတယ်။ အမတ်ကြီးများကလဲ လူ့ပြည်ထက်နတ်ပြည်က ပိုပြီးမွေ့လျော်ဖွယ်ရှိတယ်ဆိုတဲ့ အကြောင်း ပြန်လည်ဖြေကြားပါတယ်။

မန္ဓာတုမင်းဟာ ပရိသတ်များခြံရံပြီး စကြာရတနာရဲ့အကူအညီနဲ့ စတုမဟာရာဇ်နတ်ပြည်ကို သွားခဲ့ပါတယ်။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကလဲ မန္ဓာတုစကြာဝတေးမင်းကို ခရီးဦးကြိုဆိုကာ စတုမဟာရာဇ်နတ်ပြည်မှာ မင်းအဖြစ်မင်းပြုနိုင်ပါကြောင်း ပြောတဲ့အခါ မန္ဓာတုစကြာဝတေးမင်းဟာ နတ်ပြည်မှာ လူ့ခန္ဓာကိုယ်နဲ့ မင်းပြုကာ ကာမဂုဏ်ခံစားလာခဲ့ပါတယ်။

ကာလကြာလာတဲ့အခါ ငြီးငွေ့လာတယ်။ဒါနဲ့မင်းကြီးက "စတုမဟာရာဇ်နတ်ထက် ပျော်စရာကောင်းတဲ့နေရာ ရှိသေးလား" လို့ နတ်မင်းကြီးများအား မေးပါတယ်။ "မြတ်သောမင်းကြီး ကျွန်ုပ်တို့ဟာ သူတစ်ပါးရဲ့အလုပ်အကျွေးများသာ ဖြစ်တယ်။ ဒီနတ်ပြည်ထက် တာဝတိံသာနတ်ပြည်က ပိုပြီးပျော်စရာကောင်းပါတယ်" လို့ နတ်မင်းကြီးလေးပါးက ပြန်လည်ဖြေကြားလိုက်ပါတယ်။ ဒီလိုနဲ့ တာဝတိံသာနတ်ပြည်ကို သွားပြန်ပါတယ်။ တာဝတိံသာနတ်ပြည်

ရောက်တော့ သိကြားမင်းက ခရီးဦးကြိုဆိုပါတယ်။ သိကြားမင်းကလဲ သူပိုင်ဆိုင်တဲ့ တာဝတိံသာနတ်ပြည်ကို ထက်ဝက်ခွဲပြီး မင်းအဖြစ်ကို ပေးပါတယ်။ ဒီလိုနဲ့ လူအဖြစ်နဲ့တာဝတိံသာနတ်ပြည်တစ်ဝက်ကို မင်းအဖြစ်ပြုပြီး ကာမဂုဏ်တရားများကို လိုတာထက်ပိုပြီး ခံစားခဲ့ပါတယ်။

နှစ်ပေါင်းသုံးကုဋေခြောက်သန်းကြာတဲ့အခါမှာ သိကြားမင်း စုတေမနေ သေလွန်ခဲ့ပါတယ်။ နောက်သိကြာမင်းတစ်ဦးရောက်လာတယ်။နောက်သိကြားမင်းလဲ အသက်အတိုင်းနေလို့ စုတေမနေသေလွန်ခဲ့ပါတယ်။ ဒီလိုနဲ့ သိကြားမင်း(၃၆)ဆက်ဖြစ်တဲ့အခါ မန္ဓာတုမင်းဟာ ကာမတဏှာခံစားမှုများ အတိုင်းထက်အလွန်ဖြစ်လာတယ်။ သိကြားမင်း(၃၆)ဆက်တိုင်တိုင် တာဝတိံသာနတ်ပြည်ထက်ဝက်ကို မင်းပြုခဲ့ပါတယ်။ နောက်ဆုံးမှာကာမတဏှာရဲ့ခိုင်းစေမှုကြောင့် နတ်ပြည်တစ်ခုလုံးကို လိုချင်လာပြန်တယ်၊ဒါနဲ့ လက်ရှိသိကြားမင်းကို သတ်ကာ မင်းပြုမယ်ဆိုပြီး အကြံဖြစ်တယ်။

ဒါပေမဲ့သိကြားမင်းကို သတ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အပြင် ကာမတဏှာကြောင့် မင်းကြီးဟာ တဖြေးဖြေးအိုမင်းလာပါတော့တယ်။ လူခန္ဓာကိုယ်ဟာ နတ်ပြည်မှာ မပျက်စီးကောင်းပါ။ မင်းကြီးဟာ နတ်ပြည်ကနေလျှောကျပြီး လူ့ပြည်ကမင်းဉယျာဉ်ကို ရောက်လာပါတယ်။ ဉယျာဉ်စောင့်ကလဲ မင်းမျိုးများအား အကြောင်းကြားတဲ့အတွက် မန္ဓာတုမင်းရှိရာ ရောက်လာကြကာ နေရာတစ်ခုမှာ အခင်းတွေခင်းပေးပြီး အနားယူစေပါတယ်။အဲဒီမှာ မန္ဓာတုမင်းဟာ မထနိုင်တော့ဘဲ အိပ်ရာထဲလဲတော့တာပါပဲ။

အခြေအနေကို အကဲခတ်မိတဲ့မင်းမျိုးများက "နောက်ကာလအတွက် ဘယ်လိုမှာခဲ့မှာလဲ" လို့မေးတဲ့အခါ မန္ဓတုမင်းက "မန္ဓာတု

မင်းဟာ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိတဲ့ကျွန်းကြီးလေးကျွန်းမှာ စကြာဝတေးမင်းအဖြစ် မင်းပြုလာခဲ့တယ်။ဒါတင်မက စတုမဟာရာဇ် နတ်ပြည်မှာ လူ့ခန္ဓာကိုယ်နဲ့ နတ်မင်းအဖြစ်မင်းပြုခဲ့တယ်။ ဒါ့အပြင် တာဝတိံသာနတ်ပြည်မှာ နတ်မင်းအဖြစ် သိကြားမင်း(၃၆)ယောက် မြောက်တဲ့အထိ မင်းပြုခဲ့တယ်။ ဒါပေမဲ့ ငါ့ရဲ့တဏှာအလို မပြည့်နိုင်ဘဲ စုတေမနေ ကွယ်လွန်ခဲ့ရတယ်ဆိုတာကို လူတို့အား ပြောကြားလိုက်ပါ" လို့ပြောပြီး မန္ဓာတုမင်းကြီးလဲ ဘဝတစ်ပါးပြောင်းသွားခဲ့ပါတယ်တော့တယ်။(၈၊၂၊၄၊၂၈၁)

မန္ဓာတုစကြာဝတေးမင်းလိုပဲ ရောင့်ရဲမှုမရှိတာဟာ လောဘတဏှာကို အတောမသတ်နိုင်တဲ့အပြင် မိမိစိတ်ကိုလည်း ပူလောင်စေပါတယ်။ဒီလောဘကို အကန့်အသတ်လုပ်ပေးနိုင်ရင် ရောင့်ရဲမှုဆိုတာ ဖြစ်လာမှာပါ။ တင်းတိမ်ရောင့်ရဲမှုဟာ လောဘကို (limit) အကန့်ခြားပေးလိုက်သလိုပါပဲလို့ သီတဂူဆရာတော်ကြီးက အမိန့်ရှိခဲ့ဖူးပါတယ်။"ရှိတာလေးနဲ့လှအောင်ဝတ်၊ရတာလေးနဲ့ဝအောင်စား"ဆိုတဲ့ မြန်မာစကားပုံအတိုင်း ရသမျှနဲ့ရောင့်ရဲခြင်းဟာ စိတ်ကိုအေးမြစေပါတယ်။ စိတ်ချမ်းသာပြီး ပေါ့ပေါ့ပါးပါးနေရတယ်။သက်ရှိ-သက်မဲ့ ဥစ္စာအပေါ်မှာ ဆုတ်ကိုင်ထားမှု နည်းသွားပါတယ်။ ဒါကြောင့် လောကမှာ အမြတ်ဆုံးဥစ္စာဟာ ရောင့်ရဲခြင်း ဆိုတဲ့သန္တုဋ္ဌိတရားဖြစ်ပါတယ်။

(၈)

လောကမှာသွေးသားတော်စပ်မှ ဆွေမျိုးလို့ပြောကြပါတယ်။ ဒါပေမဲ့ သွေးသားတော်စပ်တိုင်းလဲ အမြတ်ဆုံးဆွေမျိုးလို့ မဆိုနိုင်ပါဘူး။ဘာကြောင့်ဆိုရင် တစ်ချို့ဆွေမျိုးများဟာ သူစိမ်းလိုပဲ နေတတ်ကြပါတယ်။ ကူညီရိုင်းပင်းမှုမရှိဘူး။ အတ္တကြီးပြီး ကိုယ့်ဖို့သာ

သိတယ်။ တကယ့်အရေးတကယ့်ဘေးဖြစ်လာရင် ကူညီလေ့မရှိဘူး။ ဘယ်လောက်ပဲ သွေးသားရင်းချာတော်စပ်နေပေမဲ့ ဒီလူကို အမြတ်ဆုံး ဆွေမျိုးလို့ မဆိုနိုင်ပါဘူး။

သွေးသားမတော်စပ်လဲ "မြိန်ရာဟင်းကောင်း၊ခင်ရာ ဆွေမျိုး"ဆိုတဲ့အတိုင်း ရင်းနှီးကျွမ်းဝင်မှသာ မြတ်တဲ့ဆွေမျိုးလို့ ခေါ် ဆိုရတာပါ။ လောကမှာ အကောင်းဆုံးမိတ်ဆွေရဲ့ အင်္ဂါလေးချက်ရှိ ပါတယ်။

၁-သူ့အကျိုးကိုမျှော်ပြီး ပေါင်းသင်းခြင်း။
၂-လျှို့ဝှက်အပ်တဲ့ကိစ္စမှန်သမျှကို ကူညီလျှို့ဝှက်ပေးခြင်း။
၃-ဘေးဒုက္ခကြုံလာရင် အရှေ့ဆုံးက ကူညီပေးခြင်း။
၄-ဆင်းရဲလဲအတူတူ ချမ်းသာလဲအတူတူပေါင်းသင်းခြင်းတို့ ဖြစ်ကြ ပါတယ်။ဒီအင်္ဂါလေးချက်နဲ့ပြည့်စုံတဲ့မိတ်ဆွေများဟာ မိမိနဲ့သွေးသား မတော်စပ်သော်လဲ အမြတ်ဆုံးဆွေမျိုးမိတ်ဆွေ လို့ ခေါ်ဆိုရပါတယ်။ "ဝိဿသ ပရမာဉာတိ"ချစ်ကျွမ်းဝင်ရင်းနှီးချစ်ခင်တဲ့ပုဂ္ဂိုလ်သာ အမြတ်ဆုံးဆွေမျိုး ဖြစ်ပါတယ်။

(ဃ)

လူအများဟာ ချမ်းသာတာကို ရယူလိုကြတယ်။ ပိုင်ဆိုင် လိုကြတယ်။ ဒါပေမဲ့ သူတို့လိုလားကြတဲ့ချမ်းသာများဟာ ကာမဂုဏ် ချမ်းသာက များပါတယ်။ ကာမဂုဏ်ချမ်းသာကို ခံစားရတော့ ဝမ်းသာ တယ်၊မခံစားရရင် တစ်ခုခုလိုနေသလို စိတ်ထဲအဆင်မပြေတော့။ မိမိလိုချင်တာရရင် ဝမ်းသာကြတယ်၊ပျော်ကြတယ်၊ ဒါပေမဲ့လိုတာမရ လိုက်ဘူးဆိုရင်တော့ နှလုံးမသာယာဖြစ်ကြ စိတ်ချမ်းသာမှု မရှိကြတော့။ ဒါကြောင့် ဒီကာမဂုဏ်ချမ်းသာကို အမြတ်ဆုံးချမ်းသာ လို့ သတ်မှတ်လို့ မရပါဘူး။လိုချင်မှု တဏှာ မကင်းသေးသမျှ

အမြတ် ဆုံးချမ်းသာလို့ မဆိုနိုင်ပါဘူး။ ဒီလိုပါပဲ နတ်များလဲ နတ်ကာမသုခကို ခံစားကြတယ်။ ဒါလဲ ချမ်းသာအစစ်မဟုတ်ပါဘူး။

တစ်ခါတုန်းက တာဝတိံသာနတ်ပြည်မှာ နတ်သားတစ်ဦး ရှိတယ်။ နာမည်က 'သုပြဟ္မာနတ်'လို့ခေါ်ပါတယ်။ နတ်သားမှာ နတ်သမီးတစ်ထောင် အခြံအရံရှိတယ်။တစ်နေ့တော့ အရှင်သခင် နတ်သားအတွက် နတ်သမီးငါးရာက သစ်ပင်ပေါ်တက်ပြီး သီချင်း တကြော်ကြော်သီကျူးကာ ပန်းခူးနေကြပါတယ်။ကျန်တဲ့နတ်သမီး ငါးရာက သစ်ပင်အောက်မှာ ကျလာတဲ့ပန်းတွေကို သီကုံးတဲ့နတ်သမီး တွေက သီကုံးလို့၊ သီကုံးပြီးသား ပန်းကုံးကိုနတ်သားအား ပန်ဆင်ပေး တဲ့နတ်သမီးတွေက ပန်ဆင်ပေးလို့ အပျော်ကြီးပျော်နေကြပါတယ်။

ရုတ်တရက် အပင်ပေါ် ပန်းခူးနေကြတဲ့နတ်သမီးငါးရာ ပျောက်ချင်းမလှ ပျောက်သွားတယ်။ ဒါကို သတိထားမိလိုက်တဲ့ နတ်သားက နတ်သမီးများလားရာဂတိကို နတ်မျက်စိနဲ့ကြည့်တဲ့အခါ နတ်သမီးငါးရာစလုံး သေလွန်ပြီး ငရဲကျခံနေရတယ်ဆိုတာကို မြင် တယ်။ သူတို့လဲ မကြာမီ အဝီစိငရဲကျခံရမယ်ဆိုတာကို သိလိုက်တဲ့ အတွက် နတ်သားခမျာ ကြောက်ရွံ့ထိတ်လန့်နေပါတယ်။ သူ့ရဲ့ကြောက် ရွံ့ထိတ်လန့်မှုကို ဘုရားရှင်မှတစ်ပါး အခြားဘယ်သူမှ ဖြေရှင်းမပေး နိုင်ဘူးဆိုတာကို သိတဲ့အတွက် နတ်သားဟာ ဘုရားရှင်ထံသွားခဲ့ပါ တယ်။ ဘုရားရှင်က "နညတြ ဗောဇ္ဈာတပသာ"စတဲ့တရားတော်ကို ဟောကြားတော်မူပါတယ်။

သီလအစ ဗောဇ္ဈင်အဆုံး ကျင့်သုံးရမဲ့တရားတော်များကို ဟောကြားလိုက်တယ်ဆိုရင်ပဲ တရားအဆုံးမှာ သုပြဟ္မာနတ်သားဟာ နတ်သမီးငါးရာနဲ့အတူ နိဗ္ဗာန်မျက်မှောက်ပြုကာ သောတာပတ္တိမဂ်ဖိုလ် တည်ပြီး သောတာပန်အရိယာများ ဖြစ်ကြပါတယ်။

အချုပ်ပြောရရင် တဏှာမကင်းတဲ့ကာမဂုဏ်ချမ်းသာဟာ အပူကင်းတဲ့ချမ်းသာမဟုတ်တဲ့အတွက် အမြတ်ဆုံးချမ်းသာလို့မဆိုနိုင်ပါ။ တဏှာကင်းတဲ့နိဗ္ဗာန်ချမ်းသာကသာ အမြတ်ဆုံးချမ်းသာဖြစ်တယ်လို့ပြောရင်း စာချစ်သူများ အမြတ်ဆုံးချမ်းသာကို ရရှိနိုင်ကြပါစေ.............။



## အမှားကိုပြင် အမှန်မြင်

တစ်နေ့နံနက် လူလတ်ပိုင်းအရွယ်ရှိ အမျိုးသားတစ်ယောက် စာရေးသူထံရောက်လာပြီး''အရှင်ဘုရား…ခုတလော မြို့ထဲမှာ တရားပွဲတွေ များလိုက်တာဘုရား၊ အဲ··တရားပွဲများသလောက် တရား ဓမ္မကထိကလဲ အလွန်များပါတယ်ဘုရား၊ တရားတော်များက ပိဋက သုံးပုံထဲကပဲဆိုတော့ အကြောင်းအရာတူတာလဲရှိပါတယ်ဘုရား၊ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး အတွေးမတူတော့ တင်ပြပုံခြင်းလဲ မတူဘူးနော်ဘုရား''··။

''မှန်တာပေါ့ တင်ပြပုံမတူတာက ရှုထောင့်အမျိုးမျိုးကနေ ဟောကြတာဖြစ်မယ်ထင်ပါတယ်''။

''အရှင်ဘုရား…ရှုထောင့်အမျိုးမျိုးက ဟောတယ်ဆိုပေမဲ့ တစ်ချို့ တရားဟောဓမ္မကထိကတွေက ကိုယ်လိုရာဆွဲတွေးပြီး အဆန်းထွင်နေ ကြတာလဲ တွေ့ရတယ်ဘုရား၊ ဒါဆိုရင် ဘာသာရေးမှာ ဗဟုသုတ နည်းတဲ့လူများအတွက် လမ်းလွဲသွားမှာ စိုးရိမ်ရတယ်နော်ဘုရား''··။

ထိုအမျိုးသားပြောသလိုပဲ အခုအခါ ရပ်ကွက်တိုင်းလိုလို ညတရားပွဲများ ကျင်းပလာကြတာကို မြင်တွေ့နေရပါတယ်။ တရားပွဲ များ စည်စည်ကားကား ကျင်းပလာနိုင်ကြတာဟာ ဘာသာရေးဗဟု သုတများစွာရတဲ့အတွက် ကောင်းလှပါတယ်။ ဒါပေမဲ့ တစ်ချို့ဓမ္မကထိကများဟာ တရားပွဲဆက်တွေများတဲ့အတွက်ကြောင့် လားမသိပါ။ ဘုရားဟောကျမ်းဂန်နဲ့မညီညွတ်တဲ့ အယူအဆတွေကို ဟောပြောတာ ကြားခဲ့ရတယ်။

တစ်ခါက နာမည်ကြီးဆရာတော်တစ်ပါးရဲ့ဟောတရားထဲက ကောက်နုတ်တင်ပြရမယ်ဆိုရင်''ထေရဝါဒဆိုတာ ထေရ်စဉ်အဆက်

ဆက်ကနေ အသက်စွန့်ပြီး ယခုအချိန်အထိ မပျောက်မပျက် ထိန်းသိမ်းလာတဲ့ဘုရားရှင်ရဲ့အယူဝါဒ(ပိဋကတ်သုံးပုံ)ကို ထေရဝါဒ လို့ခေါ်ပါတယ်။ အခုအခါ ကမ်းရိုးတမ်းမြို့တွေမှာ ရှင်ဥပဂုတ္တကို အရမ်းပူဇော်ကြပါတယ်။ ရှင်ဥပဂုတ်ဟာ ဘုန်းကြီးတို့ထေရဝါဒမှာ မရှိပါဘူး၊ ရှင်ဥပဂုတ္တမရှိတာကို အရှိလုပ်ပြီးကိုးကွယ်နေကြတာဟာ အယူမှားတယ်။ တနည်းပြောရရင် မိစ္ဆာဒိဋ္ဌိလို့လဲ ပြောလို့ရတယ်။ဒါ့အပြင် ရှင်ဥပဂုတ်ပူဇော်ပွဲရှိရာကို ဆွမ်းစားပင့်တဲ့အခါ သံဃာတော်များက ထိုပူဇော်ပွဲမှာ ဆွမ်းဘုဉ်းပေးရင် အာပတ်သင့်တယ်''…လို့ ဟောထားတာ တွေ့ရပါတယ်။

ထိုဟောပြောချက်အရ ရှင်ဥပဂုတ်မထေရ် မရှိဘူးဆိုတာတော့ လက်ခံနိုင်စရာရှိတယ်။ဒါပေမဲ့ ရဟန်းတော်များ ရှင်ဥပဂုတ်ပူဇော်ပွဲကို ကြွပြီး ဆွမ်းဘုဉ်းပေးတော်မူရင် အာပတ်သင့်တယ် လို့ ပြောတာဟာ ဘုရားရှင်ကို ဆန့်ကျင်ရာရောက်တဲ့အတွက် အလွန်တရာမှားနေပါတယ်။ ကိုယ့်အတွေးနဲ့ အတ္တနောမတိလုပ်ပြီး ပြောလိုက်တာပါ။ ရဟန်းတော်များဆိုတာ သတ္တဝါတို့ရဲ့အကျိုးကိုကြည့်ပြီး ကြွသင့်ရင် ကြွကြရမှာပါ။ ရှင်ဥပဂုတ်ပူဇော်တဲ့ဗုဒ္ဓဘာသာဝင်များရဲ့အိမ်ကို မဆိုထားနဲ့ ဘာသာခြားများရဲ့အိမ်ကိုလဲ ကြွသင့်ရင်ကြွကြရအုံးမှာပါ။

ဘုရားရှင်ဟာ မိစ္ဆာဒိဋ္ဌိမကလို့ အခြားဘာသာဝင်ဘယ်သူမဆို ဆွမ်းစားပင့်တဲ့အခါ အကျိုးရှိတယ်ဆိုရင် ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူခဲ့တာဖြစ်တယ်။ ဒါနဲ့ပတ်သက်ပြီး ဓမ္မပဒအဋ္ဌကထာ၊ပုပ္ဖဝဂ်၊ဂရဟဒိန္နဝတ္ထုကို အကျဉ်းချုံ့ပြီး ပြောပြပါအုံးမယ်။

ဘုရားရှင်လက်ထက်တော်က သိရိဂုတ္တနဲ့ ဂရဟဒိန္နဆိုတဲ့ သူငယ်ချင်းနှစ်ဦးဟာ သာဝတ္ထိမြို့မှာ နေထိုင်ကြတယ်။ သိရိဂုတ္တက ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး၊ ဂရဟဒိန္နက ဘာသာခြားဖြစ်တယ်။

တစ်နေ့မှာ ဂရဟာဒိန္နဟာ သူကိုးကွယ်ဆည်းကပ်နေတဲ့ ဆရာများဟာ အတိတ်၊အနာဂါတ်၊ပစ္စုပ္ပန်ကို သိတယ် ဆိုတဲ့အကြောင်း သူငယ်ချင်းဖြစ်သူအား ပြောပြတယ်။ သီရိဂုတ္တက သူငယ်ချင်းရဲ့ ဆရာများဖြစ်တဲ့ တိတ္ထိတက္ကတွန်းတွေကို သူ့အိမ်မှာ ဆွမ်းစားဖို့အတွက် သူငယ်ချင်းကတဆင့် ပြောလိုက်ပါတယ်။

သီရိဂုတ္တက တိတ္ထိတွေမလာမီ အိမ်အောက်မှာ အလွန်ရှည်တဲ့တွင်းကြီးများတူးစေကာ မစင်များထည့်ထားပါတယ်။ အနံ့မနံအောင်လဲ စီရင်ထားလိုက်တာပေါ့။မစင်တွင်းအထက်မှာတော့ အခင်းတွေနဲ့ဖုံးပိတ်ထားလိုက်တယ်။ အချိန်တန်တော့ တိတ္ထိတွေအိမ်ရောက်လာကာ ခင်းထားတဲ့နေရာမှာ ထိုင်လိုက်တယ်ဆိုရင်ပဲ မစင်တွင်းထဲ ဇောက်ထိုးလိမ့်ကျကုန်ပါတော့တယ်။ တွင်းထဲက ပြန်တက်လာတဲ့တိတ္ထိတွေကို အပေါ်ကနေ"ကာလသုံးပါးကို ဘာကြောင့် မသိရတာလဲ" လို့ပြောပြီး တုတ်နဲ့ရိုက်တော့ တိတ္ထိတွေ တွင်းထဲပြန်ကျကုန်တယ်။ ဒီလိုနဲ့တိတ္ထိတွေကို အရှက်ခွဲတာ ပြီးသွားတယ်။

နောက်ပိုင်းမှာ ဘာသာခြားဖြစ်တဲ့ဂရဟာဒိန္နကလဲ သီရိဂုတ္တရဲ့ ဆရာတွေကို ဆွမ်းစားပင့်ခိုင်းတယ်။ ဂရဟာဒိန္နက သူ့သူငယ်ချင်းကို လက်စားချေချင်တဲ့အတွက် သူ့ရဲ့အိမ်အောက်မှာ တွင်းနက်ကြီးတစ်ခု တူးစေတယ်။ လှည်းအစီးရှစ်ဆယ်လောက်ရှိတဲ့ ရှားထင်းများကို တွင်းထဲကို ထည့်စေပြီး မီးရဲရဲတောက်အောင် စီမံထားလိုက်ပါတယ်။

သီရိဂုတ္တက ဘုရားရှင်အား"အရှင်ဘုရား...ဂရဟာဒိန္နက မြတ်စွာဘုရားကို ဆွမ်ဘုဉ်းပေးကြွတော်မူပါကြောင်း ပင့်ထားပါတယ် ဘုရား။ ပြီးခဲ့တဲ့ရက်တွေတုန်းက တပည့်တော် သူ့ဆရာတိတ္ထိ တွေကို ဒီလို...ဒီလို အရှက်ခွဲခဲ့ပါတယ်။ ဒါကြောင့် အခုဆွမ်းစားပင့် တာဟာ လက်စားချေမှာလားဆိုတာမသိပါဘုရား၊ဆွမ်းစားပင့်တာ စင်ကြယ်မှု

ရှိ/မရှိဆိုတာလဲ မသိပါဘုရား။တပည့်တော်သူငယ်ချင်း ပင့်ဖိတ်တဲ့ ဆွမ်းကို နှလုံးသွင်းပြီး သင့်တော်ရင် လက်ခံတော်မူပြီး မသင့်တော်က ပယ်ပျက်တော်မူနိုင်ပါတယ်ဘုရား''သီရိဂုတ္တကလျှောက်တယ်။ ဘုရားရှင်က အနာဂါတ်မှာဖြစ်လာမဲ့အကြောင်းအရာများကို နှလုံးသွင်းဆင်ခြင်တော်မူတဲ့အခါ သင့်တော်တယ်ဆိုတာ သိတော်မူတဲ့အတွက် မိစ္ဆာဒိဋ္ဌိဖြစ်တဲ့ဂရဟာဒိန္နရဲ့ဆွမ်းကို လက်ခံတော်မူလိုက်ပါတယ်။

ဒီအဖြစ်အပျက်ကို လေ့လာကြည့်မယ်ဆိုရင် ဘုရားရှင်ဟာ မိစ္ဆာဒိဋ္ဌိအိမ်ဖြစ်နေရင် မလိုက်ဘူး၊ဘာသာတူမှလိုက်မယ်ဆိုတာ မဟုတ်ပါဘူး။ သင့်တော်တယ်၊အကျိုးရှိတယ်ဆိုရင် ဘာသာခြားပင့်တဲ့ ဆွမ်းကိုလဲ လက်ခံတော်မူပါတယ်။

ဒီလိုပဲ စာရေးသူတို့မြို့ကို အခြားခြားသောတရားဟော ဓမ္မကထိကများဟာ ပင့်ဖိတ်သူရှိရင် ပွင့်လင်းရာသီမှာ ကြွတော်မူလာနေကျဖြစ်ပါတယ်။ အရင်ရောက်တဲ့ဆရာတော်က ထေရဝါဒမှာ ရှင်ဉပဂုတ် လုံးဝမရှိဘူးရယ်လို့ အတိအလင်းဟောပြောခဲ့ပေမဲ့ နောက်ရောက်တဲ့ တရားဟောဆရာတော်တစ်ပါးကတော့ ရှင်ဉပဂုတ်ကို ရှေးက ရှိခဲ့သယောင်ယောင် လက်ခံဟောကြားတာတွေ့ရပါတယ်။ တစ်ပါးက ရှင်ဉပဂုတ်မရှိဘူး၊ တစ်ပါးက ရှိတယ်၊ လို့ ကိုယ်လိုရာတွေးပြီး ဟောပြောနေကြမယ်ဆိုရင် ဗဟုသုတနည်းတဲ့လူများအနေနဲ့ ဘာကို အမှန်ယူရမလဲဆိုတာ မသိတော့ပါ။

ဒီနှစ် ပွင့်လင်းရာသီရောက်တော့လဲ ယခင်နှစ်လိုပဲ တရားပွဲများ ကျင်းပကြတယ်။ထူးခြားတာက ဒီနှစ်မှာ ရပ်ကွက်အတော်များများမှာ တရားပွဲများ ကျင်းပလာကြတာကို တွေ့မြင်ရပါတယ်။ တစ်ခါတစ်ရံ တစ်ရပ်ကွက်နဲ့တစ်ရပ်ကွက် တရားပွဲများ တိုက်ဆိုင်နေတာကို တွေ့ရပါတယ်။ ယခုအခါ စာရေးသူတို့မြို့မှာ ပေါ်ပြူလာအဖြစ်ဆုံး

တရားဟောဓမ္မကထိကတစ်ပါးရှိပါတယ်။ ညတရားပွဲဆိုရင် ဒီဆရာတော်ရဲ့တရားပွဲက လက်ညှိုးထိုးမလွဲပါ။ ပရိသတ်ကြိုက်လို့ ပဲဖြစ်မှာပါလို့ ယူဆမိပါတယ်။ ထိုဆရာတော်ဟာ လူတွေ လိုက်နာ ကျင့်သုံးနိုင်တဲ့ အခြေခံတရားများကိုပဲ ဟောကြားပေးတဲ့အတွက် လူတွေက ပိုနှစ်သက်တယ်လို့ သိရပါတယ်။

တစ်နေ့ ဦးဇင်းတစ်ပါးက ''အရှင်ဘုရား··အခုနာမည်ကြီး နေတဲ့( )ဆရာတော်ဟောထားတာ ဘဝင်မကျဘူးဘုရား'' စာရေးသူကို ပြောပါတယ်။

''ငါ့ရှင်···ဘာများဘဝင်မျက်စရာတွေ ကြားရလို့လဲ ပြောပါအုံး'' လို့မေးတော့ ဦးဇင်းလေးဖြေလိုက်တာက··

''သူဟောတဲ့တရားထဲမှာ ဘုရားပန်းတင်တာ အလုပ်ပိုတွေပါတဲ့ဘုရား။ ပြီးတော့ ဘုရားရှိခိုးတယ်ဆိုရင် တရားနဲ့သံဃာမပါဘူး။ဘုရားပဲပါ တယ်လို့လဲ ပြောသေးတယ်ဘုရား၊ ဒါဟာ အဆန်းထွင်ဟောတာပဲလို့ တပည့်တော် ယူဆပါတယ်ဘုရား''···တဲ့။

ခက်တော့တာပဲ၊ ဘုရားရှင်ကို ဘုရားပန်းလှူတာဟာ အပိုအလုပ် မဟုတ်တဲ့အပြင် ကုသိုလ်တောင်ရပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောရအုံးမှာပေါ့၊

သီဟိုဠ်ခေတ်မှာ ရဟန်းတော်တစ်ပါးရှိတယ်။ သူ့ရဲ့အဖေက မုဆိုးကြီးပါ။ အသက်ကြီးတော့ သားရဟန်းက အဖေဖြစ်သူကို ဘုန်းကြီး ဝတ်ပေးထားတယ်။ တစ်နေ့ ဖခင်ရဟန်းကြီး မကျန်းမမာ ဖြစ်ကာ အိပ်ရာထဲလဲပါတော့တယ်။ အာရုံထဲမှာ ခွေးနက်ကြီးတွေက သူ့ကို လာဆွဲနေတဲ့အတွက်''သားရေ·····အဖေ့ကို ခွေးနက်ကြီးတွေ လာဆွဲနေပြီ၊လုပ်ပါဦးသားရဲ့''လို့ ကယောင်ကတမ်းပြောတော့ သားရဟန်းက ''အဖေတော့ အကုသိုလ်နိမိတ်ထင်နေပါပေါ့၊ ဒီအတိုင်း

သေရင်တော့ အပါယ်ကျဖို့ သေချာတယ်။ ငါလိုသားရဟန်း ရှိနေပါရက်နဲ့ ငါ့အဖေဦးပဇင်းကြီးကို အပါယ်မကျစေရဘူး''ဆိုပြီး ကိုရင်လေးများကို ခေါ်ကာ အနီးရှိပန်းပင်မှ ပန်းများကို ခူးခိုင်းပါတယ်။

သားရဟန်းဟာ ဖခင်ရဟန်းကြီးကို မဟာစေတီရင်ပြင်သို့ ပင့်ဆောင်လာပါတယ်။ သားရဟန်းက''ဦးပဇင်းကြီး...ဦးပဇင်းကြီး အတွက် ဘုရားမှာ ပန်းလှူပေးထားတယ်၊ဒါကို ကြည်ညိုလိုက်ပါအုံး'' လို့ ပြောလိုက်တယ်။ ဦးပဇင်းကြီးလဲ သူ့အတွက်ဘုရားမှာ ပန်းတွေလှူပေးထားတာကို မြင်ရပြီး စိတ်ထဲရွှင်လန်းနှစ်သက်ခဲ့ပါတယ်။ မကြာမီမှာပဲ နတ်ပြည်က နတ်ရထားတွေဆိုက်လာပြီး နတ်သမီးတွေလာခေါ်တာကို မြင်ရတဲ့အခါ သားရဟန်းအား''သားရဲ့ ..ဖယ်စမ်းဖယ်စမ်း ဟိုမှာသားရဲ့မိထွေးတွေ လာခေါ်နေပီ''လို့ ဦးပဇင်းကြီးကပြောပါတယ်။ ဒီလိုနဲ့ ပျံတော်မူပြီး နတ်ပြည်မှာဖြစ်ရပါတယ်။ သံကန္တာရထဲ ရေအိုင်ကလေးတစ်ခုတွေ့ရသလို ဖခင်ရဟန်းကြီးမှာလဲ သားရဟန်းကြောင့် ဘဝသံသရာမှာ နားခိုစရာထောက်တည်ရာလေး တစ်ခု ရရှိသွားတာပါ။

ဒါကိုကြည့်ခြင်းဖြင့် ဘုရားရှင်အား ပန်းလှူတာဟာ အလကားမဖြစ်တဲ့အပြင် ကုသိုလ်ရပြီး ငရဲကျမဲ့လမ်းက လွတ်ကာ နတ်ပြည်မှာသွားဖြစ်ရပါတယ်။

ဘုရားကိုပန်းလှူတာအကျိုးများပါရက်နဲ့ အလကားအလုပ်ပိုတွေပါလို့ ဟောကြားလိုက်တာဟာ အလွန်ဝန်လေးလှပါတယ်။ တရားနာရတဲ့သူများက ဒါကိုအမှန်လို့ယူဆပြီး၊ ဘုရားပန်းတင်တာအလုပ်ပိုတွေပဲ လုပ်စရာမလိုဘူးလို့ မှတ်ယူသွားကြမယ်ဆိုပါရင် ဘဝသံသရာမှာ ရင်လေးစရာကောင်းလှပါတယ်။ဒါကြောင့် စာရေးသူတို့ ရိပ်သာတရားစခန်းမှ စခန်းဝင်ယောဂီများကို ဒီအကြောင်းပြောဖြစ်တယ်၊

“အခုဘုန်းကြီးတို့မြို့မှာ တရားဟောဆရာတော်များပေါများ သလောက် တရားပွဲများ အလွန်ပေါများလှပါတယ်။ဒါတင်မက ဘယ်တရားပွဲက ဓမ္မပူဇာ·······သိန်းရတယ်၊ ဘယ်ဆရာတော်ရဲ့ တရားပွဲက နာမည်ကြီးမို့လို့ သိန်းပေါင်းများစွာ ရတယ်ဆိုပြီး တရား ပွဲမှာ အရပြိုင်နေကြတာပါ။ အရပြိုင်နိုင်အောင်လဲ တရားပွဲအပြီးမှာ ဓမ္မပူဇာဘယ်နှစ်သိန်းရတယ် ဆိုပြီး တရားပွဲကျင်းပရေးက ကြေညာ ပေးလေ့ရှိတာကို ကြားခဲ့ရပါတယ်။

ဒါ့အပြင် တရားနာတဲ့သူတွေကလဲ တရားပွဲတိုင်းလက် မလွတ်စတမ်း အပြိုင်တရားနာလာကြတာ တွေ့ရပါတယ်။ ဘယ်နား တရားပွဲရှိတယ်ဆိုရင် နေရာရအောင် စောစော နေရာယူကြတယ်။ အဲဒီမှာနေရာမရလို့ သူ့နေရာကိုယ့်နေရာနဲ့ အငြင်းပွား ရန်ဖြစ်နေကြ တာလဲရှိတယ်။ ပြောရရင်တော့ငါးစိမ်းသည်တွေ ရောက်လာသလား အောက်မေ့ရတယ်။ ဆိုလိုတာက တရားနာလာတယ်ဆိုတာ ကုသိုလ် ရအောင်ပါ။အကုသိုလ်ပွားဖို့မဟုတ်ပါဘူး။ တရားပွဲအတွင်းသတိထား ရအောင် ပြောတာပါ။

တရားပွဲမှာ ဘယ်ဆရာတော်က တရားကောင်းတယ်၊ဘယ် သူကဖြင့် မကောင်းဘူးစသဖြင့် သူ့ဆရာကိုယ့်ဆရာလဲပြိုင်လိုက်ကြ သေးတယ်။ အမှန်က ဘုရားရှင်ဟောတဲ့တရားတော်ဟာ လိုက်နာစရာ တွေမို့လို့ မကောင်းတဲ့တရားမရှိ၊ကောင်းတဲ့တရားချည်းပါပဲ။ တကယ်တန်းမကောင်းတာက တရားမဟုတ် တရားနာသူမိမိသာလျှင် ဖြစ်တယ်။ သိမှတ်ထားတဲ့တရားများကို တရားပွဲမှာပဲထားခဲ့မယ်၊ သိတဲ့ အတိုင်း လက်တွေ့မကျင့်သုံးဘူးဆိုရင် တရားက ဘယ်လောက်ကောင်း ကောင်း ထိုသူအတွက် ကောင်းတဲ့တရားတစ်ပုဒ် မဖြစ်လာနိုင်ပါ။

အရေးကြီးတာက တရားဟောတဲ့ဆရာတော်ကလဲ ကျမ်းဂန်လက်လွှတ်ကာ အဆန်းမထွင်ဘဲ ဟောကြားဖို့လိုအပ်သလို တရားနာသူများကလဲ နာရတဲ့အတိုင်း လိုက်နာကျင့်သုံးဖို့လိုအပ်တယ်ဆိုတာကို ပြောရင်း အမှားကိုပြင် အမှန်မြင်နိုင်ကြပါစေလို့····



# ရိုးရိုးကျင့် မြင့်မြင့်ကြံ

တစ်နေ့အင်္ဂလန်မှာ နေထိုင်တဲ့ဒကာကြီးတစ်ဦးက ''အရှင်ဘုရား…ဒီမှာ ဖတ်ကြည့်ပါအုံးဘုရား''လို့ အွန်လိုင်းကနေ မက်ဆေ့ချ်ဖြင့် ပို့လာပါတယ်။ သူပြောတဲ့ ဝက်ဘ်ဆိုက်ကို ရောက်သွားပါတယ်။

ဖတ်ကြည့်တဲ့အခါ ထိုဆရာတော်ရဲ့တရားအတွေ့အကြုံများကို ကြည်ညိုသူဒကာတစ်ဦးက လွှင့်တင်ထားခြင်းဖြစ်တယ်။ တရားအတွေ့အကြုံဆိုတာ အခါအခွင့်သင့်လို့ လိုအပ်လာပြီဆိုတော့မှ ပြောသင့်ပါတယ်။ အခုလို နိုင်ငံသိအပြင် ကမ္ဘာသိအောင် ရေးတင်ထားတာဟာ အပေါ်ယံကြည့်ရင် ပညာအားနည်းပြီး သဒ္ဓါတရားအားကောင်းသူတို့အတွက် ကြောင်က ငါးကြော်ကိုကြိုက်သလိုမျိုး အကြိုက်တွေ့နေကြမှာပါ။ တရားအတွေ့အကြုံဆိုတာ သီတင်းသုံးဖော်အချင်းချင်း တရားဆွေးနွေးရမဲ့နေရာမှာ ပြောဆိုရမှာပါ။ ကမ္ဘာကို ဝက်ဘ်ဆိုက်ကနေ ကြေညာနေဖို့ မလိုပါဘူး။

ပီးတော့ ချောင်တစ်ခုမှာ (၂၀၁)ကြိမ်မြောက် သိက္ခာထပ်ခဲ့တယ်ဆိုတာလဲပါပါတယ်။ ဒါဖြင့်ရင် ထိုဆရာတော်က အရေးကြီးတဲ့အလုပ်တစ်ခုအနေနဲ့ သိမ်ထပ်တာကို သေသေချာချာ ရေးမှတ်ထားဟန်တူပါတယ်။ ဒါဟာ ကိုယ့်ရှိတဲ့ဘုန်းကံကို ကြွားရာရောက်နေသလားလို့ပါ၊ မနာလိုလို့ ပြောခြင်းမဟုတ်ပါ။ အမှန်အတိုင်းပြောရရင် ထိုဆရာတော်ရဲ့အကျင့်အာစာရကို စာရေးသူတို့ မမီပါဘူးလို့ပဲ ရိုးသားစွာဝန်ခံပါရစေ။

သို့သော်လဲ တရားအားထုတ်တဲ့အတွေ့အကြုံများကို အခုလို ဝက်ဘ်ဆိုက်ပေါ်တင်ရေးတယ်ဆိုတာ မီဒီယာအားကောင်းလှတယ်

လို့ ယူဆမိပါတယ်။ လူတကာတို့မြင်နိုင်ခဲ့တဲ့အရာတွေကို တွေ့မြင်ရကြားရတယ်ဆိုပြီး ကိုယ့်ဂုဏ်ကို ဖော်ကြူးနေရာလဲရောက်နေတယ်။ ဒါဟာ စာဖတ်သူများအတွက် သဒ္ဓါတရားဖြစ်စရာတစ်ခုမှ မတွေ့ရပါဘူး။ အထင်ကြီးစရာပဲရှိပါတယ်။ "လူများဟာ ဂုဏ်ရှိသူကိုသာ မြင်တတ်ကြတယ်"…တဲ့ လူအထင်ကြီးအောင် ကြေညာနေသလိုမျိုး ဖြစ်နေပါတယ်။ဒီလိုသာ လူတွေသိပြီး အထင်ကြီးပြီဆိုရင် ထို ဆရာတော်ဆီ လူတွေတဖွဲဖွဲရောက်လာကြတော့မှာပါ။ ဆရာတော်ခမျာ လူတွေကို ဧည့်ခံနေရတာနဲ့တင် တရားအလုပ်ကို အချိန်ပြည့်အားထုတ်နိုင်မယ်မထင်တော့ပါ။ (တကယ်အားထုတ်တဲ့သူများအတွက် သတိထားစရာတစ်ခုပါ)။

ရှေးသူတော်ကောင်းကြီးများဟာ လူသူနည်းပြီး ကာယ-ဝိဝေကဖြစ်တာကို နှစ်သက်တော်မူကြပါတယ်။ဓမ္မပဒအဋ္ဌကထာ၊ မဟာကာဠဝတ္ထုမှာ သုသာန်ဂူတင်ဆောက်တည်သူများလိုက်နာရမဲ့ စည်းကမ်းချက်များအနက် သုသာန်သွားတဲ့အခါ သက်ကြီးခေါင်းချ အချိန်မှ ရွာကနေ ထွက်ရမှာဖြစ်ပြီး ရွာသူတို့ မနိုးမီ ကျောင်းပြန်ရောက်ရမယ်ဆိုတာပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် အာစာရအကျင့်တွေကို ကျင့်တဲ့အခါမှာ လူမသိစေချင်တာ ပေါ်လွင်နေပါတယ်။ တကယ်လို့ မလွဲရှောင်သာ လူအများသိသွားမယ်ဆိုရင် ထိုရဟန်းထံကိုကြည်ညို လို့ လူတွေလာကြတော့မှာပါ။ဒါဆိုရင်သူတော်ကောင်းများအတွက် အလုပ်ပျက်အကိုင်ပျက် ဖြစ်မှာအမှန်ပါ။ဒါကြောင့် တရားကို ကြိုးစားအားထုတ်နေတဲ့ သူတော်ကောင်းများ တရားအလုပ် ပျက်မှာစိုးတဲ့ အတွက် ပရိသတ်များမှာကို ကြောက်ကြပါတယ်။

သတိရလို့ပြောဦးမယ်။ ရွာကြီးတစ်ရွာရှိတယ်။ ဒီရွာရဲ့ အနောက်မြောက်ဖက် သဘာဝဖြစ်နေတဲ့ ကျောက်လှိုင်ဂူကြီးရှိတယ်။

ဒီသဘာဝကျောက်လှိုင်ဂူမှာ ရဟန်းတစ်ပါး တရားအားထုတ်နေတယ် ဆိုပြီး လူတွေသွားလိုက်ကြတာ။ မြို့တွေကပါ ကားနဲ့နေ့ချင်းပြန် သွားကြတယ်။ နောက်တော့ လူတွေဖူးမျှော်ရုံတင်မဟုတ်တော့၊ ဆွမ်းကျွေးပွဲတွေပါ လုပ်လာကြတာကို ကြားရပါတယ်။ ဆရာတော် ခမြာ တရားအားထုတ်မှုပျက်တော့မှာပဲ လို့ တွေးမိပါသေးတယ်။

တစ်ခါက ဘုန်းကြီးတစ်ပါး တောထွက်တော်မူခဲ့ပါတယ်။ နောက်တော့ အခြွေအရံမောင်းမမိဿံများနဲ့အတူ စလောင်းတို့တီဗီတို့ ပါ ယူပြီးတောထဲကနေ သီတင်းသုံးရာကျောင်းသို့ ပြန်ကြွတော်မူ လာတယ်ဆိုတာကို မဂ္ဂဇင်းတစ်ခုမှာ ဖတ်လိုက်ရပါတယ်။

နောက်ဆုံးပြောလိုတာကတော့ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဆိုတာလို အဆန်းမထွင်ဘဲ ရိုးရိုးလေးပဲကျင့်ကြပြီး မြင့်မြင့်ကြံနိုင်တဲ့ သူများ ဖြစ်ကြပါစေလို့ ပြောရင်း....



# ဝိပါက်ကြမှာ မလွတ်သာ

အားဖျော့တဲ့ဝင်လုလုနေရောင်ခြည်နဲ့အတူ မိုးကောင်းကင်မှာ ငှက်များအုပ်စုဖွဲ့ပြီး အစာရှာရာမှ အိပ်တန်းရှိရာကို ပျံသန်းနေကြတာကို ငေးမောကြည့်ရှုရင်း ကောင်းကင်မှာပျံသန်းနေတဲ့ငှက်တစ်ကောင် မီးကွင်းစွတ်မိပြီး သေဆုံးရပုံကို တွေးနေမိပါတယ်။

သတ္တဝါများဟာ ဘဝကံဇာတ်ဆရာအလိုကျ ဘဝတွေ အမျိုးမျိုးအဖုံဖုံ ဖြစ်နေကြရသလို ရရှိလာတဲ့ဘဝတွေမှာလဲ ကိုယ်အလုပ်နှုတ်အပြော၊ စိတ်အကြံတွေမှာ ကောင်းတာမကောင်းတာတွေကို ကိုယ်တိုင်ပဲ ဖန်တီးယူနေကြတာပါ။

ဒါကြောင့်လဲ ဘုရားရှင်က အဘိဓမ္မာသုတ်မှာ ကံသာကိုယ်ပိုင်ဥစ္စာရှိတယ်။ ကံကပေးတဲ့အမွေကို ခံယူကြရပယ်။ ကံဆိုတဲ့အကြောင်းရှိတယ်။ ကံဆိုတဲ့ဆွေမျိုးရှိတယ်လို့ဟောတော်မူခဲ့ပါတယ်။ ဘဝမှာ အမှတ်မထင်ပြုလုပ်လိုက်တဲ့ အလုပ်တွေက ကောင်းတာလဲရှိမယ်။ မကောင်းတာလဲရှိမယ်။ထိုကောင်းတဲ့အလုပ်မကောင်းတဲ့အလုပ်တွေရဲ့အမွေခံဟာ မိမိကိုယ်သာဖြစ်ရတော့တယ်။ ဒါကို နေ့စဉ်မပြတ်ဆင်ခြင်ပွားများကြရမှာပါ။

တစ်နေ့စာရေးသူထံ ဒကာတစ်ဦးရောက်လာပြီး၊သူက “အရှင်ဘုရား…ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ကိုရင်သင်္ကန်း၊ သီလရှင်ဝတ်စုံနဲ့ဖျော်ရည်အတွက် အလှူငွေထည့်ချင်လို့ပါဘုရား” လို့ပြောကာ သင်တန်းအတွက်လိုအပ်တဲ့အထောက်အပံ့ကို လာရောက်လှူဒါန်းပါတယ်။သူ့နာမယ်က မောင်မျိုးလွင် လို့ခေါ်ပါတယ်။ အရင်က သူဟာ စာရေးသူကျောင်းကို မကြာခဏဆိုသလို ရောက်လာတတ်သူပါ။ပြီးခဲ့တဲ့နှစ်ကဆိုရင် ကျောင်းသို့ လုံးဝမရောက်ခဲ့ပါ။ ဒါနဲ့စာရေးသူက

"မောင်မျိုးလွင်...မရောက်တာကြာပေါ့၊အခုမှပဲရောက်လာတော့တယ်၊ အဆင်ပြေကြရဲ့လား"မေးရာသူက"တပည့်တော် မရောက်ဖြစ်တာ အကြောင်းရှိပါတယ်ဘုရား။ ပြီးခဲ့တဲ့နှစ်ပိုင်းတုန်းက အလုပ်ထဲမှာ မျက်စိထိခိုက်ခဲ့လို့ တပည့်တော်မျက်စိတစ်ဖက် ကွယ်ခဲ့ရပါတယ် ဘုရား"သူ့အပြောကြောင့် သူမျက်နှာကိုသေသေချာချာကြည့်တော့မှ မျက်စိတစ်ဖက်ပျက်နေတာ တွေ့ရပါတယ်။

ကံတရားရဲ့အလှည့်အပြောင်းတွေဟာ တစ်ခါတစ်ရံ အံ့သြစရာထိတ်လန့်စရာ ကောင်းလှပါတယ်။ ဒီလိုဖြစ်မယ်လို့ အစကသိခဲ့မယ် ဆိုရင် ဒီလိုဘယ်လုပ်တော့မလဲ။အင်း.. "လုံ့ထမ်းလာတာမြင်တယ်၊ ကံထမ်းလာတာ မမြင် ဘူး"ဆိုတဲ့ စကားရှိတော့ ဘုရားအစ အရိယာ သူတော်ကောင်း များက လွဲလို့ ပုထုဇဉ်များမှာ ကြိုတင်ပြီးဘယ်သိနိုင် ပါ့မလဲ။ မောင်မျိုးလွင်ဟာ မျက်စိကွယ်ခဲ့တာနဲ့ပတ်သက်ပြီးတော့ "ဒီအကြောင်းကို အရှင်ဘုရားအား လျှောက်ချင်ပါသေးတယ်"ဆိုပြီး သူ့ဘဝဇာတ် ကြောင်း တစ်စိတ်တစ်ဒေသကို လျှောက်ထားပါတယ်။

"တပည့်တော် ငယ်ငယ်တုန်းက ရွာမှာ သူငယ်ချင်းများနဲ့ အတူ ငါးမျှားကိုင်းထောင်လေ့ရှိပါတယ်။ ရလာတဲ့ငါးလေးတွေကို အိမ်အပြန်ဆောင်ယူဖို့ လွယ်ကူအောင်ဆိုပြီး ပါလာတဲ့နှီးပြားကလေး နဲ့ မသေမရှင်ဖြစ်နေတဲ့ငါးကလေးတွေရဲ့ပသိကို ထိုးသီပြီး ယူဆောင် လေ့ရှိပါတယ်။

တစ်နေ့မှာ ငါးလေးတစ်ကောင်ကို လုပ်နေကြထုံးစံအတိုင်း ဝါးနှီးပြားနဲ့ ပသိကနေထိုးလိုက်ရာ ပါးစပ်သို့မရောက်ဘဲ မျက်လုံးမှ ဖေါက်ထွက်သွားပါတယ်။ ဒါနဲ့တပည့်တော်လဲ ကြောက်လန့်ပြီး ထွက် ကျလာတဲ့ မျက်စိကို ပြန်ပြီးထည့်ပေးလိုက်တယ်။ ဒီတုန်းက ကလေး

အရွယ်ဆိုတော့ ဘာမှနားမလည်ခဲ့ပါ။

သတိရပါသေးတယ်။ဒီတုန်းက ငါးမျှားဖို့ရာ ငါးစာအတွက် ကင်းခြေကလေးတွေရဲ့ လက်ခြေတွေကို တုတ်ပြီး ငါးမျှားချိတ်မှာ ထိုးသီခဲ့ရတဲ့အကြိမ်ပေါင်းလဲ မနည်းတော့ပါဘူး။ကလေးသာသာမို့ လို့ ကြောက်ရမှန်းမသိ၊ပျော်ပျော်ပါးပါးပဲ လုပ်ခဲ့ပါတယ်။ ဒီလိုနဲ့ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်လို့ အသက်(၁၈)နှစ် ဝန်းကျင်လောက် ရောက်တဲ့အခါ ငယ်ငယ်က ပြုလုပ်ခဲ့တဲ့အလုပ်တွေ ကို မကြာခဏ ပြန်သတိရနေပါတယ်။ ကြိုးစားဖျောက်ပေမဲ့မရခဲ့ဘူး။ ဝါးနီးပြားနဲ့ မသေမရှင်ဖြစ်နေတဲ့ငါးကလေးရဲ့ပသိကို ထိုးလိုက်လို့ မျက်စိဖေါက်ထွက်သွားတဲ့ မြင်ကွင်းအာရုံက အဆိုးဆုံးပဲ၊ မကြာမကြာ လဲ ပြန်သတိရနေမိတယ်။

နေမြင့်လေ အရှုးရင့်လေဆိုတာလိုပဲ ငယ်စဉ်က မသိလို့ပြုခဲ့မိ တဲ့မကောင်းမှုကံဟာ အသက်အရွယ်ရလာလေလေ ပိုပြီးသတိရလေ လေ ပိုပြီးမြင်ယောင်လေလေပါပဲ။ ဒီလိုမကြာမကြာသတိရပြီး မြင် ယောင်နေလို့လားတော့မသိပါ။ မကြာခင် ထိုမကောင်းမှုရဲ့အကျိုးပေး ကံဟာ တပည့်တော်ထံကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာခဲ့ ပါတော့တယ်။

တပည့်တော်တို့အလုပ်က အင်ဂျင်စက်ပိုင်းမှာ နော်ဇယ်ဆီ ပေးမှု(ပရက်ရှာ)လုပ်ပေးရတဲ့လုပ်ငန်းဆိုတော့ အင်ဂျင်စက်နဲ့ အများကြီး ဆက်စပ်နေပါတယ်။ တစ်နေ့တော့ အင်ဂျင်စက်တစ်လုံးကို စစ်ဆေး ပေးဖို့အတွက် အင်ဂျင်ရဲ့အမြန်နှုန်းကို တိုးမြှင့်လိုက်ရာ အင်ဂျင်စက် ခေါင်းမှာ တပ်ဆင်ထားတဲ့ လေပန်ကာအစတစ်ခု ပြုတ်ထွက်လာကာ အနီးရှိရေတိုင်ကီကိုသွားမှန်တယ်။ ရေတိုင်ကီကနေ တပည့်တော်ဆီ ရောက်လာကာ မျက်စိကို ထိမိသွားပါတယ်။ တပည့်တော်လဲ ပူတာကို

ခံစားလိုက်ရပါတယ်။ မျက်စိကို လက်နဲ့ပိတ်ထားမိတယ်။ အစကတော့ မျက်ခုံးအရေပြားလန်ထွက်သွားလို့ပဲ သွေးထွက်တာလားလို့ မှတ်ထင်မိတယ်။ ဒါနဲ့အုပ်ထားတဲ့လက်ကို မရဲတရဲဖွင့်ကာ အနီးရှိလုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို ကြည့်ခိုင်းရာ မျက်စိထိခိုက်သွားတယ်လို့ ပြောပါတယ်။

မျက်စိထိခိုက်တဲ့ဝေဒနာက အလွန်အခံရခက်လှပါတယ်။ မျက်စိထိခိုက်တုန်းက ကိုယ့်လက်နဲ့ပြန်ပြီးမျက်စိကို ပွတ်သပ်မိမှာစိုးလို့ လက်ကို အနောက်ထားကာ ကြိုးစည်းထားလိုက်ရတယ်။အဲဒါလဲ တစ်လကျော်ကျော်လောက်ခံစားလိုက်ရပါတယ်။

ဒီမှာတပည့်တော်သွားသတိရမိတာကတော့ အခုလို မျက်စိကွယ်ရတာဟာ ငယ်ငယ်က ငါးရဲ့မျက်စိကို ဝါးနှီးပြားနဲ့ထိုးခဲ့မိလို့ အခုလို မျက်စိတစ်ဖက်ကွယ်ရတာပဲလို့ တွေးမိပါတယ်။ နောက်ပြီး လက်နဲ့မျက်စိကို မပွတ်မိအောင် လက်ကို နောက်ပြန် ကြိုးတုတ်ခံထားရတာက ငါးမျှားစာအဖြစ် ကင်းခြေကလေးတွေကို ကြိုးတုတ်ခဲ့တဲ့မကောင်းမှု ဖြစ်မှာပဲဆိုတာကို တပည့်တော်စိတ်ထဲ အလိုလိုသိနေပါတယ်ဘုရား။ တပည့်တော်ရဲ့မကောင်းမှုဟာ တပည့်တော်ပဲ ပြန်ခံရတာပါဘုရား။ ဒီကံဟာ ဒီဘဝဒီမျှနဲ့သာ ပြီးပါစေတော့ လို့ ဆုတောင်းမိပါတော့တယ်ဘုရား" လို့ မောင်မျိုးလွင်က သူ့ရဲ့ဖြစ်ရပ်မှန်ကို စာရေးသူအားပြောပြခဲ့ပါတယ်။

"ဝိပါကကြမ္မာ မလွတ်သာ"…တဲ့၊ သတ္တဝါတိုင်း မိမိပြုလုပ်တဲ့ကံတရားတွေကို ဒီဘဝမခံရသေးလဲ နောင်ဘဝတစ်ခုခုမှာ ခံကြရဦးမှာပါ။ အရိယာမဖြစ်သေးသမျှ ဘဝသံသရာမှာ ကောင်းလိုက်ဆိုးလိုက်နဲ့ လည်ပတ်သွားနေကြရတာပါ။

မကောင်းမှုမှန်းသမျှကို မသိလို့ ပြုလုပ်ခဲ့မိတယ်ဆိုပေမဲ့ သူက မျက်နှာသာပေးမှာမဟုတ်ဘူး။မကောင်းမှုဆိုတာ သိလို့ပဲဖြစ်ဖြစ်၊ မသိလို့ပဲဖြစ်ဖြစ် အကျိုးပေးချိန်ရောက်လာရင်တော့ တစ်နေ့ ခံကြရစမြဲပါပဲ။ သူဌေးသား၊ဆင်းရဲသား၊ယောကျ်ား၊မိန်းမ၊ကလေး ဘယ်သူဘယ်ဝါရယ်လို့ မျက်နှာလိုက်မှာမဟုတ်ဘူး။ဒါကြောင့်လဲ ကံပေးတဲ့အမွေကို သတ္တဝါတိုင်း ခံယူနေကြရတယ်လို့ ဘုရားရှင် မိန့်တော်မူခဲ့တာပေါ့။

မောင်မျိုးလွင်ပြောတဲ့စကားကြားရတော့ စာရေးသူလဲ ငယ်ငယ်က အမှတ်တရပြုခဲ့မိတဲ့ မကောင်းမှုတစ်ခုကို သတိရမိပါ တယ်။ သတိရမိတယ်ဆိုတာထက် မကြာမကြာ သတိရနေမိတယ်ဆို ရင် ပိုပြီးမှန်ကန်ပါလိမ့်မယ်။

စာရေးသူ ငယ်စဉ်ဘဝ အသက်(၂၂)နှစ်အရွယ်လောက်က ပျင်းပျင်းရှိတာနဲ့ ပလစတိအိတ်လေးအတွင်း ယင်ကောင်ကလေးတွေ ကိုဖမ်းထည့်ပါတယ်။ ပီးတော့ အိတ်အပေါက်ဝကို လက်နဲ့ပိတ်ထား ပြီး ဆေးလိပ်အခိုးတွေကို ပလစတိအိတ်ထဲ မှုတ်ထည့်လိုက်တယ်။ ယင်ကောင်ကလေးတွေဟာ လေမရှိတဲ့အပြင် အခိုးတွေနဲ့ပြည့်ကြပ် နေတဲ့ပလစတိအိတ်ထဲမှာ ကြာရှည်စွာ အသက်မရှင်နိုင်ဘဲ မွန်းကြပ်ပြီး သေကျရပါတယ်။ မေ့နေတဲ့ယင်ကောင်ဆိုရင်တော့ ခဏနေ ပျံသွား ကြပါတယ်။

လုပ်ခဲ့တုန်းကတော့ ဘာရယ်လို့မဟုတ်၊ ပျင်းလို့ဆော့ကစား တဲ့သဘောပါ။ဒါပေမဲ့ ပြုခဲ့မိတဲ့မကောင်းမှုအပေါ် ယခုထက်တိုင် မေ့ပျောက်လို့မရတဲ့အပြင် ကြာလေလေ မြင်ကွင်းအာရုံက ပိုထင်ရှား လာလေလေ အမှတ်ရမိလာလေလေ ဖြစ်နေတယ်။ မောင်မျိုးလွင် ပြောသလို ငါလဲ လေမရှိတဲ့အခမ်းထဲ (သို့) ရေထဲမှာ အသက်ရှူကြပ်

ပြီး တစ်ခုခုဖြစ်လေမလားဆိုတာ တွေးမိနေရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့ပါ။ အင်းလေ····ကိုယ့်အလှည့်ကျရင် မနွံ့ကြစတမ်း ဆိုသလို ကိုယ်ပြုထားတဲ့မကောင်းမှုကို ကိုယ်ပဲခံရဖို့ သေချာနေတယ်။ ဒါကို စာချစ်သူများအား ကိုယ့်ဘဝနဲ့ရင်းပြီး သတိပေးချင်ပါတယ်။

စာရေးသူဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းကစလို့ ရင်ကြပ်ပန်းနာရောဂါရခဲ့ပါတယ်။အခုလဲ မကြာမကြာ ရင်ကြပ်ပန်းနာ (အသက်ရှုကြပ်တဲ့)ရောဂါ ခံစားရပါတယ်။ ဒီလိုခံစားရတဲ့အခါမျိုးမှာ ငယ်ငယ်က ယင်ကောင်လေးတွေကို အသက်ရှုကြပ်အောင်လုပ်ခဲ့မိတဲ့မကောင်းမှုကို ပြန်ပြီး အမှတ်ရမိပါတယ်။ ဒါလဲ အကြိမ်ကြိမ်ပါပဲ။ အမှတ်ရတိုင်းလဲ စိတ်မချမ်းသာ ဖြစ်ခဲ့ရပါတယ်။

ဒီလိုပါပဲ လူများဟာ ဘဝတစ်လျှောက် ပြုလုပ်ခဲ့တဲ့ကိုယ်အလုပ်၊နှုတ်အပြော၊စိတ်အကြံတွေမှာ ကောင်းတာရှိသလို မကောင်းတာလဲရှိခဲ့ကြမှာပါ။ ကောင်းတာတော့ ပြောစရာမရှိပေမဲ့ မကောင်းတာပြုလုပ်ခဲ့တာတွေကတော့ တစ်ချိန်ချိန်မှာ ပြန်လည်ခံကြရမှာပါ။ ပုထုဇဉ်ကိုမဆိုနဲ့ဦး၊ လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်တောင်မှ နောက်ဆုံး ပရိနိဗ္ဗာန်ပြုခါနီးအချိန်အထိ အတိတ်ကသူပြုခဲ့တဲ့မကောင်းမှုရဲ့အကျိုးကို နောက်ဆုံး ခံလိုက်ရပါသေးတယ်။

ပြုခဲ့တဲ့မကောင်းမှုအတွက် အကျိုးပြန်ခံစားရမှာကို တွေးပြီး ပူပန်နေရုံနဲ့ ကိစ္စမပြီးသေးဘူး။ ဒီအတွက်အကောင်းဆုံးကတော့···

ကိုယ်ပြုခဲ့တဲ့မကောင်းမှုကြောင့် သေရင်အပါယ်ကျတော့မှာပဲဆိုပြီး တွေးတောပူပန်မှု ကုက္ကုစ္စတွေဖြစ်နေမယ်ဆိုရင် ဒီပူပန်မှုကြောင့် အပါယ်ကို ကျရောက်သွားနိုင်ပါတယ်။ ပြုခဲ့မိတဲ့မကောင်းမှုကံမျိုးနောင် မပြုမိအောင်ရှောင်မယ်။ ပြုခဲ့တာကိုလဲ မေ့ထားလိုက်မယ်။ ကုသိုလ်ကောင်းမှုတွေကိုပဲ ကြိုးစားအားထုတ်မယ်ဆိုရင် ကြာလာတဲ့

အခါ မကောင်းမှုကံများတောင်မှ ပပျောက်သွားနိုင်တယ်ရယ် လို့ ဂါမဏိသံယုတ်မှာ ဟောတော်မူထားတာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။ မကောင်းမှုဆိုလို့ ဒီနေရာမှာ ပဉ္စာနန္တရိယကံကလွဲပြီး အခြားမကောင်းမှုကံများကို ယူရပါမယ်။

ဒါကြောင့် စာချစ်သူများ ပြုလုပ်သင့်တာက ကိုယ့်ပြုခဲ့တဲ့ မကောင်းမှုတွေကို ဆက်လက်မပြုလုပ်တော့ဘဲ မေ့ထားရပါမယ်။ ကောင်းမှုကို မကြာခဏ ပြုလုပ်ပေးသွားမယ်ဆိုရင် ကြာလာတဲ့အခါ အကုသိုလ်တွေပပျောက်သွားနိုင်ပါတယ်။ဒါဟာ မကောင်းမှုပြုခဲ့မိသူများအတွက် အားဆေးတစ်ခွက်ပါပဲလို့ ပြောရင်း·······မကောင်းမှုဟူသမျှ ရှောင်ကြဉ်နိုင်ကြပါစေ··········



## ဒိလိုသင်တန်းမျိုး ရှိသင့်ပါသတဲ့

တောင်စွယ်မှာ နေကွယ်တော့မဲ့အချိန်၊ စာရေးသူတို့ကမ်းရိုးတန်းဒေသမှာတော့ ပင်လယ်ပြင်ထဲ နေမင်းကြီး ငုတ်လျှိုးဝင်ရောက်တော့မယ့်အချိန်လို့ဆိုရမှာပါ။ ညနေဝင်ဆည်းဆာအချိန်ဆိုပါစို့။ အမျိုးသမီးကြီးနှစ်ဦး စာရေးသူထံရောက်လာပြီး "အရှင်ဘုရား··ယဉ်ကျေးမှုသင်တန်းနဲ့ပတ်သက်ပြီး စုံစမ်းချင်လို့ ရောက်လာတာပါဘုရား။ သင်တန်းကျင်းပတဲ့ပုံစံလေးသိချင်လို့ အမိန့်ရှိပါအုံးဘုရား" လို့ ပြောတဲ့အတွက် သင်တန်းစည်းကမ်းနဲ့အခြေအနေကို ပြောဖြစ်ခဲ့ပါတယ်။

"သင်တန်းက (၁၀)ရက်တိတိဖြစ်ပါတယ်။ ရက်နည်းရတာက ကျောင်းမှာ နှစ်စဉ်ပြုလုပ်နေကြ စုဗူးအလှူတော်ပွဲ နီးကပ်နေတဲ့အတွက် ဖြစ်ပါတယ်။

သင်တန်းလာတက်တဲ့သူများအနက် ယောက်ျားကလေးများဆိုရင် သာမဏေဝတ်ရပြီး၊မိန်းခလေးတွေဆိုရင် သီလရှင်ဝတ်ရပါတယ်။ သီလရှင်မဝတ်လိုပဲ ဒီတိုင်းသင်တန်းတက်လိုတဲ့သူများကျတော့ ယောဂီအဝတ် ဝတ်ကြရပါတယ်။ ယောဂီအဝတ်အတွက်ကတော့ ကိုယ့်ဟာနဲ့ကိုယ်ပဲ အိမ်ကနေ စီမံလာရပါမယ်။ သာမဏေ၊သီလရှင်ဝတ်စုံများကျတော့ ကျောင်းမှတာဝန်ယူအကုန်အကျခံကာ သင်တန်းကြေးလုံးဝမပါဘဲ တက်ခွင့်ပေးထားပါတယ်။

သင်တန်းသားများဟာ သင်တန်းကာလအတွင်း သင်တန်းပြီးဆုံးချိန်အထိ ကျောင်းမှာပဲ နေရမှာပါ။ တစ်နေ့တာလုပ်ငန်းကတော့ နံနက် ၄-နာရီ အိပ်ယာထ၊ ၄း၃၀-နာရီ ဓမ္မာရုံသို့တန်းစီသွားကာ ဆိုင်ရာသီလခံယူပြီး ဩဝါဒစကားနာယူကြ၊ တရားထိုင်ကြရပါတယ်။ နံနက်၅း၃၀-နာရီမှာ အာရုဏ်(နံနက်စာ)ဆွမ်း စားကြရပါတယ်။ ၆း၃၀

နာရီမှာ ကျောင်းဝေယျာဝစ္စ သန့်ရှင်းရေးများ ပြုလုပ်ကြရပါတယ်။ နံနက် ၇-နာရီမှ ၈-နာရီအထိ စာသင်ကြရပါတယ်။ ၈-နာရီမှာ စာကျက်ကြရပါတယ်။ ၉-နာရီ ရေချိုးကြရတယ်။ ၁၀း၃၀-နာရီမှာ ဆွမ်းစားကျောင်းသို့ တန်းစီကြပြီး ဆွမ်းစားကြပြီး၊ ၁၂း၃၀အထိ အနားယူကြရပါတယ်။ ၁၂း၃၀-နာရီမှ ၂-နာရီအထိ သင်တန်းသားများ ဟောပြောဆွေးနွေးပွဲ ကျင်းပပေးပါတယ်။ ၂-နာရီမှ ၃-နာရီအထိ စာကျက်ကြပြီး၊၃-နာရီမှ၄-နာရီအထိ စာသင်ကြရပြီးနောက် ရေချိုးကြရပါတယ်။ ညနေ ၅-နာရီမှာတော့ ဧည့်တွေ့ချိန်ပါ။ ညနေ ၆-နာရီမှာ ဘုရားဝတ်တက်ကြရပြီး၊ ခဏနားကာ ညတရားပွဲကို ဆရာတော်များထံမှ နာယူကြရမှာ ဖြစ်တယ်''လို့ တစ်နေ့တာ အစီအစဉ်ကို ပြောပြလိုက်ပါတယ်။ ထိုအမျိုးသမီးက''သင်တန်းအစီအစဉ်က ကောင်းလိုက်တာဘုရား။ ဒီသင်တန်းပုံစံမျိုး တပည့်တော်တို့မြို့မှာ ဖြစ်သင့်နေတာ ကြာပါပြီဘုရား။ ယခုလိုအရှင်ဘုရားတို့က ဦးစီးဆောင်ရွက်ပြီးကျင်းပပေးတာဟာ အနာဂါတ်မျိုးဆက်သစ်လေးတွေအတွက် ဝမ်းမြောက်စရာကောင်းလှပါတယ်ဘုရား။ တပည့်တော်တို့ သားလေးကိုလဲ ဒီသင်တန်းမှာ အပ်ချင်ပါတယ်ဘုရား။ တပည့်တော် သားလေးဟာ အခုအချိန်မှာ ဘာသာရေးနဲ့ပတ်သက်ပြီး ဘာမှ နားမလည်သေးပါဘုရား။စာသင်ကျောင်းမှာ သားကလေးရဲ့အတန်းပိုင် ဆရာမက ဘာသာခြားဖြစ်နေတဲ့အတွက် ဘာသာရေးနားလည်ဖို့ရာ မျှော်လင့်ချက်ကင်းမဲ့နေသလိုပါပဲဘုရား'' လို့လျှောက်ထားလာပါတယ်။

ဒါကိုကြားရတော့ ကလေးတွေရဲ့ဘာသာရေးအတွက် ရင်လေးမိတာတော့ အမှန်ပါ။ဒါပေမဲ့ ဒီလိုသိတတ်တဲ့မိဘများကြောင့်လဲ အားတက်ရပြန်ပါတယ်။ ပြောချင်တာက မိဘများအနေဖြင့်

ဘာသာရေးသွေးမအေးနေကြဖို့ လျစ်လျူမရှုထားကြဖို့ တိုက်တွန်းလိုပါတယ်။

ပြီးတော့ ၂၀၀၉ခုနှစ်၊ယဉ်ကျေးမှုသင်တန်းမှအတွေ့အကြုံရလာဒ်တစ်ခုကို အမျိုးသမီးအား ပြောပြခဲ့ပါသေးတယ်။ ယဉ်ကျေးမှုသင်တန်းကာလအတွင်း သင်တန်းသားတစ်ဦးရဲ့မိခင်တစ်ဦးနဲ့စကားပြောနေပါတယ်။ ထိုအခိုက် သင်တန်းသားကိုရင်လေးက သူ့မိခင်အနီးကို ရောက်လာတယ်။ မိခင်က"ကိုရင် ဘာများအလိုရှိပါသလဲဘုရား"လို့မေးတော့ ကိုရင်က "ကိုရင် ဘာမှမလိုပါဘူး။ကိုရင်သင်တန်းပြီးလို့ အိမ်ပြန်လာတဲ့အခါ အိမ်မှာချိတ်ဆွဲထားတဲ့ အုံးသီးဆွဲကိုဖြုတ်လိုက်ကြရအောင်နော်"ပြောပါတယ်။ မိခင်ခမျာ သူမမျှော်လင့်တဲ့စကားကြောင့် တွေတွေကြီးကြည့်ကာ အံ့အားသင့်နေပါတယ်။ ခဏကြာတော့ မိခင်က"ကိုရင်...အိမ်ပြန်ရင် ကိုယ်ရင်အလိုကျ ဖြစ်အောင် အုန်းသီးဆွဲကို ဖြုတ်ပေးပါ့မယ်"လို့ ကိုရင်ကိုပြောလိုက်တယ်။

အိမ်ပြန်ရောက်လို့ လူကြီးများက အုံးသီးဆွဲကို ဖြုတ်ချတာဖြစ်စေ၊ မဖြုတ်တာဖြစ်စေ အရေးမကြီးပါ။ ဘာ့ကြောင့်ဆိုရင် သင်တန်းသားကိုရင်ကလေးရဲ့နှလုံးသားထဲမှာ မှန်ကန်တဲ့ကိုးကွယ်မှုကို သိနေပြီဖြစ်လို့ပါပဲ။

အုံးသီးဆွဲကို ကိုးကွယ်စရာမလို၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသာ ကိုးကွယ်ရာ ဆိုတဲ့ ကိုးကွယ်မှုအစစ် အမှန်ကို ကလေးများရဲ့နှလုံးသားထဲမှာ စိုက်ထူပေးလိုက်ရတဲ့အတွက် အတိုင်းမသိ ပီတိဖြာခဲ့ရသူက စာရေးသူပါ။ ဒီအကြောင်းကို ရောက်လာတဲ့ အမျိုးသမီးနှစ်ဦးအား ပြောပြလိုက်တဲ့အခါ....

"အရှင်ဘုရား...ကြားရတာ ဝမ်းသာစရာကောင်းလိုက်တာ ဘုရား၊တပည့်တော်တို့သားကို စာရင်းပေးတာအချိန်နှောင်းသွားလို့ ဒီနှစ်

သင်တန်းမှာမတက်လိုက်ရပေမဲ့ နောင်နှစ်သင်တန်းအတွက် ကြိုတင်စာရင်းလာပေးပါ့မယ်ဘုရား။ မျိုးဆက်သစ်လူငယ်များအတွက် ဒီသင်တန်းမျိုး မြန်မာပြည်မှာ အများကြီးဖြစ်သင့်နေပါပြီဘုရား” လို့ အားတက်သရော ပြောကြပါတယ်။

ဒီလိုပါပဲ ကလေးတွေရဲ့အနာဂါတ်မျှော်လင့်ချက် ရောင်ခြည်အတွက် မိဘတိုင်းမှာ တာဝန်ရှိနေပါတယ်။ အခုအခါ စာရေးသူတို့မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှာ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ ကျင်းပလာကြတာကို ကြားခဲ့ရတဲ့အတွက် သာသနာအတွက် အားတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ်။

ထိုနေ့က သင်တန်းသားဦးရေစာရင်းပိတ်သွားပြီဖြစ်တဲ့အတွက် လက်မခံလိုက်ရပေမဲ့ ထိုအမျိုးသမီးများကတော့ စိတ်မပျက်ဘဲ နောင်လာမဲ့နှစ်မှာ ကလေးများအတွက် ကြိုတင်စာရင်းပေးသွင်းမှာဖြစ်တဲ့အကြောင်းနဲ့ သင်္ကန်း၊သီလရှင်ဝတ်စုံစတဲ့သင်တန်းလိုအပ်ချက်အတွက်ကိုလဲ မကြာခင် လာရောက်လှူဒါန်းမှာဖြစ်တဲ့အကြောင်း ပြောပြီး ပြန်သွားကြပါတယ်။

အချုပ်ဆိုရရင် သာသနာဆိုတာ တစ်ဦးတစ်ယောက်နဲ့ သာသနာပြုလို့မရပါ။ဒကာများပါအားတက်သရော ဝိုင်းဝန်းသာသနာပြုကြမယ်ဆိုပါရင် သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားနေဦးမှာပါ.......။



# မျိုးဆက်သစ်တို့ရဲ့ဘာသာရေး

အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာမှာ ယဉ်ကျေးမှုသင်တန်း ကျင်းပတာဟာ အခုနှစ်ပါဆိုရင်ရင် ဒုတိယအကြိမ်ဖြစ်သွားပါပြီ။ အရင်က ဒီသင်တန်းကိုစိတ်ကူးနဲ့ကျင်းပနေတာ ငါးနှစ်လောက်ရှိခဲ့ပါပြီ။ လက်တွေ့အကောင်အထည်မပေါ်ခဲ့ပါ။ အခုတော့ အကောင်အထည်ဖေါ်နိုင်တာ နှစ်နှစ်ပဲ ရှိပါသေးတယ်။အောင်မြင်မှုလဲ အသင့်အတင့်ရရှိခဲ့တယ်ဆိုပါတော့။ အရင်နှစ်ကသင်တန်းသား တစ်ရာလောက်သာ လက်ခံနိုင်ခဲ့ပေမဲ့ အခုနှစ်မှာတော့ သင်တန်းသား နှစ်ရာလောက် လက်ခံနိုင်ခဲ့တာကို ဝမ်းမြောက်ပီတိဖြစ်ခဲ့ရပါတယ်။

သင်တန်းဖွင့်ပွဲရက်မှာတော့ အခမ်းအနားကို ထွေထွေထူးထူး မပြုလုပ်တော့ဘဲ၊ သာမဏေ၊သီလရှင်များ ပြုလုပ်ကာ အရေးကြီးတဲ့ ဩဝါဒစကားအချို့ ပြောဖြစ်ခဲ့ပါတယ်။ ဒီဖွင့်ပွဲလေးကို အင်တာနက်ကနေ တစ်နာရီလောက် တိုက်ရိုက်လွှင့်လိုက်ပါသေးတယ်။ကမ္ဘာအရပ်ရပ်က ကြည့်နိုင်ကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။ တိုက်ရိုက်လွှင့်အစီအစဉ်ကို သင်တန်းကာလတစ်လျှောက် လွှင့်ဖို့ပါပဲ။ဒါပေမဲ့ လိုင်းက မကောင်းတာနဲ့ အစီအစဉ်ကို ဖျက်လိုက်ပါတယ်။ နောင်နှစ်များမှာတော့ လွှင့်နိုင်ကောင်းပါရဲ့လို့ တွေးမိပါတယ်။

အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကာလအတွင်း ဆရာလေးဒေါ်စန္ဒဝတီ(ဒေါက်တာစုးကျော်)၊ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်ချိုချိုဝင်း၊ ဒေါက်တာဒေါ်ဇာဇာဝင်းတို့က သင်တန်းသားများအား မေတ္တာဖြင့် ကျန်းမာရေးကူညီစောင့်ရှောက်ပေးခဲ့ကြပါတယ်။

တစ်ခုသောညနေ၊ ညှင့်တွေ့ချိန်မှာ မိခင်တစ်ဦးက သူ့သား ကိုရင်ကို လာရောက်တွေ့ပါတယ်၊ မိခင်ဖြစ်သူက သားနဲ့တွေ့ရင် အကြာကြီးစကားပြောကြမယ်ဆိုပြီး အားခဲပြီးလာခဲ့တာပါပဲ၊ ဒါပေမဲ့ သားကိုရင်နဲ့တွေ့တော့ ခဏတာစကားပြောပြီးတဲ့အခါ "ဒကာမကြီး·· ပြောလို့ပြီးတယ်ဆိုရင် ကိုရင်သွားတော့မယ်" လို့ ကိုရင်ကပြောလိုက် တော့ အမေ့ခမျာ စကားတဝကြီးပြောမယ်လို့ အားခဲလာခဲ့ပေမဲ့ သားဖြစ် သူရဲ့ စိမ်းကားတဲ့အဖြစ်ကို မြင်လိုက်ရတဲ့အတွက် ဝမ်းနည်းလာတယ်လို့ သင်တန်းသားတစ်ဦးရဲ့မိခင်ရင်တွင်းခံစားချက်ကို သိလိုက်ရတယ်။ အော်··သူတို့လေးတွေ ဒီလိုသင်တန်းမှာ ပျော်မွေ့နေကြတာကိုပဲ ဝမ်းပမ်းတသာရှိနေရတာပါ။

သင်တန်းသားများဟာ သူတို့ မသိသေးတဲ့ဘာသာရေး စာပေများကို သင်ကြားရသလို သူငယ်ချင်း အသစ်များနဲ့လဲ ဆုံစည်း ရတော့ သင်တန်းမှာ အပျော်ကြီးပျော်နေကြတာဖြစ်တယ်။

ညနေဖက် ဆေးခန်းပြချိန်မှာ သင်တန်းသား/သူလေးတွေကို ဆရာမက ဦးဆောင်ပြီး ဆေးကျောင်းသို့ခေါ်လာပါတယ်။ ဒေါက်တာ ဒေါ်ချိုချိုဝင်းက ကလေးများအား ကျန်းမာရေးစစ်ဆေးပေးပါတယ်၊ နေမကောင်းတဲ့ကလေးတွေက ဆေးစားရမှာဖြစ်လို့ ညနေဖက် ဆေးစားတဲ့အခါမှာ အစာတစ်ခုခုစားပြီးမှ ဆေးစားဖို့ ပြောပါတယ်။ ဒါပေမဲ့ကလေးတွေက "သမီးတို့ သီလယူထားတယ်၊ညနေဖက်မှာ ဘာမှစားလို့မရပါဘူး" ဆိုပြီး ကလေးများရဲ့တုံ့ပြန်သံကိုကြားလိုက်ရ ပါတယ်။ ထိုအကြောင်းကို ကလေးအထူးကုဆရာဝန်က စာရေးသူအား "အရှင်ဘုရား···ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းက ကလေးတွေ အတွက် အလွန်တန်ဘိုး ရှိတာပါပဲဘုရား။ တပည့်တော်တို့ငယ်ငယ်က ဘာသာရေးနဲ့ပတ်သက်တဲ့ ဒီလိုသင်တန်းမျိုး မတက်ခဲ့ဖူးပါဘူးဘုရား"

လို့ ယဉ်ကျေးမှုသင်တန်းအကျိုးကြီးပုံကို အားပါးတရ လျှောက်ထား လာပါတယ်။

ယနေ့ခေတ် ပြည်တွင်းသာမက ပြည်ပမှာရှိတဲ့ဗုဒ္ဓ ဘာသာကလေးများပါမကျန် ကလေးများရဲ့နှလုံးသား ထဲကို ဘာသာ ရေးအခြေခံလေးတွေ ကိန်းအောင်းသွားအောင် မျိုးစေ့ချပေးဖို့ လိုအပ်လှပါတယ်။

ဝိကာလဘောဇနေသိက္ခာပုဒ်နဲ့ပတ်သက်ပြီး သင်တန်းသားလေး များရဲ့ အတုယူအားကျဖွယ်ရာတစ်ချို့ကို တင်ပြလိုပါသေးတယ်။ တစ်နေ့ ဒကာမကြီးတစ်ဦး စာရေးသူထံရောက်လာပြီး "အရှင်ဘုရား·· တပည့်တော်သမီးကို ညနေဖက် ဗိုက်ဆာနေမှာစိုးလို့ သကြားလုံးပေး လိုက်ပါတယ်။ ဖြစ်ချင်တော့ သကြားလုံးထဲမှာ ချောကလက်တွေရှိပါ တယ်။ဒါကိုပဲ တပည့်တော်သမီးက "သကြားလုံးထဲမှာ ချော့ကလက် တွေပါနေတယ်၊ စားလို့မရဘူး" ဆိုပြီး သမီးက အတင်းပြောလာပါ တယ်။ တပည့်တော်အံ့ဩလိုက်တာဘုရား၊ ကလေးတွေ အရွယ်နဲ့ မလိုက်အောင်ပဲ သီလစောင့်ထိန်းနေကြပါတယ်။ဒါကိုကြားရတော့ တပည့်တော် ကြည်နူးမှုပီတိတွေ ဖြာဝေခဲ့ရပါတယ်ဘုရား၊ ရှင်းရှင်း ပြောရရင် တပည့်တော်တို့ တရားအားထုတ်တဲ့အခါတုန်းက ညနေဖက် ဗိုက်ဆာလို့ မုန့်တွေခိုးစားခဲ့ပါသေးတယ်ဘုရား" လို့ပြောလာပါတယ်။ အော်······လူကြီးတွေက မရှောင်နိုင်ဘဲ ကလေးတွေက ရှောင်နိုင်တာ ဆိုတော့ သမီးထက်ငယ်တဲ့ ဖေဖေ၊မေမေတွေ ဖြစ်ကုန်ပီပေါ့။

ဒီအကြောင်းကြားရပြန်တော့လဲ ထပ်ဆင့်ပီတိဖြာဝေခဲ့ရသူက စာရေးသူပါ။ ဒီသင်တန်းအောင်မြင်အောင် အဖက်ဖက်က ကြောင့်ကြ စိုက်ခဲ့ရလို့ ပင်ပမ်းနေပေမဲ့ ကြည်နူးမှုပီတိဖြစ်ရတော့ အမေပြောတဲ့

အမောပြေ ဆိုသလိုပဲ ပင်ပမ်းတာတွေ ဘယ်ရောက်ကုန်တယ်မသိ။

ကလေးတွေကို ဗုဒ္ဓဘာသာယဉ်ကျေးမှု မျိုးစေ့ချပေးရတာ မွန်မြတ်တဲ့လုပ်ငန်းဖြစ်သလို တန်ဖိုးမဖြတ်နိုင်တဲ့သာသနာပြုလုပ်ငန်း လဲဖြစ်တယ်။

သင်တန်းသားတစ်ဦးက "ဒီသင်တန်းကြီးက တကယ်တမ်း ကိုးကွယ်ဆည်းကပ်သင့်တာတွေကို နည်းစနစ်မှန်ကန်စွာ ကိုးကွယ် တတ်အောင် သင်ပေးပါတယ်။ လူကြီးတွေကိုးကွယ်ဆည်းကပ်နေတဲ့ ဘိုးဘိုးကြီး၊ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ မနဲလေး၊၃၇-မင်းနတ်စတဲ့ သူတွေကို မကိုးကွယ်သင့်ကြောင်းလဲ သင်ပေးပါတယ်။ ပီးတော့ ပိဋကတ်သုံးပုံစောင့်တာ သူရဿတီမယ်တော်မဟုတ်။ အမှန်တော့ ပိဋကတ်သုံးပုံကို ဘုရားသားတော်သံဃာတော်များကသာ ခေတ်အ ဆက်ဆက် ထိန်းသိမ်းစောင့်ခဲ့ကြတယ်။ ဒါကြောင့် သူရဿတီမယ် တော်ဟာ ကိုးကွယ်သင့်တဲ့အရာ မဟုတ်တာကို သိလာရပါတယ်" လို့ ပြောပါတယ်။

ညည့်တွေ့ချိန်မှာ သားကိုရင်က သူ့အမေကို "ဒကာမကြီး·· သားတို့သေမင်းစာမေးပွဲကို နေ့တိုင်းဖြေနေကြရတယ်"လို့ပြောတယ်။ အမေက "ကိုရင်ရယ်···ကြားဖူးပေါင်ကွယ်၊ သေမင်းစာမေးပွဲလို့ ကိုရင် ပြောမှပဲ ကြားဖူးတယ်၊ဆက်ပြောပါဦးကိုရင်ရဲ့" ဆိုတော့ သားကိုရင်က ဆက်ပြီး "သားတို့ကျောင်းမှာ မြန်မာစာဘာသာ၊ သင်္ချာ ဘာသာစတာတွေဖြေရသလိုပါပဲ သေမင်းစာမေးပွဲမှာလဲ ကုသိုလ်ဘာ သာတွေ ဖြေဆိုနေကြတယ်။ သားတို့မှာ တကယ်လို့ မကောင်းတာကို ပြောမိ၊လုပ်မိ၊တွေးမိရင် အကုသိုလ်ဖြစ်တဲ့အတွက် စာမေးပွဲကျပါတယ်။ ကောင်းတာကို ပြောမိ၊လုပ်မိ၊တွေးမိတယ်ဆိုရင်တော့ ကုသိုလ်ဖြစ်တဲ့ အတွက် စာမေးပွဲအောင်တယ် ဒကာမကြီးရဲ့၊ ဒီသေမင်းစာမေးပွဲမှာ

ပြေဆိုရတဲ့ ကုသိုလ်ဘာသာတွေက ဆယ်ဘာသာတောင်ရှိတယ် ဒကာမကြီး၊ဒီအထဲမှာ သားအကြိုက်ဆုံးဘာသာကို ပြောရရင် အချောင်ရတဲ့ကုသိုလ်လေ ဒကာမကြီးရဲ့” လို့ သားကိုရင်ရဲ့စကားလုံးအဆန်းကြောင့် အမေက “ ကုသိုလ်ထဲမှာ အချောင်ရတဲ့ကုသိုလ်ရှိသေးလား ကိုရင်ရဲ့ တပည့်တော်တို့ကိုပြောပါအုံး” ဆိုတော့ သားကိုရင်က “ပြောပါ့မယ်ဒကာမကြီးရဲ့ အချောင်ကုသိုလ်ဆိုတာ ကိုယ့်ထက်ဂုဏ်အားဖြင့် ကြီးမားတဲ့ လူကြီးများအရှေ့ရောက်ရင် ခေါင်းငုံ့ပြီး ဖြေးဖြေးသွားတာတို့၊ရဟန်းသံဃာတော်များရဲ့အနားကသွားရင် လက်အုပ်ချီပြီးသွားတာတို့လေ…၊ ဒီထက်ရှင်းအောင်ပြောရရင် ကြီးသူကို ငယ်သူက ရှိသေလိုက်တာနဲ့ ငယ်ရွယ်သူမှာ ကုသိုလ်ရသွားတယ်၊ ဒီကုသိုလ်ရဲ့ နာမည်က အပစာယနကုသိုလ်လို့ ခေါ်တယ် ဒကာမကြီးရဲ့၊ ဒါဟာ အချောင်ရတဲ့ကုသိုလ်မို့လို့‘အချောင်ကုသိုလ်’ လို့ ခေါ်လိုက်ရတာပေါ့ ဒကာမကြီး၊ ဒီလိုအသိမှန်အမြင်မှန်တွေရလာတာဟာ သင်တန်းက ဘုန်းဘုန်းများက ပြောဟောဆုံးမလို့ သိလာရတာတွေပါဒကာမကြီး” လို့ သားဖြစ်သူကိုရင်ရဲ့စကားကို ကြားလိုက်ရတော့ အမေဖြစ်သူရဲ့ မျက်လုံးအိမ်မှာ မျက်ရည်ကြည်လေးတွေ ဝေ့နေတာကို တွေ့ရပါတယ်။ အော်…ဝမ်းသာကြည်နူးမှုပီတိတွေအပြည့်နဲ့ပေါ့။

နေ့လည်ဖက် အနားယူတဲ့အချိန်မှာ “အရှင်ဘုရား…ရန်ကုန်ကဒကာတွေ ရောက်လာပါတယ်ဘုရား၊အရှင်ဘုရားကို တွေ့ချင်လို့တဲ့ဘုရား” လို့ ဒကာတစ်ဦးလာရောက်လျှောက်ထားပါတယ်။ ကျောင်းပေါ်ရောက်လာတဲ့သူများအနက် အသားညိုညိုနဲ့လူတစ်ယောက်က သူဟာ ပန်းဒကာကိုတင့်မြင့် ဖြစ်ကြောင်းပြောလာတော့ မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့အတွက် ဝမ်းသာမဆုံးရှိခဲ့ပါတယ်။ ဘာသာရေးနဲ့ပတ်သက်တဲ့စကားတွေပြောဆိုပြီး အခုဖွင့်လှစ်နေတဲ့

သင်တန်းမှာ ကလေးများကို တရားဟောပေးပါရန်ပြောတော့ ပန်းဒကာက “ကြုံတုန်း ဟောပေးရတာပေါ့ဘုရား” ဆိုပြီး တရားပွဲတစ်ည ဟောပေးခဲ့ပါတယ်။

ဒီလိုနဲ့စာရေးသူတို့ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမှာ ပန်းဒကာကိုယ်တိုင် ပါဝင်ဟောပြောပေးခဲ့ပါတယ်။ သင်တန်းတက်နေကြတဲ့ကိုရင်-သီလရှင်လေးများဟာ နောင်အနာဂါတ်မှာ ဘာသာရေးနဲ့ပတ်သက်လို့ ဗဟုသုတများစွာနဲ့အတူ လိမ္မာယဉ်ကျေးတဲ့မျိုးဆက်သစ်လေးများ ဖြစ်လာကြတော့မှာပါလား…လို့ ဥယျာဉ်မှူးအတွေးဖြင့် မျှော်လင့်ချက်ရောင်ခြည်များ ဖြာဝေလျှက် ရှိနေပါတော့တယ်။



# ထူးဆန်းပုစ္ဆာ

တစ်နေ့ အမျိုးသမီးတစ်ဦးက "အရှင်ဘုရား··မသိတာလေးတစ်ခု မေးချင်ပါတယ်ဘုရား၊ တကယ်လို့ တပည့်တော်မေးတဲ့အမေးက မှားနေရင်လဲ တောင်းပန်ပါတယ်ဘုရား၊အရှင်ဘုရား···စောစောထမှ တရားရမှာလား ဆိုတာသိချင်ပါတယ်ဘုရား၊ ဒီအမေးက တပည့်တော်ရဲ့တပည့် ကိုရင်က မေးလိုက်တာပါ။ တပည့်တော်မဖြေတတ်တဲ့အတွက် အရှင်ဘုရားကို မေးလိုက်ရတာပါဘုရား" လို့ သင်တန်းကြီးကြပ်ရေးဆရာမတစ်ဦးလာရောက်လျှောက်ထားပါတယ်။

တရားဆိုတာ ပါဠိလို 'ဓမ္မ' လို့ခေါ်တယ်။ ဓမ္မဆိုတာအမှန်သဘာဝ တရားပါ။ ဒီသဘာဝတရားကို သိနိုင်ဖို့အတွက် ကုသိုလ်မှန်သမျှ များများရဖို့လိုအပ်ပါတယ်၊ ဘုရားရှင်က 'ကုသလဿုပသမ္ပဒါ' လို့ မိန့်တော်မူတယ်။ အဓိပ္ပါယ်က ကုသိုလ်တရားကိုပြည့်စုံအောင်အားထုတ်ကြ······တဲ့။ ဒီကုသိုလ်တရားမှန်သမျှကို ရသလောက်ယူရမှာပါ။ ဘယ်အချိန်အထိယူရမလဲဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန်ရောက်တဲ့အထိဆိုပါတော့။ ဒီဘဝခန္ဓာမှာ ကုသိုလ်ပုံကြီး မိုးလောက်နီး ဆိုတာလို ကုသိုလ်တွေများသထက်များအောင် ယူထားဖို့လိုပါတယ်။

ဒီကုသိုလ်တွေယူဖို့အတွက် အအိပ်နည်းကြရမှာပါ။အိပ်ပျော်နေတဲ့သူတစ်ယောက်အတွက် ကုသိုလ်တရားတွေကို ပြည့်ပြည့်ဝဝမလုပ်နိုင်ကြဘူး။ လိုအပ်တာထက် ပိုအိပ်ရင် ထိုင်းမှိုင်းတယ်၊အချိန်လဲကုန်တယ်။ ဒီတော့ညဉ့်ဦးပိုင်း စောစောအိပ်ရာဝင်ပြီး နံနက်စောစောထကြရင် ပိုကောင်းပါတယ်။ မနက်စောစောထပြီး ဘုရားအာရုံနဲ့နေရင်

စိတ်ချမ်းသာတယ်။ ကုသိုလ်တွေလဲ အများကြီးရတယ်။ တကယ်လို့ စောစောမထရင် စောစောကုသိုလ်မရဘူးဆိုတာကို နားလည်ကြရမယ်။

တရားရဖို့အတွက် ကုသိုလ်များများယူနိုင်ဖို့ စောစောထရမှာ ဖြစ်တယ်။စောစောထရတဲ့အတွက် တစ်နေ့ကုန်စိတ်တွေ မကြည်ဘူးလို့ မှတ်ထင်တဲ့သူတွေရှိတယ်။ အမှန်က စိတ်မကြည်တာဟာ စိတ်ကို ညစ်နွမ်းစေတတ်တဲ့ နီဝရဏတရားတွေကြောင့်ပါ။စောစောထလို့ မဟုတ်ပါဘူးဆိုတာ နားလည်စေချင်တယ်။

ဒါဖြင့် လူတစ်ယောက် အိပ်နေတဲ့အချိန်ဟာ သေဖို့ရာ အလွန်လွယ်ကူပါတယ်။ တစ်ခါတုန်းကအမျိုးသမီးကြီးတစ်ဦးဟာ မိသားစု နဲ့အတူ ညဦးကာလအချိန်မှာ ပျော်ပျော်ပါးပါးစကားပြောပြီး တီဗွီ ကြည့်နေပါတယ်။ ည၌နက်လို့အိပ်ယာဝင်တဲ့အခါ ည ၁၁-နာရီ လောက်မှာ အိမ်ပျော်ခါစမှာ သူမရဲ့အသက်ရှူလမ်းကြောင်းမှာ အရာတစ်ခုပိတ်ရာကနေ အသက်သေဆုံးသွားပါတယ်။ ဆရာဝန် တောင် မမီလိုက်ပါ။ ဒါဟာ အိပ်နေတဲ့အချိန်မှာ လူတစ်ယောက် အတွက် သေဖို့အလွန်လွယ်ကူပါတယ်။ ဒါကြောင့် ရေဒီယိုကလာတဲ့ ကျန်းမာရေးဆောင်ပုဒ်ကို ဘာသာရေးဆောင်ပုဒ်အဖြစ် ပြောင်းလိုက်မယ်ဆိုရင် "စောစောအိပ်လို့ စောစောထလို့ စောစောကုသိုလ်ယူကြပါစို့"လို့ ပြောရင်း သင်တန်းဆရာကိုယ်စား အဖြေပေးလိုက်ပါတယ်။



## မေတ္တာတရား စွမ်းပကား

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ ကလေးများရဲ့ကျန်းမာရေး အတွက် ဒေါက်တာဒေါ်စူးကျော်(ဒေါ်စန္ဒဝတီ)၊ ကလေးအထူးကု ဆရာဝန်ဒေါက်တာ ဒေါ်ချိုချိုဝင်း၊ ဒေါက်တာဇာဇာဝင်း၊ ဒေါက်တာ သန္တာနီစတဲ့ဆရာဝန်များက တာဝန်ယူဆောင်ရွက်ပြီး ကုသိုလ်ယူကြ ပါတယ်။ ဒီကြားထဲ အရေးကြီးရင် အရေးကြီးသလို ဆရာဝန်များ ခေါ်ပြီး ကုသကြရပါတယ်။ဆရာဝန်များကလဲ စေတနာသဒ္ဓါ ထက်သန်စွာနဲ့ လာရောက်ကုသပေးကြပါတယ်။

သင်တန်းစလို့ နှစ်ရက်မြောက်မှာ ကိုရင်တစ်ပါး အပျင်းဖျားပြီး သွေးလွန်တုတ်ကွေးလက္ခဏာမြင်ရပါတယ်။ ဒါနဲ့ကလေးအထူးကု ဆရာဝန်ဒေါ်ချိုချိုဝင်းက ကလေးအား သူမရဲ့ကားနဲ့ ကလေးဆေးရုံကို အရေးပေါ် ခေါ်ဆောင်သွားရပါတယ်။ နောက်တစ်ရက်ကြာတဲ့အခါ ကလေးရဲ့ကျန်းမာရေးအခြေအနေကို စုံစမ်းကြည့်တော့ ကလေးဟာ နှာခေါင်းက သွေးတွေလျှံတယ်၊ပါးစပ်ကလဲ သွေးတွေအန်တယ်။ အောက်ကလဲ သွေးဝမ်းတွေသွားနေပါတယ်။ နောက် ၃၆-နာရီအတွင်း သေနိုင်တယ်လို့ သိရပါတယ်။ ကလေးရဲ့ကျန်းမာရေးအခြေအနေ သိပ်မကောင်းပါ။ ခန္ဓာကိုယ်ထဲရှိသွေးကြောလေးများပြတ်ကာ သွေး ယိုစိမ့်မှုဖြစ်နေပါတယ်။ရှင်းရှင်းပြောရရင် စိုးရိမ်ရတဲ့အခြေအနေဖြစ်နေ တယ်လို့ သိလိုက်ရပါတယ်။

ကလေးအတွက်စဉ်းစားရင် အိပ်မပျော်ခဲ့ပါ။ မနက်ပိုင်းမှာ သီလနဲ့ဩဝါဒခံယူဖို့စောင့်နေကြတဲ့ သင်တန်းသားများအား သီလပေးပြီး

ညြဝါဒစကား ပြောခဲ့ပါတယ်။

"သားတို့သမီးတို့…လူတိုင်းလူတိုင်း သေရမဲ့သူချည်းဖြစ်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့လဲ သေနိုင်တယ်။ သေခြင်းတရားဟာ ကိုယ့်ဆီကို အချိန်မရွေးရောက်ရှိလာနိုင်တယ်။ အခုလဲ သားတို့ရဲ့ သင်တန်းဖော်တစ်ပါးဖြစ်တဲ့ မောင်…………ဟာ ရောဂါတစ်ခုနဲ့ ဆေးရုံတက်နေရတယ်ဆိုတာလဲ သားတို့သမီးတို့အသိနော်။ အခုအချိန်မှာ သူဟာ အသက်အန္တရာယ်စိုးရိမ်နေရတဲ့အခြေအနေမှာ ရှိနေတယ်။ အချိန်မရွေးသေနိုင်တယ်လို့ ဆရာဝန်များက ပြောပါတယ်။

သားတို့သမီးတို့………မေတ္တာစွမ်းရဲ့စွမ်းအားဟာ အတုမရှိဘူး လို့ဘုရားရှင်မိန့်တော်မူထားတယ်။ သင်တန်းတက်နေကြတဲ့သားတို့သမီးတို့ရဲ့မေတ္တာစွမ်းအားနဲ့ မောင်…………ကို ဘေးရန်ကင်းအောင် မေတ္တာပို့ကြမယ်နော်။ သားတို့သမီးတို့ တင်ပလ္လင်ခွေထိုင်ကြမယ်။ ပြီးရင်ဘယ်လက်ဖဝါးပေါ်ညာလက်ဖဝါးဖြန့်တင်ထားရမယ်။ ခါးကို ဖြောင့်ဖြောင့်ထား၊ ဦးခေါင်းကိုအသာလေးတည့်ထား၊ မျက်စိကို အသာလေးမှိတ်ထားပါ။ ပြီးရင် သားတို့သမီးတို့ရဲ့သူငယ်ချင်း မောင်………ကို မျက်စိထဲ(အာရုံထဲ)မြင်အောင်ကြည့်နော်။

မျက်စိထဲမြင်ပြီဆိုရင် သူ့ကိုစူးစိုက်ကြည့်ပြီး မောင်……… ကျန်းမာပါစေ၊ချမ်းသာပါစေ ဘေးရန်ကင်းပါစေ လိုရာဆန္ဒပြည့်ဝပါစေ…..လို့ စိတ်နဲ့ရွတ်ပြီး အထပ်ထပ်မေတ္တာပွားလိုက်ပါသားတို့သမီးတို့…"။

ထိုအချိန်က စာရေးသူအပါအဝင်သင်တန်းသား/သူအားလုံး ဆယ်မိနစ်ခန့် မေတ္တာပို့ခဲ့ကြတာပါ။ တွေးမိတာက သင်တန်းသားနှစ်ရာတို့ရဲ့ မေတ္တာဟာ မနည်းပါဘူး။အားလုံးမေတ္တာမပို့နိုင် ဦးတော့ အနည်းဆုံး သင်တန်းသားတစ်ရာကျော်လောက်တော့ မေတ္တာပို့

နိူင်ကြလိမ့်မယ်လို့ထင်ပါတယ်။ ပြောလိုတာက သင်တန်းသား တစ်ရာ ကျော်တို့ ပို့လွှတ်လိုက်တဲ့မေတ္တာလှိုင်းတွေဟာ မကျန်းမမာဖြစ်နေတဲ့ ကလေးဆီ ရောက်ဖို့သေချာနေလောက်တယ်။ ဒီလိုတွေးရင်း ကလေး ကျန်းမာပါစေ ချမ်းသာပါစေ ဘေးရန်ကင်းပါစေ လိုရာဆန္ဒပြည့်ဝ ပါစေ······လို့ စာရေးသူလဲ မေတ္တာအထပ်ထပ်ပို့ပေးနေလိုက်ပါ တယ်။

ဒီလိုနဲ့ညနေပိုင်းမှာ ကလေးဆေးရုံကြီးကို သွားကြည့်ပါ တယ်။ ရောက်တော့ ကလေးရဲ့အမေက "အရှင်ဘုရား····သွေးလျှံ တဲ့အတွက် သွေးရေကြည် သုံးပုလင်း သွင်းလိုက်ရပါတယ်ဘုရား၊ ဒါပေမဲ့ သွေးလျှံတာက မရပ်သေးဘူးဘုရား။ ဒီအတွက် သွေးလိုရင် အဆင်သင့်ရအောင် သွေးထပ်ရှာခိုင်းထားပါတယ်ဘုရား။ တပည့်တော် ကတော့ ကိုယ့်ဖက်ပါဖို့ကိုတောင် မမျှော်လင့်ရဲတော့ဘူးဘုရား။ သိပ် မကြာလိုက်ပါဘူး။ သွေးတွေ တအားလျှံနေရာကနေ ရုတ်တရက် သွေး တိတ်သွားပါတယ်။ ကိုယ့်မျက်စိကိုယ်ကို မယုံနိူင်လောက်အောင် ပါပဲဘုရား။ သွေးတိတ်သွားလို့ သွေးလဲမသွင်းရတော့ဘဲ။ အခုအရှင် ဘုရားတို့မြင်ရတဲ့အတိုင်း ကျန်းမာရေးအခြေအနေကောင်းမွန်လာပါ တယ်ဘုရား"လို့ ကလေးအမေက ပြောပြပါတယ်။

ကြားလိုက်တဲ့စကားတစ်ခွန်းကြောင့် ရတက်မအေးဖြစ်နေတဲ့ စိတ်ဟာ အခုမှပဲ အေးဆေးငြိမ်ကျသွားသလို သင်တန်းသားများပို့ လွှတ်လိုက်တဲ့ မေတ္တာစွမ်းအား ကောင်းလှပုံကို သတိပြုမိလိုက်ပါ တယ်။

အော်····မေတ္တာတရားရဲ့အစွမ်းထက်ပုံကတော့ အံ့မခန်းပါပဲလား····။



# သတိမမူ ဂူမမြင်

တစ်နေ့ စာရေးသူတို့ကျောင်းမှာ ကောင်းမှုပွဲကြီး တစ်ခုရှိပါတယ်။ကောင်းမှုပွဲကတော့ ဇနီးမောင်နှံဖြစ်တော့မဲ့သူများရဲ့ မင်္ဂလာဦးအလှူဖြစ်ပါတယ်။ ဒါကို စာရေးသူတို့အရပ်က မင်္ဂလာဆွမ်းလို့ ခေါ်ဝေါ်ကြပါတယ်။ အထက်အရပ်ကလဲ အဲဒီလို ခေါ်ကြတယ်လို့ ထင်ပါတယ်။ ရှိစေတော့။

ဒီလိုကောင်းမှုပွဲမျိုး မကြာမကြာ လုပ်နေကျမို့ စာရေးသူတို့အမြင်မှာတော့ မဆန်းတော့ပါ။ မင်္ဂလာဆွမ်းကျွေးပွဲများဟာ ဝါတွင်းကာလမှာ ပြုလုပ်လေ့မရှိကြပါ။ ဝါပကာလပွင့်လင်းရာသီရောက်ပြီဆိုရင်တော့ မင်္ဂလာဆွမ်းကျွေးချင်သူတွေ တန်းစီနေပါတော့တယ်။ ငွေကြေးမတတ်နိုင်တဲ့သူများက ငွေကုန်ကြေးကျ သက်သာအောင် ဘုန်းတော်ကြီးကျောင်းမှာပဲ မင်္ဂလာဦးဆွမ်းကျွေးတာ များကြပါတယ်။ ငွေကြေးတတ်နိုင်သူအချို့ကတော့ ဦးဦးဖျားဖျားကျောင်းမှာကျင်းပပြီး မြို့ထဲက မင်္ဂလာခမ်းမတွေမှာ လက်ထပ်ပွဲကျင်းပကြတာလဲ ရှိပါတယ်။ ဒါဟာ ခေတ်ကာလအရ ပြောင်းလဲလာတာလို့ယူဆရပါတယ်။

'သတိမမူ ဂူမမြင်' ဆိုတဲ့စကားပုံအတိုင်း သတိမထားရင် အမှားတွေကို ပြောမိ၊အမှားတွေလုပ်မိ၊ အမှားများ တွေးကြံမိတတ်ကြပါတယ်။ အမှားများအနက် ပြင်လို့ရတဲ့အမှားဆိုရင် တော်ပါသေးရဲ့၊ ပြင်လို့မရတဲ့အမှားမျိုး ကျူးလွန်မိတယ်ဆိုရင်တော့ ဘဝမှာ ဆုံးရှုံးနစ်နာလွန်းလှပါတယ်။

စာရေးသူတို့ရဲ့မြို့မှာ အချို့ဘုန်းတော်ကြီးကျောင်းဝင်းများအတွင်း ဖိနပ်စီးခွင့်ပေးထားပါတယ်။ဒါကအရေးမကြီးပါဘူး။

အရေးကြီးတာက ကျောင်းဝင်းထဲက ကျောင်းဆောင်အတွင်းမှာပါ ဖိနပ်စီးခွင့်ပေးထားတယ်ဆိုတဲ့အကြောင်း တစ်ဆင့်စကားကြားသိခဲ့ရပါတယ်။ဒါကြောင့်လားမသိ၊ စာရေးသူတို့ကျောင်းမှာ တစ်နေ့ကောင်းမှုပွဲကြီးတစ်ခုရှိတာယ်၊ ပရိသတ်ဖိတ်ထားတာကလဲအများကြီးပါ။ အချို့လူများ ဆွမ်းစားဆောင်အတွင်းကို ရဲရဲကြီးဖိနပ်စီးဝင်နေကြတာတွေ့မြင်လိုက်ရပါတယ်။ အခြားကျောင်းမှာစီးခွင့်ပေးထားလို့ ဒီကျောင်းမှာလည်း စီးလို့ရတယ်ဆိုတဲ့သဘောလားမသိ၊ မြင်ရရုံနဲ့ပင် သူတို့အစား ကျောချမ်းလှပါတယ်။

တကယ်တွေးကြည့်သုံးသပ်ကြည့်တော့ ထိုသူများအပြစ်မဟုတ်ပါ။ ဘုန်းတော်ကြီးကျောင်းများရှိ တာဝန်ရှိပုဂ္ဂိုလ်များရဲ့တာဝန်ပါ။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် တာဝန်ရှိသူများက စီးခွင့်မပေးဘူးဆိုရင် ဒီလိုအခြေအနေမျိုး ဖြစ်လာမှာမဟုတ်ပါ။

ဘုရားရှင်လက်ထက်တော်က ရာဇဂြိုလ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းဟာ စေတီရင်ပြင်ပေါ် ဖိနပ်နဲ့တက်ပါတယ်။ဒါမှမဟုတ် မွှန်မွှန်မြတ်မြတ်ခင်းကျင်းထားတဲ့အခင်းတွေအပေါ် ပေရေနေတဲ့ခြေထောက်နဲ့တက်မိလို့ ခြေဖဝါးခါးခွဲခံရတာပါ။ အဓိကကတော့ ကျောင်းဝင်းအတွင်း ဖိနပ်စီးတာ၊မစီးတာအဓိကမဟုတ်၊ ကျောင်းဆောင်ပေါ်တက်တဲ့အခါ ပေမှာစိုးတဲ့အတွက် ရှိသေလေးစားတဲ့အနေနဲ့ ကျောင်းဝင်းအတွင်း ဖိနပ်စီးတာ သဘာဝကျပါတယ်၊စီးကောင်းပါတယ်။ ဒီလိုမဟုတ်ဘဲ ကျောင်းဝင်းအတွင်း ဖိနပ်မစီးဘဲဝင်လာပြီး ကျောင်းပေါ်တက်တဲ့အခါ ခြေမသုတ်ဘဲ ပေနေတဲ့ခြေထောက်နဲ့တက်ရင်တော့ အပြစ်ကြီးလှတယ် ဆိုတာပါပဲ။

ဘုန်းတော်ကြီးကျောင်းတော်ပေါ်မှာ လူများမပြောနဲ့ ရဟန်းတော်များတောင်မှ ခြေထောက်ရေအစိုနဲ့တက်လာလို့ ရေစိုတဲ့

ခြေရာကွက်တွေထင်သွားတယ်ဆိုရင် အပြစ်ကြီးလှပါတယ်။ လူများအတွက် ဆိုဘွယ်ရာမရှိတော့။ ပြောချင်တာကတော့ ကျောင်းဆောင်အတွင်းမှာ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ဖိနပ်လုံးဝစီးခွင့်မပေးရင် အကောင်းဆုံးပါလို့ ပြောချင်ပါတယ်။ အိမ်မှာနေတာကမှတော်သေး ဘုန်းကြီးကျောင်းသွားကာမှ ကျောင်းဆောင်အတွင်း သူများနဲ့ရောယောင်ပြီးဖိနပ်စီးမိလို့ အပြစ်ဖြစ်သွားရတယ်ဆိုတာမျိုး မဖြစ်ရလေအောင် သတိထားရှောင်ရှားကြဖို့ ပြောလိုက်ပါရစေ··········။



## နှုတ်ဆက်ကြတာ အပြစ်လား

'ပဋိသန္ထာရ'ဆိုတဲ့ဝေါဟာရဟာ အခုမှပေါ်ပေါက်လာတဲ့ စကားမဟုတ်ပါ။ ဟိုရှေးတုန်းကတည်းက ပေါ်ပေါက်ခဲ့တဲ့စကားတစ်ခုဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံကြတဲ့အခါ "နေကောင်းပါရဲ့လား' လို့နှုတ်ဆက်တာဟာ မြန်မာတို့ရဲ့ချစ်စရာကောင်းတဲ့စိတ်နေသဘောထားကို ဖေါ်ကျူးနေပါတယ်။မြန်မာတို့သာမက ထိုင်းလူမျိုးများဆိုရင် 'ဆဝါဒီခန့်'။ တရုတ်လူမျိုးတို့က 'နီးင်ဟောင်န်'။ ရုရှားကျပြန်တော့ 'ဒေါ့ဘရယ်ဥတရာ'။ အင်္ဂလိပ်များက How are you?, How do you do?, Good morning , ဆိုပြီး လူမျိုးအသီးသီးမှာ နှုတ်ဆက်စကားဆိုတာ ရှိကြစမြဲပါ။ ဒါဟာ လူမျိုးအသီးသီးတို့ရဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။

တစ်နေ့ စာရေးသူဟာ ဘုန်းကြီးကျောင်းတစ်ကျောင်းကို ကိစ္စတစ်ခုနဲ့ရောက်ခဲ့ပါတယ်။ ထိုကျောင်း၌ ကျောင်းထိုင်ဆရာတော်အား "ဆရာတော်ဘုရား…ကျန်းမာပါရဲ့လား" လို့ မေးလိုက်ပါတယ်။ ထိုဆရာတော်က "ငါ့ရှင်…ငါ့ရှင်ကမေးရလောက်အောင် တပည့်တော်က အနာရောဂါဖိစီးနေလို့လား၊ဒါမှမဟုတ် လူမမာရုပ်ပေါက်နေလို့လား အဲဒီလိုမမေးပါနဲ့" လို့ စိတ်ဆိုးပြီး တုံ့ပြန်စကား ပြောလာပါတယ်။ မေးလိုက်ရုံနဲ့ ဆရာတော်ဟာ ဘာကြောင့် ဒေါသထွက်ရတာလဲ 'ငါမေးတာများ လွန်သွားလို့လား' လို့ပြန်တွေးနေမိပါတယ်။ ထိုအချိန်တုန်းက ဘယ်လိုပဲတွေးခဲ့ပေမဲ့ တိကျမှန်ကန်တဲ့အဖြေကို မရရှိခဲ့ပါ။ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးလို့ တွေ့ကြတဲ့အခါ ပဋိသန္ထာရစကားများ

အမှတ်ရဖွယ်စကားများ ပြောဆိုရပါတယ်။ စာချစ်သူလဲ ဒီလိုသာ တွေ့ကြုံခဲ့မယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် တွေ့ကြတဲ့အခါ ပဋိသန္ထာရစကား ပြောဆိုဖို့ရာ အလွန်ခက်သွားပါလိမ့်မယ်။

ကာလအတန်ကြာတဲ့အခါ အတိတ်ရေစက်ကြောင့်လားတော့ မသိပါ၊ စာရေးသူနဲ့ ထိုကျောင်းထိုင်ဆရာတော်တို့ ပြန်လည်တွေ့ဆုံခဲ့ကြပါတယ်။ ထိုအခါ ရှေးဦးပထမ နှုတ်ဆက်လိုက်သူက ထိုကျောင်းထိုင်ဆရာတော် ဖြစ်နေပါတယ်။ "ငါ့ရှင်…ကျန်းမာရေး ကောင်းပါရဲ့လား" မေးလိုက်တော့ "မှန်ပါ…တပည့်တော်နေကောင်းပါတယ်ဘုရား" လို့ အလိုက်သင့်ပြန်ဖြေလိုက်ရပါတယ်။ ဒါပေမဲ့ စာရေးသူရဲ့စိတ်ထဲမှာ "ဒီလိုမေးရလောက်အောင် ငါ့မျက်နှာက နေမကောင်းတဲ့မျက်နှာကြီး ဖြစ်နေလို့လား" လို့ တွေးမိပါတယ်။ တစ်ချိန်တုန်းက စာရေးသူရဲ့ "နေကောင်းပါရဲ့လား"ဆိုတဲ့အမေးကြောင့် စိတ်ဆိုးပြီး ပြန်လည်တုံ့ပြန်လိုက်တဲ့ ထိုကျောင်းထိုင်ဆရာတော်ရဲ့ သဘောကို စာရေးသူကိုယ်တိုင် ခံစားလိုက်ရပါမှ သဘောပေါက်သွားပါတော့တယ်။

ဒါဆိုရင် ရင်းနှီးလို့ မနှုတ်ဆက်ကောင်းတော့ပြီလား၊နှုတ်ဆက်လို့ မရတော့ပြီလား၊ အမှတ်ရဖွယ်စကားများ မပြောရတော့ပြီလားစတဲ့ လားပေါင်းများစွာနဲ့အတူ တွေးနေမိပါတော့တယ်။

တစ်ခါကလဲ ဒကာကြီးတစ်ယောက်အား "နေကောင်းပါရဲ့ဒကာကြီး" လို့ မေးရာဒကာကြီးက "အရှင်ဘုရားနှယ်…နေကောင်းလို့ကျောင်းရောက်လာတာပေါ့" လို့ တုံ့ပြန်စကားပြောလာပါတယ်။ 'နေကောင်းပါတယ်'လို့ ပြန်ဖြေရမှာ ဝန်လေးနေပုံရပါတယ်။စာရေးသူငယ်စဉ်က အမျိုးသမီးတစ်ယောက်အား 'ဒေါ်…..ဘယ်ကလာသလဲ' လို့ နှုတ်ဆက်လိုက်ရာ ထိုအမျိုးသမီးကား စိတ်ဆိုးစွာဖြင့် စာရေးသူ

အား ညစ်ညမ်းတဲ့စကားနဲ့ ပြန်လည်ပြောဆိုလိုက်တာကို ခံခဲ့ရဖူးပါတယ်။ နှုတ်ဆက်ကြတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးမှုကို အခြေခံပြီး နှုတ်ဆက်ကြတာဖြစ်တဲ့အတွက် နားလည်မှုယူကာ တစ်ယောက်ရဲ့အသိအမှတ်ပြုမှုကို တစ်ယောက်က လက်ခံရမှာဖြစ်ပါတယ်။ မှန်ကန်သင့်လျော်တဲ့နှလုံးသွင်းမှုရှိမယ်ဆိုရင် သဘောထားကွဲလွဲမှုများဖြစ်လာနိုင်စရာ အကြောင်းမရှိပါ။

ဒါကြောင့်လဲ ဘုရားရှင်က ယောနိသောမနသိကာရသင့်တင့်လျော်ကန်စွာ နှလုံးသွင်းရမယ်ဆိုတာ ဟောခဲ့တာဖြစ်မှာပါ။ တကယ်တော့နှုတ်ဆက်ကြတယ်ဆိုတာ...

မြန်မာလေ့မှာ အလွန်နှစ်လိုဖွယ်ကောင်းတဲ့ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါတယ်။ အခြားလူမျိုးများလဲ ထိုနည်းတူပါပဲ၊နှုတ်ဆက်တာဟာ လူမျိုးတိုင်းရဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။

သက်တော်ထင်ရှား ဘုရားရှင်လက်ထက်တော်အခါက သီတင်းဝါလကျွတ်တဲ့အခါ မြတ်စွာဘုရားကို လာရောက်ဖူးမျှော်ကြတဲ့ရဟန်းတော်များအား "ချစ်သားတို့..ဆွမ်းမျှတပါရဲ့လား၊ကျန်းခံ့သာလို့မာပါရဲ့လား၊သပ္ပါယမျှတပါရဲ့လား" လို့ ဘုရားရှင် နှုတ်ဆက်စကားမိန့်ကြားတော်မူနေကျဖြစ်ပါတယ်။ နှုတ်ဆက်စကားကို မြတ်စွာဘုရားတောင်မှမပယ်ရှားဘဲ ကျင့်သုံးခဲ့ကြပါတယ်။ နှုတ်ဆက်စကားဆိုခြင်း၊ပဋိသန္ထာရစကားပြောဆိုခြင်းစတာတွေဟာ ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ မေတ္တာထားကာ ပြောဆိုဆက်ဆံခဲ့ကြပါတယ်။ ဒါကြောင့်အချင်းချင်းပြောဆိုတဲ့အခါမှာလဲ "ယဉ်ကျေးမှုအရ ပြောဆိုနှုတ်ဆက်တာပဲလေ" လို့ မှန်ကန်တဲ့အတွေးအမြင် ရှိကြဖို့လိုပါတယ်။ အဲဒီတုန်းက ဆရာတော်နဲ့စာရေးသူတို့ရဲ့ စိတ်နေစိတ်ထားဟာ မှန်ကန်တဲ့စိတ်ထား

မဟုတ်တာကို တွေ့ရပါတယ်။ စာရေးသူတို့ ဖြစ်ပျက်တွေ့ကြုံခဲ့ရသလို လူအတော်များများလဲ ဖြစ်တတ်ကြပါတယ်။ဒါကို သတိပြုမိကြစေဖို့ပါ။

တစ်ခါက စာရေးသူဟာ ထင်ရှားတဲ့ကမ္မဋ္ဌာန်းဆရာတော်တစ်ပါးကို ''နေကောင်းပါရဲ့လား'' လို့ နှုတ်ဆက်ခဲ့ဖူးပါတယ်။ ထိုဆရာတော်က ''အရှင်ဘုရား...လူဆိုတာ ခန္ဓာရှိရင် အမြဲတမ်းအနာရောဂါနဲ့ ဆက်ဆံနေကြရတာပါ။ ဘယ်မှာနေကောင်းတယ်ပြယ်လို့ ရှိပါ့မလဲ၊အရှင်ဘုရားမေးစရာမလိုပါဘူး'' လို့ မမျှော်လင့်ဘဲ တုံ့ပြန်ပြောလိုက်တဲ့အသံကြောင့် ''ငါမေးလိုက်တာ မှားများသွားပြီလား၊ သူ့အတွက်အခက်တွေ့သွားစေလား''ဆိုတာ ပြန်တွေးနေရပြန်တာပေါ့။

တကယ်တော့ စာရေးသူမေးလိုက်တဲ့စကားဟာ မမှားတဲ့အပြင် ရင်းနှီးမှုနဲ့နှုတ်ဆက်လိုက်တဲ့စကားဖြစ်ပါတယ်။ ဒါပေမဲ့ ထိုဆရာတော်က ဘာအကြောင်းကြောင့် ဒီလိုစကားမျိုးနဲ့ တုံ့ပြန်ရပါသလဲဆိုတာ မတွေးတတ်တော့ပါ။ ဒီလိုဆိုရင် မြတ်ဘုရားရဲ့ နှုတ်ဆက်ရာမှာ ပြောဆိုတဲ့ အလေ့အထကို ဆန့်ကျင်ရာရောက်နေတော့တာပဲပေါ့။

သူပြောဆိုလိုက်တဲ့အသုံးအနှုန်းဟာ ဒီလိုနေရာမျိုးမှာ မသုံးနှုန်းသင့်ဘူး လို့ ထင်မြင်ယူဆမိပါတယ်။ပြောဆိုရမဲ့နေရာ မှားနေပါတယ်။ တကယ်တမ်း ဒီစကားမျိုးကို ပြောဆိုရမဲ့နေရာက တရားဟောတဲ့အခါမှာဖြစ်စေ၊တရားဆွေးနွေးတဲ့အခါများမှာ ဖြစ်တယ်။ ဒီစကားမျိုးနှုတ်ဆက်တဲ့နေရာမှာ မပြောသင့်ပါဘူး။

တစ်ဖန် တရားစကားပြောတယ်ထားဦးတော့ ဒေါသသံပါနေတဲ့အတွက် နှုတ်က တရားအကြောင်းပြောနေသော်လဲ စိတ်ထဲမှာတော့

မတရားဖြစ်နေတာ ပေါ်လွင်လှပါတယ်။ဒါကြောင့် သူ့ရဲ့အဆင့်အတန်း အနိမ့်အမြင့်ကို သူကိုယ်တိုင်ပဲ ခွဲခြားနေပြီလို့ ယူဆမိပါတယ်။အခြေ အနေမှန်ကို သင့်တင့်လျော်ကန်စွာ နှလုံးသွင်းပြီး နားလည်ပေးနိုင် မယ်ဆိုပါက အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်လာနိုင်စရာအကြောင်းမရှိပါ။ တကယ်လို့ ဖြစ်ပေါ်လာခဲ့မယ်ဆိုရင်"ငါ့အားတရားဟောနေတာပါ လား"လို့ ဆင်ခြင်ကာ တရားနာလိုက်ရုံသာ ရှိပါတော့တယ်။

မှန်ပါတယ်…မိမိပတ်ဝန်းကျင်မှာ ရှိရှိသမျှအကြောင်းအရာများဟာ မိမိကို တရားဟောနေသယောင်ပါပဲလား။ အလျဉ်းသင့်တုန်းဖေါ်ပြ လိုပါသေးတယ်။စာရေးသူ ရဟန်းဖြစ်ခါစ တစ်ဝါရတဲ့အချိန်မှာ အသုဘတစ်ခုကို လိုက်ပို့စရာရှိတာနဲ့ဘုန်းကြီးများနဲ့အတူ သုသာန် ကို လိုက်ခဲ့ပါတယ်။သုသာန်ကို ရောက်တဲ့အခါ ဆရာတော်တစ်ပါးက သီလပေး၊ တရားဟော၊ရေစက်ချ ချီးမြှင့်ခဲ့ပါတယ်။ ထိုအခိုက် အသုဘ အခေါင်း ကို ကြည့်ပြီး"ဒီအလောင်းကောင်လို ငါလဲ တစ်နေ့ သေရဦး မှာ"လို့တွေးမိပါတယ်။ ဒါကိုတွေးပြီး မိမိလည်း အခုပဲ သေရ တော့မဲ့အတိုင်း စိတ်ထဲထင်မြင်နေမိပါတယ်။ ဒီစိတ်ကို ဘယ်လို မှ ဖျောက်ဖျက်လို့မရ၊ တဖြေးဖြေးနဲ့ နေမြင့်လေ အရှုးရင့်လေ ဆိုတာ လိုပဲ ဒီအာရုံကြီးက ရုပ်ရှင်ကြည့်သလို ထင်လင်းကြီး မြင်မြဲမြင်နေ ပါတော့တယ်။ ဘယ်လိုမှ နေထိုင်မရ၊ နေစရာနေရာလဲ ကျဉ်းမြောင်း လာတယ်လို့ ခံစားရတယ်။ အခုအချိန်ဟာ ငါ့အတွက် အလွန်အရေး ကြီးနေပြီ၊ သူများတွေလို အေးအေးဆေးဆေး နေလို့မရ လို့လဲ တွေး နေမိပါတယ်

ထိုအခြေအနေမှ ကျော်လွှားနိုင်ဖို့ ကျမ်းဂန်တတ်တဲ့ဆရာ တော်တစ်ပါးထံသွားပြီး" ဆရာတော်ဘုရား…သေခါနီးအချိန်ရောက် တဲ့အခါ ဘယ်လိုအခြေအနေဖြစ်ပြီး ဘဝကို ကူးပြောင်းကြပါသလဲ

ဘုရား” လို့ မေးလျှောက်ပါတယ်။ ဆရာတော်က အဘိဓမ္မာမှာလာတဲ့ ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်အကြောင်းကို စိတ်လက်ရှည်စွာ ရှင်းပြပါတယ်။ ဒီအတွက် အနည်းငယ်စိတ်သက်သာရခဲ့ပါတယ်။

ဒီလို သေတော့မယ်လို့ စိတ်ထဲမှတ်ထင်နေတာဟာ အသုဘရှုနေခိုက် အသုဘက ဟောလိုက်တဲ့တရားကို နာလိုက်ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ စာရေးသူမှတစ်ပါး ကျန်တဲ့ရဟန်းရှင်လူများကလဲ အသုဘကဟောတဲ့တရားကို နာခဲ့ရပါမှ စာရေးသူလိုပဲ ဖြစ်မှာပါပဲ။ အော် လူတွေဟာ အသုဘမြင်တိုင်း အသုဘကဟောတဲ့တရားကို နာခဲ့ရပါမူ ကောင်းလေစွ·······။

လောကမှာ ရဟန်းဖြစ်စေ၊လူဖြစ်စေ သံဝေဂဉာဏ် များများရလေလေ သံဝေဂနဲ့ယှဉ်တဲ့ကုသိုလ်တရား များများရလေလေပါပဲ။ သံဝေဂတရားကြောင့် အရင်က မပြုလုပ်ခဲ့ဘူးသေးတဲ့ကုသိုလ်၊ ပြုလုပ်ခဲ့ဖူးတဲ့ကုသိုလ်များကို ဂရုစိုက်ပြုလုပ်လာကြမှာပါ။

အထက်က ဒေါသသံပါတဲ့တုံ့ပြန်မှုနဲ့ပတ်သက်ပြီး ပြန်ပြောကြပါစို့။ ပဋိသန္ဓာရစကားဟာ တရားနဲ့ယှဉ်တဲ့စကားဖြစ်သော်လည်း ဒေါသအငွေ့အသက်များ ဖြစ်ပေါ်လာရခြင်းဟာ ဘာ့ကြောင့်ပါလဲ။ ထိုအချိန်က စိတ်အလိုမကျဖြစ်နေလို့လား လို့တွေးမိတယ်။ မဖြစ်နိုင်ပါ၊ ဘာ့ကြောင့်ဆိုရင် ခုနင်က ထိုဆရာတော်ဟာ တစ်ခြားရဟန်းများနဲ့ အတူ ပြုံးရွှင်စွာနဲ့ စကားဝိုင်းဖွဲ့ကာ ပြောနေသေးသောကြောင့် ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်စေ ထိုဆရာတော်ထံက တရားတစ်ပုဒ်ကို ကောင်းစွာနာကြားလိုက်ရတဲ့အတွက် ထိုဆရာတော်အား အပြစ်မတင်တဲ့အပြင် ကျေးဇူးတောင်တင်ရအုံးမှာပါ။ ပတ်ဝန်းကျင်တစ်ခွင်မှာ သတိထားမိမယ်ဆိုရင် အသက်ရှိ/အသက်မဲ့အရာများက မိမိအား

တရားဟောနေတာကို မြင်ရပါလိမ့်မယ်။ဒါကြောင့် စာရေးသူတို့ အပါအဝင် လောကလူသားအားလုံး ပတ်ဝန်းကျင်ကဟောတဲ့တရားကို နာယူတတ်ဖို့ ကြိုးစားကြရပါမယ်။

ထိုဆရာတော်သန္တာန်မှာဖြစ်နေတဲ့စိတ်နေစိတ်ထားမျိုးလို ငါ့သန္တာန်မှာသာမက ပုထုဇဥ်လူသားတိုင်းမှာ မကင်းနိုင်ကြ။ တကယ်လို့ သူဖြစ်သလို ငါ့သန္တာန်မှာလဲ ဖြစ်ပေါ်လာခဲ့ရင် ဒေါသစတဲ့ထိုတရားများကို နှိမ်နင်းနိုင်ဖို့အတွက် အလေ့အကျင့် များစွာပြုလုပ်ရမှာပါ။ ဒီလိုပါပဲ ခက်ထန်ကြမ်းတမ်းတဲ့ဒေါသသာမက ဒေါသနဲ့ဆွေမျိုးတော်စပ်တဲ့ ပူပန်မှုနှလုံးမသာယာမှု၊စိတ်ဆင်းရဲမှု၊ အလိုမကျမှု၊ စိတ်ဆိုးမှု၊ အငြိုးမပြေ တေးမှတ်ထားမှုစတဲ့တရားများဟာ ပုထုဇဥ်လူသားတို့ သန္တာန်မှာ အကြောင်းညီညွတ်ရင် ဖြစ်တတ်ကြစမြဲပါ။ ထိုကိလေသာများဟာ အပါယ်ကို တွန်းချစေနိုင်တဲ့တရားများဖြစ်တဲ့အတွက် ဖြစ်လာပါက သတိ၊သမာဓိ၊ပညာနဲ့ ထိန်းချုပ်(control)ကြရမှာ ဖြစ်တယ်။

ဆိုရေးရှိကဆိုအပ်စွ ဆိုတာလို တစ်ခါက စွန်းလွန်းဆရာတော်ကြီးဟာ ကိစ္စတစ်ခုနဲ့ရွာထဲကနေ ပြန်ကြွလာခဲ့ပါတယ်။ လမ်းခုလပ်မှာ အမျိုးသမီးငယ်နှစ်ဦး ဒေါသမာန်ဟုန်ပြင်းစွာ ကိုက်တော့မယ့်ခွေးနှစ်ကောင်ပမာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်နေကြပါတယ်။ ဆရာတော်က နောက်ကပါလာတဲ့ကပ္ပိယအား "ဒကာ…ဟောဟိုမှာတွေ့လား…ဒကာမနှစ်ယောက် တရားဟောနေကြတာလေ သူတို့ကို ငှက်ပျောသီး သွားပေးလိုက်" လို့ ပြောတဲ့အခါ ဒကာက ရန်ဖြစ်နေတဲ့အမျိုးသမီးနှစ်ယောက်ဆီကို သွားပြီး "ဆရာတော်က ညည်းတို့ကိုပေးခိုင်းလိုက်တာ"လို့ပြောပြီး ငှက်ပျောသီးကို ပေးလိုက်ရာ ရန်ဖြစ်

နေတဲ့ အမျိုးသမီးလေးနှစ်ဦး အသံတွေ တိတ်ကုန်ပါသတဲ့။

ထိုကြောင့် မိမိပတ်ဝန်းကျင်မှာ တွေ့ကြုံရသမျှ အကြောင်းအရာများဟာ မယူတတ်က မတရားဖြစ်ပြီး အကုသိုလ် ဖြစ်တတ်ပေမဲ့ ယူတတ်ကတရားဖြစ်ပြီးကုသိုလ်တရားများ ဖြစ်တတ်တယ်ဆိုတာပြောရင်း............။



# လူတိုင်းချမ်းသာချင်ရင် ဘယ်လိုလုပ်မလဲ

တစ်နေ့ ဆင်းရဲနွမ်းပါးတဲ့အမျိုးသမီးတစ်ဦး ရင်ခွင်ထဲကလေးတစ်ယောက်နဲ့အတူ စာရေးသူထံရောက်လာပါတယ်။ စားဖို့သောက်ဖို့မရှိကြောင်း ပြောလာတဲ့အတွက် ထုံးစံအတိုင်း အသနားပိုကာငွေကြေးအထောက်အပံ့ပေးလိုက်ပါတယ်။ ဒါကိုတွေးပြီး ဓမ္မာစရိယဦးငွေလှိုင်ရေးသားတဲ့ဓမ္မဒူတစာအုပ်ထဲက ဆင်းရဲနွမ်းပါးတဲ့အမျိုးသမီးတစ်ယောက်အကြောင်း သတိရမိပါတယ်။ အခုဘဝအလွန်ဆင်းရဲပေမဲ့ တကယ်ယုံကြည်ပြီး တကယ်လုပ်လိုက်တဲ့အတွက် နောက်ဘဝချမ်းသာသွားရတဲ့အကြောင်းလေးပါ။(နောင်အလျင်းသင့်ကဖော်ပြပေးပါ့မယ်)

လူသားတိုင်းဟာ ချမ်းသာကို ပိုင်ဆိုင်ချင်ကြတယ်။ ခံစားချင်ကြတယ်။ ဆင်းရဲတာကို ဘယ်သူမှ မလိုချင်ကြ၊ မရင်ဆိုင်ချင်ကြ၊ လောကမှာ ချမ်းသာတဲ့သူများ၊ သူဌေးစာရင်းဝင်တဲ့ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ဆယ်ယောက်ကို လေ့လာကြည့်ပါ။ သူတို့ရဲ့ချမ်းသာမှုဟာပစ္စည်းဥစ္စာကိုအခြေခံပြီး ချမ်းသာကြပါတယ်။ ဒီလိုပစ္စည်းဥစ္စာပေါ ရုံနဲ့ချမ်းသာသွားပြီလား၊ ကမ္ဘာ့အချမ်းသာဆုံးစာရင်းထဲရှိပေမဲ့ တကယ်ချမ်းသာရဲ့လားဆိုတာကို လေ့လာသုံးသပ်ကြည့်ဖို့ပါ။ ဒီလိုပါပဲ စာဖတ်သူများလဲ "ငါဟာတကယ်ချမ်းသာတဲ့သူတစ်ယောက်ဖြစ်ပြီလား" ဆိုတာကို မိမိကိုယ်ကို မိမိလေ့လာကြည့်ရမယ်။ ဒါမှလဲ ဘဝရဲ့အဖြူအမဲ ကွဲပြားစွာ သိလာကြမှာပါ။ ကံကောင်းလို့ လူဖြစ်လာရပေမဲ့ အဖြူ-အမဲ မှန်းမသိပါက ဘဝအတွက်ရင်နာစရာကောင်းလှပါတယ်။

လောကမှာ ပစ္စည်းရှိပြီးချမ်းသာတာနဲ့ ပစ္စည်းမရှိဘဲချမ်းသာတာ နှစ်မျိုးရှိတယ်။ ဒီနှစ်မျိုးအနက် ပစ္စည်းရှိပြီးချမ်းသာတာဟာ

တကယ့် ချမ်းသာမဟုတ်၊ စိတ်ချမ်းသာမှ ချမ်းသာတယ်လို့ခေါ်ပါတယ်။

တစ်ခါ ဒီချမ်းသာကိုပဲ ဆက်လက်လေ့လာကြည့်ရပါမယ်။ ဘာ့ကြောင့်ချမ်းသာသလဲပေါ့။ လိုချင်တာရတဲ့အခါ ဝမ်းပမ်းတသာဖြစ်နေတာဟာ စိတ်ချမ်းသာတာပါပဲ။ တကယ်လို့ လိုချင်တာမရဘူးဆိုရင် နှလုံးမသာဖြစ်တယ်။ ဒါဆိုရင် ဒီချမ်းသာဟာ တဒင်္ဂချမ်းသာပဲဖြစ်မှာပါ။ ဒါဟာ စစ်မှန်တဲ့ချမ်းသာမှု မဟုတ်နိုင်ပါဘူး။ လူနတ်များဟာ လိုချင်တာရရင်ဝမ်းသာတယ်၊ လိုချင်တာမရရင် နှလုံးမသာဖြစ်ကြတယ်။ ဒီလိုဝမ်းသာတာ၊ နှလုံးမသာဆိုတာတွေဟာ တကယ်တော့ ကိလေသာတွေပါ။ ကိလေသာများ ဖြစ်ပေါ်ရင် အေးငြိမ်းမှုမရှိတော့။ ကိလေသာအရောင်ဆိုးထားတဲ့အတွက် စိတ်ဟာ ရှုပ်ထွေးနေတယ်။ ဒါဆိုရင် ချမ်းသာတယ်လို့ အမည်တတ်လို့မရတော့ပါ။ဒါကြောင့်ကမ္ဘာ့အချမ်းသာဆုံးလို့ သမုတ်ခံထားရသော်လည်း လိုချင်မှု၊နှလုံးမသာယာမှုစတဲ့ ကိလေသာအရောင်ဆိုးထားတဲ့အတွက် ကမ္ဘာ့အဆင်းရဲဆုံးလူသား လို့ နာမည်တတ်ရပါမယ်။

လူအများ ချမ်းသာချင်ကြတယ်ဆိုရင် ကျင့်သုံးရမဲ့တရားများရှိတယ် ဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး···

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က နတ်တို့အရှင်သိကြားမင်းဟာ သူ့ကိုယ်သူသိကြားမင်းအဖြစ်မှ စုတေရတော့မှာကိုကြိုတင်သိလိုက်ပါတယ်။ သိကြားမင်းနည်းတူ တန်ခိုးကြီးတဲ့နတ်များလဲ စုတေတာကို ကြိုတင်သိနိုင်တယ်။ အချို့မသိနိုင်တဲ့နတ်များလဲရှိတယ်ဆိုတာ မှတ်ယူထားရပါမယ်။

နတ်များစုတေခါနီး ကြိုတင်သိနိုင်တဲ့အရာငါးမျိုး ရှိပါတယ်။ ဒါကိုပဲ နတ်တို့ရဲ့ ပုဗ္ဗနိမိတ်ငါးမျိုး လို့ခေါ်ပါတယ်။

(၁)။ ။နတ်တို့ခန္ဓာကိုယ်မှာ တန်ဆာဆင်ထားတဲ့နတ်ပန်းများ ညှိုးနွမ်းလာတယ်။ ဒီအတိုင်းဆိုရင် နတ်ပန်းများဟာ ညှိုးနွမ်းခြင်းမရှိပေမဲ့ နတ်တို့စုတေခါနီးမှာ သူ့အလိုလိုညှိုးနွမ်းသွားပါတယ်။
(၂)။ ။နတ်များဝတ်ဆင်ထားတဲ့အဝတ်(နတ်ဝတ်တန်ဆာ)ဟာ စုတေခါနီးမှာ အလိုလိုညှိုးနွမ်းလာပါတယ်။
(၃)။ ။လက်ကတီး(ဂျိုင်း)ကြားက မထွက်စဖူး၊ ချွေးတွေထွက်လာပါတယ်။
(၄)။ ။နတ်ပြည်မှာ ဩပါပတ်ပဋိသန္ဓေနေကတည်းက နတ်တို့ရဲ့ခန္ဓာကိုယ်ဟာ ဘယ်အချိန်ပဲကြည့်ကြည့် တစ်ဆယ့်ခြောက်နှစ်အရွယ်မှာပဲရှိပါတယ်။နတ်ပြည်မှာ အိုမင်းလို့ အရွယ်ကျသွားတဲ့နတ်မရှိပါဘူး၊ ဒါပေမဲ့ နတ်တို့စုတေခါနီးကျတော့ တဖြည်းဖြည်းအိုမင်းရင့်ရော်လာတယ်။ အိုမင်းတဲ့လူတစ်ယောက်လိုဖြစ်လာတယ်။
(၅)။ ။နတ်ပြည်မှာ ပျော်ရွှင်စရာများတဲ့အတွက် ဘယ်အခါမှ ပျင်းရိတယ်လို့ မရှိပါဘူး။ စုတေခါနီးပြီဆိုရင် အလိုလိုနေရင်းကနေ ပျင်းရိငြီးငွေ့လာတယ်။နတ်ပြည်မှာ မပျော်ပိုက်သလို ခံစားလာရပါတယ်။

ဒါဟာ နတ်တို့ရဲ့စုတေခါနီးကြိုတင်သိတဲ့ ပုဗ္ဗနိမိတ်ငါးမျိုးဖြစ်ပါတယ်။ဒီလို နိမိတ်ငါးမျိုး ဖြစ်ပေါ်ပြီးနောက် ခုနှစ်ရက်မြောက်နေ့ရောက်ရင် နတ်များ စုတေကြရတယ်။

အခုလဲ သိကြားမင်းက သူစုတေတော့မယ်ဆိုတာကြိုတင်သိနေတယ်။ သိကြားမင်းက "ငါရဲ့စည်းစိမ်တွေ စွန့်ရတော့မယ်၊နောက်သိကြားမင်းတစ်ဦးက ငါ့နေရာကို ရောက်လာတော့မယ်"ဆိုပြီး ကိုယ့်နေရာ တစ်ပါးသူယူသွားမှာ စိုးရိမ်နေပါတယ်။

နောက်တစ်ချက်က ကိုယ်ကလွဲပြီး တစ်ခြားဘယ်သူ့ကိုမှ

သိကြားမင်း မဖြစ်စေချင်ဘူး၊ သူတစ်ယောက်ပဲ သိကြားမင်းနေရာကို ပိုင်ဆိုင်ချင်တယ်။ သူဟာ သိကြားမင်းအဖြစ်ကို စွန့်လွှတ်ရမှာစိုးတဲ့ အတွက် ပူပန်ပြီး စိတ်နှလုံးပူပန် ဆင်းရဲနေပါတယ်။

သိကြားမင်းက "ငါရဲ့နေရာကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ ဒါပေမဲ့ ငါသေရတော့မယ်။ ငါဘယ်လိုလုပ်ရမလဲ၊ငါ့ရဲ့စိတ်နှလုံးပူပန်မှုတွေကို ဘယ်သူဖြေရှင်းပေးနိုင်မလဲ၊ငါ့ရဲ့သောကအပူတွေကို မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှ ကယ်နိုင်မှာမဟုတ်ဘူး။ ဘုရားရှင်ထံ အခုပဲသွားမယ်" လို့တွေးကာ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီ နတ်တို့အာနုဘော်နဲ့ တာဝတိံသာမှ လူ့ပြည်ရှိ မြတ်စွာဘုရားထံတော်ကို ရောက်လာပါတယ်။

ထိုအခါသိကြားမင်းက "မြတ်စွာဘုရား…လူနတ်တို့ဟာ ဘေးရန်ကင်းကွာ ချမ်းချမ်းသာသာ နေလိုကြပါတယ်ဘုရား၊ဒါပေမဲ့ လူနတ်များဟာ ဘေးဒုက္ခများနဲ့ ကြုံတွေ့ကာ ဆင်းရဲနေကြရပါတယ် ဘုရား၊ ထိုဆင်းရဲတွေကင်းပျောက် ချမ်းသာရောက်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ လမ်းညွှန်ပြတော်မူပါဘုရား" လို့လျှောက်ပါတယ်။

ဘုရားရှင်က "အသင်သိကြားမင်း‥လူနတ်များဟာ ဘေးဒုက္ခ များနဲ့တွေ့ကြုံရပြီး ဆင်းရဲရတယ်ဆိုတာ တစ်ခြားကြောင့်မဟုတ်၊ သူတစ်ပါးကောင်းစားနေတာကို မနာလိုတဲ့ဣဿာ၊ ကိုယ်ပိုင်ဆိုင်တဲ့ အရာတွေကို သူတစ်ပါးကို ပေးရမှာ နမြောတွန့်တိုတဲ့ မစ္ဆရိယ တရား တွေကြောင့်ဖြစ်တယ်" စတဲ့တရားတော်များ ဟောကြားတော်မူတယ်။ သိကြားမင်းကလဲ ခန္ဓာဉာဏ်စိုက်တရားရှုမှတ်နေပါတယ်။ တရားဒေ သနာအဆုံးတဲ့အခါ သိကြားမင်းဟာ သောတာပတ္တိမဂ်ဖိုလ်မျက်မှောက် ပြုကာ သောတာပန်တည်ခဲ့ပါတယ်။

အရိယာဖြစ်ခါစ သိကြားမင်းဟာ တရားမနာမီအချိန်က ဖြစ်ပေါ်ခဲ့တဲ့ ဣဿာ၊မစ္ဆရိယတရားများကို ပယ်သတ်ခဲ့နိုင်ခဲ့တဲ့အတွက် ချမ်းသာသုခရရှိသွားပါတယ်။(ဒါကိုထောက်ပြီး သောတာပန်များမှာ ဣဿာ၊မစ္ဆရိယတရားကို ပယ်ပြီးဖြစ်တယ်ဆိုတာ သိထားရမယ်)

သိကြားမင်းဟာ သောတာပန်ဖြစ်ပြီးနောက် နေရာတွင်ပဲ စုတေပြီး၊ချက်ခြင်း သိကြားမင်းဘဝကို အသစ်တစ်ဖန်ပြန်လည်ရရှိခဲ့ပါတယ်။ ထိုဖြစ်ရပ်ကို ဘုရားရှင်နဲ့သိကြားမင်းတို့သာသိလိုက်ပါတယ်။ အချုပ်ဆိုရရင် စာချစ်သူများ တကယ်ချမ်းသာချင်ကြတယ်ဆိုရင် လူတွေကို ဆင်းရဲစေတတ်တဲ့ဣဿာ၊ မစ္ဆရိယတရားကိုပယ်သတ်နိုင်အောင် ကြိုးစားကြရပါမယ်။ဒီအတွက် ဝိပဿနာဘာဝနာမှတစ်ပါး အခြားနည်းလမ်းမရှိတော့ကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။



# မြတ်သောသေခြင်းဖြစ်ပါစေ

တစ်ခါက စာရေးသူတို့ရိပ်သာကို အသက်လေးဆယ်အရွယ် လောက်ရှိတဲ့ အမျိုးသမီးတစ်ဦးရောက်ရှိလာပါတယ်။ သူမနာမည်က မမေသင်း လို့ခေါ်ပါတယ်။ တရားစခန်းဝင်ချင်လို့ ပြောလာတဲ့အတွက် ဝင်ခွင့်ပေးလိုက်ပါတယ်။

ဒီလိုနဲ့တရားစခန်းအတွင်းမှာ သူမဟာ စွဲကပ်နေတဲ့ကင်ဆာ ရောဂါရဲ့နှိပ်စက်မှုဒါဏ်ကြောင့် သတိလွတ်ပြီး အော်ဟစ်ညည်းငြူနေ ပါတယ်။နာကျင်ပူလောင်လှတဲ့ဝေဒနာကို အလူးအလဲခံခဲ့ရပါတယ်။ ရောဂါနှိပ်စက်မှုဒါဏ်ကြောင့် ညဥ့်တစ်ညလုံး လုံးဝမအိပ်နိုင်ခဲ့ပါ။ ဒီလိုနဲ့ပဲ တရားအားထုတ်လာတာ (၁၀)ရက်စခန်းပြီးဆုံးသွားတယ်။ သူမကအိမ်ပြန်ဖို့အတွက် လာရောက်ကန်တော့ပါတယ်။စာရေးသူက ဒုတိယအကြိမ်တရားစခန်းပြန်ဝင်ဖို့အကြောင်း သူမအား အားပေးတိုက် တွန်းစကားပြောပါတယ်။ သူမလဲ ဒုတိယအကြိမ်တရားစခန်းပြန်ဝင် နိုင်ခဲ့ပါတယ်။ ဒီတစ်ခါတော့ အရင်လိုမဟုတ်တော့၊ ရောဂါဒါဏ်ကို အနည်းငယ် ခံနိုင်ရည်ရှိလာပြီး တရားရှုမှတ်ရတာလဲ ပိုပြီးအဆင်ပြေမှု ရှိလာပါတယ်။ အာရုံအပေါ်စွဲမြဲစွာရှုမှတ်နိုင်လာတဲ့အတွက် စိတ်တည် ငြိမ်မှု အထိုက်လျောက်ရလာတာနဲ့အမျှ စိတ်သက်သာရာလဲ အတော် လေး ရရှိခဲ့ပါတယ်။ အရင်က အနာရောဂါနဲ့ပတ်သက်ပြီး အမျိုးစုံ တွေးခဲ့တယ်။ အခုတော့ စိတ်တည်ငြိမ်မှု အတော်အတန်ရရှိခဲ့တဲ့အတွက် 'တရားမှတစ်ပါး ကိုးကွယ်အားထားရာမရှိ' ဆိုပြီး အရင်ကထက် တရား အပေါ်မှာ ယုံကြည်မှု ပိုမိုများပြားလာခဲ့ပါတယ်။

ဒါကြောင့်လဲ ယုံကြည်မှုနဲ့အတူ တတိယအကြိမ်မြောက်

တရားစခန်းကို ဝင်နိုင်ခဲ့ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ သူမဟာ ရောဂါကိုတွေးပြီး စိတ်လှုပ်ရှားမှုလဲမဖြစ်တော့၊တည်ငြိမ်မှုများရရှိလာခဲ့ပါတယ်။

သူမက ''အရှင်ဘုရား…တပည့်တော်မှာ ခံစားနေရတဲ့ ကင်ဆာရောဂါ အတော်ကိုသက်သာသွားပါပြီဘုရား၊တပည့်တော် ဒီရောဂါကို ရန်ကုန်မှာ သွားရောက်ကုသခဲ့ပါတယ်။ ဆရာဝန်က မရတော့ဘူးဆိုတဲ့အတွက် တပည့်တော်စိတ်ဓါတ်တွေကျပြီး မြိတ်ကို ပြန်ခဲ့ပါတယ်ဘုရား။ အခုတော့တပည့်တော် ရောဂါမပျောက်သေးပေမဲ့ အလွန်သက်သာနေပါပြီဘုရား။ တရားစခန်းဝင်ခါစတုန်းက တစ်ညလုံးပေါက် အော်ဟစ်ခဲ့ရပါတယ်။ အခုတော့ ရောဂါမခံစားရတော့ တရားကို အများကြီးရှုမှတ်နိုင်လာပါပြီဘုရား။ ဆက်ပီးတော့ ကြိုးစားအားထုတ်သွားမယ်လို့ တပည့်တော် ဆုံးဖြတ်ထားပါတယ်ဘုရား။ အရင်တုန်းက သေခြင်းတရားကြီးနဲ့ရင်ဆိုင်ဖို့အတွက် အလွန်ကြောက်လန့်မိပေမဲ့ အခုတော့ သေဖို့မကြောက်တော့ပါဘူးဘုရား၊တပည့်တော် သေမယ်ဆိုတာတောင်မှ သေပျော်ပါပြီဘုရား'' လို့စာရေးသူအား ဝမ်းသာအားရ လျှောက်ထားလာပါတယ်။ ထိုစကားကြားရတော့ သူမ အတွက် အလွန်ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရပါတယ်။

တစ်နေ့ ကင်ဆာရောဂါရှင်အမျိုးသမီးက ''အရှင်ဘုရား‥ တပည့်တော် ရောဂါလဲ အတော်ကောင်းနေပါပြီဘုရား၊ တပည့်တော် အိမ်ကို ခဏပြန်ချင်ပါသေးတယ်၊တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား'' လို့ လာလျှောက်တော့ စာရေးသူက ''အိမ်ပြန်မယ်ဆိုလဲ ခေတ္တခဏလောက်ပဲ ပြန်ပါ၊ ရပ်ကွက်လူနေအိမ်ကြားထဲနေရတာဆိုတော့ ချက်ပြုတ်ကြော်လှော်တဲ့အညှော်နံ့များ ရှူရှိုက်မိရင် ရောဂါပြန်ကြွနိုင်တယ်နော်၊ဒီတစ်ခါ ရောဂါပြန်ကြွရင် မလွယ်တော့ဘူး၊ အကြာကြီး

မနေနဲ့၊ တစ်ရက်၊နှစ်ရက်နေပြီး ပြန်လာခဲ့''ဆိုပြီး ပြောသာပြောလိုက်ရတယ်၊ စိတ်ထဲသိပ်အားမရလှ၊ လူဆိုတာဟာ တစ်ခုခုဘေးဒုက္ခကြုံမှ ဘုန်းကြီးကျောင်းကို သတိရတတ်ပါတယ်။ သက်သာရာရပြီဆိုရင် အိမ်ကို ပြန်သတိရတတ်တာဟာ ပုထုဇဉ်တို့ရဲ့သဘာဝပါပဲ။

မမေသင်းဟာ အခုအခါ ရောဂါအတွက် ဆေးလဲမစားရတော့၊ ရောဂါအလွန်သက်သာတဲ့အနေအထားရှိနေပြီမို့ အိမ်ကို ပြန်သတိရတာဟာ မဆန်းပါ။ ဒီလိုနဲ့သူမဟာ အိမ်ပြန်သွားခဲ့တယ်။ ဒီလိုနဲ့ မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ပါတယ်။ နှစ်လလောက်ကြာခဲ့ပြီ သူမ မပေါ်လာသေး၊ သူမကျောင်းသို့ မပေါ်လာပုံထောက်ရင် နေကောင်းနေပြီထင်လို့ တွေးပြီး ဝမ်းသာပီတိဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ ဝမ်းသာခွင့်သိပ်မရလိုက်၊ အကြောင်းကား··

တစ်နေ့ နေ့လည်အချိန် အနားယူခိုက်မှာ အသက်အားဖြင့် ၂၅ အရွယ်ရှိ အမျိုးသမီးတစ်ဦးကျောင်းပေါ်သို့ တက်လာကာ''အရှင်ဘုရား···ကျောင်းအောက်မှာ မမေသင်း ရောက်နေပါတယ်ဘုရား··· ဆေးကုမရတော့လို့ ဆေးရုံကနေ အိမ်ကို ပြန်ဆင်းလာပါတယ်ဘုရား အရှင်ဘုရားကို ဖူးချင်ပါသေးတယ်ဆိုလို့ ရောက်လာတာပါ။ အခု ကျောင်းအောက်ထပ်မှာ ရောက်နေပါတယ်ဘုရား''လို့ လျှောက်ထားလာပါတယ်။

စာရေးသူလဲ ကျောင်းအောက်ထပ်ကို ဆင်းခဲ့ပါတယ်။ မမေသင်းဟာ ကားထဲမှာ ပက်လက်အနေအထားနဲ့ မထနိုင်တော့၊ စာရေးသူအား အားကိုးတဲ့မျက်ဝန်းနဲ့ ကြည့်နေပါတော့တယ်။

ဒါနဲ့စာရေးသူက ကိုယ်ရှုမှတ်နေကျ ဝိပဿနာတရားကို ကြိုးစားပြီးရှုမှတ်ရန်နဲ့ တစ်ခြားဘယ်လိုအကြောင်းအရာကိုမျှ မတွေးဘဲ တရားရှုမှတ်မှုနဲ့ အချိန်ကိုကုန်လွန်စေရန် သတိပေးစကားပြောကြား

ခဲ့ပါတယ်။

သတ္တဝါတိုင်းဟာ တစ်နေ့မုချသေရမယ်၊ဘာရောဂါနဲ့သေမယ်ဆိုတာကို လူ၊နတ်၊ဗြဟ္မာ ဘယ်လောက်တန်ခိုးကြီးနေပါစေ မသိနိုင်ပါ။ သေခါနီးအချိန်ရောက်လာရင် သေဘေးကို ကြောက်နေလို့လဲ ထူးလာမှာမဟုတ်ပါ၊ ဒါကြောင့် ပေါ်ရာပေါ်ရာလေးတွေကို သတိထားပြီး ကြိုးစားမှတ်ပါ။ မမေသင်းမှာ တရားအားထုတ်ထားတဲ့ အလေ့အကျင့်တွေ အများကြီးရှိပါတယ်၊ဘာဝနာကုသိုလ်တွေလဲ အများကြီးရှိနေပြီးဖြစ်ကြောင်း၊ တရားရှုမှတ်ရင်းနဲ့သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်နိုင်ပါကြောင်းနဲ့ အားမငယ်ဖို့ရန်လဲ တိုက်တွန်းလိုက်ရပါတယ်။ နောက်တစ်နေ့ မမေသင်းအိမ်သို့ ကြွပေးပါရန် ဒကာတစ်ယောက် လာရောက်ပင့်သဖြင့် သူမရှိရာ အိမ်သို့ လိုက်ခဲ့ပါတယ်။ အိမ်ရောက်တော့…သူမက အိပ်ရာထဲမှာ လက်အုပ်လေးချီပြီး ဝတ်ပြုပါတယ်။ သူမရဲ့အနေအထားကို ကြည့်ရတာဟာ ရောဂါကျွမ်းနေပေမဲ့ မျက်နှာလေးက လန်းနေတာကို ထူးခြားစွာ တွေ့လိုက်ရပါတယ်။

သူမက "အရှင်ဘုရား…တပည့်တော်တစ်ခုလျှောက်ချင်ပါတယ်ဘုရား"

"ပြောပါဒကာမကြီး"

"အရှင်ဘုရား…တပည့်တော်အရှင်ဘုရားကျောင်းကနေပြန်လာတော့ အရှင်ဘုရားကြွလိုက်လာတာကို တွေ့မြင်ရပါတယ်ဘုရား၊ပြီးတော့ အရှင်ဘုရားက တပည့်တော်ကို တရားရှုမှတ်ဖို့ တဖွဖွပြောနေတော့ တပည့်တော်လဲ ငါ့နားမှာ ဆရာတော်ရှိနေပြီပဲ ငါတရားမှတ်မယ်ဆိုပြီး ရှုမှတ်လိုက်တာ အိမ်ကို ရောက်တာတောင် မသိလိုက်ပါဘုရား။ ဒါနဲ့ တရားကိုပဲ ဆက်လက်နှလုံးသွင်းပြီးနေလိုက်ပါတယ်။

ဒါကို တပည့်တော် သေခါနီးပြီဆိုပြီး အနားကလူတွေက ထင်နေကြတာတဲ့ဘုရား၊ တပည့်တော်တရားရှုမှတ်လို့ သတိပြန်ရလာတယ်ဆိုရင်ပဲ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းပြီး လူကောင်းလို ဖြစ်နေပါတော့တယ်ဘုရား၊ အဲဒါလေးကို တပည့်တော်လျှောက်ချင်လို့ အရှင်ဘုရားကို အပင့်ခိုင်းလိုက်ရတာပါဘုရား" လို့ မမေသင်းက သူ့ရဲ့ဖြစ်ပုံကို ဝမ်းသာအားရ ပြောပြပါတယ်။

သူမနောက်ကို မလိုက်သွားခဲ့ပေမဲ့ ဆရာသမားအပေါ်သူမရဲ့ ယုံကြည်တဲ့စိတ်က တရားအားထုတ်ချင်စိတ်တွေဖြစ်အောင် တွန်းအားပေးလိုက်သလို ဖြစ်သွားခဲ့တာပါ။ ဒါဟာ သူမအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဖြစ်ရပ်တစ်ခုဖြစ်သလို စာချစ်သူများလဲ အတုယူသင့်ပါတယ်။

ဒီလိုနဲ့မကြာမီ ရက်အနည်းငယ်အတွင်း မမေသင်းဟာ လက်ရှိဘဝကို အပြီးအတိုင်စွန့်ခွါသွားခဲ့ပါတော့တယ်။ဒါဟာ လူသားတိုင်း မလွဲမသွေ သွားရမဲ့လမ်းပါ။ တွေးကြည့်မိတယ်။ တကယ်လို့ မမေသင်းဟာ အိမ်မပြန်ဘဲ ရိပ်သာမှာပဲ တရားအားထုတ်သွားမယ်ဆိုပါက ဘဝမှာ အသက်ဆုံးတိုင်အောင် အသက်ရှင်နေထိုင်သွားနိုင်မယ်လို့ ယူဆမိပါတယ်။ အခုလိုသေရပေမဲ့လဲ တရားနဲ့သေရတဲ့အတွက် မြတ်သောသေခြင်း လို့ဆိုရမှာပေါ့။ဒီလိုမြတ်သောသေခြင်းမျိုးဖြစ်အောင် စာချစ်သူများ ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြပါစေ·····



# ဝါကျွတ်ပွဲမှမြတ်ဓမ္မ

ငယ်စဉ်က သီတင်းကျွတ်ကာလရောက်တိုင်း လမ်းဘေးဆီမီးတိုင်များမှာ ပျော်ရွှင်စွာ ဆီမီးညှိထွန်းခဲ့ရတဲ့ အတိတ်ပုံရိပ်တွေ တရေးရေး မြင်ယောင်လာမိပါတယ်။ သီတင်းကျွတ်ကာလရောက်လို့ ဆီမီးညှိထွန်းရတာဟာ ငယ်စဉ်ကလဲ ပျော်ခဲ့သလို အခုအသက်အရွယ်ရလာတာနဲ့အမျှ ကြည်နူးမှုပီတိတွေလဲ ထပ်ခါတလဲလဲဖြစ်ခဲ့ရပါတယ်။

မြတ်စွာဘုရားရှင်ဟာ မယ်တော်မိနတ်သား ကို အဘိဓမ္မာ တရားဟောကြားပြီး၊ ဝါကျွတ်တဲ့အခါမှာ တာဝတိံသာ နတ်ပြည်မှ လူ့ပြည် သင်္ကဿနဂိုပြည် သို့ ကြွတော်မူလာခဲ့ပါတယ်။ ဒီအခါမှာ ဘုရားရှင်အား ဆီမီးများဖြင့် ညှိထွန်းပူဇော်ခဲ့ကြပါတယ်။ အခုလဲ ပူဇော်ကြတုန်း နောင်လဲ ပူဇော်ကြဦးမှာပါ။ ဒီလိုဆီမီးဖြင့် ဘုရားရှင်အား ပူဇော်ရ တာကြောင့် ကြည်နူးမှု ပီတိတွေ ဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ဆီမီးတိုင်ကိုကြည့်နေဆဲမှာပဲ······

ဆီမီးတိုင်မှမီးညွန့်တက်ကာ တဖြေးဖြေးမီးလောင်နေပါတယ်။ မကြာလိုက်ပါ။ ဆီကုန်ခမ်းကာ မီးများလဲ အလိုလိုငြိမ်းကုန်တော့တယ်။ ဆီမီးရဲ့အလင်းရောင်နဲ့အတူ လမ်းမပေါ်လူအများပျော်ရွှင်နေကြတယ်။ တစ်တိုင်ပြီးတစ်တိုင် မီးများငြိမ်းကုန်တော့ လမ်းမပေါ်မှာ လူသွားလူလာနည်းပါးသွားပြီး မီးအလင်းရောင်ကွယ်ပျောက်လို့ မဲမှောင်တိတ်ဆိတ်နေပါတော့တယ်။ တွေးမိတာကိုပြောဦးမယ်။

ခုနင်က လင်းနေတဲ့မီးဟာ အခုတော့ ဘယ်ရောက်ကုန်ပြီလဲ၊ ကြက်ဥကို အစရှာလို့ရချင်ရမယ်။ ငြိမ်းခဲ့တဲ့မီးကို အစရှာဖို့ မလွယ်ပါ။ မီးတိုင်များ တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားတာကိုကြည့်ပြီး လူတွေလဲ

တဖြုတ်ဖြုတ် သေဆုံးကုန်ကြတယ်။ ကျေးရွာလေးတွေဆို လူဦးရေ နည်းလို့မသိသာပေမဲ့ မြို့ကြီးတွေမှာဆို တစ်နေ့တစ်နေ့ သေလိုက်တဲ့ အသုဘတွေ မနည်းပါ။

လူဆိုတာ လျှပ်စီးလက်သလိုပဲ ဘဝမှာခဏတာသာနေရပြီး ဘဝကို စွန့်ခွာသွားကြရမှာပါ။ဒါဟာ ကိုယ့်တစ်ယောက်ထဲမဟုတ် လူသားအားလုံး၊သက်ရှိသတ္တဝါအားလုံးပါ။ ဖြစ်လာရတဲ့ဘဝမှာ မိမိ အလိုမပါ ခန္ဓာ့အလိုသာလိုက်ပါခဲ့ရတယ်။ မကြာခင် မီးငြိမ်းသလို တဖြုတ်ဖြုတ်သေဆုံးကြရတော့မယ်။

သီတင်းကျွတ်တဲ့အခါ ထုံးစံအတိုင်း သံဃာအချင်းချင်း စုပေါင်းပြီး ပဝါရဏာပြုကြပါတယ်။ ပဝါရဏာပြုပွဲမှအပြန် လမ်းမ ပေါ်မှာ လူတစ်ယောက် သွေးတွေအလိမ်းလိမ်းနဲ့ လဲကျနေတာကို တွေ့လိုက်ရတယ်။ အရက်မူးလို့လား၊တကယ်ပဲသေသွားပြီလား၊ကြည့် ရတာတော့ သေပြီလို့ ထင်တာပဲ၊လမ်းသွားလမ်းလာလူအများကလဲ အနားမကပ်ရဲဘဲ အဝေးကနေ ကြည့်ပြီး လိုရာခရီးဆက်သွားနေကြ တယ်။ ထိုမြင်ကွင်းကို မြင်လိုက်တော့ သေခြင်းတရားဟာ လူတွေ အတွက်မမြဲပုံကို တွေးမိတယ်။ ဒီလိုပါပဲ လောက မှာ သားမယား နဲ့ပျော်နေကြတဲ့သူများ သေခြင်းတရားကို တွေးမိကြ မယ်ဆိုပါ ရင်……။ သတိရလို့ပြောဦးမယ်။

သုံးရာစုနှစ်က သီရိဓမ္မာသောကမင်းကြီးဟာ ရဟန်းသံဃာ တော်များအား နန်းတော်သို့ပင့်ကာ နေ့စဉ်ဆွမ်းတို့ဖြင့် ပြုစုလုပ်ကျွေး နေခဲ့ပါတယ်။ဒါကို မင်းကြီးရဲ့ညီတော်တိဿက ရဟန်းတော်များကို ကြည့်ပြီး "ဒီရဟန်းများဟာ ငါ့အစ်ကိုပေးတဲ့အစာရေစာတွေကို မြိန်ရေယှက်ရေ စားကြပြီး ကောင်းတဲ့အိပ်ရာတွေမှာ အိပ်နေရတာ အလွန်ပျော်ရွှင်နေကြမှာပဲ" လို့ ရဟန်းတော်များအပေါ်ထင်မြင်နေ

တယ်။ရဟန်းတော်များအပေါ် သူ့ရဲ့ထင်မြင်ချက်ကို အစ်ကိုဖြစ်သူ သီရိဓမ္မာသောကမင်းကြီးအား ပြောပြပါတယ်။ ထိုအခါ သီရိဓမ္မာသောကမင်းကြီးက စိတ်ဆိုးဟန်ပြုပြီး “ဟဲ့ တိဿ.....မင်းဒီနေ့ကစပြီး ငါ့ရဲ့ထီးနန်းစည်းစိမ်ကို ခံစားရမယ်၊ခုနစ်ရက်ပြည့်ရင် မင်းကို ငါကိုယ်တော်တိုင်သတ်မယ်” လို့ပြောပြီး မင်းစည်းစိမ်ကို ခံစားစေပါတယ်။

ထိုအခါတိဿဟာ မင်းစည်းစိမ်ကို ခံစားရပေမဲ့ ခုနစ်ရက်ပြည့်ရင် သေခြင်းတရားကြီးကို ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် ဘယ်လိုမှမပျော်ရွှင်နိုင်ပါ။ ဒီလိုနဲ့ခုနစ်ရက်သာကုန်သွားတယ်၊ ခံစားလိုက်ရတဲ့မင်းစည်းစိမ် ဘယ်လိုနေမှန်းတောင်မသိတော့၊ဒါနဲ့ ခုနစ်ရက်မြောက်နေ့ရောက်တော့ မင်းကြီးက“ဟဲ့ တိဿ... ဘယ်လိုဖြစ်တာတုန်း ခန္ဓာကိုယ်လည်း ခြောက်ကပ်ကပ်နဲ့ ပိန်သွားလိုက်တာ ဘာဖြစ်တာတုန်း”လို့မေးတဲ့အခါ တိဿက“အရှင်မင်းကြီးက သတ်မယ်ဆိုတော့ ဘယ်မှာပျော်ရွှင်နိုင်ပါ့မလဲ”လို့ ပြန်ဖြေလိုက်ပါတယ်။ မင်းကြီးက “မှန်တယ်တိဿ...သေခြင်းတရားကို ဆင်ခြင်တော်မူကြတဲ့ရဟန်းတော်များဟာ ကောင်းတဲ့ဆွမ်း၊ကောင်းတဲ့အိပ်ရာတို့ကို သုံးစွဲနေရပေမဲ့ ပျော်ရွှင်နိုင်ဖို့ဆိုတာ ခဲယဉ်းလှပါတယ်”လို့သေခြင်းတရားနဲ့ပတ်သက်ပြီး သီရိဓမ္မာသောကမင်းကြီးနဲ့ ညီတော်တိဿတို့ရဲ့ အမေးဖြေကို မှန်နန်းရာဇဝင်တော်ကြီးမှာ ဖတ်လိုက်ရတယ်။

ဘယ်နေရာမဆို ကြည့်တတ်မြင်တတ်ရင် ပတ်ဝန်းကျင်က အကြောင်းအရာတွေဟာ တရား(ဓမ္မ)ချည်းပါပဲ။ သတိထားကြည့်မိရင် မိမိကို တရားဟောနေတာပါ။ဒါကိုဓမ္မအဖြစ်သိမြင်ပြီး တရားနာနိုင်ကြမယ်ဆိုပါရင် အလွန်ကောင်းတဲ့တရားနာခြင်း ဖြစ်ပါလိမ့်မယ်။ ဒီအတွက် ပတ်ဝန်းကျင်ကို လောဘ၊ဒေါသမျက်စိနဲ့ကြည့်နေမိတယ်

ဆိုရင် လောကသဘာဝကို အခမ္ဘအသွင် မြင်နေပါလိမ့်မယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကို ပညာမျက်စိနဲ့မြင်တတ်ရင်တော့ ခမ္ဘအသွင်အဖြစ် မြင်နိုင်ပါတယ်။ သတိထားကြည့်တတ်ဖို့သာလိုတာပါ။

တစ်နေ့ ဒကာတစ်ဦး ကျောင်းပေါ်သို့ ရောက်လာပါတယ်။ စာပေနဲ့ပတ်သက်တဲ့အကြောင်းအရာတစ်ချို့ကို ဆွေးနွေးဖြစ်တယ်။ သူပြောလာတဲ့စကားများမှာ စိတ်ဓါတ်တက်ကြွဖွယ်ရာအစား စိတ်ဓါတ်ယုတ်လျော့ဖွယ်ရာတွေပဲများပါတယ်။ သူ့အပြောကြောင့်လဲစိတ်မကောင်းဖြစ်ပါတယ်။ သူဟာ စာပေသမားတစ်ယောက်ဖြစ်တဲ့အတွက် စာပေနဲ့ပတ်သက်တဲ့စကားများပြောဆိုနေပေမဲ့ သူ့စကားအရ တစ်ဖက်သားရဲ့အောင်မြင်မှုကို မုဒိတာမပွားနိုင်ဖြစ်ခဲ့တယ်။ ဒီလိုအခါမျိုးမှာ စာရေးသူက ပတ်ဝန်းကျင်ကို ခမ္ဘမျက်စိနဲ့ကြည့်မိပါတယ်။ "အော်····သူဒီလိုဖြစ်နေတာ အလွန်စိတ်ဆင်းရဲမှာပဲ၊သူဖြစ်သလိုမျိုး ငါ့ရင်ထဲမှာဖြစ်မယ်ဆိုရင် ငါလဲပင်ပမ်းမှာပဲ" လို့ တွေးမိတယ်။ သူ့အပေါ် အပြစ်မမြင်ရက်တဲ့အပြင် ပိုလို့တောင်သနားသွားခဲ့ရပါတယ်။ သတိထားမိရင် ပတ်ဝန်းကျင်သဘာဝက ပြောနေတဲ့တရားများဟာ နာယူလို့ မကုန်နိုင်လောက်အောင်ပါပဲ။

တစ်နေ့··

ပုလောမြို့မှ ဆရာတော်တစ်ပါး စာရေးသူတို့ကျောင်းကို ကိစ္စတစ်ခုနဲ့ရောက်လာပါတယ်။ စာရေးသူက ထိုဆရာတော်အား "အရှင်ဘုရား···ဒေါ်ကုသလဝတီ သတင်းဘာများကြားပါသလဲဘုရား···နွေရာသီတုန်းက တပည့်တော်ဆီရောက်လာပါသေးတယ်၊ သူ့မှာ ကင်ဆာရောဂါဖြစ်နေပြီလို့ ပြောပါတယ်ဘုရား၊ နောက်ထပ် သူမနဲ့မတွေ့ရတော့ပါ၊ သူ့အခြေအနေဘယ်လိုရှိတယ်ဆိုတာ အရှင်ဘုရား သိနိုင်ပါသလားဘုရား" လို့ မေးလျှောက်တဲ့အခါ ဆရာ

တော်က ''မှန်ပါ...အရှင်ဘုရားပြောတဲ့သီလရှင်ဟာ အခုဝါမဝင်မီက ကွယ်လွန်သွားပါတယ်။ သူ့အသက်ထွက်တာ အတော်ကိုညင်သာပါ တယ်ဘုရား၊ ဒီဆရာလေးက အလွန်ရိုးသားတယ်ဘုရား၊ လူ့ဘဝတုန်း က သူမဟာ အထက်တန်းပြဆရာမတစ်ဦးပါ၊ သူမဟာကျောင်းဆရာ အလုပ်ကို အငြိမ်းစားယူဖို့အတွက် ဆေးရုံမှာ သုံးညအိပ်ပေးရပါမယ်။ ဒါမှလဲ ပင်စင်ရနိုင်ဖွယ်ရှိပါတယ် လို့ မိတ်ဆွေတစ်ချို့က အကြံပေး ကြပါတယ်။သူမက ဆေးရုံမှာ အနာရောဂါမရှိဘဲ သုံးရက်တက်အိပ် ရမယ်ဆိုပါက ကျောင်းဆရာပင်စင်အတွက် ငွေကိုလိမ်ပြီးယူသလို ဖြစ်နေတယ်။ဒီလိုတော့ မလုပ်နိုင်၊ပင်စင်မရချင်နေပါစေ လို့ဆိုကာ ကျောင်းဆရာမအလုပ်က အပြီးအတိုင်ထွက်ခဲ့ပါတယ်ဘုရား၊ ရိုးသား တဲ့နေရာမှာတော့ စံနမူနာယူထိုက်လှပါတယ်ဘုရား'' လို့ ဆရာလေး ဒေါ်ကုသဝတီရဲ့ လူ့ဘဝတုန်းက ရိုးသားဖြူစင်ပုံကို မိန့်တော်မူပါ တယ်။

အဖြစ်အပျက်အမှန်တွေကို ကြားရတဲ့အခါ ဆရာလေး ဒေါ်ကုသလဝတီဟာ ရိုးသားရုံမက ကိုယ်ကျင့်တရားလဲကောင်းမွန် လှတာကို သိလိုက်ရပါတယ်။ဒီလိုနဲ့ ဒေါ်ကုသလဝတီရဲ့အတိတ်ပုံရိပ် များလဲ စာရေးသူရဲ့အာရုံမှာ တရိပ်ရိပ်ထင်လာပါတယ်။ သူမဟာ သဒ္ဓါတရားအလွန်ကောင်းသူလေးဖြစ်တယ်။တရားအားထုတ်ရာမှာလဲ ကြိုးစားအားထုတ်ရှာပါတယ်။ နှစ်စဉ်ဆိုသလို အေးရိပ်ချောင်မဟာစည် သာသနာ့ရိပ်သာ၊ သကြံန်တရားစခန်းမှာ နှစ်စဉ် အားထုတ်ဖြစ်တာ ကိုတွေ့ရပါတယ်။

အေးရိပ်ချောင်မဟာစည်ရိပ်သာမှာ နှစ်စဉ်နှစ်တိုင်း နှစ်သစ် ကူးစုပေါင်းအလှူတော်အစီအစဉ်ဖြင့် စုပေါင်းအလှူရှင်များအား ဒုလ္လဘမဲ စနစ်ဖြင့် ရဟန်း-သာမဏေ-သီလရှင်များ နှစ်စဉ် တစ်ရာကျော်ခန့်

ပြုလုပ်လေ့ရှိပါတယ်။ ဆရာလေးဟာ လွန်ခဲ့တဲ့ငါးနှစ်ခန့်က စုဗူးမဲဖြင့် သီလရှင်ပြုလုပ်သူများအနက် ကျောင်းဆရာမအလုပ်မှထွက်ကာ သီလရှင်ပြုလုပ်လာသူတစ်ဦးဖြစ်ပါတယ်။ သီလရှင်နာမည်ကိုလဲ စာရေးသူကပဲ ဒေါ်ကုသလဝတီ လို့ နာမည်ပေးခဲ့ပါတယ်။ ကျောင်းဆရာမဘဝမှာ စာအသင်ပြကောင်းလှတဲ့အတွက် ကျူရှင်ဆရာလုပ်ခဲ့တယ်။ ဝင်ငွေအထူးကောင်းမွန်တဲ့အတွက် အောင်မြင်တဲ့ဆရာမတစ်ယောက်ဖြစ်ခဲ့ပါတယ်။အဲဒီကနေ ရုတ်တရက် သီလရှင်ဝတ်သွားတာကို အခုတိုင်အောင် သိသူများက အံ့ဩမဆုံး ရှိနေကြတယ်။ တကယ်တော့ သူမဟာ အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာ ဆယ်ရက်တရားစခန်းများကို အကြိမ်ကြိမ်ဝင်ရောက်တရားအားထုတ်ရာမှ သီလရှင်ဘဝသို့ ရောက်သွားရခြင်းဖြစ်ပါတယ်။

ဒီလိုနဲ့ ၂၀၀၈-ခုနှစ်၊နှစ်ဆန်းပိုင်းမှာ ဆရာလေး ဒေါ်ကုသလဝတီဟာ ရိပ်သာကို ရောက်ရှိလာပြီး "အရှင်ဘုရား... တပည့်တော်မှာ ကင်ဆာ ရောဂါဖြစ်နေပါ ပြီ၊အရှင်ဘုရားတို့ရိပ်သာမှာ တရား အားထုတ်ပြီး နေပါရစေ၊ဒီမှာတပည့်တော် တရားအားထုတ်ရင်းနဲ့သေချင်သေပါစေတော့ တပည့်တော်ကို နေခွင့်ပြုပါဘုရား" စာရေးသူအား လျှောက်ထားလာပါတယ်။ စာရေးသူက "ဆရာလေး.. လူဆိုတဲ့အမျိုးဟာ တစ်နေ့မဟုတ်တစ်နေ့ ရောဂါကြောင့်ပဲဖြစ်ဖြစ်၊ ရောဂါမရဘဲ ရုတ်တရက်ပဲဖြစ်ဖြစ် ပုံစံအမျိုးမျိုးနဲ့ သေကြရတာဆိုတော့ သေမျိုးချည်းပါပဲ။ ဆရာလေးအပါအဝင် ဦးဇင်းတို့အားလုံးဟာ ဒီပုတ်ထဲက ဒီပဲတွေဆိုတော့ တစ်နေ့ ဒီလမ်းကို အနေးနဲ့အမြန်သွားကြရမှာပါ။ အားငယ်စရာ၊တုန်လှုပ်စရာမလိုပါဘူး။ ဆရာလေးမှာ ဝိပဿနာတရားအားထုတ်ထားတဲ့အလေ့အကျင့်တွေ အများကြီးရှိနေတာပဲ၊ တရားပဲကြိုးစားအားထုတ်ပါ။သေရင်လဲ တရားနဲ့သေရတာက

ပိုမြတ်ပါတယ်··ဆရာလေးဒီမှာစိတ်ချမ်းသာသလို နေနိုင်ပါတယ်။ အေးရိပ်ချောင်မဟာစည်ရိပ်သာက တစ်ခြားကျောင်းမှမဟုတ်တာ ဆရာလေး နေချင်သလောက် နေလို့ရပါတယ်'' လို့ ပြောကာ နေထိုင်ခွင့်ပေးလိုက်ပါတယ်။

ဒီလိုနဲ့ဆရာလေးဟာ ဝိပဿနာတရားကို ကြိုးစားအားထုတ်ခဲ့ပါတယ်။ ရက်အနည်းငယ်ကြာတဲ့အခါ ''နေရပ်ခဏပြန်ပါအုံးမယ်ဘုရား''လို့ လျှောက်ထားပီး နေရပ်ပြန်သွားခဲ့ပါတယ်။ ခြောက်လခုနှစ်လလောက်ကြာတော့၊ အထက်ကဖော်ပြခဲ့တဲ့အတိုင်းပုလောမြို့မှ ဆရာတော်ကြွလာလို့ မေးလျှောက်ကြည့်တော့မှ ဆရာလေးဒေါ်ကုသလဝတီ ကွယ်လွန်သွားပြီဖြစ်ကြောင်း ကြားသိခဲ့ရပါတယ်။

လူတွေဟာ လောကထဲကို တဖွဲဖွဲရောက်ရှိလာပြီး များမကြာမီ ဆရာလေးဒေါ်ကုသဝတီနည်းတူ လောကထဲမှ တဖြုတ်ဖြုတ် ပျောက်ဆုံး ကြရလိမ့်ဦးမယ်။ ဆီမီးတိုင်ကမီးလိုပါပဲ မီးထွန်းလိုက်တုန်းက တစ်တိုင်ပြီးတစ်တိုင်လင်းလာသလို မီးငြိမ်းတော့လဲ တစ်တိုင်ပြီးတစ်တိုင် ငြိမ်းကုန်တော့တယ်။ ဒါဟာ···ပတ်ဝန်းကျင်က မိမိကို တရားဟောနေတာပါ။စာချစ်သူများလဲ ပတ်ဝန်းကျင်ကို ကြည့်တတ်မြင်တတ်ရင် သဘာဝဓမ္မတွေကိုတွေ့ရမှာပါ။ သတိထားကြည့်ဖို့သာလိုတာပါ။

တစ်နေ့ရွှေကုန်သည်ဇနီးမောင်နှံနှစ်ဦး စာရေးသူထံကို ရောက်ရှိခဲ့ပါတယ်။စာရေးသူအား လှူဖွယ်ဝတ္ထုများ လှူဒါန်းပြီးတဲ့အခါ ခင်ပွန်းဖြစ်သူက ''အရှင်ဘုရား···တပည့်တော်တို့က ရောက်တဲ့အရပ်မှာအလှူဒါန ပြုလုပ်လေ့ရှိပါတယ်ဘုရား·· ဒါပေမဲ့ကိုယ်တိုင်တော့ မကျင့်နိုင်သေးဘူးဘုရား··'' လို့ ပွင့်လင်းစွာပြောလာပါတယ်။ စာရေးသူက ''ဒကာကြီး··ဘာပြုလို့ မကျင့်နိုင်သေးတာလဲ''မေးတော့သူက

"တပည့်တော် တရားအားထုတ်ချင်ပါတယ်ဘုရား၊ ဒါပေမဲ့ ဒီသမီးလေးက ရှိနေသေးတော့ တပည့်တော်တို့ချည်းအားထုတ်နေရင် တကိုယ်ကောင်းဆန်ရာကျမှာစိုးလို့ပါဘုရား...၊သမီးလေးကြီးပျင်းလာမှပဲ အားထုတ်တော့မယ်ဘုရား" လို့ လျှောက်ထားပါတယ်။

သူတို့အပြောအရ တရားအားထုတ်ဖို့သမီးလေးကို ငဲ့ရဦးမယ်ဆိုတော့ သမီးက လေးတန်းကျောင်းသူအရွယ်လေးပါ။ တွေးမိတယ်။သမီးလေးတစ်ယောက်ထဲရှိတာ ဒီလိုပဲလျစ်လျူရှုရသလား ဆိုပြီး ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ပြောဆိုမှုဒါဏ်ကို ခံရမှာစိုးလို့လား၊သမီးလေးကို စိတ်မချလို့လား ဆိုတာက ကာယကံရှင်ကလွဲပြီးဘယ်သူမှမသိနိုင်ပါ။

တွေးမိတယ်။ တကယ်လို့ ဒီသမီးလေးကို အမှန်တကယ် ငဲ့တယ်ဆိုစေဦးတော့ တစ်နေ့ကျ ကိုယ့်သမီးက ကိုယ့်ကို ပြန်ငဲ့မှာလား၊ သမီးလေးအရွယ်ရောက်တဲ့အထိ ဒို့များလူ့လောကမှာ ရှိနေဦးမှာလား၊ ရှိတယ်ထားဦးတော့ တရားအားထုတ်ဖြစ်ပါ့မလား၊ ဒါမှမဟုတ် လုပ်ငန်းတွေ ဒီထက်တိုးချဲ့ပြီး အလုပ်လုပ်နေမှာလား အတွေးသာ တွေးရတယ်၊ နောင်ဖြစ်လာမဲ့အရာများဟာ မရေမရာ မသေချာတာက တော့အမှန်ပါ။

စာရေးသူနဲ့ရင်းနှီးတဲ့ဒကာတစ်ယောက်စာရေးသူအား သူဟာ နောင်လာမဲ့ငါးနှစ်မှာ လုပ်ငန်းတွေအကုန်ဖြတ်ပြီးတရားအားထုတ်တော့မယ် လို့ ပြောလာတယ်။ဒါပေမဲ့နောင်ငါးနှစ်သာကြာသွားတယ် ထိုသူဟာ လုပ်ငန်းကိုမဖြတ်နိုင်တဲ့အပြင် ပိုလို့တောင်တိုးချဲ့ထားပါတော့တယ်။

ဒါကြောင့် မြတ်စွာဘုရားက ယနေ့လုပ်ရမဲ့အလုပ်ကို နက်ဖြန် သဘက် ရက်မရွှေ့နေပါနဲ့၊ အခုလုပ်ရမဲ့အလုပ်ကို အခုပဲ လုပ်လိုက် ပါတော့၊ ဘာကြောင့်ဆိုရင် သေမင်းက ဘယ်အချိန်မှာ ခေါ်မယ်၊

ခေါ်တဲ့အခါမှာ မလိုက်လိုသေးပါဘူး လို့လဲ ပြောလို့မရ၊ ဘယ်အခါမှလာခေါ်ပါလို့ လက်ဆောင်ပေးပြီး အချိန်းအချက်ပြုလုပ်လို့လဲမရနိုင်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အော်···တွေးတောတတ်၊မြင်တတ်၊ကြားတတ်ရင် ပတ်ဝန်းကျင်မှာ ဓမ္မတွေနဲ့ပြည့်နှက်နေပါတယ်။

စာချစ်သူများ ပတ်ဝန်းကျင်က သဘာဝဓမ္မများကို သတိထားနာယူနိုင်တဲ့ သူတော်ကောင်းများ ဖြစ်ကြပါစေလို့ ဆန္ဒပြုရင်း····။



## ကားသမားနဲ့ခဏတာ

ရိပ်သာငွေရတုစာစောင်အတွက် ရန်ကုန်မြို့ထဲကို အငှားကား ဖြင့်စီးလာခဲ့ပါတယ်။ ကားမောင်းသူအား စာရေးသူက "ဒကာကြီး အငှားကားဆွဲရတာ အဆင်ပြေရဲ့လား ဒကာကြီး" လို့မေးလိုက်ပါ တယ်။ ကားမောင်းသူက "အဆင်ပြေတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလိုပါပဲ၊ တစ်ခြား အငှားကားမောင်းသမားတွေက ကားမောင်းတာ တစ်နေ့ကို တစ်သောင်းကျော်လောက်ကျန်တယ်လို့ ပြောပါတယ်ဘုရား၊ ဒါပေမဲ့ တပည့်တော် ကားမောင်းတာ သူတို့လောက် မကျန်ပါဘူး ဘုရား" ပြောပါတယ်။ "ဘာဖြစ်လို့ ဒကာကြီးက ငွေအကျန်နည်း ရတာလဲ" လို့စာရေးသူကမေးတော့ ကားမောင်းသူက "မှန်ပါဘုရား‥ တပည့်တော်ကားကိုလာငှားတဲ့သူက ပိုက်ဆံမတတ်နိုင်လို့ရှိရင်သူပေး သလောက်ပဲ တပည့်တော် ယူလိုက်တာတော့ ရှိပါတယ်ဘုရား၊ ဒါကြောင့်လဲ ငွေအကျန်နည်းတာထင်ပါရဲ့ဘုရား"

လောကမှာ ဒီလိုအငှားကားမောင်းသမားလဲရှိသေးတာကိုး လို့တွေးမိပြီး အငှာကားမောင်းသမားအား သူလုပ်ခဲ့တဲ့အလုပ်အပေါ် ကျေနပ်အားရမှုဖြစ်အောင် တရားနဲ့စပ်ယှဉ်တဲ့စကားများပြောပြခဲ့ပါ တယ်။

လောကမှာ တစ်ဖက်သားအား နားလည်ပေးပြီး အတ္တမဆန် တဲ့သူများရှိသလို ဘယ်သူတွေဘယ်လိုဖြစ်နေနေ ကိုယ်ရရင်ပြီးရော ဆိုတဲ့ အတ္တဆန်တဲ့သူများလဲ ရှိကြပါတယ်။ စာသံပေသံနဲ့ပြောရင် သူတို့ဟာ အလောဘသမားနဲ့လောဘသမား လို့ နာမည်တတ်ပေးရမှာ ပါ။ စိတ်ထားဖြောင့်မတ်ပြီး ရိုးသားစွာ ရှာဖွေလုပ်ကိုင်နေကြတဲ့သူ များဟာ ထီပေါက်တာကလွဲလို့ ချက်ခြင်းကြီး မကြီးပွားနိုင်ကြပါ။

သို့သော်လဲ ပုံမှန်ဝင်ငွေကနေတဆင့် တဖြေးဖြေးတိုးတက်လာကာ နောက်ဆုံးမှာပစ္စည်းဥစ္စာအတော်အတန်ချမ်းသာသွားတဲ့သူများလဲရှိပါတယ်။ သဒ္ဓါ၊သီလ၊သတိ၊ဝီရိယ၊ပညာဆိုတဲ့ ကြီးပွားကြောင်းတရားများ မိမိသန္တာန်မှာ ရှိနေမယ်ဆိုရင် မိမိရည်ရွယ်ချက်အတိုင်း အခြေအနေကောင်းလာပါလိမ့်မယ်။ ဒီအတွက် အချိန်အတိုင်းအတာတစ်ခုအထိ ပေးဆပ်ရမှာဖြစ်ပါတယ်။ အခုရေတွင်းတူး အခုရေကြည်သောက်လိုကြတဲ့လောဘသားများကတော့ တရားတာ မတရားတာ နားမလည်၊ အမြန်ကြီးပွားလိုတဲ့အတွက် ဖြတ်လမ်းကနေ လိုက်တတ်ကြတယ်။ ထိုဖြတ်လမ်းသမားများဟာ ကြီးပွားဖို့ဆိုတာ အလွန်ခဲယဉ်းပါတယ်။ ဘာ့ကြောင့်ဆိုရင် ရသင့်ရထိုက်တာထက်ပိုလွန်ပြီး လိုချင်ကြတဲ့အတွက် ကိုယ်အလုပ်၊နှုတ်အပြော၊စိတ်အကြံဆိုတဲ့ ကံတရားများလဲ မစင်ကြယ်တော့၊ ကံများမစင်ကြယ်ရင် ကြီးပွားချမ်းသာဖို့ အတော်ခဲယဉ်းပါတယ်။

ဒါဆိုရင် မကောင်းမှုအကုသိုလ်ဒုစရိုက်နဲ့ကြီးပွားချမ်းသာနေကြတဲ့ ဝိသမလောဘသမားများလဲရှိနေတာပဲ၊ သူတို့ကျတော့ ကံမစင်ကြယ်ဘဲနဲ့ ဘာ့ကြောင့်များ ချမ်းသာရသလဲ လို့မေးစရာရှိတယ်။ တကယ်တော့ ထိုသူများဟာပစ္စုပ္ပန်ဘဝမှာ အကုသိုလ် အလုပ်ဖြင့် အသက်မွေးနေပေမဲ့ အတိတ်ကပြုလုပ်ခဲ့တဲ့ ဖြူစင်တဲ့ကံတရားများရဲ့အထောက်အပံ့ကို ရကာ ချမ်းသာနေကြတာပါ။ အခုပြုလုပ်တဲ့ မစင်ကြယ်တဲ့ကံများက နောင်တစ်ချိန်မှာ အကျိုးပေးခွင့် ကြုံကြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကံနဲ့ပတ်သက်ပြီး လေးမျိုးရှိပါတယ်။ (၁)ကြီးလေးတဲ့ကံဖြစ်တယ်။ စာပေမှာတော့ ဂရုကံ လို့ခေါ်ပါတယ်။ ကောင်းတဲ့ဖက်ကဆိုရင်တော့ မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်တယ်၊ ဥပမာသောတာ

ပတ္တိမက်ရပြီဆိုရင် ကွယ်လွန်တဲ့အခါ အပါယ်လုံးဝမကျတော့ပါ။ ဒါကြောင့် သောတာပတ္တိမဂ်စတာတွေကို ဂရုကံ လို့ခေါ်ပါတယ်။ မကောင်းတဲ့ဖက်ကဆိုရင် ပဉ္စာနန္တရိယကံ(ကံကြီးငါးပါး)ဖြစ်တယ်။ ဒီကံကြီးငါးပါးအနက်တစ်ပါးပါးကျူးလွန်ရင် သေတဲ့အခါ မုချ အပါယ်ကျရမှာဖြစ်တယ်။ ဒါကြောင့် မကောင်းတဲ့ဖက်မှာ ကံကြီးငါး ပါးကို ဂရုကံ လို့ခေါ်ပါတယ်။

(၂) သေခါနီးမှာထင်လာတဲ့ကံ ဖြစ်တယ်။ စာပေမှာတော့ အာသန္နကံ လို့ခေါ်ပါတယ်။ ကြီးလေးတဲ့ဂရုကံမရှိဘူးဆိုရင် သေခါနီးဖြစ်ပေါ်တဲ့ ဒီအာသန္နကံက အကျိုးပေးနိုင်ပါတယ်။

(၃) အလေ့အကျင့်ကံဖြစ်တယ်။ စာပေမှာတော့ အာစိဏ္ဏကံ လို့ခေါ်ပါ တယ်။ ဘဝတစ်လျှောက် ပြုလုပ်ခဲ့တဲ့အလေ့အကျင့်ကံတွေပါ။သူလဲ အကျိုးပေးနိုင်တယ်။

(၄) ပြုကာမတ္တကံ ဖြစ်တယ်။ စာပေမှာတော့ ကဋတ္တာကံ လို့ခေါ် ပါတယ်။ ဘဝမှာ အမှတ်တမဲ့ပြုလိုက်တဲ့ကံတွေပါ ပြုပြီးမေ့မေ့ပျောက် ပျောက်ဖြစ်နေတဲ့ကံတွေပေါ့။ ဒီကံလဲ အကျိုးပေးနိုင်ပါတယ်။

ဒီလိုရှင်းပြလိုက်တော့ အငှားကားသမားက ''အရှင်ဘုရား‥ အခုလို ကံအကြောင်းကြားရတာ တန်ဖိုးရှိလိုက်တာဘုရား၊ဒါပေမဲ့ အရှင်ဘုရား ပြောခဲ့တဲ့ ကဋတ္တာကံဆိုတာ တပည့်တော်သိပ်နား မလည်ဘူးဘုရား၊ ဒီကံနဲ့ပတ်သက်ပြီး နားလည်အောင် ပြောပြပါဦး ဘုရား'' လို့ မေးလာပါတယ်။

''ဘဝတစ်လျှောက်မှာ အမှတ်မထင်ပြုလုပ်ခဲ့တဲ့ကောင်းကံ များနဲ့မကောင်းကံများကို ကဋတ္တာကံ လို့ခေါ်တယ်။ ဥပမာ- အငှားကား မောင်းသမားတစ်ယောက်ဟာ နှစ်ထောင်ကျပ်တန်တဲ့ ခရီးတစ်ခုကို ၁၅၀၀ကျပ်နဲ့ ဈေးဆစ်လာတယ်ဆိုရင် မိမိအတွက်

မနစ်နာပါက ဈေးလျှော့ပေးနိုင်တယ်။ တစ်ဘက်သားအပေါ် စိတ်ကောင်းထား နားလည်မှုပေးတတ်ပြီး ဈေးလျှော့ပေးလိုက်တဲ့အတွက် မိမိမှာလဲ ကုသိုလ်ရ၊သူတစ်ပါးလဲစိတ်ချမ်းသာပြီး လိုရာခရီးရောက်ရတယ်။ ဒါဟာ အမှတ်မထင်ပြုလိုက်တဲ့ ကံ ဖြစ်တယ်'' လို့ ရှင်းပြလိုက်တဲ့အခါ အငှားကားမောင်းသမားဟာ အရင်က မသိခဲ့တဲ့ ကံတရားအကြောင်းကို သိခွင့်ရတဲ့အတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။



# တရားဟောသူ တရားနာသူ

ဆက်လက်ပြီးအငှားကားမောင်းသမားက "အရှင်ဘုရား.. ခုတလော ညတရားပွဲတွေကို ရပ်ကွက်တိုင်းလိုလိုကျင်းပလာကြပါတယ်ဘုရား။ တရားပွဲတွေ ကျင်းပသလောက် တရားနာသူတွေလည်း အရင်ကနဲ့မတူ များသထက်များလာပါတယ်ဘုရား" လို့ ပြောလာတော့ စာရေးသူက "ဟုတ်တယ်၊ရပ်ကွက်တိုင်းလိုလိုတရားပွဲတွေ ကျင်းပနိုင်ကြတာဟာ အလွန်ဝမ်းမြောက်စရာကောင်းလှပါတယ်၊ ပြောလက်စနဲ့ ပြောဦးမယ် ဒကာကြီးရေ....တရားပွဲတွေမှာ တရားနာသူ အရင်ကထက် ပိုများလာတာ မှန်ပါတယ်။

တရားနာတယ်ဆိုတာ "တရားနာလျှင် သဒ္ဓါရှင် ပညာအသိတိုး" လို့ဆိုတဲ့အတိုင်း သဒ္ဓါတရားတိုးတက်လာရုံမက ပညာအသိလဲတိုးဖို့လိုပါတယ်။ ဒါကြောင့် တရားနာသူမှာ (၁) ယောနိသောမနသိကာရ- တရားတော်အပေါ် သင့်လျော်မှန်ကန်အောင် နှလုံးသွင်းတတ်ဖို့လိုပါတယ်။ (၂)ဓမ္မာနုဓမ္မပဋိပတ္တိ- သိထားတဲ့တရားကို လက်တွေ့အသုံးချတရားတစ်ခုအနေနဲ့ အသုံးချတတ်ဖို့လိုပါတယ်။ ဒါဆိုရင် တရားဟောတဲ့သူမှာ ဟောရကျိုးနပ်သလို၊ တရားနာတဲ့သူမှာလဲ နာရကျိုးနပ်တယ်လို့ ဆိုရမှာပါ။

တရားနာသူများနဲ့ပတ်သက်ပြီး အင်္ဂုတ္တရနိကာယ်၊တိကပါဠိတော်မှာ မြတ်စွာဘုရားမိန့်တော်မူထားတာရှိပါတယ်။ဒီအကြောင်းလဲ မှတ်သားထားက ပိုကောင်းလိမ့်မယ်ဒကာကြီး...."။

"မှန်ပါ့ဘုရား"။

"တရားနာတဲ့ပုဂ္ဂိုလ်အမျိုးအစား(၃)မျိုးရှိပါတယ်။

(၁) အဝကုဇ္ဇပညပုဂ္ဂိုလ်

မှောက်ထားတဲ့အိုးနဲ့တူတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။ မှောက်ထားတဲ့ အိုးကို ရေဘယ်လိုဖြည့်ဖြည့် မပြည့်နိုင်ပါဘူး။ ဒီလိုပါပဲ တရားနာတဲ့အခါမှာ ဘယ်ကိုယ်တော်က အသံကောင်းတယ်၊ ဘယ်ကိုယ်တော်က အလွမ်းကောင်းတယ် စတဲ့ အသံကိုသာ နားထောင်ပြီး တရားပွဲသာပြီးသွားတယ်၊သူ့စိတ် ထဲမှာ ဘာတရားမှ မကျန်ရစ်ခဲ့ဘူး၊ တရားနာတာသာ အဖတ်တင် တယ်၊ တရားတစ်လုံးမှ မမှတ်မိတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။

(၂)ဥစ္ဆင်္ဂပညပုဂ္ဂိုလ်

ရင်ခွင် သို့မဟုတ် ခါးပိုက်ဆောင်နဲ့တူတဲ့ပုဂ္ဂိုလ်မျိုးဖြစ်တယ်။ ခါးပိုက်ဆောင်ထဲ ပစ္စည်းထည့်ထားပေမဲ့ ထသွားတဲ့အခါ မေ့လျော့ပြီး ခါးပိုက်ဆောင်ထဲမှ ပစ္စည်းများကျန်ခဲ့တော့တယ်။ဒီလိုပါပဲ တရားနာတဲ့ အခါ အသံကို နားမထောင်ဘဲ တရားရဲ့အနက်အဓိပ္ပါယ်ကို သေသေချာချာ လေ့လာမှတ်သားပါတယ်။ ဒါပေမဲ့ တရားပွဲဆုံးတော့ မှတ်သားထားတဲ့တရားတွေ မေ့လျော့ကာ တရားအစရှာမရတော့၊ အိမ်ပြန်ရောက်တော့ နာလာတဲ့တရား ဘာတစ်ခု မမှတ်မိတော့တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။

(၃)ပုထုပညပုဂ္ဂိုလ်

ကျယ်ပြန့်တဲ့ ပညာရှိတဲ့ ပညာရှိပုဂ္ဂိုလ်မျိုးဖြစ်တယ်။ တရားနာစဉ်မှာလဲ မှတ်မိအောင် စူးစူးစိုက်စိုက်နာယူတယ်။နာယူတဲ့ တရားကိုလဲ မှတ်မိအောင် စာအုပ်ပေါ်မှာ မှီသလောက်ရေးမှတ်ထား တယ်။ အိမ်ပြန်ရောက်တဲ့အခါရေးမှတ်ထားတဲ့တရားအကြောင်းတွေကို ပြန်ကြည့်ပြီး တရားကို နှလုံးသွင်းတယ်။သိထားတဲ့တရားအပေါ်မှာ အဖန်ဖန်အထပ်ထပ် တွေးတောတယ်၊ပြီးရင် လက်တွေ့အသုံးချတယ်။

ကျင့်သုံးတယ်။ ဒီပုဂ္ဂိုလ်မျိုးကို ပုထုပည၁ပုဂ္ဂိုလ်လို့ခေါ်ပါတယ်'' လို့ ပြောပြလိုက်တော့....

အငှားကားမောင်းသမားက'' ဟုတ်တယ်နော် ဘုရား.. ဘုရားရှင်ရဲ့တရားတော်တွေဟာ လက်တွေ့အသုံးချတရားဆိုတာ မှန်လိုက်တာဘုရား၊ ဆက်ပြီး မိန့်တော်မူပါဦးဘုရား..''လျှောက်လာတဲ့အတွက် ဆက်လက်ပြီး ပြောလိုက်ပါတယ်။

''ပြောပါ့မယ်ဒကာကြီး....ကိုယ်သိတဲ့တရားကို လက်တွေ့အသုံးချတယ်ဆိုတာ နောင်ဘဝသံသရာအတွက်ချည်းသာမဟုတ်၊ အခုလက် ရှိဘဝမှာလဲ အကြောင်းအားလျော်စွာ မကြာခဏဖြစ်ပေါ်တတ်တဲ့ လောဘ၊ဒေါသ၊မောဟကိလေသာတရား များကို လက်တွေ့ရင်ဆိုင် ဖြေရှင်းဖို့အတွက်လဲဖြစ်တယ်။

လူတွေဟာ အထက်ကဆိုခဲ့သလို တရားနာတဲ့သူ ပေါများလှတယ်။ ကိုယ်တိုင်ကျင့်သူကျတော့ အလွန်ကို နည်းပါးလှပါတယ်။ ပြောချင်တာက တရားလဲနာရမယ်၊ တရားကို လက်တွေ့အသုံးချတစ်ခု အနေဖြင့် အသုံးပြုပြီး ဖြစ်လာသမျှကို ရင်ဆိုင်ဖြေရှင်းရပါမယ်။ ဒီလို ရင်ဆိုင်ဖြေရှင်းတဲ့အတွက် အကျိုးနှစ်ချက်ရရှိပါတယ်။ (၁)လောကီ အကျိုးစီးပွား ပြီးစီးအောင်မြင်စေပါတယ်။(၂)ဓမ္မနဲ့မကင်းတဲ့အတွက် ကုသိုလ်ရတဲ့အပြင် နိဗ္ဗာန်အထောက်အပံ့လည်း ဖြစ်တယ်။ အလုပ်လုပ်ရင်းကုသိုလ်ယူနိုင်တဲ့သဘောပါ။

နောက်တစ်ခုက စားဝတ်နေရေးအတွက် လောဘနဲ့ နဘမ်းလုံးရတဲ့အခါ ဓမ္မနဲ့ကင်းနေသူ(ဓမ္မကို မဆုတ်ကိုင်ထားနိုင်သူ)အတွက် ကုသိုလ်ဆိုတာ လွယ်မယ်မထင်ဘူး။ အကုသိုလ်တွေနဲ့ တစ်နေ့သာကုန်သွားမယ်၊ ညဥ့်ကျရင်လဲ မောမောနဲ့အိပ်မှာဆိုတော့ သူ့မှာ ဘာကုသိုလ်မှ ရလိုက်မှာမဟုတ်ဘူး။သို့သော်လည်း ဓမ္မနဲ့မကင်းတဲ့သူတွေကျ

တော့ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသလို အလွန်တန်ဖိုးရှိလှတယ်။ တွက်ချေကိုက်တယ်လို့ပဲ ပြောရမှာပေါ့။

ဥပမာ-ရောဂါဖြစ်ရင် ဆေးကုသရမှာဖြစ်သလို လောဘစတဲ့ ကိလေသာရောဂါများကို ဓမ္မ ဆိုတဲ့ဆေးနဲ့ လက်တွေ့အသုံးချကုစားသွားရမယ်။ ကုစားဖန်များတဲ့သူတွေဟာ ကိလေသာအပူရောဂါတွေနဲ့လာတာနဲ့အမျှ မြင့်မြတ်တဲ့စိတ်ထားပိုင်ရှင်တစ်ယောက်ဖြစ်လာပြီး ဘဝရဲ့အေးချမ်းပုံကို ကိုယ်တိုင်ပဲသိရှိခံစားရပါလိမ့်မယ်။

ဒါကြောင့် ဘဝအတွက် ရုန်းကန်ရတဲ့အခါ ကြမ်းတမ်းခက်ထန်တယ်လို့ ထင်ရပေမယ့် တစ်ဖက်ကလဲ ငြိမ်းချမ်းတဲ့ ဘဝပိုင်ရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားဖို့ လိုပါလိမ့်မယ်နော်၊ ကြိုးလဲကြိုးစားနိုင်တဲ့သူတစ်ယောက်ဖြစ်ပါစေ…”။ မိမိသွားလိုတဲ့နေရာလဲ ရောက်နေပြီမို့ စကားစဖြတ်ကာ ကားထဲမှ ဆင်းကျန်ခဲ့ပါတော့တယ်။



## ဘဝသမားကပြောတဲ့ဘဝအကြောင်း

"အရှင်ဘုရား…စားဝတ်နေရေးအတွက် ပင်ပမ်းစွာရုန်းကန်လှုပ်ရှားနေရတဲ့တပည့်တော်တို့လို ဘဝသမားတွေကတော့ ထုံးစံအတိုင်း ပင်ပင်ပမ်းပမ်း ရုန်းကန်နေရတာပါပဲဘုရား"

"ဒကာရေ…လူတွေမှမဟုတ်ဘူး၊ဘုန်းကြီးလောကမှာလဲ ရေးကုသိုလ်ကံနည်းတဲ့အတွက် ဆင်းရဲလှတဲ့ဦးဇင်းတို့မှာလဲ ဘာထူးမှာတုန်း၊ဒကာတို့လိုပဲ ဘဝသမားတွေပါပဲ"

ဦးဇင်းတစ်ပါးနဲ့ဒကာတစ်ဦး ဘဝသမားဆိုတာကို အဓိပ္ပါယ်ဖွင့်ရင်း စကားလက်ဆုံကျနေကြပါတယ်။ဒီစကားသံကြောင့် စာရေးသူရဲ့အတွေးစတို့ နိုးထလာရပြန်ပါတယ်။

အော်…ဘဝသမား…. ဘဝသမား……ဆိုပါလား။

လူ့ဝန်းကျင်မှာ ဆင်းရဲပြီးခက်ခက်ခဲခဲရှာဖွေလုပ်ကိုင်နေကြရတာကို ရည်ရွယ်ပြီး 'ဘဝသမားတွေ' လို့ ပြောဆိုကြတယ်။ တကယ်တော့ ဆင်းရဲတဲ့သူကိုမှ ဘဝသမား လို့ခေါ်တာမဟုတ်ပါ၊ ချမ်းသာတဲ့သူ၊ အလွှာမျိုးစုံမှသူများလဲ ဘဝသမားတွေပါပဲ။ ဘာ့ကြောင့်ဆိုရင် ရုပ်ခန္ဓာရလာသူအားလုံး ဘဝဆိုတဲ့ဘောင်အတွင်းမှာပဲ ရှိနေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

အချို့ချမ်းချမ်းသာသာနေရတဲ့အခါ "ငါ့ဘဝအစစအရာရာအဆင်ပြေတယ်၊ဘာမှလိုလေသေးမရှိ၊အားလုံးပြည့်စုံနေတယ်၊ ငါ့ဘဝပျော်စရာကောင်းလိုက်တာ"လို့ ဘဝကို အကောင်းဖက်က မြင်ကြတယ်။ ပင်ပင်ပမ်းပမ်း ရုန်းကန်လှုပ်ရှားရပြီး ဘဝရဲ့ခါးသီးတဲ့ဒါဏ်ကို ခံစားရတဲ့အခါ လူဖြစ်လာရတဲ့ မိမိဘဝကို မကျေနပ်ကြ၊ ဒီအခါ ဘဝကိုအဆိုးဖက်က မြင်ကြပြန်တယ်။ လူ့ဘဝထဲကနေ ရုန်း

ထွက်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်ကြတယ်။ ဘဝကို ဒီလို အကောင်းအဆိုး နှစ်မျိုးနဲ့ ရှုမြင်သုံးသပ်တာဟာ ဓမ္မနဲ့ရှုမြင်သုံးသပ်တယ်လို့ မခေါ်ဆိုနိုင်ပါ။

အရာရာတိုင်းဟာ အမြဲတမ်းပြောင်းလဲနေတဲ့အတွက် တည်မြဲတဲ့သဘောမရှိပါ။ဖြစ်ပေါ်လာတဲ့အရာများဟာ ကုန်ပျောက်ခြင်းသဘော ရှိတဲ့အတွက် ဆင်းရဲအစုအဝေးသာဖြစ်တယ်။ ဘဝမှာ ပြည့်စုံတာဖြစ်စေ၊မပြည့်စုံတာဖြစ်စေ၊ ခက်ခဲကြမ်းတမ်းတာဖြစ်စေ၊ ဘယ်အရာမှ တည်မြဲတာမရှိ၊ ဖြစ်ပေါ်လာတဲ့အကြောင်းအရာမှန်သမျှ ကိုယ့်အလိုသို့ မလိုက်၊သူ့သဘောသူဆောင်နေတဲ့သဘောတွေပဲလို့ သိမြင်ကြရပါမယ်။ဒါဆိုရင် အကောင်းအဆိုးနဲ့ ကြုံလာတဲ့အခါ ဘဝမှာ သက်သာရာ ရသွားမှာပါ။ ဒီလိုသိမြင်တာဟာ ဘဝကို ဓမ္မဖြင့်သိမြင်တယ်လို့ ပြောရမှာပါ။

အို နာ သေဆိုတဲ့ဘဝရဲ့ဘေးဆိုးကြီးများဟာ ယနေ့လောက လူသားများရဲ့ဘဝကို အချိန်မရွေး ရဲတင်းစွာ ဝင်ရောက်နှောက်ယှက် တတ်ပြီး သူ့သဘောအတိုင်း ခြယ်လှယ်ချင်တိုင်းခြယ်လှယ်နေကြတယ်။ ဒါကြောင့် လူသားများရဲ့ဘဝဟာ လုံခြုံမှု လုံးဝမရှိ၊ ပြောလက်စနဲ့ ပြောရဦးမယ်။

စာရေးသူဟာ ကိစ္စတစ်ခုနဲ့ရန်ကုန်ရောက်နေစဉ် ရာသီတု အပြောင်းအလဲကြောင့်လားမသိ၊ မကြာခင် အဖျားဝင်လာပါတယ်။ နေထိုင်မကောင်းဖြစ်လာတဲ့အခါ နောက်နားကနေ လစ်ရင်လစ်သလို အပိုင်တွယ်ဖို့အခွင့်အလမ်းစောင့်နေတဲ့ (ပွဲလန့်တုန်းဖျာခင်းတတ်တဲ့) သွေးတိုးရောဂါက"ငါလဲကြုံတုန်း ဝင်မွှေလိုက်ဦးမယ်"ဆိုတဲ့သဘော နဲ့ သွေးပရက်ရှာ (၁၈၀/၁၀၀)အထိ တက်သွားပါတယ်။ သွေးတိုး

ရောဂါက စာရေးသူအား အပိုင်တွယ်ဖို့ နှောက်ယှက်နေပါတော့တယ်။ စာနဲ့ဖေါ်ပြလို့ မနိုင်အောင်ပဲ အခံခက်လိုက်ပါဘိ။

အခံရခက်နေတဲ့အချိန်မှာ အနာထပိဏ်သူဌေးကြီးက သေလောက်တဲ့ဝေဒနာခံစားနေရတာကို အရှင်သာရိပုတ္တရာအား လျှောက်ထားတဲ့အကြောင်းလေးကို သွားသတိရမိပါတယ်။ဒီအကြောင်းကို နောင်အလျဉ်းသင့်တဲ့အခါဖေါ်ပြပေးပါမယ်။ ဒီလိုနဲ့ ရောဂါက အခံရခက်လွန်းအတွက် ဆေးခန်းသွားပြပါတယ်။ ထိုဆေးခန်းဟာ ရန်ကုန်မြို့မှာ အထက်တန်းကျပြီး ခေတ်မီတဲ့ဆေးခန်းတစ်ခုဖြစ်သလို အကုန် အကျများလှပါတယ်။ ဆင်းရဲသားလူနာများ မတက်နိုင်ပါ၊ ချမ်းသာ ပြီးငွေတတ်နိုင်တဲ့သူများသာ တက်ရောက်ကုသနိုင်ကြတယ်။ ငွေအကုန်ကျများသလို ဝန်ဆောင်မှုကလဲကောင်းလှပါတယ်။

ဆေးခန်းမှာ လိုအပ်တာမှန်သမျှ စစ်ဆေးကြတယ်။ စစ်ဆေးတဲ့အချိန်က မွန်းလွဲ၁၃ဝနာရီမှ ညနေ ၄ နာရီထိနှစ်နာရီခွဲကြာပါတယ်။ အထက်တန်းကျတဲ့ဆေးခန်းမို့လို့ထင်ပါတယ်။ ဆေးခန်းရှိ ဝန်ထမ်းများကလဲ စေတနာထက်သန်ကြတဲ့အပြင် ဖေါ်ရွေမှုလဲရှိကြတဲ့အတွက် လူနာများကို နွေးထွေးမှုဖြစ်စေပါတယ်။ တစ်ခုတော့သတိထားမိတယ်။ ရောဂါနဲ့ပတ်သက်ပြီး လူနာနဲ့ဆရာဝန်ဆွေးနွေးမှုကို အချိန်သိပ်မပေးနိုင်ကြ၊အလုပ်များလွန်းတဲ့အတွက်ကြောင့်ဖြစ်မယ်ထင်ပါတယ်။ ဒါမှမဟုတ်၊ လိုအပ်သလောက်ပဲ မေးမြန်းကြတယ်နဲ့တူပါတယ်။

သူနာပြုတစ်ဦးက ဆေးတစ်လုံးထိုးပေးပြီး "အရှင်ဘုရား·· ဘွဲ့တော်က ဦးကောဝိဒ ဆိုတော့ မန္တလေးဂုဏ်ရည်ဆရာတော်ဦးကောဝိဒ များလားဘုရား" လို့ မေးလိုက်တယ်။ အခံခက်နေတဲ့စာရေးသူအား နောက်နေလားမသိ၊ အာရုံပြောင်းအောင်ပြောနေတာပဲထင်တယ် ဆိုပြီး တွေးလိုက်တယ်။

ရှိစေတော့…ဒါကို တုံ့ပြန်စကားမဆိုမိတော့၊ ခေါင်းကိုက်တဲ့ ဝေဒနာက အခံခက်အနေခက်နေတာကိုး။

ဘဝကို အနာရောဂါများက အမြဲတမ်းစိုးမိုးနေပါတယ်၊ဆင်းရဲသား၊ သူဌေးသား၊နိုင်ငံ့ခေါင်းဆောင်များဆိုပြီး မျက်နှာမလိုက်တတ်၊ သတ္တဝါအားလုံးက နာခြင်းတရားတွေကို မလွန်ဆန်နိုင်ကြပါ။ ဒါတင်မက အိုခြင်း သေခြင်းတရားတွေကိုလဲ မလွန်ဆန်နိုင်ကြပါ။

ဘဝမှာချမ်းသာပြီး ပျော်ရွှင်နေကြပေမယ့် မမျှော်လင့်ဘဲ အနာရောဂါ ခံစားလာရတဲ့အခါ မပျော်နိုင်တော့၊ဘဝမှာနေရတာလဲ အဓိပ္ပါယ်မဲ့သလို ဖြစ်လာတယ်။ ဒီလိုဖြစ်ရတာဟာ အခုမှမဟုတ် အနမတဂ္ဂဘဝသံသရာများစွာကတည်းက ဖြစ်တယ်။ နောင်လဲ ခံကြရဦးမယ်။ဘဝရှိသမျှ ခံကြရဦးမှာပေါ့၊ ဘဝသမားတွေလို့ ဆိုတာကိုး……..။

သိပ္ပံပညာရှင်များက အကြောင်းအရာတစ်ခုရဲ့သဘာဝကို လေ့လာချင်တယ်ဆိုရင် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ သေချာစွာ သုတေသနပြုလေ့လာကြရပါတယ်။ သတ္တဝါအကြောင်းကို အတွင်းကျကျ သိချင်ရင် သတ္တဝါများနဲ့ အနီးကပ်ပြီး သုတေသန ပြုကြရပါတယ်။ဒါပေမဲ့ လူများရဲ့ဘဝအကြောင်းကို အတွင်းကျကျ သိချင်တယ်ဆိုရင် လူသားများအား အချိန်ကုန်ခံပြီး အပင်ပမ်းခံကာ လိုက်လေ့လာနေစရာမလိုပါ။ မိမိရဲ့ဘဝဆိုတဲ့ရုပ်နာမ်ခန္ဓာကို သုတေ သနပြုခြင်းဖြင့် လူသားများရဲ့သဘာဝအမှန်တရားကို သိလာနိုင်ပါ တယ်။

ဒါ့အပြင် လူသားများရဲ့စိတ်နေစိတ်ထားသဘာဝတရားကို သိချင်တယ်ဆိုရင် လူသားအားလုံးရဲ့စိတ်တွေကို လိုက်လေ့လာနေစရာ မလိုပါ။ မိမိစိတ်ကို အချိန်နဲ့အမျှ စောင့်ကြည့်ပါ။ ဒါကို စိတ်သု

တေသနပြုတယ်လို့ခေါ်ပါတယ်။ ဘုရားစကားတော်နဲ့ပြောရင် စိတ္တာနုပဿနာ ဖြစ်ပါတယ်။ မိမိစိတ်ကိုလေ့လာဖန်များလာတဲ့အခါ စိတ်ရဲ့သဘောသဘာဝကို အမှန်အတိုင်းသိမြင်လာပါလိမ့်မယ်။ မိမိရဲ့စိတ်သဘောကို သိပြီဆိုရင် လူသားများရဲ့စိတ်သဘာဝကိုလဲ သိမြင်ပြီးဖြစ်ပါတော့တယ်။ လူတွေ ပြောနေကြတဲ့ ဘဝ၊လောက တို့ဆိုတာတွေဟာ ရုပ်နာမ်တရားတွေဖြစ်တယ်။ ဘဝသမားဆိုတဲ့ အတိုင်း ဘဝအကြောင်းသိချင်တယ်ဆိုရင် မိမိရဲ့ရုပ်နာမ်ခန္ဓာကို နေ့စဉ် အဖန်ဖန်အထပ်ထပ် ရှုမြင်သုံးသပ်ကြရမယ်ဆိုတာပြောရင်း··အမှန် တကယ်လဲ ဘဝအကြောင်းကို သိအောင်ကြိုးစားနိုင်ကြပါစေ····။

# မိတ္တူဆိုင်က မြတ်ခမ္မ

တစ်နေ့ စာမူဆောင်းပါးများကို မိတ္တူကူးဖို့အတွက်ကွန်ပျူတာဆိုင်တစ်ဆိုင်ကို ရောက်ခဲ့ပါတယ်။ အရင်ကတော့ မိတ္တူကိစ္စကို ကဗျာဆရာညိုမင်းဟန်က အကျိုးဆောင်ပေးနေကြ၊ ဒီတစ်ခါတော့ တစ်ခြားကိစ္စလဲရှိတာနဲ့ စာရေးသူကိုယ်တိုင် ကွန်ပျူတာစာစီဆိုင်ကို ဝင်ပြီး မိတ္တူကူးခဲ့ပါတယ်။

ခဏာပဲစောင့်ရတယ်။ လိုချင်တဲ့စာမူဆောင်းပါးမိတ္တူများ ရရှိခဲ့ပါတယ်။ အိုင်တီခေတ်ကြီးမှာ စာမူဆောင်းပါးများကို ထပ်တူကျအောင် မိတ္တူကူးနိုင်သလို မိမိရဲ့ဓါတ်ပုံကို ပုံတူကူးချင်သပဆိုရင်လဲ ခေတ်မှီဓါတ်ပုံကူးစက်ကြီးနဲ့ ကူးလို့ရပါသေးတယ်။ မိတ္တူကူးစက်ကို ကြည့်ပြီး တစ်ခုတွေးမိပါတယ်။

ငယ်စဉ်ကမိမိရုပ်ပုံလွှာကို မိတ္တူကူးရင် ငယ်စဉ်က ပုံကိုပဲ ရနိုင်ပါတယ်။အသက်ကြီးတဲ့ဓါတ်ပုံကို မိတ္တူကူးရင် အသက်ကြီးတဲ့ ရုပ်ပုံပဲ ရနိုင်ပါတယ်။ အခုလက်ရှိအချိန်မှာ ဒို့တစ်တွေ ငယ်ငယ်တုန်းက ရုပ်ပုံမျိုး မိတ္တူကူးလို့ မရနိုင်တော့ပါ။ ငယ်ငယ်တုန်းကပုံကိုမပြောနဲ့ဦး၊ ပြီးခဲ့တဲ့နာရီက ရုပ်ပုံတောင်မှ ကူးယူလို့မရပါဘူး။

ဒီလိုဖြစ်ရတာဟာ ဘာကြောင့်လဲ အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာတရားကြောင့်ဖြစ်တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရပါဘူး။ အရာအားလုံးဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပါတယ်။ ဒါ့ပြင် အချိန်နဲ့အမျှ မွေး၊အို၊နာ၊သေဆိုတဲ့ စက်ယန္တရားကြီးဟာ အဆက်မပြတ်လည်ပတ်နေပါတယ်။ သတ္တဝါများဟာ မွေးလာကတည်းက ဇရာရဲ့ လွှမ်းမိုးမှုကို ခံနေကြရတယ်။ စာရေးသူဟာ အခုအချိန်မှာ အဖိုးအိုဖြစ်နေပါပြီ။ ငယ်ငယ်တုန်းက အဖိုးကြီးတွေကို 'အဖိုး' လို့ခေါ်ခဲ့ပေမဲ့

အခုအချိန်မှာ ကိုယ့်ကို လူငယ်များက 'အဖိုးကြီး'လို့ ခေါ်မယ်ဆိုရင် လုံးဝမကြိုက်ပါ။ ဒီလိုပါပဲ တစ်ပါးသူတွေက စာချစ်သူတို့ကို အဖိုးအဖွားလို့ ခေါ်ရင် ကြိုက်ချင်မှကြိုက်မှာပါ။ အမှန်တော့ ကိုယ့်ကိုယ်ကိုသာ လိမ်ညာလို့ရမယ်၊ သဘာဝတရားကြီးကိုတော့ ဘယ်အခါမှ လိမ်လို့မရပါဘူး။

နံနက်စောစောမှာပွင့်လာတဲ့ပန်းကလေးတစ်ပွင့်ဟာ ညနေဖက်ရောက်တဲ့အခါ အရောင်အသွေးနဲ့ပွင့်ဖတ်တွေ တဖြေးဖြေးညှိုးနွမ်းလာပါတယ်။ ဒီလိုပါပဲ ဘဝရလာသူတိုင်း အိုတဲ့ဘူတာဆီကို သွားနေကြတယ်၊အဲဒီကနေ နာတဲ့ဘူတာရောက်မယ်၊နောက် မရဏဘူတာကို ရောက်ရင်တော့ တစ်ဘဝအတွက် အဆုံးသတ်ခဲ့ရတော့မယ်။ နောက်ဘဝ ကိုရောက်တဲ့အခါလဲ ဒီလိုပါပဲ ဘဝချားရဟတ်ကြီးက ဆက်လက်လည်ပတ်ရပြန်ပါအုံးမယ်။ ဒါကြောင့် ဘဝဟာ တည်မြဲနေတယ်ရယ် လို့မရှိ (ever changes) အမြဲတန်း ပြောင်းလဲနေတယ်ဆိုတာ တွေးမိ ပါတယ်။

ငယ်ငယ်တုန်းက မျက်စိမှုန်တာ၊နားထိုင်းတာမရှိပေမဲ့ အခုခါမှာတော့ မျက်စိအတွက် အကူမျက်မှန်တတ်ရတယ်။ နားထိုင်းလို့ နားကြပ်ပါဆောင်ထားကြရတယ်။ အရင်ကလိုမျိုး ဒူးလဲအဆင်မပြေချင်တော့၊ ကြံ့ခိုင်မှုမရှိတဲ့အတွက် ဂျိုင်းထောက်၊တောင်ဝှေးများကို အားကိုးကြရတယ်။ ဒီအဆင့်ကိုရောက်ခဲ့တာဟာ အိုမင်းရင့်ရော်မှုရဲ့တွန်းပို့မှုတွေလို့ ဆိုရမှာဖြစ်တယ်။

မကြာသေးမီက ဆီးချိုရောဂါကြောင့် ခြေချောင်းလေးတွေဖြတ်ထားရတဲ့ အမျိုးသမီးကြီးတစ်ဦးကို "ဒကာမကြီး…နေကောင်းပါရဲ့လား"လို့ မေးရာ သူမက"အရှင်ဘုရား…လူတော့နေကောင်းပါတယ်၊ ဒီခြေလေးတွေက မကောင်းတာဘုရား…"တဲ့။

အော်···ခြေနဲ့လူ အတူတူဖြစ်ပါရက်နဲ့ ကောင်းကွက်ကိုမှ ပြောဆိုတတ်ကြပါတယ်။ တကယ်တော့ ဒီရုပ်ခန္ဓာကိုယ်ကြီးဟာ ဘယ်နေရာမှ ကောင်းတာ မရှိဘူးဆိုတာကို ဒကာမကြီးတွေးမိပါလေစ။

ငယ်ငယ်တုန်းက 'တောင်စွယ်မှာ··နေကွယ်ရင်' ဆိုတဲ့ သီချင်းစာသားတစ်ခုကို အမှတ်ရမိပါသေးတယ်။ ညနေဆည်းဆာအချိန်မှာ နေလုံးကြီး အနောက်ဖက်ကို ဝင်သွားတာ နေ့တိုင်းမြင်ကြရတယ်။ ဒါပေမဲ့ ဘဝနေဝင်ချိန်ကတော့ ဘယ်အခါဆိုတာ မပြောနိုင်ဘူး။ ဒါပေမဲ့ 'အချိန်မရွေး နေရာမရွေး' ဆိုတာတော့ သေချာနေပါတယ်။

ဒါကြောင့် ဒို့တစ်တွေအားလုံး"ဘဝဆိုတဲ့မိတ္တူဆိုင်"မှာ နောင်ဘဝများအတွက် ကုသိုလ်ပုံရိပ်များကို အများဆုံးကူးယူနိုင်တဲ့သူများဖြစ်အောင် ကြိုးစားကြရမယ်ဆိုတာပြောရင်း····စာသင်သားဘဝတုန်းက နံနက်ပိုင်းသြဝါဒတက်တဲ့အခါ ဆိုခဲ့ရတဲ့ လင်္ကာလေးကို ကြားယောင်မိပါတော့တယ်။

ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။
တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။
ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာသွားရမည်။
ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လည်းသေဘက်နီးခဲ့ပြီ။
ဇရာမီးတောင်၊ ကိုယ်တည်းလောင်၊ သေအောင်မြိုက်တော့သည်။
မသေရခင်၊သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်သည်။ ။



# အတွေးထဲက မြိတ်စမ္မ

ကလင်········ကလင်·······ကလင်
တယ်လီဖုန်းသံကြောင့် ဖုန်းကိုင်လိုက်တဲ့အခါ"အရှင်ဘုရား···တပည့်တော်မ·············ပါဘုရား"
"အင်း·····ပြောပါဦး ဘာကိစ္စပါလိမ့်"
"တစ်ခြားမဟုတ်ပါဘူးဘုရား····မနက်ဖြန် အရှင်ဘုရားတို့ကျောင်းမှာ တပည့်တော်မ ခင်ပွန်းကို ရဟန်းဝတ်ပေးချင်လို့ပါဘုရား···"။
"ကောင်းတာပေါ့ဒကာမကြီး···လာသာလာခဲ့ပါ"လို့ပြောပြီး လိုအပ်တဲ့ သင်္ကန်းပရိက္ခရာများကို ဝယ်ခိုင်းလိုက်ပါတယ်။

ရဟန်းခံတဲ့နေ့ရောက်တဲ့အခါ ဒကာမကြီးက"အရှင်ဘုရား·· သိမ်ဝင်တဲ့အခါ တပည့်တော်မခင်ပွန်းကို ကမ္မဝါစာ(၃)ကြိမ်တိတိ ဖတ်ပေးတော်မူပါဘုရား···"။
သူမပြောစကားကြောင့် အလွန်အံ့ဩခဲ့ရပါတယ်။

အမှန်က ရဟန်းခံတယ်ဆိုတာ ရဟန်းကိစ္စဖြစ်တဲ့အတွက် ရဟန်းများနဲ့သာ သက်ဆိုင်ပါတယ်။ ရဟန်းခံသိမ်ဝင်တဲ့အခါမှာ လူပုဂ္ဂိုလ်များက စီမံပိုင်ခွင့်မရှိပါ။အရင်ကလဲမရှိခဲ့၊အခုလဲမရှိ၊နောင်လဲ ဘယ်တော့မှ ရှိမှာမဟုတ်ပါ။ ဒါပေမဲ့ ဒကာမကြီးက သူကိုယ်တိုင် နားလည်သလို စီမံနေပါတယ်။ စာရေးသူလဲမနေနိုင်တာကြောင့် "ဒကာမကြီး···ရဟန်းခံတဲ့အခါ ကမ္မဝါစာ (၃)ကြိမ်ဖတ်ရမယ် ဆိုတာ ဒကာမကြီးကိုယ်တိုင်ကသိလို့ပြောတာလား၊ ဒါမှမဟုတ်ရင် ဘယ်သူကပြောခိုင်းလိုက်တာလဲ" လို့မေးတော့····
သူမက"အရှင်ဘုရား···တပည့်တော်မ သိလို့မဟုတ်ပါဘူး၊ ဘုန်းကြီး တစ်ပါး က ဗေဒင်ဟောလိုက်လို့ အရှင်ဘုရားကို လျှောက်ထား

ရခြင်းဖြစ်ပါ တယ်ဘုရား…”လို့ ပြောပါတယ်။

စာရေးသူက‥“ကမ္မဝါ(၃)ကြိမ်ဖတ်ရင် ဘာအကျိုးတွေ ရနိုင်တယ်ဆိုတာ ဗေဒင်ဆရာက မပြောလိုက်ဘူးလား၊ ဒါဆို ဒကာမကြီးက ဗေဒင်အဟောထွက်တဲ့အတွက် ရဟန်းခံပေးတာပေါ့”လို့ပြောတော့‥သူမက

“အရှင်ဘုရား‥ ရှင်းလင်းသွားအောင် တပည့်တော် အကြောင်းစုံ ပြောပြပါ့မယ်ဘုရား”လို့ဆိုကာ သူမရဲ့အိမ်ထောင်ရေးပြဿနာကို ပြောပြပါတော့တယ်။ အော် ‘လူတစ်ခု ပူမှုရယ်ကဆယ်ကုဋေ’ ဆိုတဲ့အတိုင်း လူဖြစ်လာရ ဒီဘဝ အပူပေါင်းများစွာနဲ့ ဆက်ဆံနေကြရတာပါလား‥။ဒါနဲ့ သူမပြောလာတဲ့စကားများကို နားထောင်ပေးလိုက်ပါတယ်။

သူမရဲ့ခင်ပွန်းဟာ အမျိုးသမီးတစ်ယောက်နဲ့ ငြိစွန်းပြီး နောက်အိမ်ထောင်အသစ်တစ်ခုကို ထူထောင်တော့မှာဖြစ်တယ်။ ဒါနဲ့ကြံရာမရဖြစ်ကာ ဘုန်းကြီးတစ်ပါးထံ ပြဿနာအတွက် ဗေဒင်မေးခဲ့ပါတယ်။ ဗေဒင်ဆရာဘုန်းကြီးက သူမရဲ့အိမ်ထောင်ရေးအဆင်ပြေဖို့အတွက် လင်တော်မောင်ကို ရဟန်းခံပေးရမယ်၊ ရဟန်းခံတဲ့အခါ ကမ္မဝါစာ(၃)ကြိမ်ဖတ်ပေးဖို့ သံဃာတော်များကို အထူးလျှောက်ထားပေးဖို့ ပြောလာပါတယ်။ ဒါကြောင့် တပည့်တော်မ ဒီလိုလျှောက်ထားရခြင်းဖြစ်ပါတယ်ဘုရား။

သူမပြောစကားအရ……

သူမယောက်ျား နောက်အိမ်ထောင်မပြုနိုင်အောင် ကြံမိကြံရာ ဗေဒင်သွားကြည့်ပါတယ်။ ဗေဒင်ဆရာလမ်းညွှန်တဲ့အတိုင်း ယောက်ျားကို ရဟန်းခံခိုင်းလိုက်တာပါ။ ယောက်ျားကလဲ နားပူသက်သာပါစေတော့ဆိုပြီး ရဟန်းခံဖို့ သဘောတူလိုက်တဲ့သဘောဖြစ်တယ်။

အမှန်တော့ ရဟန်းခံပေးရုံနဲ့အိမ်ထောင်ရေးမပြေရှင်းပေးနိုင်သလို ဗေဒင်ဆရာကလဲ ဘယ်လိုမှမတတ်နိုင်ပါ။ ပြောရရင်တော့ ရောဂါတစ်ခြား ဆေးတစ်ခြား ဖြစ်နေပါတယ်။ တကယ်တမ်း ပြေရှင်းပေးနိုင်တာက ကာယကံရှင်များဖြစ်တဲ့ ဇနီးမောင်နှံနှစ်ဦးစလုံးဖြစ်တယ်။ ဘုရားရှင်ကလဲ ယခုလက်ရှိဘဝအိမ်ထောင်ရေးသာယာပျော်ရွှင်ချမ်းမြေ့ဖို့အတွက် ဇနီးမောင်နှံများလိုက်နာကျင့်သုံးသင့်တဲ့တရားများကို ဟောကြားတော်မူခဲ့တာ ရှိပါတယ်။

ဘုရားရှင်က ဇနီးမောင်နှံတိုင်း ပစ္စုပ္ပန်ဘဝမှာ ပျော်ရွှင်ချမ်းမြေ့တဲ့အိမ်ထောင်တစ်ခုကို ဖန်တီးချင်တယ်၊ နောက်တမလွန်မှာလဲ သုဂတိဘုံမှာ အတူတူဖြစ်ချင်ကြတယ်ဆိုရင် ဇနီးမောင်နှံများကျင့်ရမဲ့တရားလေးပါးရှိတယ်လို့ ဟောတော်မူခဲ့ပါတယ်။(ဘုရားရှင်ဟာ မဂ်ဖိုလ်ရရေးလောကုတ္တရာကောင်းကျိုးကိုသာမက လောကီချမ်းသာကြီးပွားကြောင်းတရားများကိုလဲ မေတ္တာတော်အနန္တဖြင့် ဟောတော်မူခဲ့တာကို သတိပြုမိစေချင်ပါတယ်)။

ဇနီးမောင်နှံတိုင်းကျင့်ရမဲ့တရားလေးမျိုးက…

(က) သမသဒ္ဓါ။ ။တူမျှတဲ့ယုံကြည်မှုရှိရမယ်။

ဇနီးမောင်နှံနှစ်ယောက်စလုံး ယုံကြည်မှုတူရမှာဖြစ်တယ်။ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးယုံကြည်မှုခြင်း တူမျှရမယ်။ တနည်းပြောရရင် ကိုးကွယ်တဲ့ဘာသာအယူဝါဒခြင်းတူပါက ပိုကောင်းပါတယ်။ဒီနေရာမှာ သတိထားစရာတစ်ခုက ဘာသာမတူရင်မယူရဘူးလို့ ဘုရားရှင်က ယတိပြတ်မဟောခဲ့ပါဘူး၊ ဘာသာတူရင်ကောင်းတယ်ဆိုတာလောက်ပဲ ဟောတော်မူခဲ့တာပါ။ ဒါကိုကြည့်ခြင်းဖြင့် အိမ်ထောင်ရေးလွတ်လပ်ခွင့်ပေးထားတာကို သတိပြုရမဲ့အချက်ပါ။

ထင်ရှားအောင်ပြောရရင်··သက်တော်ထင်ရှားဘုရားရှင်လက်ထက်က သမီးဖြစ်သူ စူဠသုဘဒ္ဒါကို ဘာသာခြားနဲ့အိမ်ထောင်ပြုပေးဖို့အတွက် အနာထပိဏ်သူဌေးက ဘုရားရှင်ဆီသွားပြီး တိုင်ပင်ပါတယ်။ ဒီအခါမှာ ဘုရားရှင်က ''သင့်တော်ပါတယ် ဒကာတော်'' လို့ မိန့်တော်မူခဲ့တဲ့သာဓကလဲ ရှိခဲ့ပါတယ်။

ဇနီးမောင်နှံများဟာ ဓမ္မရှုထောင့်ကနေကြည့်ရင် ယုံကြည်မှုတူရုံသာမဟုတ်သေး၊လောကရှုထောင့်ကကြည့်ရင် တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုအပြည့်ရှိရမယ်ဆိုတာလဲ နားလည်ထားကြရပါမယ်။ တစ်ဦးပေါ်တစ်ဦး သံသယကင်းရှင်းပြီး ယုံကြည်မှုရှိကြတယ်ဆိုရင် အိမ်ထောင်ရေးဟာ သာယာပျော်ရွှင်မှုကိုပေးနိုင်မှာပါ။ တစ်ဦးပေါ်တစ်ဦး ယုံကြည်တယ်ဆိုတာကလဲ အရမ်းယုံလို့မရပြန်ဘူး။ ဒီတော့ ဇနီးဖြစ်သူက လင်ဖြစ်သူကို ယုံကြည်မှုရှိတယ်ဆိုရင် လင်ဖြစ်သူက မိမိဇနီးယုံကြည်လက်ခံနိုင်လောက်တဲ့ အပြုအမူအနေအထိုင် ကိုယ်ကျင့်တရားတွေ လိုအပ်ပါတယ်။ ထို့အတူ ဇနီးဖြစ်သူကလဲ မိမိလင်ယောကျ်ားက မိမိအပေါ်ယုံကြည်လက်ခံနိုင်တဲ့ အပြုအမူအနေအထိုင် ကိုယ်ကျင့်တရားတွေ အထူးလိုအပ်ပါတယ်။ဒါကြောင့် သာယာပျော်ရွှင်တဲ့အိမ်ထောင်မှုတစ်ခုကို ဖန်တီးချင်တယ်ဆိုရင် ယုံကြည်မှုခြင်းတူရပါမယ်။ဒါကိုပါဠိလို **'သမသဒ္ဓါ'** လို့ခေါ်ပါတယ်။

(ခ) သမသီလာ။ ။ ကိုယ်ကျင့်တရားတူမျှရမယ်။

နှစ်ဦးစလုံး ကိုယ်ကျင့်တရား ရှိရပါမယ်။ တစ်ဦးက ကိုယ်ကျင့်တရားဖေါက်ဖျက်ရင်တော့ အိမ်ထောင်ရေး ဘယ်နည်းနဲ့မှ မသာယာနိုင်ပါဘူး။ထင်ရှားတဲ့အကြောင်းတစ်ခုပြောပြမယ်။

ယောကျ်ားက အိမ်ပြန်တိုင်း အရက်သောက်ပြီး အရက်မူးလာတယ်ဆိုရင် အိမ်သူသက်ထားဇနီးမယားခမျာ မပြောသာပေမဲ့ စိတ်ထဲ

အဆင်မပြေလှပါ။ ယောက်ျားသာမဟုတ် ယခုခေတ်မှာ မိန်းမများလဲ အရက်သောက်နေကြတာတွေ့ရပါတယ်။

ကိစ္စတစ်ခုနဲ့စာရေးသူမြို့ထဲသွားတော့ လမ်းမှာ အရက်ဆိုင်ကြီးတစ်ဆိုင်ရှိတယ်၊ အဲဒီအရက်ဆိုင်ထဲက ထွက်လာတဲ့သူများကို သတိထားကြည့်လိုက်တဲ့အခါ အသက်တစ်ဆယ်ကျော်၊နှစ်ဆယ်ကျော် အရွယ် မိန်းကလေးများဖြစ်နေတာကို တွေ့ရပါတယ်။ဒါကြောင့် ယခုခေတ် အချို့မိန်းကလေးများဟာ အရက်၊ဘီယာတို့ကို ခေတ်မီတယ်ဆိုပြီး သောက်လာကြတာတွေ့ရပါတယ်။

ပြောလိုတာက အမျိုးသားတင်မက အမျိုးသမီးပါ ကိုယ်ကျင့်တရားကောင်းမွန်ဖို့လိုအပ်ပါတယ်။ ဘုရားရှင်က သီလပြည့်စုံနေတဲ့သူဟာ စိတ်ကအလိုရှိတိုင်း ရနိုင်တယ်လို့ ဟောတော်မူခဲ့ပါတယ်။ ဒါကြောင့် ကိုယ်ကျင့်တရားကောင်းတဲ့ဇနီးမောင်နှံများဟာ အိမ်ထောင်ရေးပျော်ရွှင်ရုံမျှမက လောကီအကျိုးစီးပွားအတွက်လဲ အဆင်ပြေနိုင်ပါတယ်။ နောင်တမလွန်ဘဝအတွက်လဲ ကောင်းတဲ့သုဂတိဘုံမှာ အတူတူဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဇနီးမောင်နှံနှစ်ဦးစလုံးကိုယ်ကျင့်တရားကောင်းမွန်ရပါမယ်။ဒါကိုပါဠိလို "သမသီလာ" လို့ခေါ်ပါတယ်။

(ဂ) သမစာဂါ။ ။တူမျှတဲ့စွန့်ကြဲမှုရှိရမယ်။

ကုသိုလ်ကောင်းမှုပြုလုပ်တဲ့အခါ တစ်ဦးနဲ့တစ်ဦး တိုင်ပင်ပြီး ပြုလုပ်ကြပါမယ်။ လောကရှုထောင့်ကကြည့်ရင် အဖေအမေတွေကို ထောက်ပံ့၊ပေးကမ်းချင်တယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး အသိပေးတိုင်ပင်ပြီး ပေးရင် ကောင်းပါတယ်။ မတိုင်ပင်ရင်ဘာဖြစ်မှာလဲဆိုတော့ တစ်ဦးနဲ့တစ်ဦး ငါ့မတိုင်ပင်ရကောင်းလားဆိုပြီး အမိုက်ကစပြာသာဒ်မီးလောင်ဆိုတာလို ပြဿနာကြီးထွားကာ အိမ်ထောင်ပြိုကွဲတဲ့အထိဖြစ်သွားတတ်

လို့ပါပဲ။

တစ်ခါက ဇနီးမောင်နှံနှစ်ဦး စာရေးသူထံရောက်လာကာ ဇနီးဖြစ်သူက သူတို့အိမ်မှာ ဘယ်ရက်ကျရင် အလှူလုပ်ပါ့မယ်၊ ဒါကြောင့် အရှင်ဘုရားတို့ကိုလာပင့်တာပါ ဆိုပြီး လျှောက်ထားကာ ရှိသေးတယ်။ အမျိုးသားဖြစ်သူက သူလဲဒီအကြောင်းဘာမှမသိ၊ သူ့ကိုလဲ ဘာမှမတိုင်ပင်ရကောင်းလားဆိုပြီး စာရေးသူရှေ့မှာ လင်မယား တစ်ယောက်တစ်ခွန်း စကားများကြတယ်။ သူတို့အဆင်ပြေ အောင် ပြောပေးလိုက်ရပါတယ်။ ပြောလိုတာက အဖေအမေကိုပေးချင် တာပဲဖြစ်စေ ကောင်းမှုကုသိုလ်ပွဲကြီး ပြုလုပ်တဲ့အခါမှာဖြစ်စေ တစ်ဦး နဲ့တစ်ဦး တိုင်ပင်ညှိနှိုင်းဖို့မမေ့ပါနဲ့လို့ သတိပေးပါရစေ။ ဒါကိုပဲပါဠိလို "သမစာဂါ" လို့ခေါ်ပါတယ်။

(ဃ) သမပညာ။ ။တူမျှတဲ့အသိဉာဏ်ပညာရှိရမယ်။ ဘဝမှာဖြတ်ကျော်ရတဲ့အခါ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးစတဲ့ အရေးပေါင်းစုံနဲ့ မလွဲမသွေ ရင်ဆိုင်ရကြရမယ်။ ပြဿနာမျိုးစုံ အခက်အခဲမျိုးစုံနဲ့ ကြုံရတတ်ပါတယ်။ အဲဒီအခါမှာ တစ်ဦးနဲ့တစ်ဦး "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ဆိုတာလို တစ်ဦးကို တစ်ဦး အားကိုးပြုကာ ပြဿနာအဖြေရှာကြရမှာပါ၊ အခက်အခဲပြဿ နာများကို တိုင်ပင်ဖြေရှင်းကြရမှာပါ။ ရင်ဆိုင်လာရတဲ့အကြောင်းတွေ က အကောင်းလဲရှိသလို အဆိုးလဲရှိနိုင်ပါတယ်။ ဒါကြောင့် ဇနီးမောင် နှံနှစ်ဦး ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဆိုတာလို ဘဝမှာ နားလည်မှုပေး နိုင်ကြမယ်ဆိုပါက အိမ်ထောင်မှုဘဝ သာယာပျော်ရွှင်လာနိုင်ပါတယ်။ ဒါကိုပါဠိလို "သမပညာ" လို့ခေါ်ပါတယ်။တစ်ဖန်...

ဘဝမှာအခက်အခဲတွေကြုံလာရတဲ့အခါ ရှေးပညာရှိသူတော် ကောင်းများဟာမိမိကိုယ်ကို ဘယ်လိုသုံးသပ်ပြီး ဘယ်လိုကျင့်သုံး

ကြသလဲဆိုတာကို အတုယူစရာတစ်ခုအနေနဲ့ ပြောပြချင်ပါတယ်။

ကီဒိသော ဟံ ကတံ ကိံမေ၊ ကတံ နုယုတ္တကံ သိယာ။

ဣစ္စေတံ သမ္မသိတွာန၊ ယုတ္တာယုတ္တံ ကရေဇ္ဇဟော။

(မဟာသုတဒီပနီကျမ်း)

ဒါကို မြန်မာလိုပဲ ပြောသွားပါ့မယ်။

ရှေးပညာရှိသူတော်ကောင်းများ ကျင့်**သုံးတဲ့**နည်း သုံးနည်းရှိတယ်။

**(၁) ငါဘယ်လိုလူဖြစ်သလဲ……။**

ပညာရှိသူတော်ကောင်းများဟာ 'ငါဘယ်သူလဲ' ဆိုတာ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရပါတယ်။ ငါဟာ ရဟန်းပဲ၊ ငါဟာဘုရား ဒကာကျောင်း ဒကာပဲ၊ငါဟာအုပ်ချုပ်သူ အကြီး အကဲပဲ၊ ငါဟာ တရားသူကြီးပဲ၊ငါဟာ ဆရာဝန်ကြီးပဲ၊ ငါဟာ စစ်သူကြီးပဲ၊ ငါဟာ ကုန်သည်ကြီးပဲ၊ ငါဟာ အိမ်ထောင်ဦးစီးပဲ လို့ ကိုယ့်ဘဝအခြေ အနေမှန်ကို ကိုယ့်ဟာကိုယ် အဖြေထုတ်ရပါမယ်။ လောကမှာ ကိုယ့်ဘဝကို ကိုယ်မမေ့သင့်ပါ။ ကိုယ့်ဘဝကိုကိုယ်မေ့တဲ့သူဟာ အများအားဖြင့် အမှားကိုပြုတတ်ကြတယ်။မသင့်လျော်တဲ့ အမှုကိစ္စ မျိုးကိုလဲ ပြုလုပ်တတ်ကြတယ်။ ဒါကြောင့် ပထမမေးခွန်းနဲ့ ကိုယ့်ဘဝအမှန်ကို အဖြေထုတ်ရပါမယ်။

**(၂) ငါဘာကိုလုပ်နေမိလဲ….။**

ဒုတိယမေးခွန်းနဲ့ မိမိလုပ်နေတာကို အဖြေရှာရမယ်။ ရဟန်းဖြစ်ပါရက်နဲ့ ရဟန်းအလုပ်မှတစ်ပါး အခြားအလုပ်ကို လုပ်မိ တတ်ကြတယ်။ဗုဒ္ဓဘာသာဖြစ်ပါရက်နဲ့မသင့်လျော်တဲ့အလုပ်တွေကို လုပ်မိတတ်ကြတယ်။ အကြီးအကဲအုပ်ချုပ်သူဖြစ်ပါရက်နဲ့ အကြီးအကဲ ရဲ့အမှုအကျင့်မဟုတ်တဲ့ အမှားတွေကို ပြုမိတတ်ကြတယ်။ တရားသူ ကြီးဖြစ်ရက်နဲ့ မတရားသူဖြစ်နေတတ်တယ်။ဆရာဝန်ကြီးဖြစ်ရက်နဲ့

ကရုဏာကင်းမဲ့သူ ဖြစ်နေတတ်တယ်။ စစ်သားကြီးဖြစ်ရက်နဲ့ ကျင့်ဝတ်ပျက်နေတတ်တယ်။ ကုန်သည်ကြီးဖြစ်ရက်နဲ့ မတရားလောဘနဲ့ မကောင်းတဲ့အသက်မွေးဝမ်းကျောင်းမှုကို ပြုလုပ်နေတတ်တယ်။ မိမိလုပ်တဲ့အလုပ်အပေါ် မိမိပြန်ကြည့်ပြီး အဖြေရှာရပါမယ်။ စိတ်ထားမှန်၊စိတ်ကောင်းရှိပြီး ကျင့်ဝတ်တည့်မတ်တဲ့သူဖြစ်ပါက အဖြေကောင်းထွက်ပါလိမ့်မယ်။ မဟုတ်ရင်တော့ အဖြေဆိုးပေါ့။

**(၃)ငါလုပ်တာ မှန်ရဲ့လား······။**

မိမိလုပ်ရပ်အမှားအမှန်ကို မိမိဘာသာ ဆုံးဖြတ်ရပါမယ်။ ဆုံးဖြတ်လို့ မှန်နေတယ်ဆိုရင် ဆက်သာလုပ်ပါ။ မှားနေတယ်ဆိုရင်တော့ ရပ်တန်းကရပ်လိုက်ပါတော့လို့ ပဲပြောပါရစေ···။

ဒီသုံးသပ်ချက်နဲ့ပတ်သက်ပြီး အမှားအမှန်ဆုံးဖြတ်ကာ ရဲရဲဝံ့ဝံ့ဆက်လက် လုပ်ဆောင်ခဲ့သူကတော့ ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီးပါပဲ။ ဆင်ဖြူတော်လှူတာနဲ့ပတ်သက်ပြီး·· တိုင်းသူပြည်သားတွေရဲ့ဆန္ဒအရ ခမည်းတော်သိဝိမင်းကြီးက သားတော်ဝေဿန္တရာမင်းကို တိုင်းပြည်က နှင်ထုတ်လိုက်ပါတယ်။ ဒီမှာဝေဿန္တရာမင်းက ကိုယ့်ကိုယ်ကို သုံးသပ်ပါတယ်။

ငါဘယ်သူလဲ···

ငါဟာ ဝေဿန္တရာမင်းကြီးပဲ မိမိဘဝအမှန်ကို အဖြေထုတ်တယ်။

ငါဘာကို လုပ်မိလဲ···

ငါဟာ တိုင်းပြည်ကချစ်တဲ့ အားကိုးတဲ့ပစ္စယဆင်ဖြူတော်ကို ငါပိုင်ဖြစ်တဲ့အတွက် လှူဒါန်းခဲ့ပြီးပြီလို့ ကိုယ့်လုပ်ဆောင်ချက်အမှန်ကို အဖြေထုတ်တယ်။

ငါလုပ်တာမှန်ရဲ့လား···

ဆင်ဖြူတော်လှူလိုက်တဲ့ငါ့အလှူဒါနဟာ တစ်ဦးတစ်ယောက် ကောင်းဖို့မဟုတ် အများကောင်းကျိုးအတွက် သဗ္ဗညုတဉာဏ်တော်ကို ပြည့်စေ နိုင်တဲ့ မှန်ကန်တဲ့ပါရမီ လုပ်ငန်းကြီးဖြစ်တယ်လို့ အဖြေမှန်ကို ရှာတွေ့တယ်။

ဒါကြောင့် မှန်ကန်တဲ့ဒါနလုပ်ငန်းကို ငါ့အသက်ပဲစွန့်ရပါစေတော့၊ ငါနောက်မဆုတ်၊ ဆက်လက်လုပ်ဆောင်မယ်လို့ ကြုံးဝါးတော်မူခဲ့ပါတယ်။

ထိုအမေးသုံးချက်နဲ့ အဖြေသုံးချက်ကို မိမိကိုယ်တိုင် သုံးသပ်မယ်ဆိုပါက လင်မယားလဲကွဲပြဲမှုမရှိတော့သလို ယောကျ်ားဖြစ်သူကလဲ နောက်အိမ်ထောင်ပြုတော့မှာမဟုတ်ဘူးဆိုတာ ပြောကြားရင်း·· အားလုံးအစစအရာရာ အဆင်ပြေကြပါစေ····။



## ဘဝပန်းချီကားချပ် ဆွဲတတ်ပါစေ

စိတ်ဆိုတဲ့ရင်ပြင်မှာ အရောင်အသွေးမျိုးစုံအောင် ခြယ်သနေကြတာဟာ ပုထုဇဉ်တို့သဘာဝဖြစ်တယ်။ လိုချင်စရာအာရုံနဲ့တိုက်မိတဲ့အခါ လောဘအရောင်ဆိုးကြသလို မခံသာတဲ့အာရုံနဲ့တိုက်မိတဲ့အခါ ဒေါသအရောင်ဆိုးတတ်ကြပါတယ်။

လောဘ၊ဒေါသကိလေသာအရောင်အသွေးမျိုးစုံ ခြယ်သခံရတဲ့အတွက် စိတ်ညစ်နွမ်းမှုတွေ များလှပါတယ်။ထို့အတူဘဝဟာလဲ အဆင့်နိမ့်ကျတဲ့အဖြစ်ကို ရောက်ခဲ့ရပြန်ပါတယ်။

စာရေးသူ ရဟန်းစတင်ဝတ်စဉ်က တရားအားထုတ်မှုအတွက် အချိန်ပေးနိုင်ဖို့ ရဟန်းဝတ်လာတာပါ လို့ ရိုးသားစွာ ဝန်ခံပါရစေ။ ဒါကြောင့်ရဟန်းဖြစ်စအချိန်တုန်းက တရားအားထုတ်မှုကို အချိန်များစွာပေးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သာသနာ့ဝန်ထမ်းရဟန်းဘဝကို တစ်သက်လုံးခံယူမယ်လို့ ဆုံးဖြတ်ထားပါက ပရိယတ္တိစာပေ သင်ယူရမှာဖြစ်ကြောင်း ဆရာသမားများရဲ့ ဆုံးမဩဝါဒအရ စာပေများကို အထိုက်အလျောက်သင်ကြားဖြစ်ခဲ့ပါတယ်။

တစ်ခါတစ်ရံ ကျောင်းဝေယျာဝစ္စများနဲ့ အလုပ်များတဲ့ရက်တွေမှာဆိုရင် "အော်....ငါ့ဘဝ ရဟန်းသာလုပ်လာရတယ်၊ဒီလိုသာ ဝေယျာဝစ္စများနေမယ်ဆိုရင် လူ့ဘဝနဲ့ဘာမှမခြား၊ လူထွက်တာက ကောင်းပါဦးမယ်" လို့တွေးပြီး အလိုမကျမှုတွေ များခဲ့တာအမှန်ပါ။ ဒါဟာ စိတ်ရင်ပြင်မှာ ကိလေသာအရောင်များ ခြယ်နေခြင်းပါပဲ။

တစ်နေ့ ဖခမည်းတော်ကြီး ကျောင်းရောက်လာတယ်။ ဒါနဲ့ ကြုံတုန်းဆိုပြီး ရင်ထဲမှာ ခံစားနေရတဲ့အကြောင်းကို ဖခင်ကြီးအား ပြောပြတဲ့အခါ "အရှင်ဘုရား...ရဟန်းဘဝ အလုပ်နဲ့ လူ့ဘဝအလုပ်

ဟာ နိုင်းယှဉ်လို့ မရပါဘူးပါဘုရား။ ရဟန်းဘ၀နဲ့လုပ်ရတဲ့ဝေယျာဝစ္စ အလုပ်ဟာ မယားကျွေးမှု၊သားကျွေးမှုမပါပါဘုရား၊ ဘယ်လောက်ပဲ လုပ်ရလုပ်ရ ရတနာသုံးပါးနဲ့စပ်တဲ့လုပ်ငန်းဖြစ်တဲ့အတွက် ကုသိုလ် ရပါတယ်ဘုရား၊ လူ့ဘ၀နဲ့လုပ်တဲ့အလုပ်ကတော့ လိုချင်မှုတဏှာဦးစီး ပြီးလုပ်ရတဲ့အတွက် အကုသိုလ်များလှပါတယ်ဘုရား၊ အတွေးမလွဲစေ ချင်ပါဘူးဘုရား" လို့ ဖခင်ကြီးကပြောလာပါတယ်။ ဖခင်ကြီးရဲ့စကား ကြောင့် စာရေးသူရဲ့စိတ်မှာ ဖေါ်မပြနိုင်တဲ့အင်အားတစ်ရပ် ရလာသလို ပါပဲ၊ ရဟန်းဘ၀အတွက်လဲ တန်ဖိုးမဖြတ်နိုင်တဲ့အားဆေးတစ်ခွက် ဖြစ်ခဲ့ပါတယ်။ ဒါဟာ ဖခင်တို့က သားသမီး အပေါ်ထားရှိတဲ့ ကိုယ် ကျိုးမဖက် ဖြူစင်တဲ့စိတ်ကလေးပါ။

ဒီလိုနဲ့ စိတ်မှာထင်နေတဲ့ ကိလေသာအရောင်သွေးတွေ လဲ အနည်းငယ်လျော့ပါးခဲ့ရပါတယ်။ ထို့အတူ လူများဟာ နေ့စဉ်နေ့တိုင်း ဘ၀ကို အရောင်မျိုးစုံ ခြယ်သနေကြတယ်။ ပန်းချီဆရာတစ်ယောက်ရဲ့ ဆွဲလက်စပန်းချီကားနဲ့တူလှပါတယ် လို့တင်စားပြောပါရစေ။ ပန်းချီ ဆရာဟာ မပြီးပြတ်သေးတဲ့ပန်းချီကားကို နေ့စဉ်နေ့တိုင်း အရောင်မျိုးစုံ ဖြင့် စိတ်တိုင်းကျ ရေးဆွဲနေသလို လောကလူသားများဟာ မပြီးပြတ် သေးတဲ့ ဘ၀ပန်းချီကားချပ်မှာ နေ့စဉ် အရောင်မျိုးစုံဖြင့် စိတ်တိုင်းကျ ခြယ်သနေကြပါတယ်။

ဘ၀မှာခါးသီးတဲ့အကြောင်းအရာတို့နဲ့ ရင်ဆိုင်ရတာလဲရှိမယ်။ ဆွေမျိုးများနဲ့မိဘ ညီအစ်ကိုမောင်နှမတို့ ရှင်ကွဲကွဲရတာရှိတယ်၊သေကွဲ ကွဲရတာရှိတယ်။ အဲဒီအခါ စိုးရိမ်ပူဆွေးသောက ပရိဒေ၀မီးများ တောက်လောင်ပြီး ဒေါသကိလေသာအရောင်များ ဆိုးဖူးကြလိမ့်မယ်။ တစ်ခါတစ်ရံ ကိုယ်နဲ့မဆိုင်တဲ့အကြောင်းအရာများကို အငှားဝင်ယူပြီး

ဒေါသအရောင်ဆိုးခဲ့ဖူးကြတာလဲရှိလိမ့်မယ်။

တစ်ခါတစ်ရံ မိမိအလွန်နှစ်သက်တဲ့ပစ္စည်းကို သုံးစွဲလို့မှ အားမရသေး မမျှော်လင့်ဘဲပျောက်ဆုံး၊ပျက်စီးသွားတဲ့အတွက် နှမြောတသသ ယူကြုံးမရဖြစ်ကာ စိတ်မကောင်းခြင်းများလဲ ဖြစ်ခဲ့ဖူးလိမ့်မယ်။ ထိုအကြောင်းအရာကိုပဲ ထပ်ကာထပ်ကာတွေးရင်း စိတ်ထဲရှက် ခြင်း၊ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းများစွာ ဖြစ်ပေါ်လာရလိမ့်မယ်။

မမျှော်လင့်ဘဲ ဘဝကိုတစ်ကနေ ပြန်စရတဲ့အခါ မကြုံစဖူး ဝမ်းနည်းပူဆွေးကြရပြန်တယ်။ရောဂါများ ဖိစီးနှိပ်စက်လို့ သေစေနိုင်တဲ့ရောဂါဆိုးများ ဝင်လာပြီဆိုရင် နေရတာဘာမှအဓိပ္ပါယ်မရှိတော့သလိုပါပဲ၊ စိတ်ဓါတ်တွေအရမ်းကျဆင်းတဲ့အခါမျိုးလဲ ရှိလိမ့်မယ်။ ရံဖန်ရံခါ ကိုယ်ကျင့်တရားဖေါက်ဖျက်ကျူးလွန်မိပြီးမှ ပြန်လည်နောင်တရပြီး စိတ်မကောင်းခြင်း၊စိတ်ဆင်းရဲခြင်းများလဲ ဖြစ်ဖူးကြပါလိမ့်မယ်။ မိမိဘဝမှာအစစအရာရာ ပြည့်စုံတဲ့အခြေအနေအပေါ်မူတည်ပြီး မာန်မာနများ ဖြစ်ဖူးကြလိမ့်မယ်။ 'မရှိတော့င့်တ ရှိကြောင့်ကြ' ဆိုတဲ့ အတိုင်း ပစ္စည်းဥစ္စာအပေါ်ကြောင့်ကြစိုက်ရခြင်း၊စိုးရိမ်ပူပန်ရခြင်းစတာတွေလဲ ဖြစ်ဖူးပါလိမ့်မယ်။ဒါတွေအားလုံးဟာ စိတ်ဆိုတဲ့ရင်ပြင်မှာ အကုသိုလ်ကိလေသာအရောင်ခြယ်နေကြတာဖြစ်တယ်။

အကုသိုလ်အရောင်ဆိုးနေသမျှကာလပတ်လုံး အကျည်းတန်တဲ့ပန်းချီကားချပ်ပဲ ဖြစ်လာမှာပါ။ကောင်းတဲ့အလုပ်တွေလုပ်ဖြစ်မယ်၊ ကောင်းတဲ့အပြောတွေ ပြောဖြစ်မယ်၊ကောင်းတဲ့အကြံတွေတွေးကြံဖြစ်မယ်ဆိုရင် ကုသိုလ်အရောင်ခြယ်လိုက်တာပဲ။ ကုသိုလ်အရောင်များနဲ့ ဆေးခြယ်လိုက်မယ်ဆိုရင် ကောင်းတဲ့ဘဝပန်းချီကားချပ်၊ လှပခံ့ညား

တဲ့ဘဝပန်းချီကားချပ်ကြီးတစ်ချပ်ဖြစ်လာမှာပါ။

ဒီကောင်းတဲ့ပန်းချီကားချပ်ကို ဆွဲရတာမကျေနပ်သေးဘူးဆိုရင် ဒီထက်အဆင့်မြင့်တဲ့ (inside knowledge) ဝိပဿနာ ပွားများပြီး မဂ်ဖိုလ်ရတဲ့အထိကြိုးစားခြင်းဖြင့် အဆင့်မြင့်တဲ့ပန်းချီကားချပ်ကို ရယူနိုင်ပါတယ်။ ဒီအတွက်…လိုအပ်တဲ့အရင်းအနှီးတွေက… အာတပ လို့ခေါ်တဲ့ဝီရိယ၊သမ္ပဇာနလို့ခေါ်တဲ့ပညာ၊ သတိလို့ခေါ်တဲ့ အမှတ်ရမှုများဖြစ်ပါတယ်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးက အာတာပီ ဆိုတဲ့ပုဒ်ကို အဓိပ္ပါယ်ပြန်ထားတာက (ကိလေသာအစေး စိတ်အညစ် အကြေးတို့ကို ပူနွေးသွေ့ခြောက်ကင်းပျောက်စေနိုင်တဲ့ သမ္မပ္ပဓာန်လုံ့လ ဝီရိယရှိရမယ်။သို့မဟုတ် အပြင်းအထန်ကြိုးစားအားထုတ်ရမယ်လို့ ဘာသာပြန်ထားတဲ့အတွက် အပြင်းအထန်ကြိုးစားအားထုတ်မှရနိုင်တယ်လို့ သိထားဖို့လိုပါလိမ့်မယ်။ ယနေ့ခေတ်ဟာ အမှန်တကယ်ကြိုးစားရမဲ့ခေတ်ဆိုတာကို သတိပြုစေချင်ပါတယ်။ သို့သော်လဲ **ယနေ့ခေတ် အချို့သူများဟာ ဝိပဿနာအားထုတ်မှုကို အလွယ်လမ်းလိုက်ပြီး ဖြတ်လမ်းရှာနေကြတာဟာ သတိပြုဖွယ်တစ်ရပ်ဖြစ်ပါတယ်။**

သမ္ပဇာန ပညာဆိုတာ ခန္ဓာမှာဖြစ်ပေါ်လာတဲ့ သဘာဝအမှန်တရားများကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်းသိတဲ့ပညာဖြစ်ပါတယ်။

သတိဆိုတာက ခန္ဓာရဲ့သဘောကို အမှန်အတိုင်းသိမြင်နိုင်ဖို့အတွက် ကောင်းစွာအမှတ်ရမှု ဖြစ်တယ်။

ကိုယ်အမူအရာ ထင်ရှားဖြစ်ပေါ်တိုင်း အဖန်အဖန်အထပ်ထပ် ရှုမှတ်ရ ပါမယ်။(ကာယာနုပဿနာသတိပဋ္ဌာန်)

ခံစားမှုဝေဒနာနဲ့ပတ်သက်ပြီး ဆင်းရဲတဲ့ခံစားမှု၊ ချမ်းသာတဲ့ ခံစားမှု၊ဆင်းရဲတာလဲမဟုတ်၊ချမ်းသာတာလဲမဟုတ်တဲ့ အလယ်အလတ် ခံစားမှုများကို အဖန်ဖန်အထပ်ထပ် ရှုမှတ်ရပါမယ်။(ဝေဒနာနုပဿနာ သတိပဋ္ဌာန်)

စိတ်ဆိုးစိတ်ပျက်ဒေါသထွက်အလိုမကျစတဲ့ ထင်ရှားဖြစ်ပေါ် လာတဲ့စိတ်အမူအရာမှန်သမျှကို အဖန်ဖန်အထပ်ထပ် ရှုမှတ်နေရပါ တယ်။ (စိတ္တာနုပဿနာသတိပဋ္ဌာန်)

ပူတဲ့သဘော၊အေးတဲ့သဘော၊မာတဲ့သဘော၊ပျော့တဲ့ သဘော ထောက်ကန်လှုပ်ရှားတဲ့သဘော၊စိုထိုင်းတဲ့သဘော၊ရွှေ့လျားတဲ့သဘော၊ ပေါ့တဲ့သဘော၊လေးတဲ့သဘောစတဲ့ သဘောတရားများထင်ရှားဖြစ် ပေါ်လာတာကို အမှန်အတိုင်း ရှုမှတ်နေရပါမယ်။ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်)

ဖော်ပြခဲ့တဲ့အတိုင်း ပေါ်ရာအာရုံတွေမှာ အမှတ်ရမှု၊ကြိုးစား အားထုတ်မှု၊အမှန်အတိုင်းသိမှုတို့ကို အရင်းအနှီးပြုပြီး ရှုမှတ်နေရပါ မယ်။

အာရုံနဲ့ရှုသိစိတ်ကို ချိန်သားကိုက် မပြတ်ရှုမှတ်နိုင်တယ်ဆိုရင် ရှုမှတ်မှုစင်ကြယ်တဲ့အတွက် စိတ်စင်ကြယ်သန့်ရှင်းပြီး ကြည်လင်လာ ပါလိမ့်မယ်။ ဒီလို မပြတ်ရှုမှတ်နေတဲ့သူများဟာ ကိုယ်မှု၊နှုတ်မှု၊တွေးကြံ မှုတွေဟာ စင်ကြယ်နေပါတယ်။ဒါကိုပဲ ကံသုံးပါးစင်ကြယ်တယ်လို့ ခေါ်ပါတယ်။

ကံသုံးပါးစင်ကြယ်နေတဲ့သူများမှာ ကုသိုလ်ဆိုတဲ့ကောင်းတဲ့ အရောင်များဖြင့် ဘဝပန်းချီကားချပ်မှာ ခြယ်သနေတယ်လို့ခေါ်တယ်။ ဒီလို ကုသိုလ်အရောင်များကို ခြယ်သနိုင်ကြမယ်ဆိုရင် အရင်ကစွဲ ထင်ခဲ့တဲ့အကုသိုလ်အရောင်များ တဖြေးဖြေး ဖျော့တော့လာမှာဖြစ်

တယ်။ ပြောလိုတာက စာချစ်သူများ အရည်အသွေးကောင်းတဲ့ ဘဝပန်းချီကားချပ်ကြီးကို ကုသိုလ်အရောင်များဖြင့် လှလှပပခြယ်သ နိုင်ကြဖို့အကြောင်း ပြောရင်း……………။



# လွှယ်အိတ်

"ဒီလူဟာ လွယ်အိတ်ပဲ"လို့ တစ်ချို့လူများကို လွယ်အိတ်နဲ့ဥပမာတင်စားပြီး ပြောဆိုသံများ တစ်ခါတစ်ရံကြားကြရပါတယ်။ ဘာကြောင့် လွယ်အိတ်လို့ ခေါ်ကြတာလဲမသိပါ။ တစ်ယောက်နဲ့တစ်ယောက် အယူအဆမတူညီကြ။ အချို့ကစကားပြောတဲ့အခါ ကိုယ်လိုရာ ဆွဲပြောတတ်ကြတယ်။ အခြားသူများပေါ်မှာလဲ နားလည်မှုနည်းပါးပြီး စကားကို အလိုက်သင့်မပြောတတ်ဘဲ ဘေးတိုက်ပြောတတ်ကြတယ်။ဒီလိုဘေးတိုက်(ကန့်လန့်)ပြောကြတာကို ရည်ရွယ်ပြီး၊ဒီလူ "လွယ်အိတ်"ပဲလို့ ပြောဆိုကြတာဖြစ်တယ်။

ဘေးတိုက်ပြောတယ်ဆိုတာ တစ်ပါးသူက အမှန်ပြောလာပေမဲ့ အနိုင်လိုတဲ့အတွက် အမှန်သိပေမဲ့အမှားကိုပဲပြောတတ်ကြတယ်။ ဒီလိုအလိုက်အသင့်မပြောတတ်တဲ့အတွက် ဘေးတိုက်လို့ ဆိုရခြင်းဖြစ်ပါသတဲ့။လိုရင်းက လွယ်အိတ်လွယ်တယ်ဆိုတာ ဘေးတိုက်လွယ်ရတာမို့လို့ ဘေးတိုက်ပြောသူကို "လွယ်အိတ်"လို့ခေါ်လိုက်ခြင်းဖြစ်ပါတယ်။

လွယ်အိတ်နဲ့စပ်ပြီး တွေးမိတာတစ်ခုရှိတယ်။ နံဘေးမှာလွယ်ထားရလို့ ဘေးတိုက်ဆိုပေမဲ့ လွယ်အိတ်ဆိုတာထည့်ချင်တာ အကုန်ထည့်လို့ရပါတယ်။ ရသမျှကောင်းကောင်းဆိုးဆိုး အကုန်ထည့်တတ်ကြတဲ့အတွက်'အရှုးလွယ်အိတ်လိုပါပဲ' လို့ ပြောတတ်ကြသေး တယ်။ ရူးနေတဲ့သူများဟာ သူ့မှာလွယ်အိတ်ရှိရင် ကောင်းတာမကောင်းတာ သူမသိ ထည့်လို့ရတာအကုန်သာထည့်တော့တာပဲ။ဒါကြောင့်လဲ အရူးလွယ်အိတ်လို့ခေါ်ကြတာပါ။ ဒါဖြင့်ရင်လူကောင်းတွေက ဘာတွေထည့်ကြတာလဲ၊ သူတို့လဲ အကောင်းအဆိုးအကုန်ထည့်တတ်ကြတယ်။

သူတို့ကလဲ လူကောင်းလို့သမုတ်ထားပေမဲ့ ပုထုဇဉ်တွေဆိုတော့ အရူးတွေပဲမဟုတ်ပါလား။ ဒီတော့ သူတို့လဲ အရူးတွေပဲပေါ့။ ဒါဆိုရင် လူကောင်းတွေမှာရှိတဲ့လွယ်အိတ်ကို အကောင်းလွယ်အိတ်လို့ ပြောလို့ မရတော့။

အရူးဆိုလို့ ပြောရဦးမယ်။

တစ်ခါက သက်တော်ကြီးပြီဖြစ်တဲ့တောရဆရာတော်ဘုရားကြီးထံ ကျန်းမာရေးဆရာဝန်များ သွားရောက်ဖူးမျှော်ကန်တော့ကြပါတယ်။ဆရာဝန်များက ဆရာတော်ကြီးအား ကိုယ့်ကိုယ်ကို အသီးသီး မိတ်ဆက်ကြပါတယ်။ ထိုဆရာဝန်များအနက် စိတ်ရောဂါကုဆရာဝန်က "တပည့်တော်ကတော့ အရူးကိုကုသတဲ့ဆရာဝန်ပါဘုရား" လို့ လျှောက်တဲ့အခါ "အင်း…အရူးကုဆရာဝန်ဆိုတော့ လူ့လောကကြီးမှာ ပုထုဇဉ်လူသားမှန်သမျှ အရူးတွေချည်းပဲ၊ဒီအရူးတွေ ကုလို့ ကုန်နိုင်ပါ့မလား" ဆရာတော်ကပြန်ပြောပါတယ်။ ဆရာတော်ဆိုလိုရင်းက ပုထုဇဉ်တွေဟာ ကိလေသာထူပြောကြတဲ့အတွက် အရူးတွေလို့ ဆိုလိုက်ခြင်းဖြစ်တယ်။

တွေးမိတာတစ်ခုက…စာရေးသူအပါအဝင် ပုထုဇဉ်များဟာ အရူးတွေပါပဲလား….အခြားလူများကို အရူးရောဂါကို ကုသပေးသလို မိမိကိုယ်ကိုလဲ အရူးကောင်းအောင် ကုနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲ.။ လွယ်အိတ်အကြောင်းဆက်ပြောရအောင်..

လူကောင်းနဲ့လူဆိုး နှစ်မျိုးမှာ လူကောင်းက သိရက်နဲ့ကောင်းတာမကောင်းတာတွေကို လွယ်အိတ်ထဲထည့်တတ်ကြတယ်။ အရူးများက အကောင်းအဆိုး ခွဲခြားမသိဘဲ ထည့်တတ်ကြပါတယ်။ဒါကြောင့်လဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မကောင်းတာမှန်သမျှ မလုပ်မိကြစေနဲ့(လွယ်အိတ်ထဲမထည့်ကြပါနဲ့)။ ကောင်းတာမှန်သမျှ ပြည့်စုံ

အောင် ပြုလုပ်ကြ(ပြည့်အောင်ထည့်ကြ)။ စိတ်ကို ဖြူဖွေးနေတဲ့အထိ လေ့ကျင့်ပေးကြရမယ် ဆိုပြီး ဟောကြားခဲ့ပါသေးတယ်။ စာချစ်သူများလဲ သတိတရားထားပြီး အကုသိုလ်မှန်သမျှကို မကောင်းမှန်းသိပြီး လွယ်အိတ်ထဲ မထည့်မိကြပါစေနဲ့။ ကုသိုလ်မှန်သမျှကို ကောင်းမှန်းသိပြီး ရသလောက် လွယ်အိတ်ထဲထည့်ကြဖို့ပါပဲ။

တစ်နေ့ စာရေးသူတို့ရိပ်သာမှာ စုပေါင်းရဟန်းခံရှင်ပြုပွဲကျင်းပကြပါတယ်။ ပွဲအပြီးမှာ သံဃာတော်များ ဆွမ်းခြောက်ခံကြွဖို့အတွက် ဒကာများက ကားများလှူဒါန်းကြပါတယ်။ ထိုစဉ် ရိပ်သာမှအကျိုးဆောင်တစ်ဦးရောက်လာကာ "အရှင်ဘုရား··· (            )ရဲ့ကားက အလုပ်တန်းလန်းနဲ့မို့ ခေါ်ရတာအားနာစရာကောင်းလှပါတယ်ဘုရား" လို့ လျှောက်ထားပါတယ်။ ဒါနဲ့ကားပိုင်ရှင်ဒကာအား စာရေးသူက ဖုန်းဆက်လိုက်ပါတယ်။ "ဒကာကြီး·· မနက်ဖန်အတွက် ဒကာကြီးကားကို အကူအညီတောင်းချင်လို့ ရနိုင်ပါ့မလား၊ဒကာကြီးကားက နေ့စဉ်ပုံမှန်ရေခဲတိုက်နေရတယ်လို့ကြားတယ်၊ အဲဒါ အဆင်ပြေနိုင်ပါ့မလား" လို့ဆိုတော့ ကားပိုင်ရှင်ဒကာက "အရှင်ဘုရား···တပည့်တော် နေ့စဉ်အလုပ်ရှိတာကတော့ မှန်ပါတယ်။ဒါပေမဲ့ တပည့်တော်တို့မှာ ဒီလိုကုသိုလ်မျိုးအမြဲမရပါဘူး။ ကြုံတုန်းယူထားရမှာလေဘုရား၊တပည့်တော်အလုပ်ပျက်တာက အရေးမကြီးဘူး၊ကုသိုလ်ရဖို့က အရေးကြီးပါတယ်ဘုရား··" လို့ပြောလာပါတယ်။

ဒါဟာ လွယ်အိတ်ထဲကို ကုသိုလ်ပစ္စည်းတွေကို လိမ္မာပါးနပ်စွာနဲ့ ရသလောက် ထည့်ယူနေတာကို တွေ့ရပါတယ်။ အလှူဒါနစတဲ့ကုသိုလ်ပစ္စည်းများကို လွယ်အိတ်ထဲထည့်လိုက်တော့ ဒီလွယ်အိတ်ဟာ 'ကုသိုလ်လွယ်အိတ်'ဖြစ်သွားတယ်။စာပေအသံနဲ့ပြောရရင်တော့

'အလောဘလွယ်အိတ်'··ပေါ့။ဒါပေမဲ့လိုချင်စရာတွေနဲ့ကြုံလာလို့ လိုချင်မှုလောဘတရားများအားကြီးနေမယ်ဆိုရင် လောဘအကုသိုလ် ပစ္စည်းများကို လွယ်အိတ်ထဲထည့်နေကြတယ်လို့ ဆိုရမှာပေါ့။ဒါဆိုရင် ဒီလွယ်အိတ်ဟာ အကုသိုလ်လွယ်အိတ်ဖြစ်သွားပြီ။ တနည်း 'လောဘလွယ်အိတ်'လို့ပြောရမှာပေါ့···။

တစ်ခါတစ်ရံ တစ်ယောက်က မခံချင်စရာစကားတွေလာ ပြောတယ်ဆိုရင် အခဲမကျေ ဒေါသထွက်နေတတ်ပါတယ်။ တစ်စိမ့် စိမ့်တွေးပြီး ဖွဲမီးလိုပါပဲ တဖြေးဖြေးနဲ့ဒေါသမီးတောက်လောင်မှန်းမသိ တောက်လောင်နေတတ်ပါတယ်။ ဒီလိုဒေါသဖြစ်နေမယ်ဆိုရင်တော့ အကုသိုလ်လွယ်အိတ်ဖြစ်သွားလိမ့်မယ်။တနည်း 'ဒေါသလွယ်အိတ်' ပေါ့··။ဒါပေမဲ့ ဒေါသဖြစ်ဖွယ်တွေနဲ့တွေ့နေရပေမဲ့ ယောနိသောမနသိ ကာရ သင့်တင့်မှန်ကန်တဲ့နှလုံးသွင်းမှုရှိပြီး အမျက်မထွက်ဘဲ မေတ္တာ နဲ့အနိုင်ယူလိုက်မယ်။ မေတ္တာနဲ့နေလိုက်မယ်ဆိုရင် လွယ်အိတ်ထဲ ကုသိုလ်တွေ ထည့်လိုက်တာနဲ့အတူတူပဲ၊တနည်း'အဒေါသလွယ်အိတ်' ပေါ့။

သဘာဝအမှန်တရားတွေမသိတာက မောဟဖြစ်တယ်။ မောဟဆိုတာ မသိမဟုတ်၊သိတော့သိတယ်၊ ဘာသိလဲဆိုရင် အမှားသိ သိနေတာပါ။ ဒါကိုပဲ မောဟလို့ခေါ်တယ်၊ဒီလိုအမှားသိသိနေသမျှ 'မောဟလွယ်အိတ်'ထဲ ထည့်နေတာပါပဲ။ ဒီလိုမှမဟုတ်ဘဲ အမှန်ကို အမှန်အတိုင်းသိမယ်ဆိုရင်တော့ ပညာဆိုတဲ့ကုသိုလ်တွေဖြစ်နေမှာပေါ့။ ဒါဆိုရင်လွယ်အိတ်ထဲကို ကုသိုလ်တွေထည့်နေတာနဲ့အတူတူပဲ။တနည်း 'အမောဟလွယ်အိတ်'···ပေါ့။

ဆိုလိုတာက အကုသိုလ်ပစ္စည်းများကိုသာ ထည့်နေရင်တော့ တစ်ချိန်ချိန် ဘဝတစ်ခုခုမှာ လိုအပ်လို့ ထုတ်ယူသုံးစွဲတဲ့အခါ မကောင်း

တဲ့ပစ္စည်းတွေသာ သုံးစွဲနေရပါလိမ့်မယ်။ လွယ်အိတ်ထဲ ကုသိုလ်ပစ္စည်းများထည့်ထားမယ်ဆိုရင်တော့ တစ်ချိန်ချိန် ဘဝတစ် ခုခုမှာ လိုအပ်လို့ထုတ်ယူသုံးစွဲတဲ့အခါ ကောင်းတဲ့ပစ္စည်းများသာ သုံးစွဲကြရမှာပါ။

ဒါကြောင့် စာချစ်သူများ မိမိလွယ်အိတ်ထဲကို နေ့စဉ်ထည့်နေတာ ကုသိုလ်ဆိုတဲ့ကောင်းတဲ့ပစ္စည်းလား၊အကုသိုလ်ဆိုတဲ့မကောင်းတဲ့ပစ္စည်းလားဆိုတာကို မိမိကိုယ်ကို သတိထားဖို့ လိုအပ်တယ်ဆိုတာ ပြောရင်း···စာချစ်သူများ ကုသိုလ်ပစ္စည်းများများ ထည့်နိုင်တဲ့သူများ ဖြစ်ကြပါစေ·············။



## မွေးနေ့နဲ့တူတဲ့မွေးနေ့

လူတစ်ယောက်ဟာ ဘဝတစ်ခုမှာ တစ်ကြိမ်တစ်ခါသာ မွေးပြီးသေကြရပါတယ်။ဒါကိုကြောင်းပြုပြီးတော့ လူအများက နှစ်စဉ်ဆိုသလို ကိုယ်မွေးဖွားခဲ့တဲ့ လ၊ရက်တွေမှာ မွေးနေ့အထိမ်းအမှတ်ဆိုပြီး မွေးနေ့ပွဲကျင်းပကြတယ်။ အချို့က မွေးနေ့ကိတ်အဝိုင်းကြီးကို ငွေအကုန်ခံကာ ကြိုတင်မှာယူကြတယ်။ မွေးနေ့ကျရောက်တဲ့ရက်မှာ မွေးနေ့ရှင်ကိုယ်တိုင်က မွေးနေ့ကိတ်မှာ ထွန်းညှိထားတဲ့ မွေးနေ့ဖယောင်းတိုင်မီးကို ပါးစပ်နဲ့လေမှုတ်ပြီး မီးငြိမ်းသတ်ကာ မွေးနေ့ပွဲ ကျင်းပကြတယ်။

မွေးနေ့ပွဲကို လာရောက်ကြတဲ့ဧည့်သည်များအားသူတို့ကြိုက်နှစ်သက်ရာ အဖျော်ယမကာ၊ ဘီယာ၊အရက်တစ်ခုခုနဲ့ ဧည့်ခံကြပါတယ်။ ရောက်လာတဲ့အချို့ဧည့်သည်များက ဘီယာ၊အရက်များကို လိုတာထက်ပိုသောက်ပြီး လူမှန်းသူမှန်းမသိလောက်အောင်မူးခဲ့ကြတာရှိပါတယ်။ဒါ့ပြင် မွေးနေ့ပွဲမှာ ခေတ်မီတီးဝိုင်းကိုငှားရမ်းပြီး ဧည့်ခံဖျော်ဖြေကာ ပျော်ကြရွှင်ကြတယ်။ ဒါတွေဟာ ပြည်ပမှ စီးမြောဝင်ရောက်လာတာဖြစ်တယ်။ အချို့တတ်နိုင်တဲ့သူများဆိုရင် ဇာတ်အငြိမ့်တွေပါငှားပြီး ညလုံးပေါက်တောင် ဖျော်ဖြေလိုက်ကြပါသေးတယ်။

ဟိုယခင်က မြန်မာနိုင်ငံမှာ မွေးနေ့ပွဲဆိုတာ အလွန်နဲ့အလွန်ကိုနည်းပါးလှပါတယ်။လုပ်လေ့လုပ်ထလဲမရှိသလောက်ပါပဲ။ ဒါပေမဲ့ အခုအခါ လူများသာမက ရဟန်းသံဃာတော်များပါမကျန် ပြုလုပ်လာကြတာကို တွေ့မြင်နေရပါတယ်။ ဒါဟာ ခေတ်ရေစီးကြောင်းပြောင်းလဲလာခဲ့တယ်လို့ ဆိုရလေမလား။ စာပေနယ်ပယ်မှာကဗျာနဲ့စပ်ဆိုမှုနဲ့ပတ်သက်ပြီး အရင်က ကာရန်နဘေများဖြင့် စပ်ဆိုခဲ့ကြတယ်။

အခုအခါမှာ ကာရန်မဲ့ကဗျာများစပ်ဆိုလာကြပြန်တယ်။ ကာရံမဲ့ကဗျာများကို မော်လ်ဒန်ကဗျာလို့လဲ ခေါ်ဝေါ်သမုတ်ကြတယ်။ ခေတ်ရေစီးကြောင်း ပြောင်းလာတဲ့သဘောကိုပြောတာပါ။ အချိန်အခါနဲ့အခြေအနေအပေါ်မူတည်ပြီး အမျိုးမျိုးပြောင်းလဲနေကြတာဟာခမ္မတာပါပဲ၊ ဒါကစကားစပ်မိလို့ပြောခြင်းဖြစ်တယ်၊ ခေတ်ကဗျာအပေါ်အပြစ်မဆိုချင်ပါ။

ပြောလိုတာက မွေးနေ့အကြောင်းဖြစ်တယ်၊တစ်ခါက အင်္ဂလန်နိုင်ငံမှ ဆရာဝန်ကြီးတစ်ယောက်က စာရေးသူအား မေးဖူးပါတယ်။ "အရှင်ဘုရား…တပည့်တော်တို့ငယ်စဉ်က မြန်မာနိုင်ငံမှာ မွေးနေ့ပွဲဆိုတာ မကြားဖူးပါဘုရား။ အခုတော့ မွေးနေ့ပွဲကို လူများသာမက ရဟန်းသံဃာတော်များပါမကျန် ပြုလုပ်နေကြပါပြီဘုရား။ ဒီလိုလုပ်ကြတာဟာ ဘုရားအလိုတော်နဲ့ကိုက်ညီမှုရှိပါ့မလားဆိုတာကို သိချင်ပါတယ်ဘုရား" လို့မေးလျှောက်ဖူးပါတယ်။

လောကမှာ ရဟန်းဖြစ်စေ လူဖြစ်စေ ဘုရားရှင်အလိုတော်ကျ မွေးနေ့ပြုလုပ်နိုင်ပါက အကောင်းဆုံးပါ။ ဘုရားရှင်က 'ကုသလ သမ္ပဒါ' ဆိုတဲ့အတိုင်း ဘာပဲလုပ်လုပ်ကုသိုလ်ရရေးသာအဓိကဖြစ်တယ်လို့ ဆိုရပါမယ်။ မွေးနေ့ပွဲ၊မင်္ဂလာပွဲ၊နာမည်ပေးကင်ပွန်းတတ်ပွဲ၊နားထွင်းမင်္ဂလာစတဲ့ ဘာကိုပဲအကြောင်းပြုပြု အကြောင်းကအဓိကမဟုတ် ကုသိုလ်ရရေးသာ အဓိကဖြစ်တယ်။

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ညီတော်ဖြစ်သူ နန္ဒမင်းသားဟာသာသနာ့ဘောင်ဝင်ကာ ရဟန်းပြုခဲ့ပါတယ်။ဒါပေမဲ့ ဇနပဒကလျာဏီကိုသတိရတာကြောင့်ရဟန်းဘဝမှာ မပျော်ပိုက်ပဲ လူထွက်ချင်နေရှာတယ်။ ဒါကိုဘုရားရှင်က တာဝတိံသာကိုခေါ်သွားတယ်။ နန္ဒမထေရ်ဟာ နတ်သမီးများကိုမြင်တော့ အရမ်းလိုချင်စိတ်ဖြစ်ပေါ်ခဲ့

တယ်။ဒါကိုသိတော်မူတဲ့ဘုရားရှင်က နတ်သမီးလိုချင်ရင် နတ်သမီးရနိုင်တဲ့ အတတ်ကိုငါသင်ပေးမယ် လို့ ပရိယာယ်နဲ့မိန့်တော်မူပြီး ကမ္မဋ္ဌာန်းတစ်ခုကိုပေးလိုက်ပါတယ်။ဒီမှာ နန္ဒမထေရ်ဟာ နတ်သမီးလိုချင်တာကိုအကြောင်းပြုပြီး တရားအားထုတ်ရှာတယ်။ ဒါကိုသိတဲ့ သံဃာတော်များက နန္ဒမထေရ်ကို နောက်ပြောင် ကျီစယ်ကြတယ်။ မထေရ်ဟာ ရှက်လှတာကြောင့် တစ်ပါးတည်း တောထဲသွားပြီး တရားအားထုတ်လိုက်တာ မကြာမီ ရဟန္တာအဖြစ်သို့ရောက်တော်မူပါခဲ့ပါတယ်။နန္ဒမထေရ်ဟာ အကြောင်းအနေနဲ့ကြည့်ရင်မကောင်းဘူးဒါပေမဲ့ လုပ်ဆောင်ချက်က ကောင်းလှတဲ့အတွက် တရားထူးရသွားပါတယ်။

ဒါကြောင့် အကြောင်းကောင်းတာမကောင်းတာ အဓိကမဟုတ်၊ ကုသိုလ်ရရေးသာအဓိကကျပါတယ်။ မွေးနေ့ကိုအကြောင်းပြုကာ ဇာတ်အငြိမ့်ပွဲငှားပြီး ပြသမဲ့အစား ရဟန်းသံဃာတော်များအားပင့်ဖိတ်ကာ စွမ်းနိုင်သလောက် အလှူဒါနလုပ်သင့်ပါတယ်။ ဒါ့ပြင် မွေးနေ့မှာ ဘာဝနာတစ်ခုခု ကုသိုလ်ရအောင် ပွားနိုင်မယ်ဆိုရင် ကုသိုလ်ရနေတဲ့အတွက် မွေးနေ့ကျင်းပကြတာဟာ ဘုရားအလိုတော်ကျ ဖြစ်သွားပါတယ်။

တစ်ခါက အနာထပိဏ်သူဌေးကြီးရဲ့မြေးမလေးတစ်ဦးဟာ သူ့ရဲ့အရုပ်ကလေး လက်မှလွတ်ကျပြီးကျိုးပွဲပျက်စီးသွားတာကြောင့် ဝမ်းနည်းစွာ ရှိုက်ကြီးတငင် ငိုကြွေးနေပါတော့တယ်။ အဖိုးဖြစ်သူ အနာထပိဏ်သူဌေးက ထိုအဖြစ်အပျက်ကို သိတော့ မြေးလေးလဲ အငိုတိတ်စေ၊ကုသိုလ်လဲရစေ··ဆိုတဲ့ရည်ရွယ်ချက်နဲ့ " ငါ့မြေး···မငိုပါနဲ့ တိတ်နော်··။အဖိုးလေ ကျိုးသွားတဲ့အရုပ်ကလေးအတွက် ကောင်းရာသုဂတိရောက်အောင် မနက်ဖြန်မှာ ဘုရားအမှူးရှိသံဃာတော်များကို

အိမ်ပင့်ပြီး ဆွမ်းကျွေးပေးမယ်လေ၊ငါ့မြေး တိတ်တော့နော်" လို့ ချစ်လှတဲ့မြေးမလေးအား နှစ်သိမ့်လိုက်ပါတယ်။ အမှန်တကယ်လဲ နောက်တစ်နေ့မှာ ဘုရားအမှူးရှိသံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်း လှူဒါန်းခဲ့ပါတယ်။ အခုခေတ်အမြင်နဲ့ဆိုရင် ဒီသူဋ္ဌေးကြီး ရူးများနေပြီ လား လို့ ပြောစရာပါ။သူဋ္ဌေးကြီးဟာ မြေးမလေး စိတ်ချမ်းသာပြီး ကုသိုလ်ရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားရှင်အားပင့်ကာ ကုသိုလ် ပြုခဲ့တဲ့အတွက် ကုသိုလ်များ ရရှိခဲ့ပါတယ်။ (အကြောင်းကမဟုတ် သော်လဲ ကုသိုလ်ရရေးသာအဓိကဆိုတာကို သတိပြုပါ)။

ဒါကြောင့် ရဟန်းဖြစ်စေ လူဖြစ်စေ ကုသိုလ်ရေးအဓိကထား ပြီး မွေးနေ့ပွဲပြုလုပ်ကြမယ်ဆိုပါက ဘုရားအလိုတော်ကျဖြစ်တဲ့ အကြောင်း အင်္ဂလန်က ဆရာဝန်ကြီးအား အဖြေပေးလိုက်ပါတယ်။ စာရေးသူတို့ရိပ်သာမှာ မကြာခဏဆိုသလို မွေးနေ့ဆွမ်းများလာရောက် လှူဒါန်းလေ့ရှိကြပါတယ်။ မွေးနေ့ပွဲမှာ ဆွမ်းဖြင့်သံဃာတော်များအား ကုသိုလ်ပြုတာဟာ ကုသိုလ်ရတဲ့အတွက်ကောင်းတဲ့လုပ်ရပ်တစ်ခု ဖြစ်တယ်။ ဒါ့အပြင် ထိုမွေးနေ့ပွဲဟာလဲ "မွေးနေ့နဲ့တူတဲ့မွေးနေ့ပွဲ" လို့ မှတ်ယူရပါမယ်။ မွေးနေ့ကျရောက်ပြီဆိုရင် မိမိအသက် တစ်နှစ်ကြီးလာပြီ ဆိုတာကို သတိပြုကြရမယ်။ အခုမွေးနေ့ဟာ အရင်မွေးနေ့နဲ့မတူနိုင် တော့ပါဘူး။ ဘာကြောင့်ဆိုရင်သေဖို့ တစ်နှစ် နီးလာလို့ပါပဲ။ သေခြင်းတရားကို မမေ့လျော့ဘဲ မွေးနေ့ကျ ရောက်တိုင်း သေဖို့ရာနီးကပ် လာပြီလို့ နှလုံးသွင်းနိုင်ပါက ကောင်းတဲ့နှလုံး သွင်းခြင်းမျိုးဖြစ်ပါလိမ့်မယ်။

ဒီလိုသေခြင်းတရားကို အနီးကပ်ဆင်ခြင်ပွားများရတဲ့အကျိုး တရားဟာ သေခါနီးမှာ တုန်လှုပ်မှုနည်းပါးပြီး သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားနိုင်ပါတယ်။ လူတစ်ယောက်ဟာ ပစ္စည်းတစ်ခု

ကို မြင်ခါစမှာ သူ့စိတ်ထဲဆန်းကြယ်နေပါတယ်။ အချိန်ကြာလာတဲ့ အခါ ထိုပစ္စည်းဟာ သူ့အတွက် မဆန်းကြယ်တော့ဘူး၊ ထို့အတူ သေခြင်းတရားကို ဆင်ခြင်ဖန်များတဲ့သူမှာ သေခြင်းတရားဟာ အဆန်း မဟုတ်တော့ပါဘူး။ ပုထုဇဉ်များမှာ သေရတော့မယ်ဆိုရင် သေရတော့ မှာကိုသိနေပြီဆိုရင် ရုတ်တရက် တုန်လှုပ်သွားပြီး ဆောက်တည်ရာ မရ ဖြစ်တတ်ကြတယ်။ ဒါပေမဲ့ ''ငါဟာတစ်နေ့သေရမယ်၊ အချိန်မရွေး သေနိုင်တယ်''လို့ နေ့စဉ်ဆင်ခြင်နေသူများမှာတော့ တကယ်တမ်း သေရတော့မယ်လို့သိလိုက်တဲ့အချိန်မှာ တည်တည်ငြိမ်ငြိမ် ရှိတတ် ပါတယ်။

တစ်ခါက ဘုရားအလောင်းတော်ဘဝ လယ်သမားဖြစ်စဉ်က ဘုရားအလောင်းတော်ဖြစ်တဲ့ဖခင်အပါအဝင် ဇနီး၊သား၊သမီး၊ ချွေးမ၊ ကျွန်မ ဆိုပြီး မိသားစုခြောက်ယောက်ရှိပါတယ်။ ဖခင်ကိုယ်တိုင်က မရဏာနုဿတိ သေခြင်းတရားပွားများသလို မိသားစုကိုလဲ နေ့စဉ်သေခြင်းတရားပွားများဖို့ ဩဝါဒပေးခဲ့ပါတယ်။ ဒါကြောင့်လဲ ဇနီး၊သား၊သမီးစတာတွေကလဲ နေ့စဉ် သေခြင်းတရားကို ပွားများခဲ့ပါ တယ်။ တစ်နေ့…သားဖြစ်သူဟာ တောထဲမှာ မြွေအကိုက်ခံရပြီး သေဆုံးသွားခဲ့ပါတယ်။ သားတစ်ယောက်လုံးသေဆုံးသွားတာကို ဖခင်ကြီးအပါအဝင် ကျန်ရစ်သူမိသားစုလေးယောက်စလုံးက ဝမ်းနည်း ငိုကြွေးတာ မရှိကြ။ ဒါဟာ သေခြင်းတရားကို နေ့စဉ်ပွားများလိုက်ရ တဲ့အကျိုးကျေးဇူးတွေဖြစ်တယ်။

ဗုဒ္ဓဘာသာဝင်များဟာ အများအားဖြင့် အသက်ရှည်ရှည်နေ လိုကြတဲ့အတွက် မွေးနေ့ပွဲပြုလုပ်ကျင်းပကြဟန်တူပါတယ်။ ''အသက် ကို ကုသိုလ်နဲ့ဆက်''ဆိုတဲ့အတိုင်း ကုသိုလ်ကံနဲ့အသက်ကို ဆက်ကြ ခြင်းဖြစ်တယ်။

ဘုရားရှင်လက်ထက်တော်အခါတုန်းက ပုဏ္ဏားတစ်ယောက် ရှိခဲ့ဖူးတယ်။ သူဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်မဟုတ်၊ ဘာသာခြား တစ်ယောက်သာဖြစ်တယ်။

တစ်နေ့ ဘုရားရှင်နဲ့ပုဏ္ဏားတို့ လမ်းခရီးတစ်ခုမှာ တွေ့ဆုံခဲ့ကြ ပါတယ်။ ထိုအခါဘုရားရှင်က "အသင်ပုဏ္ဏား···သင်ဟာ···နေ့၊ ···ရက်၊····အချိန်မှာ သေလိမ့်မယ်၊သင်သေရင်မျောက်ဖြစ်လိမ့်မယ်" လို့ ပုဏ္ဏားကို ကြိုတင်ဟောကိန်းထုတ်လိုက်ပါတယ်။

အိမ်ပြန်ရောက်တဲ့အခါ ပုဏ္ဏားက "ငါသေတော့မယ်ဆိုပါ လား၊ရဟန်းဂေါတမရဲ့စကားဟာ မှန်တာကများတယ်၊ ဒါဆိုရင် ငါက တကယ်သေရတော့မှာပေါ့၊ ငါသေရင် မျောက်ဖြစ်မယ်လို့ တောင် ပြောလိုက်သေးတယ်၊ တကယ်လဲ ငါသေရင်မျောက်ဖြစ်မယ် ထင်ပါရဲ့"လို့ အတွေးနယ်ချဲ့မိတာပေါ့။ ပုဏ္ဏားဟာ ဘုရားရဲ့ဝါဒကို ယုံကြည်သူတစ်ယောက်မဟုတ်ပေမဲ့ ဘုရားရှင်ရဲ့အပြောအဟောများ ဟာ တိကျမှန်ကန်တယ်ဆိုတာကိုတော့ သူယုံကြည်လက်ခံထားတယ်။

ဒါနဲ့ပုဏ္ဏားဟာ သူသေတဲ့အခါ မျောက်ဖြစ်ရင် အဆင်သင့် စားသုံးနိုင်အောင် သူရဲ့ဥယျာဉ်ထဲမှာ စားပင်များကို ကိုယ်တိုင်စိုက်ပျိုး ခဲ့တယ်။အချိန်ကြာလာတဲ့အခါ စိုက်ပျိုးထားတဲ့ သစ်ပင်များ ကြီးထွား လာသလို အသီးအပွင့်တွေလဲ သီးပွင့်လာခဲ့ပါတယ်။ ဒီအခါမှာ ခရီးသွားလူအများက ပုဏ္ဏားရဲ့ဥယျာဉ်အနီးက ဖြတ်သန်းသွားကြတယ်။ ခရီးသွားများကလဲ ခရီးကြုံခိုက် ဥယျာဉ်ထဲမှ အသီးများကို စားချင်တဲ့ အတွက် ပုဏ္ဏားထံမှာ သစ်သီးများကို တောင်းကြပါတယ်။ ပုဏ္ဏားက လဲ ခရီးသွားများတောင်းသလောက် ကြည်ကြည်ဖြူဖြူနဲ့ ပေးကမ်းခဲ့ ပါတယ်။

ဒီလိုနဲ့ ဘုရားရှင်ဟောကိန်းထုတ်ထားတဲ့အချိန် နီးကပ်လာပါ

တယ်။ပုဏ္ဏားကလဲ သေဖို့အချိန်ကို စောင့်နေပါတယ်။ဒါပေမဲ့ အချိန်သာ ကျော်လွန်သွားတယ်။ ပုဏ္ဏား အသက်မသေသေးပါဘူး။ပုဏ္ဏားလဲ အသက်မသေတာနဲ့ ချက်ချင်းဆိုသလို ဘုရားရှင်ထံသွားပြီး "ရဟန်းဂေါတမ‥သင်က သေမယ်ဆိုလို့ သေမယ့်အချိန်ကို စောင့်နေတာ အခုတော့ သင်မြင်တဲ့အတိုင်းပဲ ကျွန်ုပ်မသေသေးပါဘူး" လို့ လျှောက်ထားလိုက်ပါတယ်။

ဘုရားရှင်က "ပုဏ္ဏား‥ငါဘုရားပြောတာမမှားပါဘူး၊ ဒီအချိန်မှာ သင်သေမယ်ဆိုတာလဲ မှန်တယ်၊ဒါဖြင့် ဘာကြောင့်မသေတာလဲဆိုရင် ငါဘုရားက သင်သေမယ်လို့ ပြောခဲ့တယ်။ဒါကိုပဲသင်က သေတဲ့အခါမျောက်ဖြစ်ရင် အဆင်သင့်စားဖို့အတွက် အသီးပင်တွေကို ကိုယ်တိုင်စိုက်ပျိုးခဲ့တယ်။ အသီးသီးလာတော့လဲ ခရီးသွားတွေကို ကြည်ဖြူစွာပေးလှူရှိတယ်။ ဒီလိုပေးလှူခဲ့ရတဲ့ကုသိုလ်တွေကြောင့် သေချိန်ရောက်ပေမဲ့ သေကံမရောက် အသက်မပျောက်ခဲ့ပါဘူး" လို့ မိန့်တော်မူခဲ့ပါတယ်။

ဒီသာဓကကိုကြည့်ရင် မိမိအသက်ကို မိမိပြုတဲ့ကုသိုလ်ကံက ဆက်ပေးနိုင်တယ်ဆိုတာ သိစေချင်တယ်။ လောကမှာ သေခြင်းလေးမျိုးရှိတယ်။ အသက်တမ်းကုန်လို့သေခြင်း၊ကံကုန်လို့သေခြင်း၊ အသက်တမ်းရော ကံပါကုန်လို့သေခြင်း၊ သူတစ်ပါးပယောဂကြောင့်သေခြင်း တို့ဖြစ်တယ်။ ဒီသေခြင်းလေးမျိုးမှာ ဘယ်လိုသေခြင်းမျိုးနဲ့သေမယ်ဆိုတာကို ဘုရားမှတစ်ပါး ဘယ်သူမှ ကြိုတင်ဟောကိန်းမထုတ်နိုင်ပါ။ စာချစ်သူများ လုပ်နိုင်တာတစ်ခုတော့ရှိတယ်၊ အဲဒါက ကုသိုလ်ကံမကုန်ခင် ဒါန သီလ ဘာဝနာကုသိုလ်တရားများကို များသထက်များအောင် ပြုလုပ်ထားကြဖို့ပါပဲ။

နောက်ဆုံးပြောလိုတာက ကိုယ့်မွေးနေ့အထိမ်းအမှတ်မှာ

ရဟန်းသံဃာတော်များအား ဆွမ်းကပ်ခြင်း၊တရားနာခြင်း၊ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာပို့ခြင်းစတဲ့ ကုသိုလ်လုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့် "မွေးနေ့နဲ့တူတဲ့မွေးနေ့"ဖြစ်အောင် ပြုလုပ်ကြရမယ်ဆိုတာ ပြောရင်း... ဘုရားရှင်အလိုတော်ကျ မွေးနေ့ပွဲပေါင်းများစွာကို ကျော်ဖြတ်နိုင်တဲ့ သူများဖြစ်ကြပါစေ......။



# အယ်ဒီတာချုပ်တစ်ဦးရဲ့စကား

ဘုရားရှင်ရဲ့အဆုံးအမတရားတော်များကို ရဟန်းရှင်လူများ အသက်ပေးပြီး ခေတ်အဆက်ဆက် သယ်ဆောင်လာခဲ့တာ ယနေ့တိုင် အောင်ပါပဲ။ သာသနာတော်ကြီးကို လက်ဆင့်ကမ်းသယ်ဆောင်လာ ခဲ့တဲ့နေရာမှာ အခက်အခဲမျိုးစုံနဲ့ ကြုံခဲ့ရတာရှိသလို ဆန့်ကျင်ဘက် ဝါဒမျိုးစုံကို ကြုံကြုံခံကာ ကျော်လွှားခဲ့ရတာလည်း ရှိခဲ့မှာပါ။

ဆန့်ကျင်ကွဲပြားတဲ့ဝါဒများဟာ ဘုရားရှင်လက်ထက်တော်က တည်းက ရှိခဲ့သလို ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်းမှာလဲရှိခဲ့တယ်။ သဘောထားကွဲလွဲပြီး စင်ပြိုင်ဝါဒတွေလဲ ပေါ်ပေါက်ခဲ့တယ်။ဒါ့အပြင် လာဘ်လာဘကိုငဲ့ပြီး သာသနာအတွင်း ဝင်ရောက်လာကြတဲ့အတွက် ရဟန်းအတုအယောင်တွေနဲ့ အုတ်ရောရောရော ကျောက်ရောရော ဖြစ်လာခဲ့ တယ်။ ဒီလိုအခြေအနေမှာ တာဝန်သိတဲ့ မင်းနဲ့ရဟန်းရှင်လူများက သာသနာသန့်ရှင်းရေးစီမံကိန်းဖြင့် ရဟန်းအတုအယောင်များကို လူဝတ်လဲစေကာ သာသနာကို သန့်ရှင်းအောင်ပြုခဲ့ရတဲ့အခါလဲ ရှိခဲ့ပါ တယ်။

ရဟန်းရှင်လူအများအသက်ပေးပြီး လက်ဆင့်ကမ်းသာသနာ ပြုခဲ့ပုံများကိုလဲ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ 'သီဟိုဠ်ခေတ်စံတော်ဝင် အရိယာများ' စာအုပ်မှာ ကြည့်ညိုဖွယ်ရာ ဖတ်ခဲ့ရပါတယ်။ ဒီလိုနဲ့ သာသနာရှင်သန်တည်တံ့ခဲ့တာဟာ နှစ်ပေါင်း၂၅၀၀ကျော်ခဲ့ပါပြီ။ ဒါပေမဲ့ ယနေ့ခေတ်မှာ အတ္တနောမတိ-ကိုယ်လိုရာဆွဲတွေးကာ ဗုဒ္ဓဝါဒ ပဲ လို့ ဘန်းပြကာ အဆန်းထွင်နေကြသူများလဲ ရှိလာကြပြန်ပါပြီ။

တစ်နေ့ ဘာသာရေးမဂ္ဂဇင်းတစ်စောင်ရဲ့အယ်ဒီတာချုပ်တစ်ဦး

ထံမှ တယ်လီဖုန်းလာပါတယ်။ အကြောင်းက စာအုပ်ထုတ်ဝေမှုကိစ္စ ကို ဆွေးနွေးတိုင်ပင်ဖို့ဖြစ်တယ်။ဒါပေမဲ့ တကယ်ဆွေးနွေးဖြစ်သွား တာက ယနေ့ခေတ်နာမည်ကြီးနေတဲ့ လူပုဂ္ဂိုလ်သာသနာပြုအဖွဲ့တစ်ဖွဲ့ အကြောင်းပါ။ အယ်ဒီတာချုပ်ကြီးက "အရှင်ဘုရား…လွန်ခဲ့တဲ့၂၀၀၇ ခုနှစ်လောက်တုန်းက လူပုဂ္ဂိုလ်ဦးဆောင်တဲ့သာသနာပြုအဖွဲ့တစ်ဖွဲ့ဟာ နီးစပ်ရာလူများကို ဖိတ်ပါတယ်။ ဒီအထဲမှာ တပည့်တော်တို့ စာနယ် ဇင်းအဖွဲ့တွေ၊အယ်ဒီတာတွေလဲစုံစုံလင်လင် ပါကြပါတယ်ဘုရား။ သူတို့ ဖိတ်ကြားရခြင်းအကြောင်းက သူတို့တရားနဲ့ပတ်သက်ပြီး မသိတာတွေ၊သံသယဖြစ်စရာတွေကို မေးမြန်းနိုင်ဖို့အတွက်ဖြစ်ပါတယ်။ သူတို့ဆွေးနွေးတဲ့အထဲမှာ အပါယ်ပိတ်တာနဲ့ပတ်သက်ပြီး ဝေဝေဆာဆာ ပြောသွားတာကို ကြားရပါတယ်ဘုရား။

အဲဒီမှာ တပည့်တော်က မနေနိုင်တာနဲ့ "ခင်ဗျားတို့က အပါယ်ပိတ်နေပြီဆိုတော့ သောတာပန်ဖြစ်နေကြပြီပေါ့နော်" လို့ မေး လိုက်တော့ အဖွဲ့ခေါင်းဆောင်ရဲ့လက်ထောက်တစ်ယောက်က မထင် မှတ်တဲ့စကားကို ပြောလာပါတယ်။ "သောတာပန်ဆိုတာ ဘာမှမဟုတ်သေးဘူး။ လူထက်အနည်းငယ်လောက်သာ သာပါတယ်။ တကယ်တော့ သောတာပန်တွေရဲ့အဆင့်ဟာ တဏှာရှူး၊ လောဘရှူး တွေအဆင့်လောက်သာရှိသေးတာပါ။ သောတာပန်မဖြစ်လဲအပါယ် မကျနိုင်အောင် ကျင့်သုံးနိုင်ရင်ပြီးတာပဲမဟုတ်လား" လို့ ပြန်ဖြေ လိုက်ပါတယ်ဘုရား။ ကြားရတာ မယုံကြည်နိုင်စရာပါပဲ၊ တပည့်တော် ကြက်သီးထမိတာအမှန်ပါဘုရား။ ဒီစကားကိုဘဝင်မကျတဲ့အတွက် ပြန်မေးလိုက်ချင်ပါတယ်။ဒါပေမဲ့ သူတို့ပွဲဆိုတော့ တပည့်တော်ပြန်မမေး တော့ဘဲ ပြန်ခဲ့ပါတယ်ဘုရား"…။ ဒါက အယ်ဒီတာချုပ်တစ်ဦးက သူတွေ့ကြုံခဲ့ရပုံများကို ပြောပြခြင်းပါ။

ယခုအခါ အင်တာနက်များပေါ်ပေါက်လာတဲ့အတွက် အင်တာနက်စာမျက်နှာပေါ်မှာ ကိုယ်လိုရာဆွဲပြီး ဗုဒ္ဓဝါဒဖြစ်လေဟန် ဟောပြောရေးသားနေကြတာဟာ သာသနာအတွက် အလွန်ဝန်လေးစရာကောင်းလှပါတယ်။ စာဖတ်သူများကလည်း အင်တာနက်စာမျက်နှာပေါ်ရှိ စာများကိုဖတ်ပြီးအရမ်းမယုံကြည်သင့်ပါ။ ကိုယ်ပိုင်အသိဉာဏ်နဲ့ စဉ်းစားတွေးခေါ်စေလိုပါတယ်။ ကိုယ်ဉာဏ်မမီဘူးဆိုရင် ထေရဝါဒအခြေခိုင်တဲ့ပညာတတ်ဆရာတော်ကြီးများကို ချဉ်းကပ်ပြီး မေးမြန်းလျှောက်ထားသင့်ပါတယ်လို့ အကြံပေးပါရစေ။

မကြာသေးမီက အင်တာနက်စာမျက်နှာပေါ်မှာ "သောတာပန်ဟာငါးပါးသီလလုံပါရဲ့လား" ဆိုတဲ့အမေးမျိုးကို လာရောက်မေးမြန်းထားတာတွေ့ရပါတယ်။

ဒါနဲ့စပ်လို့ ဓမ္မပဒအဋ္ဌကထာ၊ ကုက္ကုဋမိတ္တမုဆိုးဝတ္ထုလာလိုရင်းလေးကိုပြောပါ့မယ်။

ဘုရားရှင်ဟာ ကုက္ကုဋမိတ္တမုဆိုးတို့အား တရားဟောတော်မူတဲ့အတွက် သောတာပန်များဖြစ်ခဲ့ကြပါတယ်။ ဘုရားရှင်လဲဆွမ်းခံကြွတော်မူကာ ဆွမ်းဘုဉ်းပေးတော်မူပြီးကျောင်းသို့ပြန်ကြွတော်မူပါတယ်။ အရှင်အာနန္ဒာက "အရှင်ဘုရား..ဘယ်အရပ်ကိုကြွတော်မူပါသလဲဘုရား" ဘုရားရှင်အားမေးလျှောက်တဲ့အခါ ဘုရားရှင်က "ငါဘုရားကုက္ကုဋမိတ္တမုဆိုးတို့ထံ သွားခဲ့တယ်" မိန့်တော်မူပါတယ်။ အရှင်အာနန္ဒာက "မြတ်စွာဘုရား...သူတို့ရဲ့အခြေအနေဘယ်လိုပါလဲဘုရား" လို့မေးလျှောက်တော့ ဘုရားရှင်က "ချစ်သားအာနန္ဒာ...ကုက္ကုဋမိတ္တမုဆိုးနဲ့သားချွေးမအားလုံး တစ်ဆယ့်ငါးယောက်တို့ဟာ ရတနာသုံးပါးအပေါ်မှာ မြဲမြံတဲ့ယုံကြည်မှုမျိုးဖြစ်ကာ သူတစ်ပါးအသက်သတ်တဲ့သူ မဖြစ်တော့ပြီ" လို့မိန့်တော်မူပါတယ်။

ကျောင်းရှိရဟန်းတော်များကလဲဘုရားရှင်အား "မြတ်စွာဘုရား ဒီမုဆိုးမှာ မယားလဲရှိတယ်မဟုတ်လားဘုရား" မေးလျှောက်တော့ ဘုရားရှင်က "ချစ်သားတို့...မှန်တယ်၊ဒီမုဆိုးမှာ မယားရှိတယ်၊ သူ့ရဲ့မယားဟာ အပျိုစဉ်ဘဝကတည်းက သောတာပန်တည်ပြီးခဲ့ပြီလေ။

ထိုအခါ ပုထုဇဉ်ရဟန်းများက ဒီမုဆိုးရဲ့မယားက သောတာပန်ဖြစ်ပြီလို့ပြောတယ်။ ဒါပေမဲ့ သူ့ယောက်ျားမုဆိုးကြီး တောထဲမသွားခင် လေးနဲ့မြှားတွေကို နေ့စဉ်နံနက်စောစောမှာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးထားတယ်။ မုဆိုးကလဲ မယားပေးတဲ့လေးမြှားတွေကိုယူပြီး တောထဲ အမဲပစ်ထွက်တယ်။ဒီတော့ မယားလဲ အမဲပစ်တဲ့နေရာမှာ အလိုတူအလိုပါပဲဖြစ်နေတယ်။ဒါဖြင့် သောတာပန်များဟာ သူတစ်ပါးအသက်သတ်သေးသလား ဆိုတဲ့ပြဿနာကို ရဟန်းအချင်းချင်း ပြောဆိုနေကြတယ်။ဒီအချိန်မှာ ဘုရားရှင်က "ရဟန်းတို့...အခုအခါဘာစကားများပြောဆိုနေကြတာလဲ"လို့ မိန့်တော်မူတော့ ရဟန်းများကလဲ အထက်ကအကြောင်းအခြင်းအရာများကို ပြောဆိုနေကြတယ် ဆိုတဲ့အကြောင်း ဘုရားရှင်အားပြန်လည်လျှောက်ထားကြတယ်။

ထိုအခါဘုရားရှင်က "သောတာပန်တို့ဟာ သူတစ်ပါးအသက် မသတ်ကြတော့ပါ။ အခုဟာက လင်မုဆိုးရဲ့စကားကို လိုက်နာမယ် ဆိုပြီး လင်ရဲ့အလုပ်တွေမှာ စိတ်မရှိသော်လဲ လင်ဝတ္တရားကျေပွန်အောင် ပြုလုပ်ပေးနေရခြင်းဖြစ်တယ်။ တကယ်တော့ သူမဟာ သူတစ်ပါးအသက်ကို သတ်ဖြတ်လိုစိတ်မရှိတော့ပါ။ဥပမာ အနာမရှိတဲ့ လက်နဲ့ အဆိပ်ကိုကိုင်တဲ့အခါ အဆိပ်မလောင်နိုင်ပါ။ ဒီလိုပါပဲ လေးမြှားစတာတွေ ယူပေးရုံမျှနဲ့ သတ်လိုစိတ်မရှိတဲ့အတွက်အကုသိုလ်မဖြစ်နိုင်ပါ"လို့မိန့်တော်မူပြီး အောက်ပါတရားကိုဘုရားရှင်က....

"လက်၌အနာမရှိလျှင် လက်ဖြင့်အဆိပ်ကိုကိုင်နိုင်၏၊အဆိပ်သည် အနာမရှိသောလက်ကို အစဥ်မလိုက်၊ စေတနာမရှိဘဲပြုသောသူအား မကောင်းမှုကံမည်သည် မရှိ"..........လို့ မိန့်တော်မူခဲ့ပါတယ်။

အထက်က ဘုရားရှင်မိန့်တော်မူချက်အရ သောတာပန်များဟာ သူတစ်ပါးအသက်သတ်ခြင်းစတဲ့ငါးပါးသီလ လုံခြုံပြီးဖြစ်တယ်ဆိုတာ သိသာထင်ရှားပါပြီ။

နောက်ပီးသောတာပန်ဟာ ဘဝတစ်ပါးရောက်ပြီး မိမိကိုယ်ကို သောတာပန်မှန်းမသိဖြစ်စေဦးတော့ ငါးပါးသီလတော့မဖေါက်ဖျက်တော့ပါဘူး၊ သတ္တဝါအသက်ကို မသတ်ရင် သင့်ရဲ့ဦးခေါင်းကို ဖြတ်ရလိမ့်မယ် ဆိုတာတောင်မှ ကိုယ့်အသက်ပဲ အသေခံမယ်။ သီလအကျင့်ကိုတော့ လုံးဝမဖျက်တော့ဘူး။ ထို့အတူ သူတစ်ပါးဥစ္စာမခိုးယူတော့ဘူး၊ သူတစ်ပါးသားမယားကို မပြစ်မှားတော့ဘူး။ လိမ်ပြောခြင်းလဲ မရှိတော့ဘူး။ သေရည်အရက်လည်း မသောက်တော့ဘူး။(ဗဟုဓာတုကသုတ်)

တကယ်လို့ သောတာပန်ဟာ တဏှာရူး လောဘရူးပဲဖြစ်သေးတယ်ဆိုရင် ငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို လွန်ကျူးဦးမှာပါ။ သီလအကျင့်လုံပြီး လုံးဝမပျက်တော့တာကိုထောက်ပြီး သောတာပန်များဟာ တဏှာရူး လောဘရူး မဟုတ်ကြဘူးဆိုတာကို သာသနာတော်ချစ်မြတ်နိုးတဲ့စိတ်နဲ့ ပြောလိုက်ပါတယ်။

ရှင်လန်းချမ်းမြေ့ကြပါစေ
ဦးကောဝိဒ(မြိတ်)
၁.၆.၂၀၁၀

ဤသို့ပြုရ
မြတ်ပုညကြောင့်
ဗုဒ္ဓဟောကြား
မြတ်တရား
အများသိပါစေ

# ဓမ္မစာပေပြန့်ပွားရေး ထာဝရပဒေသာပင်
# ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ဦးသုမင်္ဂလ | ရန်ကုန် | ၃၀၀၀၀၀ |
| ဦးသီလဝံသ | ။ | ၁၀၀၀၀၀ |
| ဘဒ္ဒန္တဇနိန္ဒသာရ(မုံရွာ - နေဇာ) | ။ | ၃၀၀၀၀ |
| ကိုအောင်ကျော်နိုင် + မခင်ဌေးကြူမိသားစာ ဆစ်ဒနီ | | ၂၀၀၀၀၀ |
| မယုသိန်း | ဘန်ကောက် | ၂၀၀၀၀၀ |
| ဆရာလေးမဝံသပါလ | ကိုးရီးယား | ၁၀၃၀၀၀ |
| ကိုဝင်းမြင့်ဇော် | ရှရှား | ၁၀၀၀၀၀ |
| ကိုကိုအောင် | ဆန်ဖရန်စစ္စကို | ၁၀၀၀၀၀ |
| ကိုမောင်ဌေး + မယဉ်မင်းလတ် | ကော့သောင်း | ၁၀၀၀၀၀ |
| ဦးထွန်းဦး + မမြင့်မြင့်အေး | U.S.A ရန်ကုန် | ၁၀၀၀၀၀ |
| (ဒေါ်စိန်) ဒေါ်တင်တင်လှိုင် | | ၁၀၀၀၀၀ |
| ကိုဝင်းနိုင် + မအေးအေးခိုင်၊သမီး၊မေသူသူကျော် | ရန်ကုန် | ၈၀၀၀၀ |
| မမြကြာဖြူ | နေပြည်တော် | ၆၀၀၀၀ |
| မောင်ပြည့်စုံအောင် | ရှရှား | ၅၀၀၀၀ |
| မောင်ကျော်စိုးသူ | ။ | ၅၀၀၀၀ |
| မမို့မို့မင်းသူ | ဒန်ဘာမြို့ | ၅၀၀၀၀ |
| မောင်စိုးမင်းလတ် | ရန်ကုန် | ၅၀၀၀၀ |
| မစီစီဝင်း + မအေးအေးမွန် | မြိတ် | ၅၀၀၀၀ |
| ဦးအောင်ကျော်ဝင်း + ဒေးတင်တင်ခိုင်မိသားစု | ရန်ကုန် | ၅၀၀၀၀ |
| ဦးကျော်မြင့်၊သမီး၊မခင်ဝင်းရွှေ၊မခင်မာချို | မြိတ် | ၅၀၀၀၀ |

## ဓမ္မစာပေပြန့်ပွားရေး ထာဝရပဒေသာပင်
## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ကိုစိုးထွန်း + မမေမီလှိုင်၊ | | |
| သား၊ပြည့်ဖြိုးပိုင်၊ထူးမြတ်နိုင် | မြိတ် | ၅၀၀၀၀ |
| ဦးဂွမ်ကြင် + ဒေါ်ခင်ရွှေမိသားစု | ရန်ကုန် | ၃၀၀၀၀ |
| ဦးအပ်ဟင် + ဒေါ်ယုလီ၊သမီး၊မဖြူဖြူနိုင် | မြိတ် | ၃၀၀၀၀ |
| မောင်ဖြိုးဝေအောင် | ။ | ၃၀၀၀၀ |
| ဦးဇဝန | ကန့်ချနဘူရီ၊ ထိုင်း၊ | ၃၀၀၀၀ |
| ကိုမြင့်ဌေး + မသင်းသင်းဝေမိသားစု | မြိတ် | ၅၀၀၀၀ |
| ဦးမြင့်သိန်းလွင် + ဒေါ်အင်သွယ် မိသားစု | ထားဝယ်မြို့ | ၅၀၀၀၀ |
| ဦးအေးမောင် + ဒေါ်ဝင်းကြူ၊သမီး၊မမေမီဝင်း | မြိတ် | ၂၀၀၀၀ |
| ဒေါ်မြင့်မြင့်အေး | ။ | ၂၀၀၀၀ |
| ဒေါက်တာတင့်ဇင်ဦး + ဒေါ်ခင်သန္တာအေး မိသားစု | အင်္ဂလန် | ၂၀၀၀၀ |
| ကိုဝင်းဇော် + မမြင့်မြင့်အေးမိသားစု | မြိတ် | ၂၀၀၀၀ |
| ဒေါ်နုနုရီ | ။ | ၂၀၀၀၀ |
| မရှုထွေး | ။ | ၄၅၀၀၀ |
| မဌေးလှ | ။ | ၁၀၀၀၀ |
| ကိုစန်းအေး + မကြူအေး | ။ | ၁၀၀၀၀ |
| မလှိုင်းကြင် | ။ | ၁၀၀၀၀ |
| ဦးသိန်းလှ + ဒေါ်အေးမိသားစု | ။ | ၁၀၀၀၀ |
| ဦးသိန်းထွန်း + ဒေါ်ငြိမ်းလှိုင်၊ | | |
| သား၊အောင်သူရဦး၊ (သိုက်မြောင်) | ရမည်းသင်း | ၁၀၀၀၀ |

## ဓမ္မစာပေပြန့်ပွားရေး ထာဝရပဒေသာပင်
## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| မမူမူစန်း | မြိတ် | ၇၀၀၀ |
| မချိုချိုသန်း | ॥ | ၅၀၀၀ |
| ဦးပုညိန္ဒ | ॥ | ၅၀၀၀ |
| ကိုသိန်းယု + မစန်းသီမိသားစု | ॥ | ၅၀၀၀ |
| ဦးသိန်းအောင် + ဒေါ်ခင်ညွန့်မိသားစု | ရမည်းသင်း | ၅၀၀၀ |
| ဦးထွန်းအေး + ဒေါ်ခင်ဝင်း၊သမီး၊မတင်မာဦး | ॥ | ၅၀၀၀ |
| ဒေါ်ဥပ္ပလစာရီ | ॥ | ၅၀၀၀ |
| မဇင်ဝင်းဖြိုး | စကၠာပူ | ၅၀၀၀ |
| (ဦးကျော်ဦး) + ဒေါ်စန်းစန်းမြင့် | တိုက်ကြီး | ၅၀၀၀၀ |
| မမြမြရီ | မြိတ် | ၁၀၀၀၀ |
| မနော်ဖောဖောစိ | စကၠာပူ | ၃၀၀၀၀ |
| ကိုကျော်ဝင်း + မလှဝင်း | ရန်ကုန် | ၁၀၀၀၀ |
| မမြင့်မြင့်စန်းနဲ့စေတနာရှင်များ | မြိတ် | ၁၀၀၀၀ |
| ဒေါက်တာ စိုးသီတာလွင်း(ခါတ်မှန်ပါရဂူ) | မြိတ် | ၅၀၀၀၀ |
| ဦးထွန်းရ + ဒေါ်ဝဇီးမော်မိသားစု | မြိတ် | ၁၀၀၀၀၀ |
| ဒေါ်အေးမိသားစု | ရန်ကုန် | ၂၀၀၀၀၀ |








အေးရိပ်ချောင်စာစဉ်(၁)
မြတ်ဗုဒ္ဓ၏ ကိုယ်ပိုင်အင်တာနက်နှင့် ဓမ္မရသစာစုများ
စာမူခွင့်ပြုချက် -၃၂၀၄၀၀၀၁၀၁
မျက်နှာဖုံးခွင့်ပြုချက် -၃၂၀၄၃၉၀၁၀၁

အေးရိပ်ချောင်စာစဉ်(၂)
သန်းခေါင်ယံ အမေးအဖြေများ
စာမူခွင့်ပြုချက် -၃၂၀၁၄၄၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက် -၃၂၀၁၄၄၁၃၀၉







အေးရိပ်ချောင်စာစဉ်(၃)
အွန်လိုင်းပေါ်မှ အမေးအဖြေများ(၁)
စာမူခွင့်ပြုချက် -၃၂၀၂၃၅၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက် -၃၂၀၅၁၁၁၁၀၉

အေးရိပ်ချောင်စာစဉ်(၄)
အွန်လိုင်းပေါ်မှ အမေးအဖြေများ(၂)
စာမူခွင့်ပြုချက် -၆၀၀၀၁၁၀၂၁၀
မျက်နှာဖုံးခွင့်ပြုချက် -၆၀၀၁၄၉၀၃၁၀

